ရှစ်လေးလုံး

ငွေရတု အထူးထုတ်

၈၈၈၈ ငွေရတု

# ထောင်အတွင်း (၂၃)နှစ်ပြည့်ရန် (၂)ရက်အလို နှင့် ကိုယ်တွေ့မှတ်တမ်းများ

Graphic Design: COBAIN - 0973052581

ဂျော်လီထွန်း

ဒေါ်မြတ်ထက်

၂၂ . ၁ . ၂၀၁၄

# ထောင်အတွင်းမှာ ၂၃ နှစ်ပြည့်ရန် ၂ ရက်အလိုနှင့် ကိုယ်တွေ့မှတ်တမ်းများ


## ဂျော်လီထွန်း

နိုင်ငံရေးအကျဉ်းသားဟောင်း/ ၀၉–၈၆၂၉၄၂၄

G-mail:jollyhtoon@gmail.com


**စာရေးသူ၏ကိုယ်ရေးအကျဉ်း**

ကိုဂျော်လီထွန်းဥက္ကဋ္ဌအထွေထွေသပိတ်ကော်မတီ (မဟာဗျူဟာ) သာယာဝတီမြို့နယ် ၁၉၈၈။ (ARMS STRUGGLE တာဝန်ခံ) ပဲခူးတိုင်းအနောက်ဘက်ခြမ်း ၁၄ မြို့နယ် ဒီမိုကရေစီရရှိရေးကော်မတီ ၁၉၈၈။

အထွေထွေအတွင်းရေးမှူး ဝေ့စေတီ (ကယား) CAMP, ABSDF, အလိုအလျှောက် ဗဟိုကော်မတီဝင်နှင့် First Central Body (ကော့မူးရာ)၊ ဝေ့စေတီ၊ ကယား CAMP ကိုယ်စားလှယ်။

နိုင်ငံရေးအကျဉ်းသားဟောင်း (၁၉၈၉ မှ ၂၀၁၂) အင်းစိန်ထောင်၊သာယာဝတီထောင်၊သရက်ထောင်၊ ထောင်တွင်း တစ်ဆက်တည်းကျခံ ကာလ၂၂နှစ် ၁၁လ ၂၈ ရက်၊လွတ်မြောက်သည့်နေ့ ၂၀၁၂ ဇန်နဝါရီလ ၁၃ရက် (သရက်)။

ရှစ်လေးလုံးငွေရတုကျင်းပရေးကော်မတီဘဏ္ဍာရေးဆပ်ကော်မတီဝင်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် |
| | | (အိမ်မက်အသစ်စာပေ) |
| | | ၃၈(၃)လွှာ၊ ၁၅၃–လမ်း၊ |
| | | တာမွေမြို့နယ်၊ |
| မျက်နှာဖုံးနှင့် | - | ဦးစည်သူကိုကို |
| အတွင်းပုံနှိပ်သူ | | တော်ဝင်ထွန်းပုံနှိပ်တိုက် (မြ–၁၉၀၈၁) |
| | | အမှတ်(၁၇)၊ ၅၂–လမ်း |
| | | ဗိုလ်တထောင်မြို့နယ်။ |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၃ခုနှစ်၊ ဇူလိုင်လ |
| ထုတ်ဝေသည့်အကြိမ် | - | (ဒုတိယအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဘိုး | - | (၃၀၀၀)ကျပ် |
| ဖြန့်ချီရေး | - | ရွှေသစ္စာစာပေ |
| တာဝန်ခံဖြန့်ချီသူ | - | ဦးဂျော်လီထွန်း |
| | | ဖုန်း ၀၉–၈၆၂၉၄၂၄ |
| | | G-mial:jollyhtoon@gmail.com |

(၈)

## ဟံသာဝတီဦးဝင်းတင်၏အမှာစကား

### ငရဲခန်းတွေရဲ့ပွဲတင်သံ

ဂျော်လီထွန်းကို ကျွန်တော်မသိဘူး၊ မမြင်ဖူးဘူး။ ကုန်ကုန်ပြောရရင် ကြားတောင် မကြားဖူးဘူး။ တကယ်တော့ ဂျော်လီထွန်းဟာ ကျွန်တော့်ထက် ဒီမိုကရေစီရေးလှုပ်ရှားမှု ဝါရင့်တဲ့သူ၊ ထောင်ကျနှစ် ဝါရင့်တဲ့သူ၊ ထောင်ဒဏ်ခံနှစ် ဝါရင့်တဲ့သူဖြစ်တယ်။

သူနဲ့ကျွန်တော် ထောင်ထဲရောက်ချိန်တော့ အတူတူလောက်ပဲ။ ၁၉၈၉ ဇူလိုင်လလောက်ပါ။ ထောင်ကလွတ်ချိန်တော့ သူက နောက်ကျတယ်။ သူ့ထောင်သက်က ကျွန်တော့်ထက် လေးနှစ်လောက် ထောင်သက်ရှည်ခဲ့တယ်။

ကျွန်တော့်ထောင်သက် တစ်လျှောက်လုံး အင်းစိန်ထောင်ထဲမှာ နေခဲ့ရတယ်။ သူ့ထောင်သက်တစ်လျှောက်လုံး အင်းစိန်ထောင်အပြင် သာယာဝတီလို၊ သရက်လိုထောင်ထဲမှာ သူနေခဲ့ရတယ်။ ကျွန်တော်လည်း ထောင်သက်တာရှည်မှာ တစ်ခါပဲ လွတ်ခွင့်ကြုံခဲ့တယ်။ သူလည်း တစ်ခါပဲကြုံတယ်။

အဲ့ဒီ "လူ့ငရဲ"အတွေ့အကြုံတွေကို ကျွန်တော် စာအုပ်ရေး ခဲ့တယ်။ သူကလည်း သူ့ရဲ့ "လူ့ငရဲ"အတွေ့အကြုံကို စာတစ်အုပ် ရေးတယ်။

ဒီစာအုပ်ဟာ သူ့ရဲ့ ထောင်ဘဝမှတ်တမ်းပဲဖြစ်တယ်။ ကျွန် တော်တို့နိုင်ငံမှာ ဒီမိုကရေစီဆိုတာရော၊ အိမ်စောင့်အစိုးရဆိုတာ ရော၊ တော်လှန်ရေးအစိုးရဆိုတာရော၊ မြန်မာ့ဆိုရှယ်လစ်အစိုးရ ဆိုတာရော၊ အာဏာသိမ်းအစိုးရဆိုတာရော၊ ကုန်ကုန်ပြောရရင် စစ်အာဏာရှင်အမွေခံအရပ်သားတဖြစ်လဲ စည်းကမ်းပြည့်ဝ ဒီမို ကရေစီအစိုးရအမည်ခံ ဒီနေ့တွင်ကျယ်စိုးမိုးနေတဲ့ အစိုးရကပါ နိုင်ငံရေးသဘောကွဲ၊ အမြင်ကွဲ၊ ယုံကြည်ချက်ကွဲသူတွေကို ဖမ်း တုန်းဆီးတုန်း ထောင်ချတုန်းပဲ။

စစ်ကြိုခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ဖက်ဆစ်ခေတ်တွေတုန်း ကလည်း ဒီအတိုင်းပဲပေါ့။ ဒို့မဟာသာကီဝင်တွေ ခေတ်တုန်းက လည်း ထိုနည်းလည်းကောင်းပဲပေါ့။

လူတွေ၊ နိုင်ငံရေးသဘောကွဲသူတွေ၊ ခေတ်အတွေး ခေတ် အမြင်သစ်တွေနဲ့ အပြောင်းအလဲ လုပ်ချင်သူတွေ ထောင်ကျခဲ့တာ လည်း နှစ်တွေခေတ်တွေ အကြာကြီးကြာခဲ့ပေါ့။ လူတွေထောင်ကျ ခဲ့တာ လူ့ငရဲရောက်ခဲ့တာ။

အဲဒီ့ကာလတွေမှာရော၊ နှောင်းခေတ်အခါတွေမှာရော၊ ဒီနေ့ဒီကာလတွေမှာပါ ထောင်ပြန်တွေ စာရေးကြတယ်၊ ကဗျာဖွဲ့ ကြတယ်၊ တေးသီကြတယ်၊ သီချင်းဆိုကြတယ်။ စစ်ကြိုခေတ် နိုင်ငံ ရေးသမားတွေက "ထောင့်အရသာ"ဆိုတဲ့ စာအုပ်မျိုးရေးကြတယ်။ လွတ်လပ်ရေးခေတ်ဦးပိုင်းမှာ နိုင်ငံရေးစာရေးဆရာတွေက "ဘာလဲ ဟဲ့ ကိုကိုးကျွန်း"လို့ မှတ်တမ်းရေးကြတယ်။ အခု ဂျော်လီထွန်းက

ဒီစာအုပ်ရေးတယ်။

ဘာကွဲပြားသလဲ၊ ဘာခြားနားသလဲ၊ အားလုံးအတူတူပဲ။

ထောင်ပြန်စာရေးဆရာတွေ၊ နိုင်ငံရေးသမားတွေ၊ မှတ်တမ်းပြုစုသူတွေအားလုံးက ငရဲပွဲတင်သံဟုန်းကြတာ၊ အရိုးတွန်သံဟစ်ကြတာ၊ ငါမသေဘူး၊ ကမ္ဘာမကျေဘူး၊ ကြုံးဝါးသံကြိမ်းကြတာချည်းပဲ။

အသံကြည်ချင်ကြည်မယ်၊ အသံမြည်ချင်မြည်မယ်၊ အသံပီချင်ပီမယ်၊ အသံဟိန်းချင်ဟိန်းမယ်၊ ကြိမ်းချင်ကြိမ်းမယ်၊ အားလုံးကတော့ တစ်သံတည်းပဲ။ ခံစားချက်တွေ၊ တွေးမြင်ချက်တွေ၊ ကြုံးဝါးချက်တွေချည်းပဲ။

ဂျော်လီထွန်းဟာ အဲဒီကြုံးဝါးသံကို ဒီစာအုပ်ကတစ်ဆင့် သောင်းထိုက်ကကြားအောင် ဟစ်လိုက်တယ်၊ ဟိန်းလိုက်တယ်၊ ဟုန်းလိုက်တယ်။ အာဏာတွေရဲ့ အခမ္ဘာဒီမာန်တွေ တုန်လှုပ်ယိုင်လဲပြိုကွဲကြပေတော့အံ့။

**ဟံသာဝတီဦးဝင်းတင်**

၅. ၇. ၂၀၁၃

## ကိုကိုကြီး(ဇာမျိုးဆက်)ငြိမ်း/မွှင့်၏အမှာစကား

**ကောင်းဗျာ::::**

ကိုဂျော်လီကို ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်း "မဟာဗျူဟာသပိတ်တပ်ဖွဲ့" ခေါင်းဆောင်တစ်ဦးအဖြစ် ပဲခူးတိုင်း အနောက်ခြမ်း သာယာဝတီ သုံးဆယ်မြို့တွင် စတင်ဆုံတွေ့ခဲ့ရသည်။ ရိုးသားပွင့်လင်းသော ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ် စတွေ့ကတည်းက ခံစားရသည်။ စစ်အာဏာသိမ်းပြီးစမှာပဲ ကိုဂျော်လီနယ်စပ်မှ ပြန်ဝင်အလာ အဖမ်းခံရသည်ဟု ကြားလိုက်ရပြီး ကျွန်တော်လည်း ပုန်းရင်းရှောင်ရင်း စည်းရုံးလှုံ့ဆော်ရင်း ခဏတာအဆက်ပြတ်သွားခဲ့ရသည်။ နောက်မကြာမီ အဖမ်းခံရပြီး ၁၉၉၄ သရက်ထောင်သို့ ပြောင်းရွှေ့ခံရသည့်အခါ သူ့ကို ပြန်တွေ့ရသည်။ ခြေကျင်းတန်းလန်းနှင့် ရုံးချုပ်မှ တိုက်ရိုက်ညွှန်ကြားချက်ကြောင့်ဟုဆိုသည်။ ၁၉၈၉ ကတည်းက ဒီခြေကျင်းက ငါးနှစ်ရှိပြီ။ ၁၉၉၉ နိုင်ငံတကာကြက်ခြေနီအသင်းကြီး အကျဉ်း

ထောင်များသို့ ဝင်ရောက်စစ်ဆေးခွင့်ရပြီးမှ ဤခြေကျင်းပြုတ်တော့သည်။ လမ်းလျှောက်သည်က ပုံမမှန်။ ခြေကျင်းခတ်ခံထားရစဉ်လျှောက်သည့်အတိုင်း ကွတ. . . ကွတ။ ဖယ်ရမ်း. . . ဖယ်ရမ်းချော်. . . ဆယ့်တစ်နှစ်ကာလ နည်းမှတ်လို့။ ထောင် သက်တမ်းနှစ်ဆယ့်သုံးနှစ်။ လဲပြိုမသွား။ ရအောင်ပြန်ရပ်သည်။ Hot News ဂျာနယ်မှာ သတင်းသမား မီဒီယာသမားအဖြစ် ပြန်မြင်ရသည်။

ယခုဆောင်းပါးတွေက ကျွန်တော့်ကို အကျဉ်းထောင်တွေအတွင်းသို့ ခေတ္တပြန်ရောက်သွားစေသည်။ ကျွန်တော်တို့ သားမြေးတွေ မကြုံစေချင်တော့၊ ဖတ်ကောင်း၊ မဖတ်ကောင်း မသေချာသော်လည်း ခံစားလို့ ခံစားဖို့ မကောင်းသည်မှာတော့ သေချာသည်။ မည်သို့ဆိုစေ ဤဆောင်းပါးများသည် ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသော ခေတ်ကို ထင်ဟပ်နေသည်။ ၎ထောင်ထဲကအတိုင်း လည်ချောင်းသံခြစ်၍ အော်လိုက်ပါတော့မည်။

**ကောင်းဗျား:::::**

**ကိုကိုကြီး**
**(၈၈)မျိုးဆက်၊ ငြိမ်း/ပွင့်**

# အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ် (Faces Media Group) ၏ အမှာစကား

ဦးဂျော်လီထွန်းကို ကျွန်မသိကျွမ်းရတဲ့ အချိန်ကာလကို ရေတွက်ရမယ်ဆိုရင် အချိန်ကာလအားဖြင့် အရမ်းတို တောင်းလွန်းတယ်ဆိုတာကို ကျွန်မဝန်ခံရပါလိမ့်မယ်။ တကယ်တော့ ဒီစာအုပ်ရဲ့ အမှာစာကို ကျွန်မရေးတာထက် ဦးဂျော်လီထွန်းနဲ့အတူ ဟိုးနှစ်ပေါင်းများစွာကတည်းက အတူတစ်ကွ ရင်းနှီးကျွမ်းဝင် ကြသူတွေက ပိုပြီးရေးပေး သင့်ပါတယ်။

ဒီအမှာစာအုပ်ရဲ့ အမှာစာ ရေးရတာ ကျွန်မအတွက် တော်တော်လေး ခက်ခဲခဲ့ပါတယ်။ သိကျွမ်းတဲ့ကာလကလည်း အလွန်တိုတောင်းပါတယ်။ အရွယ်အားဖြင့်လည်း သက်တူ ရွယ်တူ မဟုတ်ခဲ့ဘူး။ တကယ်တော့ ဒီအမှာစာကို မရေးချင်ဘူးလို့ မငြင်းရက်တဲ့အတွက် ကျွန်မရေးခဲ့ခြင်း ဖြစ်ပါတယ်။ ဦးဂျော်လီဟာ

ကျွန်မအတွက်တော့ အားကိုးလို့လဲရတဲ့ ဦးလေးပါ အင်မတန် ချစ်ခင်စရာကောင်းတဲ့ ဦးလေးတစ်ယောက် အချောင် ကောက်ရ တယ်လို့ ယူဆမိပါတယ်။ ကျွန်မနဲ့ ဦးဂျော်လီထွန်း ဒီနှစ်ယောက် ဟာ တကယ်တော့ လုံးလုံးလျားလျား မတူညီတဲ့ ပတ်ဝန်းကျင် တွေ၊ ကွဲပြားမှု့ အမြင်တွေနဲ့ ဆန့်ကျင်ဖြင်းခုန်နေကြတဲ့ အဝန်း အဝိုင်း၊ အတွေးအခေါ်၊ အယူအဆတွေက တစ်ခါတစ်ရံမှာ တောင်နဲ့မြောက်ဆိုသလိုပါဘဲ။ လုံးဝလုံးဝခြားနားတဲ့ ပတ်ဝန်းကျင် တွေက ဆိုကြပါစို့။

ဦးဂျော်လီထွန်း ကျွန်မဆီကိုရောက် လာခဲ့တဲ့အကြောင်းအရာ ကို ပြောပြရရင်တော့ (အကိုတစ်ယောက်လို အားကိုး ယုံကြည် ရတဲ့) ဦးသန်းလွင်ထွန်းက ကျွန်မဆီမှာ ဦးဂျော်လီနဲ့ အဆင်ပြေ တဲ့အလုပ် တစ်ခုခုပေးပြီး ကူညီစောင့်ရှောက်ပေးနိုင်ရင် အကူညီ ပေးပေးပါဆိုတာနဲ့ ဦးဂျော်လီကို ကျွန်မရဲ့ ဂျာနယ်တိုက်မှာ အလုပ်ခန့် ထားပေးခဲ့ပါတယ်။ ထူးခြားတဲ့အဖြစ်တော့ မဟုတ် ပါဘူး။

ထူးခြားတာက ဦးဂျော်လီတို့ အသိုင်းအဝိုင်းက အချို့သော လူများရဲ့ စကားသံတွေပါ။ ကျွန်မလို ဒုတိယ ဗိုလ်ချုပ်ကြီး (အငြိမ်းစား) တစ်ဦးရဲ့သမီးဆီမှာ အလုပ်မလုပ်ဖို့ ဖျက်ကြပါသတဲ့ ကျွန်မတော်တော် အံ့သြသွားပါတယ်။ ကျွန်မဆီမှာအလုပ်ဆင်းတဲ့ အတွက် ဦးဂျော်လီအခက်အခဲ မရှိကြောင်းနဲ့ မိသားစုဝင် တစ်ယောက်လို သူပျော်ရွှင်နေတာလည်း ကျွန်မအသိဆုံး ဖြစ်နေလို့ပါ။

ကျွန်မနဲ့ ဦးဂျော်လီ သွင်ပြင်မတူညီတဲ့နေရာတွေမှာ ကြီးပြင်း ခဲ့ကြပါတယ်။ ကျွန်မတို့နှစ်ဦးလုံးရဲ့စိတ်ထဲမှာ ဦးလေး နဲ့ တူမလို

နားလည်မှုလေးတွေနဲ့ မတူတာတွေ ဖြည့်ကြည့်ပေးခဲ့ကြလို့ နှစ်ဦးစလုံး စိတ်လုံခြုံမှုရှိနေကြပါတယ်။

ဦးဂျော်လီဟာ အခုလို ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ကြီး စနစ်ကူးပြောင်းသွားဖို့အတွက် ၂၂ နှစ်နဲ့ ၁၁ လလောက် ဒုက္ခဆင်းရဲအမျိုးမျိုးကို သံခြေချင်းခတ်ထားခြင်းခံရတဲ့ပုံစံနဲ့ အကျဉ်းထောင်ထဲမှာ ဘဝကိုပေးဆပ်ခဲ့ရှာပါတယ်။ သူ့လိုပဲ နိုင်ငံရေး အကျဉ်းသားအားလုံးဟာ တတ်နိုင်သလောက်ကိစ္စတွေကို စုစည်းပြီး ဝိုင်းဝန်းလုပ်ဆောင် ပေးဆပ်ခဲ့ကြတဲ့အတွက် ယနေ့ဒီမိုကရေစီစနစ် ကူးပြောင်းသွားခဲ့ရတယ်။ အခုလိုပြောင်းဖို့ အတွက် နှစ်ပေါင်း ၂၀ ကျော်ကာလကို သူတို့ရဲ့ဘဝပေါင်းများစွာ နဲ့အတူ မိသားစုဘဝတွေပေးဆပ် ကျော်ဖြတ်ခဲ့ကြရတာပါ။ အခုနောက်ဆုံး ပြောင်းလဲခါနီးအချိန်တစ်ခုမှာ စနစ်အကူး အပြောင်း ငြင်သာခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ဒီလိုစနစ်တစ်ခု ပြောင်းဖို့ (၁၉၈၈) အစကတည်းက စိတ်အားထက်သန်စွာ ယနေ့အထိ အားထုတ်ခဲ့ကြတဲ့သူတွေကို ကျွန်မအသိအမှတ်ပြု မှုနဲ့ စာနာနားလည်နိုင်ပါတယ်။ ၄ နှစ် တာကာလလောက်လေး စနစ်အကူးအပြောင်းမှာ ပိတ်ဆို့ ဘောင်ခတ်ခံရတဲ့ စနစ်ဆိုး အောက်မှာ ကြီးပြင်းခဲ့ရတဲ့ ကျွန်မတို့ လူလတ်အရွယ်တွေဟာ ကိုယ့်တိုင်းပြည်ကို ချစ်တဲ့စိတ်တွေကြောင့် ကျွန်မ ကူးပြောင်း စေချင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်မသတင်းမီဒီယာသမား တစ်ဦးအနေနဲ့ အင်တိုက်အားတိုက် တွန်းပေးခဲ့ပါတယ်။ (၄) နှစ် တာအချိန်ကိုကျွန်မပိတ်ဆို့မှုတွေကြားက မနည်းဖြတ်ကျော် ခဲ့ရပါတယ်။

ဦးဂျော်လီရောက်လာတာဟာ ကျွန်မအတွက်တော့ ကျွန်မ

ရှေ့က 'ဒိုင်း'တစ်ခုကာပေးထားသလို စိတ်လုံခြုံမှု ရရှိခဲ့ပါတယ်။ ဦးဂျော်လီအတွက်လည်း စိတ်လုံခြုံမှုကိုလည်း ကျွန်မ နိုင်သလောက် တတ်အားသရွေ့ ဖြည့်ဆည်းပေးခဲ့တာပဲ ဖြစ်ပါတယ်။

ကျွန်မတို့နှစ်ဦးစလုံး တွေ့လိုက်ရတဲ့ အဖြေက တစ်ထပ်တည်းကျနေတဲ့ အဖိုးတန်ရလဒ်အဖြေတစ်ခုပါ။

ကျွန်မကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင်က ကျွန်မဒီသတင်းမီဒီယာအလုပ်ကို လုပ်တဲ့အတွက် ကျွန်မကို အချို့လူတွေမကြားတစ်ကြားပြောတာကို ကျွန်မကျိတ်မှိတ် သည်းခံခဲ့ရတာပါ။ (သစ္စာဖောက်) တဲ့ အရမ်းအံ့သြမိတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ရင် ကျွန်မစဉ်းစားမိသလောက် ကျွန်မဘယ်သူ့ ဘက်ကိုမှ သစ္စာမဖောက်ခဲ့ပါဘူး။ ဘယ်သူ့ဘက်ကိုမှလည်း သစ္စာမခံခဲ့ဘူးခဲ့တာအမှန်ပါ။ ဦးဂျော်လီနေထိုင်ခဲ့တဲ့ ဒီမိုကရက်တစ်အဝိုက်အခံတွေရဲ့ အသိုင်းအဝိုင်းဘက်ကလည်း ဦးဂျော်လီအပေါ် အချို့ကွယ်ဝှက်မှု့လေးတွေ ရှိလာတဲ့အတွက် သူ့ရင်ဖွင့်သံတွေကို ကျွန်မ မကြာခဏဆို သလို သိသိနေခဲ့ရပါတယ်။ ဦးဂျော်လီထွန်း ကျွန်မရဲ့အရိပ်မှာ ပျော်ရွှင်လုံခြုံမှုရှိနေတာပါ။ သင့်တင့်တဲ့ အဆင်ပြေမှုလည်း ရရှိနေတယ်။ သူစိတ်ပါဝင်စားတန်ဖိုးထားတဲ့ နိုင်ငံရေး အသိုင်းအဝိုင်းထဲမှာလည်းနေရတယ်။ သူလုပ်ချင်တဲ့ ပါတီနိုင်ငံရေးကိုလည်း ကျွန်မက ပြုလုပ်ဖို့ခွင့်ပြုပြီးသား ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်တွေဟာ ကျွန်မနဲ့ ဦးဂျော်လီမြင်တွေ့လိုက်ရ၊ ဖြတ်ကျော်လိုက်ရတဲ့ တူညီတဲ့ အဖြေတစ်ခုပါပဲ။ "ဖြတ်သန်းခဲ့တဲ့ဘဝတူညီမှုရှိသူတွေဟာ နားလည်မှုနဲ့ အဆင်ပြေအောင် တစ်ဦးကိုတစ်ဦး ပံ့ပိုးကူညီမှုဆိုတာဝေးလို့ အဆင်ပြေနေတဲ့ သူ့ဘဝ

တစ်ခုကို ဘာကြောင့်များ မုဒိတာတရားခေါင်းပါးစွာ အဖျက်ဘက်က ပြောနေပါသလဲ" ဒီအဖြေကို ကျွန်မအရမ်း သိချင်ပါတယ်။ ဖြေပေးစေချင်ပါတယ်။ ဖြေပေးနိုင်ရင် ဝိုင်းဝန်းပြီး အဖြေပေးကြပါလို့ ပြောချင်ပါတယ်။ ကျွန်မကိုလည်း ကျွန်မနဲ့ ဘဝတူ တည်ဆဲအစိုးရဘက်က နားလည်ပေးမှု မရှိကြတာ မဟုတ်လား။ ဦးဂျော်လီထွန်းအပေါ်မှာ သူအဆင်ပြေနေတဲ့ အလုပ်တစ်ခုမှာ ရိုးရိုးသားသားဘဝကို ဖြတ်ကျော်နေတယ်။ နိုင်ငံရေးကို ဝါသနာပါရှာလွန်းလို့ ဒီအသက်အရွယ်အထိ ရုန်းကန်နေရတာလို့ ကျွန်မမြင် ပေးလိုက်တယ်။ ဘာကြောင့် ဘဝတူတွေ ဖြည့်မတွေးရတာပါလဲ၊ နားလည်မှုနဲ့ ဖြည့်ပြီးမကြည့်ကြတာပါလို့ ကျွန်မထောက်ပြဝေဖန်တာပါ။

မှန်တဲ့ဘက်ဟာ ကျွန်မတို့ဘက်လို့ ကျွန်မတို့ခံယူမှုနဲ့ သတင်းရေးကြပါတယ်။ မီဒီယာဆိုတာ မှန်တဲ့ဘက်ကပဲနေရ၊ ရပ်တည်ရေးသားရမယ်လို့ပဲ မြင်ပါတယ်။

ဦးဂျော်လီထွန်းဖြတ်ကျော်ခဲ့တဲ့ဘဝ၊ သူရေးသားထုတ်ဝေထားတဲ့ ဒီစာအုပ်က ထောင်ထဲက သူ့ရဲ့ဘဝ၊ 'ကဲ' ထောင် ဆိုတာကိုလေ့လာကြည့်ရရင် ကျွန်မ သုံး၊ လေးခါ လောက်ဘဲ ရောက်ဖူးလို့ ဘယ်လို ရှုထောင့်မျိုးက ရေးပေးမလဲ။ ကျွန်မ အခက်အခဲကဒါပါ။ ကိုယ်မသိထားတဲ့ အရာကို သိသလောက် ရေးတာထက် စာရေးသူရဲ့ ဒီစာအုပ်ကို စာဖတ် ပရိသတ်စိတ်ဝင်စားအောင် ဆွဲဆောင်မှုတွေရရှိအောင် စာရေးသူအတွက် ကိုယ်မြင်ရတဲ့ ရှုထောင့်တစ်ခုက အကျိုးရှိအောင် ပံ့ပိုးပေးခြင်းဟာ ရာနှုန်းပြည့် ကူညီရာရောက်တယ်လို့ ကျွန်မယူဆမိပါတယ်။ အဲဒီတော့ ဦးဂျော်လီထွန်းရဲ့စာအုပ်ကို ဦးဂျော်လီထွန်းဟာ ချွေးတွေ၊ သွေး

တွေနဲ့ရင်းပြီးရေးရတယ် ဆိုတာတော့ ထည့်ပြောရင် ရယ်စရာဖြစ်ပါလိမ့်မယ်။ ကျိုးကျေသွားတဲ့သူ့ဘဝ၊ သူနဲ့ပတ်သက်ပြီး ပျောက်ဆုံးသွားတဲ့ သူ့သားလေးရဲ့ဘဝ (ယခုထိ မတွေ့သေးပါ) မိသားစုအသိုက်အမြုံပြိုကွဲသွားလို့ ကစင့်ကလျားဖြစ်ခဲ့ကြတဲ့ ဦးဂျော်လီရဲ့ မဟေသီဇနီးမယားဘဝ ဒါတွေဟာ အကောင်းအတိုင်းပြန်လုပ်ယူလို့ မရတဲ့ဆုံးရှုံးမှုတွေလို့ ကျွန်မစာနာမိခဲ့ပါတယ်။ အဲဒီလိုခံယူလို့လဲ ဦးဂျော်လီကို ဖေးမကူညီပေးခဲ့မိတာပါ။ ထောင်ဆိုတာဟာ သေချာပေါက် ခါးသည်းမှာပါပဲ။ ထောင်ဆိုတာကို ငယ်ငယ်ကတည်းက ကြောက်တတ်ရွံ့တတ်အောင် သင်ကြားပေးခံရပါတယ်။ ထောင်ဆိုတဲ့ အနိဌာရုံတွေနဲ့ ပြည့်နှက်နေတဲ့နေရာကို လူသားအားလုံးနဲ့ ကင်းဝေးစေချင်ပါတယ်။ လူ့အခွင့်အရေးပျောက်ဆုံး သွေဖီတဲ့ အနေအထားဆိုတာတွေကို ပြုပြင်စေချင်တဲ့အမြင်နဲ့ ဒီစာအုပ်မျိုးတွေလည်း (အခုလိုရေးသားထုတ်ဝေ) သင့်တယ်လို့ ကျွန်မမြင်မိပါတယ်။ နိုင်ငံရေးသမားနဲ့ ထောင်ဆိုတာဟာ ဒီမိုကရေစီခေတ်မှာ ခွဲခြားဖို့ ခက်လှပါတယ်။ ဒီအတွက် ဒီစာအုပ်ကို ထုတ်ဝေဖို့ ရည်ရွယ်ချက်မှန်နဲ့မူဝါဒအရ ကူညီပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေ့ဒီနှစ်မှာ ဒီအကျဉ်းသားဆိုတဲ့ နိုင်ငံရေးအကျဉ်းသားဟာ နောက်တစ်နှစ်၊ နောင်တစ်ချိန်မှာ သမ္မတကြီးဆိုတာလဲ ဖြစ်နိုင်ပါတယ်။ အဲဒီအတွက် ထောင်တွေထဲမှာ နိုင်ငံရေးအဆင့် (A) (B) (C) စတဲ့ နိုင်ငံရေးအကျဉ်းသား အဆင့်အတန်းပြန်လည်သတ်မှတ်ပေးထားရန် လိုအပ်ပါကြောင်းကိုလည်း ဦးဂျော်လီကို အရင်းပြုပြီး လက်တို့တိုက် တွန်းနှိုးဆော်လိုက်ပါတယ်။ ဦးဂျော်လီထွန်းဟာ နိုင်ငံတော်မူဝါဒ ကူးပြောင်း

နေတဲ့ ယခုအချိန်ကာလမှာလည်း "ကလောင်တစ်ချောင်းနဲ့ အကူး အပြောင်းကိုအကျိုးအကြောင်းခိုင်လုံစွာနဲ့ အကျိုးပြုလျက် သတင်း ရေးသားဖော်ပြနေသော သတင်းသမားကောင်းတစ်ဦး ဖြစ်ပါ ကြောင်း" သူတတ်အားသ၍ မိမိနိုင်ငံအတွက် တန်ဖိုးတစ်ခုကို ထပ်မံအားထုတ်နေသည့် အဖိုးထိုက်တန်သော လူသားတစ်ဦးဖြစ် ကြောင်း ထပ်လောင်း အသိပေးလိုက်ရပါသည်။

**မမ**

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**

**Faces Media Group**

# စာရေးသူ၏အမှာစကား

ကျွန်တော်အမှန်အတိုင်း ဆိုရပါလျှင် ဒီလို ထောင်ထဲက အဖြစ်အပျက်တွေကို ပြန်မရေးလိုပါ။ အကြောင်းကတော့ ရေးမယ်ဆိုလျှင် ရေးဖို့ပြန်စဉ်းစားရမယ်လေ။ ကျွန်တော် ၂၃ နှစ်နီးပါး နာကျင်ခံစားခဲ့ရတာတွေကို အသစ်ပြန်ခံစားရမှာကို ကြောက်နေမိတာကတော့ အမှန်ပါပဲဗျာ။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်တစ်ဦးပါ။ အသက်ကလည်း ထောင်က လွတ်မြောက်လာချိန်မှာ (၅၅)နှစ်ရှိပါပြီ။ အခုအသက်အရွယ်မှာ နားလည်ယုံကြည်ထားတာက ဟိုးအတိတ်မှာ ကျန်ရစ်ခဲ့တဲ့အကြောင်းတွေကို ပြန်တွေးပြီးတော့ ခံစားတဲ့အလုပ်ကို အကုသိုလ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က နိုင်ငံရေးယုံကြည်ချက်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦး ဖြစ်ပါတယ်။

ဒီတော့ မိမိတိုင်းပြည်၊ မိမိလူမျိုး အကျိုးရှိအောင် ဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်ကလည်း ဒီနေ့အထိ တစ်ပြားမှ မလျော့သေးဘူး။ ကျွန်တော် ထောင်ထဲမှာ ခံစားခဲ့ရသလိုမျိုး ကိစ္စတွေကို နောက်ထပ် ဘယ်သူ့ကိုမှ မခံစားစေချင်တော့ပါဘူး။ ဒါကြောင့် ကျွန်တော်အပေါ် ကျူးလွန်စော်ကားခဲ့သမျှ ပုဂ္ဂိုလ်အပေါင်းကို ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ ကျွန်တော် ခွင့်လွှတ်နိုင်ခဲ့သော်လည်း ဒီအဖြစ်အပျက်ထဲက သမိုင်းတွေကိုတော့ နိုင်ငံသားတစ်ဦး

တာဝန်အရကို မှတ်တမ်းတင်ထားဖို့ လိုအပ်ပါတယ်။ ဒီလို လူ့အခွင့်အရေးချိုးဖောက် နှိပ်ကွပ်ခဲ့တာတွေ၊ လူသားဂုဏ်သိက္ခာကို စော်ကားခဲ့တာတွေကို နောင်မှာ ထပ်မံမဖြစ်ပွားဖို့ အားထုတ်မှုတစ်ခုအဖြစ် ၁၉၈၉ မှ ၂၀၁၂ ခုနှစ်အထိ ထောင်ထဲက မှတ်တမ်းများကို ရေးသားဖော်ထုတ်လိုက်ရပါတယ်ခင်ဗျား။

တကယ်လည်း ကျွန်တော် ဒီအကြောင်းတွေကို ရေးသားချိန်များမှာ အချို့ ဇာတ်ရှိန်မြင့်အပိုင်းများကို ရေးသားခဲ့စဉ်က ကျွန်တော့်ရဲ့ ခံစားနာကျင်ခဲ့ရမှုများဟာ အသစ်တစ်ဖန် ပြန်လည်ခံစားနေမိခဲ့ပါတယ်။ ၁ ကြိမ် ၂ ကြိမ်မက မျက်ရည်ပိုးပိုးပေါက်ပေါက် ကျခဲ့ရပါတယ်။ စိတ်ကူးယဉ်မဟုတ်တဲ့ ထောင်ထဲမှာ တကယ်ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်အပျက်မှန်သာ ဖြစ်ပါတယ်ဗျာ။ စာရှုသူများ ကျွန်တော့်လို ခံစားကြရမယ်ဆိုရင်တော့ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ထင်သလို မခံစားမိခဲ့လျှင်တော့ ဒီလိုဖြစ်ရတာ ကျွန်တော့်အရေးအသား ညံ့ဖျင်းမှုကြောင့်သာ ဖြစ်နိုင်ကောင်းပါလိမ့်မယ်ဗျာ။ အဖြစ်မှန်ကို ပုံဖော်ရေးသားနိုင်စွမ်း ညံ့ဖျင်းမှုလို့သာ မှတ်ယူသင့်ပါတယ်။ မည်သို့ပင်ဆိုစေ၊ ဒီအဖြစ်အပျက်များက သွေးမျက်ရည်၊ ချွေး၊ အချိန်တို့ဖြင့် ပေးဆပ်ဖန်တီးထားတဲ့ ဖြစ်ရပ်မှန်များသာ ဖြစ်ပါကြောင်း ရဲရဲကြီး အာမခံလိုက်ရပါတယ်ဗျာ။

**ဂျော်လီထွန်း**

**နိုင်ငံရေးအကျဉ်းသားဟောင်း**

၁၉၈၉ မှ ၂၀၁၂ (၂၂ နှစ် ၁၁ လ ၂၈ ရက်)

အင်းစိန်ထောင်၊ သာယာဝတီထောင်၊ သရက်ထောင်

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့ လွတ်မြောက်ခဲ့သည်။



အဘဦးတင်ဦးမှ ဩဝါဒပေးစဉ်



ဘဘဦးဝင်းတင်၏ ဩဝါဒခံယူစဉ်



မသေလို့ပြန်တွေ့ရတဲ့ ရဲဘော်များ (**A.B.S.D.F** ဥက္ကဋ္ဌ ကိုသံခဲ၊ ကျော်နိုင်ဦး)



ကျောင်းသားတပ်မတော် ဥက္ကဋ္ဌ ကိုသံခဲ၊ အတွင်းရေးမှူး ကိုဆန်နီ ကြားကစာရေးသူ



၁၃.၁.၂၀၁၂ သရက်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့စဉ်



၈၈ ငွေရတုပွဲအတွက် (၃) သိန်းကျပ် သွားရောက်လှူဒါန်း



ဦးဇင်ဝိုင်း၊ ကိုယဉ်အေး ဇနီး မောင်နှံ၊ ကိုလူမင်း နှင့် စာရေးသူ



စာရေးသူဒုက္ခရောက်တိုင်း ဘေးကိုရောက်လာတတ်တဲ့ ချစ်သူငယ်ချင်းကိုအုန်းမြင့်



နှစ်လိုဘွယ်အပြုံးများနှင့် အတူ



အားကိုးရတဲ့ညီမလေးကို မာကီးလက်သို့စိတ်ချလက်ချ



ကြားဖြတ်ရွေးကောက်ပွဲကော့မှူးကအပြန်



ကော့မှူးရွေးကောက်ပွဲမှာ ရွှံ့အလိမ်းလိမ်းနဲ့ စာရေးသူ



ကိုမာကီး + စုစုနွေးတို့ မင်္ဂလာဆောင်မှာ



အိမ်နွှေကြီးသူဘေးမှာ အလိုက်မသိတဲ့ စာရေးသူ




သာယာဝတီထောင် (Anti Labour) တိုက်ပွဲ၊ (၂၃) နှစ်မြောက်အခမ်းအနား



တောတွင်းမှာ ခင်မင်ခဲ့ရတဲ့ အစ်ကို ကချင်ခေါင်းဆောင် ဒေါက်တာ တူးဂျာ



မျက်စိခွဲရက်တန်းလန်း (၇ / ဇူလိုင် / ၂၀၁၂) ပွဲတွင် အနဂ္ဂနှင့် စာရေးသူဇနီး



ကိုမင်းကိုနိုင်ရယ်၊ ဘေးမှာ ပျော်နေတဲ့စာရေးသူဇနီး (၇/ဇူလိုင်/၂၀၁၂)



မစ်ရှဲဗိုဟိုနာ က လာရောက်တွေ့ဆုံ၊ ကိုအောင်ထက်၊ ကိုသန်းဇော်တို့နှင့်



နာမည်ကျော်စစ်မြေပြင်သတင်းထောက် မစွစ်ဂျင်းနီ၊ မစွစ်မင်းခတို့လာရောက်တွေ့ဆုံ



တာဝန်ကျပြန်တော့ ရှစ်လေးလုံးငွေရတုဘဏ္ဍာရေးကော်မတီမှာ အဖွဲ့ဝင်တဲ့



ရှစ်လေးလုံးငွေရတုအတွက် သံဃာတော်များ ပင့်လျှောက်ပွဲမှာ



ကိုမင်းကိုနိုင်နှင့် ပဲခူးမြို့ကဂုဏ်ပြုပွဲမှာ



မလွတ်မြောက်သေးသူများအတွက် ပုသိမ်အကျဉ်းထောင်သို့သွားရောက်ထောက်ပံ့



နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် (၇) သိန်းလှူဒါန်း




အခွင့်သာရင်လည်း ပရဟိတ (ပုသိမ်ရေဘေးခရီး)



စာရေးသူတို့ လက်ဆင့်ကမ်းမည့်ဆရာစံမျိုးဆက်များ



နေရာမယူ၊ တာဝန်ယူတဲ့ ရိုးသားတဲ့ ရဲဘော်သူငယ်ချင်းနှင့် (သာယာဝတီ)



မင်းလှ၊ ကြို့ပင်ကောက်သို့ လူသားချင်းစာနာထောက်ထားခရီးစဉ်



မင်းလှ၊ ကြို့ပင်ကောက်သို့ စာနာမှုအထောက်အပံ့များ



NLD ညီလာခံတွင် အနုပညာမောင်နှမများနှင့် အမှတ်တရ



ဆရာစံဂုဏ်ပြုပွဲမှာ မျိုးဆက်သစ်များနှင့် အတူ (သာယာဝတီ)

# ထောင်အတွင်းမှာ ၂၃ နှစ်ပြည့်ရန် ၂ ရက်အလိုနှင့် ကိုယ်တွေ့မှတ်တမ်းများ

[ ၁ ]

ကျွန်တော့် နာမည်ကတော့ ကိုဂျော်လီထွန်း။ အဘအမည်က ဦးသာလှပါ။ ကျွန်တော် ထောင်ကျခဲ့တဲ့ခုနှစ်က ၁၉၈၉ ခုနှစ် ဇူလိုင်လပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရရဲ့ သာယာဝတီစစ်ခုံရုံးနဲ့ အရပ်တရားရုံးက အမှုရှစ်မှုဖြင့် ထောင်ဒဏ် ၅၃နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရပါတယ်။ ကျွန်တော်ထောင်ထဲကို ဝင်ရတဲ့အချိန်က ကျွန်တော်ရဲ့အသက်က ၃၀နှစ်ပါ။ အသက် ၂၉ နှစ်သာရှိသေးတဲ့ ဇနီးနဲ့အသက် ၁၀ နှစ်သာရှိသေးသော သမီးတစ်ဦး။ အသက် ၅ နှစ်သားသာ ရှိသေးသော သားငယ်တစ်ဦး အပြင်မှာ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော့်ကို ထောင်ထဲသွင်းရတဲ့ အကြောင်းရင်းကတော့ ၁၉၈၈ခုနှစ်က မြန်မာတစ်နိုင်ငံလုံးမှာ အရှိန်အဟုန်ပြင်းထန်စွာဖြင့် ဖြစ်ပွားခဲ့သော ၈၈ အမျိုးသားအုံကြွမှုကြီးမှာ သာယာဝတီမြို့နယ်ကို ဦးဆောင်ပြီး သာယာဝတီမြို့နယ် မဟာဗျူဟာသပိတ်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူလှုပ်ရှားခဲ့တဲ့ အကြောင်းရင်းကြောင့် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်က ပဲခူးတိုင်းအနောက်ခြမ်း ၁၄မြို့နယ် ဒီမိုကရေစီရရှိရေးအဖွဲ့မှာ ဒေါက်တာမော်ဇင်တို့နှင့်အတူ တာဝန်ခံတစ်ဦးအဖြစ်နှင့် ARMS STRUGGLE လမ်းစဉ်အရ လက်နက်အကူအညီ ရှာဖွေရယူရန် တာဝန်ခံတစ်ဦးအဖြစ် ဆောင်ရွက်နေခဲ့သူဖြစ်ခြင်းစသော အကြောင်းရင်းများကလည်း ကျွန်တော့်ကို အာဏာပိုင်များက နှိပ်ကွပ်ရန် လုံလောက်နေပါတယ်။ ကျွန်တော့်ကို ဖမ်းဆီးခဲ့တာကလည်း သာယာဝတီမြို့မှာမဟုတ်ပါဘူး၊ ကရင်ပြည်နယ်မှာပါ။ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ကျွန်တော်တောခိုခဲ့ပါတယ်။ ABSDF တပ်ဖွဲ့ကို ကနဦးဖွဲ့စည်းခဲ့စဉ်မှာ မယ်ပောင်ဆောင်အနီးက ဝေ့စေတီ Camp မှာ ကျွန်တော် အထွေထွေအတွင်းရေးမှူးအဖြစ် အရွေးချယ်ခံခဲ့ရပါတယ်။ ကရင်ပြည်နယ်အတွင်း ခရီးထွက်နေရင်း အငိုက်ဝိုင်းဖမ်းဆီးတာ ခံခဲ့ရတာပါ။ ကျွန်တော့် ပေါ့လျော့မှု အသုံးမကျမှုများကြောင့် ခံလိုက်ရတာပါ။ ခံလိုက်ရတာကလည်း ကျွန်တော့်လို လွတ်မြောက်နယ်မြေကိုရောက်ပြီးမှ ပြန်အဖမ်းခံရတာမို့ တော်တော် နစ်နာပါတယ်။

အရေးအခင်းဖြစ်ပြီး အုပ်ချုပ်ရေး ပျက်ပြားနေခဲ့စဉ်မှာ ပြည်သူလူထုရဲ့ နာကြည်းပေါက်ကွဲမှုသံစဉ်များအဖြစ် ဖြစ်ပေါ်ခဲ့သော အစိုးရပိုင်ရုံးများ ရုံးသုံးပစ္စည်းများ ဖျက်ဆီးခံရခြင်းများကို တာဝန်ရှိသူတစ်ဦးအဖြစ် အထွေထွေသပိတ်ကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော့်ကို ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက် တရားဥပဒေအရ ပြန်လည်ဖြေရှင်းခွင့်မရှိသော၊ ဥပဒေပညာရှင် ရှေ့နေလိုက်ပါ ဆောင်ရွက်ခွင့်လည်း ပိတ်ပင်တားမြစ်ထားသော မြန်မာစစ်အစိုးရ၏ တရားဥပဒေမဲ့ဆောင်ရွက်နေသည့် စစ်ခုံရုံးသို့ လက်နောက်ပြန်

ကြိုးတုပ်ပြီး ခေါ်ဆောင်သွားခြင်းခံခဲ့ရပါတယ်။ စစ်ခုံရုံးမှာ ကျွန်တော့်ကို အမှု ၄ မှုဖြင့် တရားစွဲဆိုခြင်း ခံရပါတယ်။ နံနက်ပိုင်းတွင်စစ်ခုံရုံးသို့ တင်ခဲ့ပြီး အဲဒီနေ့ညနေမှာပဲ အမိန့်ချမှတ်ခဲ့ပါတယ်။ ထောင်ဒဏ် ၅၃ နှစ် ချမှတ်ခဲ့ပါတယ်။

လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်တွေ တိုက်ခိုက်ကြလို့ ကောင်းနေစဉ် ကျွန်တော်က ထောင်ထဲမှာ ထမင်းထဲက စပါးလုံးတွေ၊ အိပ်ရာထဲက ကြမ်းပိုးတွေနဲ့သာ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးစစ်ဆင်နေရပါတယ်။ ခြေထောက်မှာ ၁၁နှစ်တိတိခတ်ထားတဲ့ သံခြေကျင်း တဂွမ်ဂွမ်ကို ခြေသလုံးကိုမရိုက်မိအောင် သိုင်းကွက်နင်းရှောင်နေရသလို တိုက်ခိုက်နေတဲ့ ရဲဘော်သူငယ်ချင်းတွေ ဥရောပ၊ အမေရိက အခြေချနေချိန်ကျတော့လည်း ကျွန်တော်က ထောင်ထဲမှာ ရေဆွဲကောင်းတုန်း၊ ထမင်းမဝလို့ ထမင်းလိုက်ရှာနေရတုန်းပါ။ ကိုယ်အဖြစ် ကိုယ်ပြဋ္ဌာန်းတာ ဆိုပေမယ့်လို့ တကယ်ကို ကိုယ့်အသက် အပြင်ကိုပါတောင်မှ ပါပါ့မလား၊ အပြင်ကိုရောတကယ်ကော ပြန်ထွက်ရပါ့မလား ကုက္ကုစ္စ များနေရပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော် ထောင်ထဲရောက်နေတဲ့ကာလမှာ ပုံစံမျိုးစုံနဲ့ လွတ်ငြိမ်းချမ်းသာ ခွင့်တွေပေးပါတယ်။ အကျဉ်းသားတွေ လွတ်ကြတယ်။ သူခိုးတွေ၊ ဓားပြတွေ၊ ဘုရားခိုးတွေ၊ မုဒိမ်းတွေ၊ ခါးပိုက်နှိုက်တွေ လွတ်ကြပါတယ်။ ကျွန်တော်ကတော့ ကျခံနေရတဲ့ ထောင်ဒဏ် ၅၃နှစ်မှာ တစ်လတောင် လျော့မသွားခဲ့ပါဘူး။ မှတ်မိသလောက် ကျွန်တော်ရှိနေစဉ်မှာ စစ်အစိုးရပေးခဲ့တဲ့ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်များမှာ-

(၁) ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက် ကြာသပတေးနေ့ ညစနာရီကြေညာတဲ့ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အမှတ်

(၄/၈၉)မှာ သေဒဏ်ကျခံနေရသူများကို တစ်သက်တစ်ကျွန်း၊ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်များကို ထောင်ဒဏ် ၁၀နှစ်၊ ထောင်ဒဏ် ၁၀နှစ်အောက် ပြစ်ဒဏ်၏ ၃ပုံ ၂ပုံ လျှော့ပေါ့၊ နိုင်ငံတော်တရားလို တရားမစီရင်ရသေးသော အချုပ်သားအားလုံးရဲ့ အမှုအားလုံးကို ပိတ်သိမ်းတယ်။ *(ကျွန်တော် အဲဒီအချိန်မှာ သာယာဝတီထောင်မှာ အချုပ်သားဘဝနှင့်ရှိနေပါတယ်။ ကျွန်တော် ဘာခံစားခွင့်မှ မရပါ)*

(၂) ၁၉၉၂ ခုနှစ် ဧပြီလ ၂၂ ရက်ညမှာ ကြေညာခဲ့ပါတယ်။ နိုင်ငံတော်လုံခြုံရေးကို မထိခိုက်စေမည့်အမှုများကို ပြန်လည်စိစစ်ပြီးလွှတ်ပေးမည်လို့ ကြေညာခဲ့ပါတယ်။ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အမှတ်(၁၁/၉၂)ထောင်ထဲမှာ အလဲဗင်းစတုတ်လို့ နာမည်ကြီးခဲ့ပါတယ်။ ကျွန်တော့်ကို ထောင်ပြောင်းလိုက်ပါတယ်။ *(ကျွန်တော် ဘာတစ်ခုမျှ မခံစားလိုက်ရပါ)*

(၃) ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမစတင်မီ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အမှတ် (၁/၉၃)ကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ကြေညာခဲ့ပါတယ်။ သေဒဏ်ကျခံနေရသူများကို အနှစ် ၂၀ ဖြင့် ညီမျှသော တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲသတ်မှတ်တယ်။ တစ်သက်တစ်ကျွန်းကျခံနေရသူများကို ထောင်ဒဏ် ၁၀ နှစ်သို့ လျှော့ပေါ့ပေးလိုက်ပါတယ်။ *(ကျွန်တော် ဘာတစ်ခုမျှ မခံစားလိုက်ရပါ)*

ကျွန်တော့်ကို ထောင်ဒဏ် ၅၃နှစ် စစ်ခုံရုံးက ချလိုက်စဉ်ကတည်းက ရင်မှာအလုံးဆို့နေတဲ့ ကျွန်တော့်မိသားစုကို၊ ကျွန်တော့်ဇနီးကို၊ ကျွန်တော့်ရင်သွေး ငယ်နှစ်ဦးကို ကျွန်တော်က အားပေးခဲ့ပါတယ်။ "ငါထောင်ထဲမှာ အခုလောက်ကြီး မနေရ

ပါဘူးကွယ်၊ ဘုရားမှာဆုတောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ လာရင် ပြန်လွတ်မှာပါ”လို့ အားပေးခဲ့ပါတယ်။ အဲဒီတော့ စဉ်းစားကြည့်ကြပါ။ ပထမတစ်ခါ ၁၉၈၉ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့် ညဘက်ကြေညာတော့ ကျွန်တော့်မိသားစု၊ မိန်းမနဲ့ ကလေးတွေဗျာ ဘုမသိဘမသိနဲ့ မနက်ကျတော့ ထောင်ကိုပြေး လာရှာကြပါတယ်။ ကျွန်တော်က တစ်ခါတလေမှာ ကိုယ့်ကုသိုလ်ကံ မကောင်းလို့ ငါကျန်ခဲ့တာပါ။ နောက်တစ်ခါလာရင် ပါပါပြီပေါ့။ သူများအကျဉ်းသားတွေ မျက်စိရှေ့မှာလွတ်နေတာကိုကြည့်ပြီး သူတို့ခမျာငိုကြတယ်။ ကျွန်တော်လည်း စိတ်မကောင်းပါ။ ဒါနဲ့ နောက်တစ်ခါနိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့် ၁၉၉၃ ခုနှစ်မှာ လာပြန်ပါရော။ ကျွန်တော့်သား သမီးတွေရယ်၊ မိန်းမရယ်ကို ကျွန်တော် ဘာပြောရမယ်မသိဘူး။ ကျွန်တော် နောက်တစ်ခါလည်း မပါပြန်ဘူး။ ကျွန်တော် စိတ်ကိုတင်းပြီး အားပေးနေရပါတယ်။ ‘ငါ့အကုသိုလ်ကြီးပါလားနော်’လို့ တွေးပါတယ်။ အခုအထက်မှာ ကျွန်တော်တင်ပြခဲ့တာ လွတ်ငြိမ်းချမ်းသာ (၃)ကြိမ်ရှိပါပြီ။ ကျွန်တော်လည်းထောင်ထဲမှာ လိမ်ပိန်ပြီး နိုင်ငံတော်လွတ်ငြိမ်းသာခွင့်ကို မျှော်ရတာပေါ့။ နောက်ဆုံး လာထားတာက ၁၉၉၃ခုနှစ်လေ။

(၄) ဒီလိုနဲ့ ၁၉၉၅ ခုနှစ်ရောက်တော့ မတ်လမှာ လွတ်ငြိမ်းချမ်းသာခွင့် ပေးပြန်ရော။ တပ်မတော်ရွှေရတုအထိမ်းအမှတ်တဲ့။ ရဲဘက်စခန်းတွေက လွတ်လိုက်ကြတာ တော်တော်များပါတယ်။ ကျွန်တော့် အိမ်ကိုတော့ မမျှော်ရဲတော့ပါဘူး။ ထောင်ပြောင်းခံထားရလို့ ဝေးလို့ မလာနိုင်တော့ပါဘူး။ သူတို့လည်း ကျွန်တော်များ ပါလာမလားလို့တော့ မျှော်ကြမှာပါ။ ကိုယ်မလွတ်တာထက် မျှော်နေရှာမယ့် သူတို့လေးတွေကို သနားတာပါ။ ကျွန်တော့်

အမျိုးသမီးကလည်းဗျာ၊ ကျွန်တော့်ကိုသစ္စာရှိရှိစောင့်နေရှာတော့ ကျွန်တော် ပိုခံစားရတာပေါ့ဗျာ။ အဲဒီ ၁၉၉၅ ခုနှစ်မှာလည်း ကျွန်တော်ဘာတစ်ခုမှ မရပါဘူး။ ဒီလိုနဲ့ နေရပြန်တာပေါ့နော်။ အဲဒါ တစ်နှစ်တစ်နှစ်နဲ့ ၁၉၉၇ ခုနှစ် နှစ်ကုန်ခါနီး ရောက်လာပါ လေရော။ မှတ်မှတ်ရရ ဒီဇင်ဘာလ ၃၁ ရက် ည ၈နာရီ ကြေညာ ချက် ထွက်လာပါတယ်။ အချိုကြီးပဲဗျို့။ တော်တော်ကို ပေါပေါ လောလော လွှတ်ပေးတာ။ သရက်ထောင်က သေဒဏ်လွတ် အကျဉ်းသားတွေ၊ နှစ်ကြီးတွေ အဲဒီလောက်လွှတ်ကြတာ တစ်ခါမှ မမြင်ဖူးပါဘူး။

(၅) အဲဒါက နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် မျဉ်းစောင်းနံပါတ် မေ့နေပြီ။ ၉၇ ပါဗျာ။ သေဒဏ်ကျ အကျဉ်းသား များကို တစ်သက်တစ်ကျွန်း၊ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်များကို ၁၀ နှစ်၊ ထောင်ဒဏ် ၁၅နှစ်အထက် နှစ်အကန့်အသတ် မရှိသူ များ ၁၅ နှစ်တဲ့ဗျာ။ ကျွန်တော်လည်း ထုံးစံအတိုင်း မပါဘူးတဲ့ဗျာ။ ကျွန်တော်လည်း အဲဒီနေ့ကစပြီး ဘာနိုင်ငံတော် လွတ်ငြိမ်းချမ်းသာ ကိုမှ မမျှော်တော့ပါဘူး။ ထောင်အပြင်ကိုလည်း စိတ်ကို အထွက် မခံတော့ပါဘူး။

၂၀၀၆ ခုနှစ် နောက်ပိုင်း ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အပေါင်းပါ တစ်စု အရေးယူခံရပြီးတော့ ၁၀ကြိမ်လောက် လွှတ်ပေးသေး တယ်။ ဘာတဲ့ ပြစ်မှုဆိုင်ရာကျင့်(၄၀၁/၁)အရ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးပါတယ် ဆိုပြီးတော့ဗျာ။ ကျွန်တော်ပါလားဆိုတော့ အဖြစ် က ဆိုးဝါးပါတယ်။ TV မှာကြေညာတယ်လေ၊ ပထမအမိန့်က ခေတ်နဲ့မလျော်ညီတော့လို့ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကြီး ကို ဖျက်သိမ်းပါတယ်တဲ့။ နောက် အဲဒီထောက်လှမ်း ရေးအဖွဲ့

အစည်းက မလျော့မကန် ဆောင်ရွက်ထားသည်များကို စစ်ဆေးတွေ့ရှိရပါတယ်လို့ပြောတယ်။ ဒါကြောင့် အဲဒီ မလျော့မကန်ဖမ်းဆီးထောင်ချထားတဲ့ အကျဉ်းသား ၆၃၃၁ဦးကို နောက်တစ်နေ့ရက်စွဲနဲ့ လွှတ်ပေးမယ်ပေါ့။ TV ထိုင်ကြည့်နေတဲ့ သရက်ထောင် ၁ဆောင်၊ ၁ခန်းက အကျဉ်းသားတွေအကုန်လုံးရဲ့ မျက်လုံးအားလုံး ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ ဝိုင်းကြည့်နေတာ ကျွန်တော် ရင်တွေ ဘာတွေ ခုန်ကုန်တာပေါ့။

ဒီမှာ ပြောစရာတစ်ခုရှိတယ်။ ထောင်ထဲမှာလေ အကျဉ်းသားတွေ အကုန်လုံးကို ပြောတာနော်၊ ရေဒီယိုတော့ မရှိကြဘူး။ ဒါပေမဲ့လို့ TV ထဲက အမိန့်ကြေညာချက်ဆိုလိုက်တာနဲ့ ကြားသမျှအကျဉ်းသားအကုန် TV ရှေ့ပြေးလာပြီး မျက်တောင်မခတ်အသက်အောင့် နားထောင်ကြတော့တာပါပဲ။ ကြေညာချက်ကများ သူတို့မျှော်လင့်တာ မဟုတ်ရင်တော့ စိတ်ပျက်လက်ပျက်ထထွက်သွားကြတာပါပဲ။ သနားဖို့ကောင်းပါတယ်ဗျာ။ 'ဟာ- ကိုဂျော်လီ၊ သူတို့အပြစ်နဲ့သူတို့ပါ။ ဘာသနားစရာလိုသလဲ'လို့ ပြောစရာရှိတာ ကျွန်တော်လက်ခံပါတယ်။ ဒါပေမဲ့လို့ဗျာ အကျဉ်းသားအကုန်လုံးက တကယ်အပြစ်ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာကို လက်ခံကြရင်ဖြစ်စေ၊ ဒါမှမဟုတ် သူတို့ ကျူးလွန်ခဲ့ကြတဲ့ သူတို့အပြစ်နဲ့သူတို့ ရထားကြတဲ့အပြစ်ဒဏ် မျှတပါရဲ့လားဆိုတာကို စဉ်းစားကြည့်ရင်ဖြစ်စေ၊ နောက်တစ်ခုက တရားသူကြီးကပေးလိုက်တဲ့ပြစ်ဒဏ်က ဥပမာ လောင်းကစားလို့ ထောင်ဒဏ် ၆ လ၊ ဥပမာ လူသတ်လို့ ထောင်ဒဏ် ၂၀နှစ်။ အဲဒီ အကျဉ်းသားနှစ်ဦးမှာ ဘယ်သူက ပိုနစ်နာမယ်ထင်ပါသလဲဆိုတာကို ကျွန်တော်ရှင်းပြပါမယ်။ ထောင်ဒဏ် ၆ လသာ ပြစ်ဒဏ်ကျခံရမယ်ဆိုသူ

အကျဉ်းသားက ထောင်ကိုရောက်တယ်ဆိုရင်ပဲ အဝင်တံခါးမှာ နားရင်းကို တစ်ချက်လောက် အုပ်တာခံရမယ်။ နောက်ကနေ တစ်ချက်လောက် ဆောင့်ကန်တာခံရမယ်။ တံခါးထဲမယ်၊ ထောင် လုံခြုံရေးအကြောင်းပြပြီး မိမိပိုင်ပစ္စည်းလေးတွေကို မွှေနှောက် ရှာဖွေတာကို ခံရပါမယ်။ အဲဒီမှာ ထောင် ၆ လကျခဲ့တဲ့ အကျဉ်း သားက ကြားဖူးနားဝနဲ့အထဲမှာ အခန်းလူကြီးကို လာဘ်ထိုးဖို့ အိမ်ကမိန်းမ မရှိမဲ့ရှိမဲ့ ဝယ်ပေးလိုက်တဲ့ ကော်ဖီမစ်ထုပ်ကလေး တွေကို ဟိုဝန်ထမ်းကနှိုက်၊ ဒီဝန်ထမ်းက နှိုက်တာကို မော့မကြည့် ရဲအောင် ဆောင့်ကန်လိုက်ပါသေးတယ်။

ထောင်ကခန့်ထားတဲ့ ဗာယာ အကျဉ်းသားလူလည်က လည်း တစ်မျိုးပါ။ 'ဟာ-အဲဒီအဝတ်အစားက ထောင်မှာ လက် မခံဘူး၊ သိမ်းရမယ်၊ ဟိုငါးပိကြော်ဘူးကအထဲကို မွှေရှာရဦးမယ်' လို့ပြောပြီး သူမွှေရင်းနှောင့်ရင်း တစ်ဝက်လောက် ယူထားလိုက်ပြီ။ အဲဒီ ၆လပြစ်ဒဏ်သမား အဆောင်ရောက်တော့ ပုံစံခန်းလို့ ခေါ် တဲ့အခန်းမှာ တစ်လလောက်နေရမယ်။ မနေချင်ရင် တိုးတိုး တိတ်တိတ်စုံစမ်း။ ပေးလိုက်ကမ်းလိုက်ရင် မနက်ကထောင်ရောက် ညနေပုံစံအခန်းကနေ သာမန်အကျဉ်းသား လူဟောင်းတွေထား တဲ့ အခန်းကိုပြောင်းနေရတယ်။ ပုံစံခန်းကို ဒီနေ့ရောက်တဲ့ ပြစ်ဒဏ် ၆ လ သမားကတော့ ပေးစရာလည်းမရှိတော့ အဲဒီနေ့ညမှာ ပုံစံ မောင်းတယ်ဆိုတာခံရမယ်။ ဟာ-ပုံစံဆိုတာ လူတစ်ဦးတစ် ယောက်လုပ်ရန် ခက်ခဲမှားယွင်းနိုင်တဲ့ ကိုယ်အမူအရာများကို ထောင်ထဲမှာ တီထွင်ပြီးတော့ အကျဉ်းသားအသစ်ကို ကြံဖန် ခိုင်းမယ်။ မှားရင်ရိုက်မယ်။ ကြာတော့ အဲဒီ ၆ လပြစ်ဒဏ်သမား အပြင်ကပါလာတဲ့ ကော်ဖီမစ်ကို ရိုက်တဲ့သူထံ ကန်တော့လိုက်

တော့မှပဲ တစ်ညတာ သက်သာသွားပါတော့တယ်။

နောက်တစ်နေ့အတွက်လား။ နောက်နေ့တွေအတွက် နောက်နေ့ထပ်ရှင်းရပါမယ်။ ကော်ဖီမစ်က ကုန်ပြီလား။ အင်္ကျီ အနွေးထည်ကလေးက အလတ်ကြီးရှိသေးတာ မကန်တော့လည်း လာတောင်းလိမ့်မယ်။ မပေးလည်းရတယ်၊ အင်္ကျီကိုတော့ လု မယူပါဘူး။ ညကျရင် ပုံစံကို သေလုအောင် မောင်းပါလိမ့်မယ်။ နောက် ၆လ ပြစ်ဒဏ်သမားအတွက် ထောင်တွင်းက ခိုင်းမယ့် အလုပ်တွေကတော့ နံနက်ပိုင်း မိလ္လာထမ်းခိုင်းမယ် (မိလ္လာဆိုတာ မစင်တွေကျုံးတဲ့အလုပ်)။ ညနေပိုင်း မစင်ထည့်ရန် ကျင်းတူးရမယ်။ ဒုက္ခသုက္ခက အဲဒီလောက်နဲ့မပြီးသေးဘူး။ ရဲဘက်ပေါ်တာ ဝန်ဆောင်ဆိုတာတွေ ခေါ်ပြီဆိုတာနဲ့ သကောင့်သားကို ခြေချင်း ခေါ်ခတ်တော့တာပါပဲ။ ဘာတဲ့- ထောင်ထဲမှာ ၆ လ၊ ၁ နှစ် သမားလေးတွေကို ထောင်ကျရုံးကခေါ်တာ၊ အမည်ပေးထားတာ (ထည့်တန်ကောင်းကလေးတွေ)တဲ့။ နှစ်ကြီးသမားတွေကို ရဲဘက် ထည့်ရင် ကန်တန်တန်ကပ်တပ်တပ် လုပ်ရဲကိုင်ရဲဆိုတော့ ထွက် ပြေးကြတာ များတယ်။ မဝရေစာကျွေးပြီး ရိုက်ခိုင်းလို့ရတဲ့ ၆ လ၊ ဘစ်နှစ်သမားလေးတွေကို ခိုင်းသူတွေက သဘောတော်ကျလို့ (ထည့်တန်ကောင်းလေးတွေတဲ့ဗျာ)။ ဟိုးနယ်စွန်နယ်ဖျား တောထဲ တောင်ထဲမှာ စစ်ဆင်ရေးတွေအတွက် ပစ္စည်းထမ်းလိုက်ရတာကို ပေါ်တာတဲ့။ ဒါပေမဲ့လို့ မကောင်းသူတွေများဗျာ၊ နာမည်အလှ ကလေးတွေ တော်တော်ပေးတတ်ကြပါတယ်။ ဘာတဲ့ ဝန်ဆောင် တပ်တဲ့။ အဲဒီ ၆လပြစ်ဒဏ်သမား သူ့ရွာ၊ သူ့အိမ် ဒီတစ်သက် ပြန်ရောက်လိမ့်မယ် မထင်ကြပါနဲ့။ ရှမ်းပြည် ဟိုးနယ်စပ်၊ တနင်္သာရီ ဟိုး ပင်လယ်အစပ်၊ ရာဇဂြိုဟ် ဟိုး ကုလားပြည်အစပ်၊ အဲဒီ

ဓလေပြစ်ဒဏ်သမား ငှက်ဖျားယူမလား၊ ထောင်ထားတဲ့ မိုင်းကိုနင်း မလား၊ ထမင်းမဝတာယူမလား၊ မိမိကာယဗလနဲ့ မဖြစ်နိုင်တဲ့ဝန်ကို ထမ်းမလား၊ အိမ်ကို သိန်း ၃၀လောက် မှာနိုင်လား၊ ပေါက်ပေါက် ရောက်ရောက် တိုင်နိုင်တောနိုင်လား၊ မိသားစုထဲမှာ မိမိကို အပ်ထည်ဘဝကို ပြောင်းပေးနိုင်သူရှိလား၊ သိန်း ၃၀ လောက် ပါရင်ဖြစ်ဖြစ် အပ်ထည်ဖြစ်ဖြစ်(စွန့်ဝံ့)ရင်လည်း ထွက်ပြေးပြီး အိမ်ပြန်ရောက်တတ်ပါတယ်။ ဒါပေမဲ့လို့ တစ်သက်လုံး ဝရမ်းပြေး ဖြစ်သွားပါတယ်။

ဗျာ. . . အနှစ် ၂၀ ပြစ်ဒဏ်ရသွားသူအကျဉ်းသားလား၊ အခုအသားတွေတောင် ဖြူလို့ဝတောင်လာတယ်။ ထောင်ကို ရောက်တဲ့နေ့က ထောင်မှူးကြီးက ပြောတယ်၊ ရန်မဖြစ်ဖို့ စားရေး သောက်ရေး အခက်အခဲရှိရင် သူ့ကိုလာပြောဖို့ ကောင်းကောင်း နေရင် မကြာမီ အခန်းလူကြီး ထားပေးမယ်ဘာညာပေါ့။ ည ရောက်တော့လေ တံခါးမှာတာဝန်ကျတဲ့ အကျဉ်းသားကိုလူလည် က ကော်ဖီမစ် ၅ ထုပ်လားမသိ လာပေးမယ် ပြောသွားသေး တယ်။ အစ်ကို အကူအညီလိုရင် ပြောနော်တဲ့။ ထောင် ၅ နှစ်သာ ကျပြီး အခန်းလူကြီး ဖြစ်နေသူက ပြောသေးတယ်။ အစ်ကို ညောင်းနေမှာပေါ့။ ဟေ့. . . သံချောင်းနဲ့ခွတို ဒီအစ်ကိုကြီးကို လာနှိပ်ပေးလိုက်ကြစမ်း။ သကောင့်သား အနှစ်၂၀သမားက ခန့်ခန့်ကြီးနဲ့ စန့်စန့်ကြီး၊ သူခြေသလုံး နှစ်ဖက်ကိုတော့သူခိုး သံချောင်းရယ်၊ သာတီးဒီခွတိုရယ်က ခပ်ဖွဖွဖျစ်ပေးနေတုန်းမှာ။ အခန်း စာရေး ၃ တန်း ၄ ခါကျ ကိုကောင်းမြတ်သန့်ဇင်ထွန်းက လန်ဒန်စီးကရက်တစ်ဘူးကိုဖောက်၊ တစ်လိပ်ထုတ် မီးညှိပေးပြီး ရော့-အစ်ကို ဒီမှာ ဘူးလိုက်နော်၊ မီးခြစ်လည်း ထားခဲ့တယ် ခင်ဗျ။

ဟိုနှစ်ကောင် မင်းတို့တောင်းသောက်ရင် ငါနဲ့တွေ့မယ်. . . ကြားလား. . တဲ့။ *[**မှတ်ချက်**-၄င်းအဖြစ်အပျက်မျိုးမှာ ၁၉၉၀ခုနှစ် ဝန်းကျင်က ထောင်များတွင် နှစ်ကြီး အနှစ် ၂၀ သမားများ ရှားပါး နေစဉ်က ဖြစ်ပါတယ်။ ယခုမူကား နှစ်ကြီးဆိုတာ အနှစ် ၇၀၊ ၈၀၊ ၁၀၀ ကျော်များကိုသာ ခေါ်ပါတော့တယ်။]*

[ ၂ ]

ကျွန်တော်တို့ (မဟာဗျူဟာ) သပိတ် ကော်မတီတစ်ဖွဲ့လုံး ထောင်ထဲကို ရောက်ကာစမှာတော့ အိမ်ကလာပေးတဲ့စားစရာ သောက်စရာလေးတွေကို (ပါဆယ်)အဖြစ် လက်ခံရရှိပါတယ်။ ပါဆယ်ဆိုတော့ ညှော်တွေ့ခွင့်မရပါဘူး။ အဲဒီပါဆယ်ကို ၂ ပတ် လောက်ရအပြီးမှာတော့ ပါဆယ်သွင်းခွင့် ပိတ်ပင်လိုက်ပါတယ်။ ထောင်ပိုင်ဦးဘိုကြည်ကို ကျွန်တော်က မေးပါတယ်။ ဘာကြောင့် ပါဆယ်ကို ပိတ်ပင်တားမြစ်ပါသလဲလို့မေးတော့၊ ထောင်ပိုင်က ကျွန်တော်တို့ပိတ်ပင်တာ မဟုတ်ပါဘူး။ သူတို့အထက်ဌာန ကလည်း မဟုတ်ပါဘူး။ အုပ်ချုပ်ရေးပိုင်းတိုင်းအဆင့်ကညွှန်ကြား ချက်အရပါလို့ ဆိုပါတယ်။ သူပြောတဲ့အတိုင်းဆိုရင် တိုင်းငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့အဆင့်ကဖြစ်မယ်လို့ ကျွန်တော်တို့ သဘောပေါက်ခဲ့ပါတယ်။ သာယာဝတီထောင်မှာ အိမ်နဲ့နီးနီး လေးကို ငတ်နေအောင် ပါဆယ်ကိုပါ ပိတ်ခိုင်းခဲ့တာပါ။ တရား ဥပဒေဘောင်ထဲမှာ ဘာအကြောင်းပြချက်မှမရှိဘဲ အချုပ်သား

တစ်ဦးရဲ့ အခွင့်အရေးကို ပိတ်ပင်တားမြစ်ခြင်းခံခဲ့ရပါတယ်။ ကျွန်တော်တို့(မဟာဗျူဟာ)တစ်ဖွဲ့လုံးကိုတိုက်ထဲမှာ ထားပါတယ်။ သာယာဝတီထောင်က ၁ တိုက်၊ ၂ တိုက် (အကျဉ်းသားအခေါ် ကင် ပွန်းချဉ်တိုက်)မှာပါ။ ကင်ပွန်းချဉ်တိုက်လို့ ဘာ့ကြောင့် ခေါ်သလဲဆိုရင် ကျွန်တော်တို့မရောက်ခင်ကလေးတင် ကွယ်လွန်သွားတဲ့၊ အားလုံးက အဘဆလံလို့ ခေါ်ကြတဲ့၊ KNU က ဗိုလ်ဆလံ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ ကင်ပွန်းချဉ်ပင် အပင် ၁၀၀ ကျော်ရှိလို့ ကျွန်တော်တို့တိုက်ကို ကင်ပွန်းချဉ်တိုက်လို့ခေါ်ပါတယ်။ (ကင်ပွန်းချဉ်ပင်ကလေးများကို ၁၀ ပင်လောက်ပူးစိုက်ထားပြီး အရှည်မခံဘဲ လူခါးစောင်းလောက်က အမြဲဖြတ်တောက်ထားလို့ ပုပုဝိုင်းဝိုင်းကလေးတွေပါ။ တစ်နှစ်ပတ်လုံး ခူးဆွတ်နိုင်ပါတယ်။ အရွက်နုအမြဲထွက်ရန် တစ်ပတ်တစ်ခါလောက်ဝါးခြမ်းပြားနဲ့ လိုက်ရိုက်ပြီး အရွက်ကြမ်းတွေခြွေထားလို့ အမြဲတမ်း အရွက်နုတွေ တဝေဝေနဲ့ပေ့ါဗျာ။ ဒီနေရာမှာ အဘဆလံ(ဗိုလ်ဆလံ)ရဲ့အဖြစ်က နည်းနည်းထူးခြားလို့ ကျွန်တော်မှတ်သားထားခဲ့တာလေးတွေ ဖောက်သည်ချရဦးမယ်။ အဲဒီအကျဉ်းသားများ၊ ဝန်ထမ်းများက အဘဆလံလို့ခေါ်ကြတဲ့သူက KNU ကနာမည်ကြီးဗိုလ်လင်းထင်တို့ခေတ်က သူလည်း နာမည်ကြီးထဲက ဗိုလ်ဆလံဖြစ်ကြောင်း သိရပါတယ်။ အစိုးရတပ်များက ဖမ်းဆီးရမိပြီး တရားရုံးက သေဒဏ်အပါအဝင် ကျွန်းဒဏ်ရော ထောင်ဒဏ်များပါကျခံနေရသူပါ။ သူ့ကို တရားရုံးက သေဒဏ်ချမှတ်အပြီးမှာ သူ့ဇနီးက မိမိကိုယ်ကို သတ်သေသွားတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ အဘဆလံတို့ ထောင်ထဲရောက်ခဲ့သော ကာလများက ဗိုလ်နေဝင်း စိတ်ပြေလို့ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်ပေးရင် ချွင်းချက်မရှိ၊ ကာလပိုင်းခြားမှုမရှိ

အကျဉ်းသားအမျိုးအစားခွဲခြားမှုများ မရှိသလောက်ပါပဲလို့ မှတ်သားခဲ့ရပါတယ်။

နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာကလည်း တော်လှန်ရေးကောင်စီခေတ်က များသောအားဖြင့် ၄ နှစ်တစ်ကြိမ်လောက် ယေဘုယျအားဖြင့် ပေးနေတော့ (အဘဆလံက ပထမတစ်ခါ ၆၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်မှာတင် သေဒဏ်တွေကလွတ်ပြီး ၆၂ နှစ် အပြစ်ဒဏ်ကို စုစုပေါင်းကျခံရန် ကျန်တယ်လို့ သိရပါတယ်။ နောက်တစ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်က ၄ နှစ်ကျော်ကျော်မှာ ထပ်လာတော့ အနှစ် ၂၀ ကျော်ပြစ်ဒဏ် ကိုပြောင်းလဲသွားခဲ့ပါတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ဆလံရဲ့ ထောင်တွင်းနေစား(ကျခံပြီးကာလ)က ၁၀ နှစ်ခန့်ရှိပြီပေါ့။ နောက်အဲဒီခေတ်က ကျွန်တော်တို့ (၈၈၈၈) ရှစ်လေးလုံးခေတ် ထောင်ကျသူတွေကို ထောင်က အပြစ်မရှိနေထိုင်ခဲ့ရင် ပေးသောဆုမှတ်ရက်ကို ဖြတ်တောက်ခဲ့သလိုမျိုး မဖြတ်တောက်ပါဘူး။ အနှစ် ၂၀ ကျခံရမယ့်သူဟာ ပြဿနာမရှိရင် ၁၃ နှစ် ၆ လသာနေရပါတယ်။ ၁၀ နှစ်ကျခံရမယ့်သူဟာ ထောင်တွင်းပြစ်ဒဏ်မကျူးလွန်ရင် ၆နှစ် ၈လသာကျခံရပါတယ်။ ဒီတော့ ဗိုလ်ဆလံကိုလွှတ်ပေးဖို့ အချိန်နီးလာတော့ ထောင်က တာဝန်ရှိသူများက ဗိုလ်ဆလံရဲ့ ထောင်ကျဝရမ်းကို စစ်ဆေးတဲ့အခါမှာ ဝရမ်းမှာ မှတ်ချက်ရေးထားတယ်လို့ ဆိုပါတယ်။ ဗိုလ်ဆလံကိုအကြောင်းကြောင်းကြောင့် လွှတ်ပေးရရင် (ဝါ) ထွက်ပြေးလွတ်မြောက်ခဲ့ရင် နီးရာစစ်ဌာနချုပ်ကို အကြောင်းကြားပေးရမယ်လို့ မှတ်ချက်ရေးသားထားတာ တွေ့ရလို့ သာယာဝတီထောင် အာဏာပိုင်များက သက်ဆိုင်ရာကို အကြောင်းကြားခဲ့ရတယ်လို့ ဆိုပါတယ်။ အဲဒီတော့ အဲဒီ သက်ဆိုင်ရာကြီးက

သာယာဝတီထောင်ကို အကြောင်းပြန်တဲ့အခါမှာ ဗိုလ်ဆလံကို ဒီအတိုင်းပြန်လည်လွှတ်ပေးလိုက်ရင် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်အောင်ဆောင် ရွက်နိုင်သူတစ်ဦးအဖြစ်သတ်မှတ်ထားသော ကြောင့် ၎င်းသွားလိုရာအရပ်ကို ပြန်လွှတ်မပေးဘဲ အကျဉ်းထောင်မှ ဝန်ထမ်းပြန်ခန့်ထားပေးပြီး စောင့်ကြည့်ထားရန် အကြံပြုထားတယ်လို့ သိရပါတယ်။

ဒါနဲ့ အဘဆလံလွှတ်ရက်ပြည့်လို့သာ ယာဝတီထောင်က ပြန်လွှတ်ပေးခဲ့ရာမှာ ဘယ်ကိုမှသွားခွင့်မပြုဘဲ သာယာဝတီထောင်မှာတင် အကျဉ်းဦးစီးဝန်ထမ်း ပြန်ခန့်ထားပါသတဲ့ဗျာ။ ရက်တွေလတွေကြာလို့ အိမ်ပြန်ရောက်မလာတဲ့ အဘဆလံကို သူ့သမီးအရင်းက သာယာဝတီထောင်ကို လာရှာပါတယ်။ အဲဒီမှာ ဖခင်ကိုလည်း မခွဲနိုင်ပြန်ရန်ခက်နေတဲ့ သမီးဖြစ်သူကိုပါ သာယာဝတီထောင်မှာ ဝန်ထမ်းပြန်ခန့်လိုက်ရပြန်ပါတယ်တဲ့ဗျာ။ ဒီလိုနဲ့ အချိန်တွေကြာလာတဲ့ တစ်နေ့မှာ သာယာဝတီထောင် အပါအဝင် အခြားထောင်များကိုပါအုပ်ချုပ်ရသူ ညွှန်ကြားရေးမှူးချုပ်ဆိုသူက အကျဉ်းထောင်များကို လိုက်လံစစ်ဆေးတဲ့အခါ အောက်ခြေက တင်ပြလာတဲ့ ထူးခြားဖြစ်စဉ် အဘဆလံရဲ့ ဝန်ထမ်းရေးရာကိစ္စကို ယခုလို ဆုံးဖြတ်သတ်မှတ်ပေးသွားပါတယ်။ ထောင်ရဲ့ လုံခြုံရေးဟာလည်း အရေးကြီးကြောင်း၊ အဘဆလံလိုလူကို ထောင် ရဲ့ အတွင်းပိုင်းမှာ တာဝန်ချထားရင်အကျဉ်းထောင်ရဲ့ လုံခြုံရေးကို ထိခိုက်နိုင်ကြောင်း ဒါကြောင့် ထောင်အုတ်ရိုးအပြင်က တာဝန်များမှာသာ ချထားပေးရန် ညွှန်ကြားခဲ့ပါတယ်လို့ သိရပါတယ်။

သာယာဝတီထောင်က အာဏာပိုင်များကလည်း ဗိုလ်ဆလံကို အကျဉ်းဦးစီးဌာနရဲ့ ဘတ်ဂျက်ရဲ့ လခစားတာဝန်မှာ မထား

တော့ဘဲ စီမံကိန်းဘတ်ဂျက် လခစားတာဝန်ကို ပြောင်းလဲချထား ပေးလိုက်တယ်လို့ မှတ်သားခဲ့ရပါတယ်။ စီမံကိန်းဆိုတာ အကျဉ်း ဦးစီးဌာနမှ အဲဒီခေတ်က ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများ အတွက် ယာသာဝတီထောင်တွင်း ငုံးများ၊ ကြက်များ၊ ဝက်များကို များစွာမွေးမြူထားသော စီမံကိန်းကိစ္စများ ဖြစ်ပါတယ်။ ထိုစဉ်က ဝက်မွေးမြူရေးဆိုလျှင် နိုင်ငံခြားဝက်မျိုး အကောင်(၈၀၀၀)ခန့် မွေးမြူထားခဲ့ဖူးပါတယ်။ အဘဆလံလည်း သူခင်မင်အားကိုးရာ ထောင်ပိုင်အိမ်မှာတင် နေထိုင်ခဲ့ရင်းက ထောင်ပိုင်ရဲ့ နိုင်ငံခြားမျိုး နို့စားနွားမကြီးများကို ကူညီထိန်းသိမ်း စောင့်ရှောက်ရင်း နေထိုင် သွားခဲ့ကြောင်း မှတ်သားခဲ့ရပါတယ်။

တစ်နေ့မှာတော့ သတင်းစာအဟောင်းတစ်ခုကို အဘဆလံ ဖတ်ကြည့်နေတုန်းမှာ ဘာကို တွေ့သွားသလဲဆိုတော့ တစ်ချိန်က သူ့ကို ဆုံးမသွန်သင်ခဲ့သူ သူ့ဆရာ ကရင်အမျိုးသား KUN လူကြီး ပိုင်းက တစ်ဦးဟာ အလင်းဝင်ရောက်ပြီး မကြာမီမှာ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီကို ဝင်ရောက်ခဲ့ပြီးနောက် ဘီးလင်းမြို့နယ် ပါတီ ယူနစ်မှာ တာဝန်ယူထားတာကို သတင်းစာမှာ တွေ့သွားခဲ့ပါ တယ်။ ဒါကြောင့် အဘဆလံက ထောင်ပိုင်ထံ အကျိုးအကြောင်း တင်ပြပြီး မိမိဆရာကို မိမိမသေခင် သွားရောက်နှုတ်ဆက်လိုပါ ကြောင်းပြောတော့ ထောင်ပိုင်ကလည်း အထက်ကို ဆက်လက် တင်ပြလိုပါတယ်။ အထက်က ပြန်စာအရ အဘဆလံကို သာယာ ဝတီထောင်မှ ဝန်ထမ်းအကြပ်ကြီးတစ်ဦး၊ အကြပ်ငယ်တစ်ဦးတို့ပါ ဘီးလင်းမြို့ကို တစ်ပါတည်းလိုက်ပါ ပို့ဆောင်ပေးရန် ခွင့်ပြုရက် တစ်ပတ်(၇ရက်)ခွင့်ပြုသည်လို့ မှတ်ချက်ချလိုက်ပါတယ်။ အဘ ဆလံလည်း ဘီးလင်းမြို့နယ်ကို ၇ ရက်တစ်ပတ် လည်ပတ်သွား

လာခွင့် ရသွားခဲ့ကြောင်း မှတ်သားခဲ့ရပါတယ်။ ဇာတ်သိမ်းပိုင်းက တော့ တစ်နေ့မှာ ဦးဆလံ အသက်(၇၀)ခန့်မှာတော့ ထောင်ပိုင် မွေးမြူထားတဲ့နွားများကို အစာကျွေးနေရင်း လေငန်းဖြတ်ရောဂါ နှင့် ရုတ်တရက်ကွယ်လွန်ခဲ့ပြီး ထိုအချိန်ကျမှ သမီးဖြစ်သူလည်း မွေးရပ်မြေကို ပြန်သွားခဲ့ကြောင်း သိကြားခဲ့ရပါတယ်ခင်ဗျား။ (ယခု ဗိုလ်ဆလံ၊ အဘဆလံ၏ ဇာတ်လမ်းအမှန်များကို ပြောပြပေးခဲ့ သော သာယာဝတီထောင်မှ ၁၉၈၉ ခုနှစ်က အကြပ်ကြီးဦးရွှေ မောင်း၊ အကြပ်ကြီးဦးတင်လှ၊ အကြပ်ကြီး အဘဦးရှမ်းကြီး၊ နှစ်ကြီး အကျဉ်းသားဦးကျော်သောင်း၊ ဦးခင်လေးမောင်တို့ကို ကျေးဇူးတင် ရှိပါကြောင်း။

# [ ၃ ]

စစ်တပ်က အာဏာသိမ်းပြီးနောက် ကျွန်တော်တို့ မဟာဗျူဟာ သပိတ်ကော်မတီက ကြိုတင်စီမံထားတဲ့အတိုင်း ကျွန်တော်နှင့်အတူ လိုက်ပါတောခိုကြသူတွေကတော့ ကိုအုန်းမြင့်(မြို့နယ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ယခု မန်နေးဂျင်း ကောင်းမြတ်စံသူကုမ္ပဏီ)၊ ကိုစိုးလှိုင်(ဗဟိုတရားရုံးရှေ့နေ)၊ ကိုကျော်ဇေယျ၊ ကိုရဲဝင်း၊ ကိုကျော်စွာ၊ ကိုအေးကိုကို၊ ကိုအန့်ကူ(ခေါ်)မြင့်မောင်၊ မပေါက်ပေါက်(ဆရာမဒေါ်မူမူ၏သမီးအငယ်)၊ ကိုသန့်ဇင်(မြို့နယ်ကျောင်းသားသမဂ္ဂ)၊ ကိုထင်ကျော်ဦး(မြို့နယ်ကျောင်းသားသမဂ္ဂ)၊ ကိုဖိုးလုံး၊ ကိုခေါင်းကြီး(ခေါ်)မြင့်မောင်တို့ဖြစ်ပါတယ်။ မပေါက်ပေါက်ကို မိန်းကလေးကလည်းဖြစ်နေ၊ ငယ်ကလည်း ငယ်သေးဆိုတော့ ရန်ကုန်မြို့က ရှေ့နေကြီး သာယာဝတီဦးအေးမောင်(ယခုကွယ်လွန်)နဲ့တိုင်ပင်ပြီးတော့ အခြေအနေအေးချမ်းတဲ့အထိ လုံလုံခြုံခြုံခိုလှုံနိုင်မယ့် ခရစ်ယာန်သီလရှင်ကျောင်းမှာ အပ်နှံထားပေးခဲ့ပါတယ်။

ကိုထင်ကျော်ဦးကတော့ နောက်ပိုင်းမှာ ကျွန်တော်တို့ (မဟာဗျူဟာ သပိတ်ကော်မတီအတွင်းရေးမှူး ကိုစန်းနိုင်(ရဲသီဟ) နှင့်အတူ ခရီးစဉ်ခွဲပြီး ထိုင်းနယ်စပ်ကို ထွက်ခွာခဲ့ပါတယ်။ ကိုမြဝင်း၊ ကိုသန်းရွှေ၊ ကိုရီမြင့်၊ ကိုစိုးသိန်း(နတ်မြင်းပျံ)၊ ကိုခင်လတ်၊ ကိုအေးကို၊ ဦးစန်းမြင့်၊ စောမြင့်စိန်၊ ကိုဖိုးထူး၊ ကိုနေစိုးတို့ကိုတော့ မိမိနယ်မြေတွင်း ဆောင်ရွက်ရန် တာဝန်များပေးခဲ့ပြီး နောက်ချန်အဖွဲ့အဖြစ် ထားခဲ့ပါတယ်။

သေ့ဘောဘိုးစခန်းမှာ ABSDF ရယ်လို့ဖြစ်ပေါ်လာရန် ကြိုးစားအားထုတ်နေသော ရန်ကုန်တက္ကသိုလ်ဗကသက ကိုဝင်းမိုး၊ ကိုအောင်နိုင်(ယခု မြန်မာဌာနမှူး VOA)၊ ကိုကျော်ထင်၊ ကိုသိန်းဌေး၊ ကိုမင်းစိုး၊ ကိုသီဟတင်စိုး(ယခု ရုပ်ရှင်မင်းသား)၊ ကိုဝဏ္ဏတင်စိုး (သီဟတင်စိုးညီ)၊ ကိုမင်းသိန်း၊ ကိုလှအောင်၊ ကိုဇာနည်၊ ဆလိုင်းကိုကိုဦး၊ မော်လမြိုင် ကိုမျိုးချစ်၊ ကိုသန်းလွင်၊ ကိုလှိုင်ဘွား၊ ကော့ကရိတ်ကိုဝမ်ဟုတ်၊ ကိုအေးချမ်းနိုင် (ယခု DVB ညွှန်ကြားရေးမှူး)၊ ကိုကြည်မိုး(တောင်ကြီး)တို့နဲ့ လက်တွဲပြီး KNU နယ်မြေက သေ့ဘောဘိုးစခန်းမှာ ကျွန်တော်တို့ ကနဦး ဆောင်ရွက်ခဲ့ရတာတွေကတော့ (နောင်တော်တော်လှန်ရေးအဖွဲ့များဖြစ်ကြတဲ့ KNU,KIA,KNPP အစရှိသော အဖွဲ့အစည်းများထံက နှောင်ကြိုးမဲ့ အကူအညီများကိုသာရယူပြီး သီးခြား လောင်းရိပ်လွတ်သော ကျောင်းသားတပ်မတော်တစ်ခု ဖြစ်ပေါ်လာရန် တည်ဆောက်နိုင်ရေးကို မျက်ခြေပြတ်မခံဘဲ အားလုံးက အမြော်အမြင်ရှိရှိ သတိရှိရှိ စေတနာအပြည့်ထား ဆောင်ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ (မဟာဗျူဟာ) သပိတ်ကော်မတီဟာ ဥမင်ည

စာမမြောက်သေးတဲ့ တည်ဆောက်နေဆဲ ကျောင်းသား တပ်မတော်ကို လိုအပ်နေသော အခက်အခဲဖြစ်နေသော ကိစ္စရပ်များ (ဥပမာ) KNU က ပထမစတင်ပေးခဲ့သော မဲကလားချောင်းဘေးက မြေနေရာကို ရှင်းလင်းရန်လိုအပ်သော ဓား၊ ပုဆိန်များ၊ လွှများဝယ်ယူရန်ကိစ္စတွင် သုံးစွဲနိုင်ရန် ကျွန်တော်တို့သာယာဝတီရန်ပုံငွေများထဲမှ ငွေကြေးအချို့ကို ခွဲဝေလှူဒါန်း ထောက်ပံ့ပေးခဲ့ပါတယ်။ ထိုင်းဘတ်ငွေ ၅၀၀၀၊ မြန်မာငွေ ၁၀၀၀၀၀ ကျပ်ကျော်ကို ကျွန်တော်က ကိုစိုးလှိုင်ကို စာနှင့်ပေနှင့် မှတ်တမ်းတင်စေပြီး ကိုမင်းစိုးကို ထုတ်ပေးခိုင်းခဲ့ပါတယ်။ နောက်တစ်ကြိမ် သာယာဝတီမြို့နယ် ရန်ပုံငွေများထဲမှ လှူဒါန်းခဲ့တာကတော့ မဲဟောင်ဆောင် ဝေ့စေတီစခန်းမှာပါ။ အဲဒီ ဝေ့စေတီစခန်း(ကယား)မှာ ကျွန်တော်က စခန်းကော်မတီ အတွင်းရေးမှူးအဖြစ် အရွေးချယ်ခံရပါတယ်။ ဝေ့စေတီစခန်းက အသစ်တည်နေတာဆိုတော့ လူ ၃၀၀ လောက်နေထိုင်မယ့် တဲတွေကို အမိုးမိုးပေးတာက သာယာဝတီ ရန်ပုံငွေနဲ့ပါဗျာ။ အဲဒီမှာလည်း ကျန်းမာရေးမကောင်းသူတွေအတွက် ဆေးဖိုးဝါးခပါ မြန်မာငွေတစ်သိန်းလောက် သုံးခဲ့ရတယ်။ နောင်တစ်ချိန်မှာ အသုံးဝင်လိုအပ်မယ်လို့ ကျွန်တော်ယူဆခဲ့သော အဲဒီစာက ကောင်းကောင်းကြီး အသုံးတည့်ခဲ့ရပါတယ်ဗျာ။

ကျွန်တော်တို့ကို သာယာဝတီ စစ်ခုံရုံးမှာ မတရားသင်းအက်-၁၇/၁-၂ ကတရားစွဲဆိုနိုင်ရန် လုံလောက်သောအထောက်အထား ဖြစ်သွားခဲ့ရပါတယ်ဗျာ။ သြော်-အဲဒါကြောင့် ရှေ့ကလူတွေက အတွေ့အကြုံဆိုတာကို တန်ဖိုးထားကြတာကိုး။ ကျွန်တော်ပေးလိုက်ရတဲ့ တန်ဖိုးကတော့ သိကြတဲ့အတိုင်းပါပဲ၊ ထောင်ဒဏ် ၅၃ နှစ်ဆိုပါလားဗျို့။ ဖြစ်ရပုံကတော့ ကျွန်တော် အသုံး

မကျတာပါ။ ကျွန်တော်က ပြည်တွင်းကို ကြိုတင်ရေးဆွဲထားတဲ့ ပရိုဂရမ်တစ်ခုနဲ့ ပြန်ဝင်စရာရှိပါတယ်။ အဲဒါကို ဒီလိုစဉ်းစားမိသွားပါတယ်။ ကျွန်တော်ဟာ အန္တရာယ်ရှိတဲ့ လက်နက်ကွေနဲ့ ပြန်ဝင်ရမယ့်လမ်းကို လက်ထဲမှာ ဘာမျှမယူသွားသေးခင် တစ်ခေါက်လောက် သွားကြည့်ချင်စိတ်ဖြစ်လာတာပါ။ သွားကြည့်ပြီးမှ သိနိုင်မယ့်အခက်အခဲတွေကို ကြိုတင်လေ့လာထားချင်တာပါ။ ကျွန်တော့်ကို ပဲခူးတိုင်းအနောက်ခြမ်း ၁၄ မြို့နယ် ARMS STRUGGLE အတွက် ရှမ်းအမျိုးသားတပ်မတော် ဗိုလ်မှူးကြီးတင်မောင်က ထောက်ပံ့ပေးမယ့် လက်နက်ခဲယမ်း အနည်းငယ်ရယ်၊ လားဟူအဖွဲ့နဲ့ KIA က ဒေါက်တာဘူးဂျာတို့ထံက ရရှိမယ့်အကူအညီများကို ကယားအမျိုးသား လွတ်မြောက်နယ်မြေသို့ သယ်ယူစုစည်းထားရန်ကိစ္စကလည်း ရှိနေပါတယ်။ အဲဒီပစ္စည်းတွေကိုလည်း KNPPကယားအမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်စောမိုဒယ်နဲ့ အဲဒီအချိန်က ကယားအမျိုးသားအစိုးရ ပြည်ထဲရေးဝန်ကြီး ဦးရေမင်ထူးတို့ရဲ့ အကူအညီဖြင့် ကယားပြည်နယ်ဖားဆောင်းဘက်မှ တောင်ငူအရှေ့ဘက်အထိ သယ်ယူရပါဦးမယ်။ ဒီအနေအထားတွေကို ဖြစ်နိုင်ခြေရှိမရှိ သုံးသပ်နိုင်ရန်ကိုယ်တိုင် ဒီဒေသကို ဖြတ်သန်းကြည့်ရှုထားရန် လိုအပ်နေပါတယ်။ ကျွန်တော် သာယာဝတီနယ်မြေအတွင်း ထားခဲ့သောနောက်ချန်အင်အားလှုပ်ရှားမှုများကို ကွပ်ကဲနိုင်ရန် ကျွန်တော်တို့ရန်ပုံငွေများဖြင့် ဝယ်ယူထားသော ဆက်သွယ်ရေးစက်များကို ကြိုတင်တပ်ဆင်ထားရန်ကိစ္စလည်း ရှိပါတယ်။ မိမိဒေသတွင်း အင်အားများကို ကြိုတင်ညှိနှိုင်းဆွေးနွေးထားရန် ကိစ္စများကလည်း ရှိနေပါသေးတယ်။ ဒါ့ကြောင့် ကျွန်တော်ကိုယ်တိုင် ရောက်ရှိနေ

သော လွတ်မြောက်နယ်မြေမှထွက်ခွာပြီး မကြာမီ အခက်အခဲများနဲ့ ဖြတ်သန်းရမယ့်လမ်းကို ပြောင်းပြန်ပြန်တက်ကြည့်ရန် ကျွန်တော် ပြည်တွင်းသို့ မိုက်မဲစွာ ထွက်ခွာလာခဲ့မိပါတော့တယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော်ရယ်၊ ကိုစိုးလှိုင်နဲ့ ကိုကျော်စွာရယ် ပြည်တွင်းကို တိတ်တဆိတ် ပြန်ဝင်လာခဲ့ကြပါတယ်။ကော့ကရိတ်မြို့ ရောက်သည်ထိ အေးအေးဆေးဆေးဆိုတော့ ကျွန်တော် တော်တော်အသုံးမကျစွာနဲ့ ပေါ့ဆမိခဲ့ပါတယ်ဗျာ။ အဲ-အေးအေး ဆေးဆေးဆိုပေမယ့် လမ်းမှာ မထိတ်သာမလန့်သာ တစ်ခုဖြစ်ခဲ့ သေးတယ်ဗျာ။ ကော့ကရိတ်မြို့အဝင် တောလမ်းတစ်နေရာမှာ ဖြစ်ခဲ့တာပါ။ ကျွန်တော်တို့က တောတွင်း မှောင်ခိုလမ်းကနေ လမ်းလျှောက်ဝင်လာကြတာ။ ကော့ကရိတ်မြို့ကိုရောက်ဖို့ ၆ မိုင်- ၇ မိုင်လောက်မှာ ရဲသုံးယောက်က မှောင်ခိုကုန်သည်တွေကို စောင့်ပြီး ငွေတောင်းနေတာ တွေ့ရတယ်။ ကျွန်တော်တို့ကလည်း လမ်းအကွေ့မှာဆိုတော့ ကြိုတင်မမြင်မိလိုက်ကြဘူး။ ကိုစိုးလှိုင်က ရှေ့ကသွားတာ ဝါးနှစ်ပြန်သာသာမှာ ကျော်သွားပြီ။ ကျွန်တော်က အလယ်က ကိုကျော်စွာက နောက်ကပါ သူက နည်းနည်းလှမ်းပါ တယ်။ အဲဒီမှာတင် ရဲတပ်ကြပ်လုပ်တဲ့သူက ကျွန်တော့်ကို လှမ်း တားတယ်၊ ရပ်ခိုင်းတယ်။ မှောင်ခိုခရီးသည်တွေ သွားလာနေတဲ့ တောလမ်းမှာ အထမ်းမပါတဲ့ ကျွန်တော့်ကို သူက ဘာထင်သွား တယ်မသိပါဘူး။ မှောင်ခိုကုန်သည်သူဌေးလို့ ထင်သွားဟန်တူပါ တယ်။ ကျွန်တော်လွယ်လာတဲ့ ခရီးဆောင်အိတ်ကို အောက်ကို ချပြီး ဖွင့်ခိုင်းပါတယ်။ ကျွန်တော် စိတ်ထဲမကောင်းတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူရောကျွန်တော်ပါ ဒုက္ခရောက်ကြတော့ မှာပါ။ ကျွန်တော့်ရဲ့ ခရီးဆောင်အိတ်ထဲမှာ အသင့်မောင်းတင်

ကျည်ထိုးပြီးသား ဆေ့ဗ်လုပ်ထားတဲ့ ပွိုင့် ၄၅ ပစ္စတိုရှိပါတယ်။ အလွယ်တကူယူနိုင်ဖို့ကို အပေါ်ဆုံးမှာ တင်ထားပြီး ပုဆိုးခေါက်တစ်ထည်နဲ့ ဖုံးထားတာပါ။ ကျွန်တော်လည်း အချိန်ဆွဲပြီး ခပ်ဖြည်းဖြည်း လုပ်နေရင်းနဲ့ ကိုယ်လုပ်ရမယ့် ခုခံရမယ့် အနေအထားကို တွက်ဆနေပါတယ်။ ကျွန်တော် အိတ်ကို ဇစ်တစ်ဝက်သာဖွင့်လိုက်ပြီး ကျွန်တော့်လက်ကို အိတ်အပေါ်ပိုင်းက ပုဆိုးအောက်ကို ထိုးထည့်လိုက်တယ်။ ပြီးတော့ ပွိုင့် ၄၅ ပစ္စတိုကို ဆုပ်ကိုင်ပြီးတော့ အိတ်အတွင်းထဲက ရဲတပ်ကြပ်ကို ချိန်ရွယ်ရင်း ကနေ သေနတ်ရဲ့ချထားတဲ့ ဆေ့ဗ်ကို အသံမထွက်အောင် ကြိတ်ဖွင့်လိုက်တယ်။ ကိုစိုးလှိုင်နဲ့ ကိုကျော်စွာတို့နှစ်ဦးကလည်း ကျည်ကွယ်မျက်ကွယ်ယူပြီး အသင့်အနေအထားဖြစ်ကုန်ကြပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း မလွယ်တော့ဘူးဆိုတာကိုလည်း ကျွန်တော်သိနေပါတယ်။ အဲဒီမှာ ကျွန်တော် ချီတုံချတုံနဲ့ ခလုတ်ဖြုတ်တော့မယ့်ဆဲဆဲမှာပဲ ပွင့်နေတဲ့အိတ်ထဲက လမ်းမှာစီးကရက်ဝယ်လို့ ပြန်အမ်းပေးထားတဲ့ တစ်ဆယ်တန်၊ ငါးကျပ်တန် အထပ်လိုက်ကလေးက အပြင်ကို ပြုတ်ကျသွားတယ်လေ။ အဲဒါက အဲဒီရဲကြပ်ဘဝနဲ့ ကျွန်တော့် ဘဝနှစ်ခုလုံးကို ကယ်တင်သွားနိုင်ခဲ့ပါတယ်ခင်ဗျား။

ကျွန်တော့်နားထဲကို နားဝင်ပီယံရှိစွာနဲ့ ဝင်လာတဲ့ ကိုရွှေရဲရဲ့ အသံကတော့ "ကဲ ကဲ ကိုယ့်လူ သဘောပေါက်မြန်သားပဲ။ အဲဒါပေးပြီးသွားတော့" ကျွန်တော် အဖမ်းခံခဲ့ရတဲ့ပုံစံကတော့ ကိုယ်အသုံးမကျလွန်းလို့ ခံရတာပါ။ တစ်ချက်မှ သနားစရာမကောင်းလှပါဘူးဗျာ။ ကော့ကရိတ်မြို့ကနေထွက်တော့ ဖားအံကားလိုင်းက ဂျစ်ကားနဲ့ပါ၊ ကျွန်တော့် သေဖော်ရှင်ဖက်နှစ်ဦးက ဂျစ်ကား

နောက်မှာ မတ်တတ်လိုက်ပါတယ်။ ကျွန်တော်က ဂျစ်ကား ဘောနက်ပေါ်မှာပါ။ ငယ်စဉ်ကတည်းက တစ်ကျောင်းတည်း တက်လာသူ တစ်မြို့တည်းသားက ရဲအုပ်လုပ်ပြီး ကော့ကရိတ်မှာ တာဝန်ကျနေပါတယ်။ ကျွန်တော်တို့တစ်မြို့လုံးကတော့ သိနေကြ ပါတယ်။ သူပါဝင်တဲ့ရဲကား လက်နက်အပြည့်အစုံ တပ်ဆင်ထား တယ်။ မြို့နယ်မှူးက ကားခေါင်းခန်းမှာပါတယ်။ ကျွန်တော် စီးလာ တဲ့ကားကို ကျော်တက်သွားပါတယ်။ ကျွန်တော့်ကို သူကတစ်ချက် သာကြည့်သွားပါတယ်။ အဲဒါ ကျွန်တော်ခံလိုက်ရတဲ့အကွက်ပါ။ သူ့ကားကိုရပ်ပြီးတော့ ဘာဖြစ်လို့ ငါ့ကို မဖမ်းသလဲပေါ့။ သူ ငါ့ကိုမမှတ်မိတာ ဖြစ်နိုင်တယ်။ မှတ်မိရင် သူ့ရဲတွေလည်း လက်နက် အပြည့်အစုံပဲ။ ဖမ်းမယ်ဆို ဖြစ်တာပဲ။ ကျွန်တော်က သူ့ကို အကောင်းမြင်တာလည်း ပါတယ်လေ။ သူက ငါ့ကိုမြင်ပေမယ့် စိတ်ဓာတ်ရှိလို့ မမြင်ချင်ယောင်ဆောင်တာလားပေါ့။ ဒါပေမဲ့ အဲဒီရဲကားက ရွှေ ၂ မိုင်လောက်မှာရှိတဲ့ ကားလမ်းကို ခွဆောက် ထားတဲ့ စစ်စခန်းတစ်ခုမှာ ရပ်စောင့်နေခဲ့ပြီး စစ်တပ်နဲ့ ပူးပေါင်းပြီး တော့ ကျွန်တော်တို့ကို ဖမ်းဖို့ လက်နက်ချခိုင်းခဲ့ပါတယ်။ ကျွန်တော် တို့အဖွဲ့က ခုခံဖို့ ကြိုးစားခဲ့ပေမယ့် စစ်တပ်မှ တုံ့ပြန်လာမှုများကို အတူစီးနင်းလိုက်ပါလာသူ ကားပေါ်မှ အမျိုးသမီးများနဲ့ ကလေး သူငယ်များက ကြောက်လန့်တကြား ကျွန်တော်တို့ကို မေတ္တာရပ်ခံ တောင်းပန်နေမှုများကို ကျွန်တော်တို့ မလွန်ဆန်နိုင်ခဲ့လို့ လက်နက် ချပေးခဲ့ရပါတယ်။

တစ်မြို့တည်းသား ရဲအုပ် သူ့နာမည်က ကိုမြင့်လွင်ပါ။ သူလည်း အခုအလုပ်ကပြုတ် အိမ်ထောင်လည်း ပျက်ပြီးတော့ မလေးရှားမှာ အလုပ်ပွဲစား လုပ်စားနေရပါတယ်။ ကျွန်တော် သူ့ကို

အကောင်းမြင်ရတာက သူ့အဖေဟာ တောခိုကွန်မြူနစ်တစ်ဦး ဖြစ်ခဲ့ပြီး လွတ်လပ်ရေးရပြီးခါစအချိန်က သာယာဝတီထောင်ကို တိုက်ခိုက်စီးနင်းမှုများတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်နေခြင်းတို့ကြောင့် ဖြစ်လို့ပါ။ နောက်ထပ် သူ့ကျေးဇူးတစ်ခုကလည်း ရှိလာပြန်ပါတယ်။ ကျွန်တော်တို့ကို ကျုံဒိုးရဲစခန်းမှာ လိုအပ်သောရဲကိစ္စဆိုင်ရာ ရှာဖွေပုံစံ ရေးသွင်းခြင်းကဲ့သို့ အလုပ်များပြုလုပ် ဆောင်ရွက်နေကြစဉ်မှာ စစ်သားအပြည့်နဲ့ စစ်ယာဉ်တစ်စီး ရောက်ရှိလာပြီး နောက်ရှေ့တန်းမှူးက ဖမ်းမိထားသောသူများကို သူ့ထံအပ်နှံရန် အမိန့်ပေးလိုက်ကြောင်း၊ ယခု လာခေါ်တာဖြစ်ကြောင်း ပါလာသူ စစ်တပ်ကအရာရှိက ကျွန်တော်တို့ကို တောင်းပါတော့တယ်။ ဒီနေရာမှာ ကိုမြင့်လွင်က စကားနည်းရန်စဲ၊ ကျွန်တော်တို့ကို ပြီးစလွယ်မပေးလိုက်ဘဲ သူ့ရဲရဲတောင် မကြည့်ဝံ့ခဲ့တဲ့ ရှေ့တန်းမှူးထံ ကျွန်တော်တို့နှင့် တစ်ပါတည်း လိုက်လာပြီး ယခု ဖမ်းမိသူများကို သူထားခဲ့လို့မဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌထံ အပ်နှံပေးရပါမည်ဟု ကျွန်တော်တို့ရှေ့တွင်မှာပင် အကြောက်အကန်ငြင်းဆိုခဲ့လို့ ရှေ့တန်းမှူးက ပြည်နယ် ဥက္ကဋ္ဌထံ ကြေးနန်းရိုက်မေးပြီး ကျွန်တော်တို့ကို မလွှဲသာလို့ စိတ်ဆိုးမာန်ဆိုး ပြန်ပေးလိုက်ရတာက ကိုမြင့်လွင် ကျွန်တော်တို့ အသက်ကို အမှန်တကယ် ကယ်ရာရောက်တာဖြစ်ကြောင်း ကျွန်တော် ငြင်းမရပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ စစ်မေးခံရပြီး မိုးချုပ်ရင် တကယ်သေရမှာဆိုတာ အတွေ့အကြုံ ရှိသူတိုင်း သိပါတယ်ဗျာ။

ကျွန်တော့်ကို အဲဒီနေ့မှာပဲ ကရင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးကိုပို့ပါတယ်။ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူး

ကြီးမျိုးမြင့်ဆိုသူကို တွေ့ရပါတယ်။ နောက်တော့ တပ်မ ၂၂ ကို ပို့လိုက်ပြီး စစ်ကြောရေးလုပ်တာခံရပါတယ်။ စစ်ကြောရေးအစ ပိုင်းမှာပဲ ထောက်လှမ်းရေး ၆ က လှမ်းတောင်းတယ်ဆိုတာ ပြောသံကြားလိုက်မိပါ တယ်။ နေ့လယ်ပိုင်းမှာ ရှေ့တန်းပြန် တပ်မ ၄၄ လက်အောက်ခံ တပ်ဖွဲ့စစ်ကြောင်းတစ်ခုနဲ့ ရန်ကုန်ကို လမ်းကြုံ ထည့်ပေးလိုက်ပါတယ်။ ဘီးလင်းသကြားစက်မှာ ညအိပ်ရပ်ပါ တယ်။ နောက်တစ်နေ့ ဆက်ထွက်လာပြီးတော့ ထောက်လှမ်းရေး ၆ ဆိုတာကို ညမှောင်မှ ရောက်ပါတယ်။ စစ်ကြောရေးအစပိုင်း ခွတ်ပုံရိုက်အဆင့်မှာတင်ပဲ ရပ်လိုက်ပြီးတော့ ကျွန်တော်တို့ကို ဗထလလို့ ခေါ်ကြတဲ့ ဗဟိုထောက်လှမ်းရေးတပ်ကို ထပ်ပြောင်းခံရ ပါတယ်ဗျာ။ အဲဒါက ရောက်တော့မှသာ သိရတာပါ။ ဘုမသိ ဘမသိ လက်ထိပ်နောက်ပြန်ခတ် ခေါင်းစွပ်အမည်းကြီးစွပ်ပေးပြီး ကားပေါ် တင် အပို့ခံရတာလေ။

[ ၄ ]

ဗထလမှာ စုစုပေါင်း ၁၈ ရက် စစ်ကြောရေးလုပ်ဟာ ခံခဲ့ရပါတယ်။ နောက်တော့ SB ကိုလွှဲအပ်ပေးလိုက်ပြီးတော့ ညမှောင်ခါနီးမှာ အင်းစိန်ထောင်ကို ဗထလကနေ နိုင်ငံရေးသမား အမျိုးသမီးငယ်များ အပါအဝင် ၂၄ ဦးကို ပို့လိုက်တာမှာ ကျွန်တော်တို့အမှုတွဲ ၃ ဦးလည်း ပါဝင်ခဲ့ရပါတယ်ဗျာ။ ကျွန်တော်တို့ ဗထလမှာ တွေ့ကြုံခဲ့ရတာတွေထဲက မှတ်မိနေတာလေးတစ်ခု ရှိသေးတယ်။ ကျွန်တော်တို့ ၃ ဦးမှာ ကိုကျော်စွာက တောထဲကပါလာတဲ့ ငှက်ဖျားပြန်ထနေလို့ ဗထလကဆေးမှူးက နေ့စဉ် ဆေးလာကုပေးနေရတယ်လေ။ ဗထလကအချုပ်ခန်းတွေက ကွန်ကရစ်ခင်းထားပါတယ်။ သစ်သားဗာယာတန်းများနဲ့ ကာရံထားတဲ့ အချုပ်ခန်းပါ။ ဒါပေမဲ့ အပြင်ကိုမမြင်ရအောင် ဝါးထရံများကို အပြင်ဘက်က ကပ်ပေးထားပါတယ်။ ၁၀ ပေခန့် အချုပ်ခန်းထဲမှာ ခုတင်တစ်လုံး စားပွဲငယ်တစ်လုံး ရှိပါတယ်။ ခွေးခြေကုလားထိုင်ပေး

မထားပါဘူး။ အဝင်တံခါးအပေါ်ဘက်မှာ အခန်းထဲကို ချောင်းကြည့်ဖို့ အပေါက်တစ်ပေါက် ၄ လက်မခန့်ဖောက်ထားပါတယ်။ ကျွန်တော်လည်း တစ်နေ့မှာ အခန်းထဲက ခုတင်မှာ လှဲနေတုန်း ဘေးအခန်းက ကိုကျော်စွာဘက်က ထရံကပ်တာမဟုတ်ဘူးဗျ။ ဟိုဘက်ဒီဘက် မမြင်ရအောင် ၆-၅ မူးသစ်သားတွေ ကပ်ထားတာလေ။ အဲဒီဘက်ကနံရံကို ကိုကျော်စွာက ခေါက်ပြီး အချက်ပေးပါတယ်။ ကျွန်တော်လည်း ခုတင်ပေါ်ကအသာထပြီး အပြင်ဘက်ကို သတိထားပြီး နံရံဘက်ကို သွားလိုက်ပါတယ်။ ကျွန်တော်တို့ကို ဘေးနံရံမကပ်ရဘူးလို့ အစောင့်တွေက တားမြစ်ထားပါတယ်။ တစ်ဖက်ခန်းက ကိုကျော်စွာက ကျွန်တော့်ကို ဆေးလိပ်သောက်မလားမေးပါတယ်။ ကျွန်တော်က ပြန်ပြောလိုက်တယ်။ မနေသောက်ပါနဲ့ကွာလို့။ သူက တကယ်ပြောနေတာ ရော့ဆိုပြီး နံရံသစ်သားအဟာကြားထဲကနေပြီးတော့ မီးညှိပြီးသား ဆေးပေါ့လိပ်တစ်လိပ်ကို ထိုးထည့်ပေးပါတယ်။ ကိုကျော်စွာက ပြောပါသေးတယ်။ ဖွက်သောက် မမြင်စေနဲ့ ပြီးရင် ဆေးလိပ်တိုကို ဖျောက်ဖျက်လိုက်တဲ့။ ဘယ်ကရတာလဲ မေးတော့မှ သူပြောတာက သူ့ကို ဆေးလာကုပေးနေတဲ့ ဆေးမှူးက ကိုကျော်စွာ ပျင်းနေလို့ ကြမ်းပြင်မှာ ခဲလုံးနဲ့ရေးခြစ်ထားတဲ့ ချဲထီဂဏန်းတွက်ထားတာတွေကို မြင်သွားပြီးတော့ ဆေးမှူးက ချဲဂဏန်း တောင်းပါလေရောတဲ့။ သူကလည်း ချဲဝါသနာအိုး ဖြစ်နေတယ်လေ။ အဲဒါ ကံအားလျော်စွာ ဆေးမှူးက ချဲပေါက်သွားတော့ ကျေးဇူးတွေတင်ပြီး ကိုကျော်စွာကို ဆေးလိပ်ခိုးတိုက်ထားတာပေါ့ဗျာ။ 'ဩော်-ကျွန်တော်တို့ ဗမာပြည်မယ် ထောက်လှမ်းရေးက အချုပ်ခန်းမှာလည်း ချဲထီက ရောက်နေပြန်သကိုး'လို့သာ ပြုံးလိုက်မိပါတော့တယ်ဗျာ။

နောက်တစ်နေ့မှာလည်း ကျွန်တော့်ကို ကိုကျော်စွာက အစောင့်တွေ အလစ်မှာ မေးပါတယ်။ ခင်ဗျားကို တစ်ယောက်ယောက်က စားစရာ ပေးသေးလားလို့ မေးပါတယ်။ သူက ဆက်ပြောတယ်။ မရသေးရင်စောင့်နေ လာလိမ့်မယ်လို့ပြောတယ်။ ကျွန်တော် မျှော်မနေပေမယ့် ညနေပိုင်းမှာ 'ရှူး' 'ရှူး'လို့ လေသံနဲ့ ခေါ်သံကြားလို့ လိုက်ကြည့်လိုက်တော့ တံခါးက ချောင်းကြည့်ပေါက်မှာ လက်ချောင်းဖြူဖြူလေးတွေ အပေါက်ထဲကိုသွင်းပြီး ကျွန်တော့်ကို လှမ်းခေါ်နေတာ မြင်လိုက်ပါတယ်။ ဘယ်သူတွေလဲ မှတ်ပါတယ်၊ ရဲမေလေးတွေပါ။ သူတို့က ခေတ္တတာဝန်နဲ့ ဗထလကို ရောက်နေကြတယ်။ ဒီလိုဗျာ ၈၈၈၈ မစခင်ရက်တွေတုန်းက ရန်ကုန်တက္ကသိုလ်ကျောင်းသူလေးတွေကို ထောက်လှမ်းရေးမှာ ခေါင်းစွပ်စွပ်ပြီး အဓမ္မပြုကျင့်ပါတယ်ဆိုတဲ့ စွပ်စွဲမှုတွေရှိခဲ့ဖူးလို့ အခုထောက်လှမ်းရေးမှာ စစ်ကြောရေးလုပ်ခံနေရတဲ့ ကျောင်းသူလေးတွေကို အမျိုးသမီးလုံခြုံရေးထားပေးလို့ ရဲတပ်ဖွဲ့က ရဲမေတွေ ထောက်လှမ်းရေးအချုပ်မှာ လာပြီး အလုပ်ဆင်းနေရတာပါ။ အရေးအခင်းပြီးခါစမှာ ရဲမေလေးတွေလည်း ကျွန်တော်တို့ကို ထောက်ခံစိတ်အပြည့်နဲ့ စာနာနားလည် ပေးကြပါတယ်ဗျာ။ အဲဒါနဲ့ ကျွန်တော်လည်း တံခါးနားကို ကပ်သွားတော့ သူတို့မှာပါလာတဲ့ ဆီးထုပ်တစ်ထုပ်နဲ့ မုန့်တစ်ခုလှမ်းပေးပြီး အပြင်ကနေ ပြုံးပြပါတယ်။ ကျွန်တော်လည်း ကျေးဇူးတင်ပါကြောင်း တိုးတိုးပြောပြီး လှမ်းယူလိုက်ပါတယ်။ စိတ်မကောင်းတာ တစ်ခုက ဒီလို ပေးနေတာတွေ စစ်တပ်က သိသွားရင်သူတို့အတွက်မကောင်းပါဘူး။ ထင်တဲ့အတိုင်းပါပဲ။ ၃ ရက်လောက်ကြာတော့ အခန်းအပြင်ဘက်က ဆူဆူညံညံကြားလို့ နားစွင့်လိုက်တော့ စစ်တပ်က အရာခံဗိုလ်ရဲ့

အသံက နင်တို့ ဒီလိုလုပ်နေတာတွေ သတင်းရလို့ ငါချောင်းနေတာ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲလို့ ကြားလိုက်ပါတယ်။ ရဲမေလေးတွေက ပြောပါတယ်။ ကျွန်မတို့က သူတို့ကို သနားလို့ပါ။ ဒီလူတွေက သူဆိုးဓားပြတွေ မဟုတ်မှန်း သိလို့သနားလို့ ကျွေးခဲ့တာပါလို့ပြောနေတာ ကြားလိုက်ပါတယ်။ အရာခံဗိုလ်က ငါအထက်ကို သတင်းပို့လိုက်ရင် ညည်းတို့တွေပြုတ်ရုံမဟုတ်ဘူး၊ ထောင်တွေကျကုန်လိမ့်မယ်။ ဒီတစ်ခါတော့ ငါညီမတို့ကို အမျိုးသမီးအစိုးရဝန်ထမ်းတွေဖြစ်နေလို့ ညာလိုက်မယ်။ နောက်တစ်ခါတော့ မရတော့ဘူးနော်လို့ ပြောသံကို ကျွန်တော်အခန်းထဲက စိတ်မကောင်းစွာ ကြားလိုက်ရပါတယ်ဗျာ။ ကျွန်တော်တို့ ၃ ဦး စစ်ကြောရေးမှာ ၁၈ ရက် ကြာခဲ့ပါတယ်။

ကျွန်တော်တို့ ၃ ဦးစလုံးကို ညဘက်မှာတောင် ပေးမအိပ်ခိုင်းခဲ့ပါဘူးဗျာ။ ကိုယ်ကသာဒိုင်ခံပြီး တစ်ဦးတည်းဖြေနေရတယ်။ သူတို့စစ်ကြောတဲ့သူဘက်က တစ်နေ့ကို ၄ ဦးလောက် လူလဲပြီး စစ်ကြောနေတာဗျ။ ၃ ရက် ၄ ရက်လောက်ကြာတော့ အရိုက်ခံရတာထက်ဆိုးတဲ့ မအိပ်ရတဲ့ဒဏ်ကို လှလှကြီးခံနေရတယ်ဗျာ။ ပြန်တောင်မတွေးကြည့်ချင်လောက်အောင်ပါပဲ။ လူတွေလည်းကြောင်တောင်တောင်ဖြစ်လာတော့တာ။ ပြောနေတဲ့ စကားတွေကပါ အမြီးအမောက်မတည့်တော့ဘူးလေ။ ကိုယ်ကသာ ၄ ရက်လောက် မအိပ်မနားဖြေနေရတာ။ သူတို့က ၃ နာရီလောက် မေးပြီးရင် လူပြောင်းမေးတယ်။ ဆီးစေ့ခဲလုံးကို ဒူးအောက်မှာ ထားပြီးတော့ ဒူးထောက်ထားခိုင်းတယ်။ တစ်နာရီကျော် နှစ်နာရီပေါ့။ စုံနေတာပါပဲ။ သိက္ခာကျအောင်လုပ်ပြီးမှ မေးတာတွေလည်းပါတယ်။ မျက်လုံးကို မီးအားပြင်းပြင်းနဲ့ထိုးထားပြီးမှ မေးတာလည်း

ပါတယ်။ ဒါနဲ့ပဲ အချုပ်ခန်းကို ပြန်အိပ်ခွင့်ပြုတဲ့ တစ်နေ့မှာ လူသစ်ထပ်ရောက်လာတာ။ အခြားအခန်းတွေ ပြည့်နေလို့တဲ့။ကျွန်တော့်အခန်းထဲကို တစ်ယောက်လာထပ်ထည့်ပါတယ်။ နာမည်ကို မေးကြည့်လိုက်တော့ သူက ပြန်ပြောတယ်၊ မင်းက ငါ့ကိုတောင် မသိဘူးလားတဲ့။ ကျွန်တော်က မသိပါဘူးဆိုတော့ သူက ပြောတယ်၊ မင်းက တော်တော်ညံ့တာကိုး။ ငါက ဗုဒ္ဓရာဇာမင်းဆိုတာပဲ မှတ်ထားတဲ့။ ကျွန်တော်ကလည်း ဟုတ်ကဲ့ပါပေါ့။ အဲဒါနဲ့ ကျွန်တော်က သူ့ကို ခင်ဗျားကကော ဒီကို ဘယ်လိုရောက်လာသလဲမေးတော့ အေး-ဒီလိုကွတဲ့ (သူက ကျွန်တော့်ထက် တော်တော်ငယ်ပါတယ်။ စာရေးသူ) ငါတို့အဖွဲ့တော်ကြီးက မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် အထက်ကချမှတ်ထားတဲ့ အမိန့်တော်များအတိုင်း ဆောင်ရွက်နေတုန်း အခုလို ထောက်လှမ်းရေးက လာဖမ်းတာပဲတဲ့။ ထောက်လှမ်းရေး ၆မှာ စစ်ကြောရေးလုပ်တော့ ဘယ်သူက ခိုင်းတာလဲ သူ့ကိုမေးတယ်လို့ ပြောပါတယ်။ သူက မပြောပါဘူးတဲ့။ အဲဒါနဲ့ ထောက်လှမ်းရေးက တစ်နာရီလောက် ဒူးထောက်လက်မြှောက်ထားခိုင်းပြီးတော့ ခိုင်းတဲ့သူကိုမေးတော့မှ သူပြောပါတော့မယ်လို့ စစ်ကြောနေသူတွေကို ပြောလိုက်တော့ စစ်ကြောနေသူတွေလည်း ဝိုင်းလာပြီး ကဲကဲ-ပြောမြန်မြန်ပေါ့။ စာရွက်ဘောလ်ပင် စစ်ချက်ရေးဖို့ အသင့်ပြင်လိုက်ကြပြီးတော့ မေးကြပါတယ်တဲ့။ အဲဒီမှာ သူက ပြောလိုက်တဲ့ပုံကတော့ဗျာ၊ ကျွန်ုပ်ကို အမိန့်တော် မှတ်ခိုင်းလိုက်ကြသူများကတော့ ရသေ့ရှစ်သောင်း ဆရာကောင်းတို့နှင့်တကွ အဘဘိုးဘိုး ဘယ်သူဘယ်ဝါပြောနေ အစစ်ခံနေတုန်း စကားဆုံးအောင် မပြောလိုက်ရပါဘဲ ထောက်လှမ်းရေးတွေဝိုင်းထိုးလိုက်ကြတာ အခု ဗထလတို

ပို့လိုက်တော့မှ လမ်းမှာ သတိပြန်လည်လာတာပါတဲ့။ကောင်းရော ဗျာ။

ကျွန်တော်တို့အမှုတွဲ ၃ဦး (ကျွန်တော်ရယ်၊ ကိုစိုးလှိုင်ရယ်၊ ကိုကျော်စွာရယ်)ကို ထောက်လှမ်းရေးက အချုပ်ထဲမှထုတ်ပြီး မင်္ဂလာဒုံမြို့နယ် တရားရုံးမှာ ချုပ်ရက်ရှိမန်ယူတော့မှ ပြန်တွေ့ကြရတာ ၃ ဦးစလုံး တော်တော်ပိန်လှီသွားတာ သတိထားမိပါတယ်။ ယုံမလားတော့ မသိဘူး။ ကျွန်တော်တို့လည်း တော်တော် အံ့ဩသွားရပါတယ်။ မင်္ဂလာဒုံတရားရုံးရဲအချုပ်ထဲမှာ နေ့ခင်းရောက်လို့ ဒီပြင် အချုပ်သားတွေ စားကြသောက်ကြချိန် မှာ ကျွန်တော်တို့ ၃ဦးက ဗိုက်ဆာဆာနဲ့ မျှော်နေကြတုန်းမှာပေ့ါ။ အရပ်ဝတ် တစ်ဦးက ခေါက်ဆွဲကြော် ၃ ထုပ် လာကျွေးတယ်။ အစောင့်ရဲတွေက လည်း ရှိုရှိုသေသေပါပဲ။ သူထွက်သွားတော့မှ ဘေးကအချုပ်သားက ပြောတယ်။ စောစောက ခေါက်ဆွဲလာပေးတာ ရဲမြို့နယ်မှူးတဲ့။ ကျွန်တော်တို့လည်း နားမလည်နိုင်ဘဲ 'ဩော်'လို့သာ အသံပြုလိုက်ရပါတယ်။ နောက်ပိုင်း ထပ်သိလိုက်ရတာ တစ်ခုက ကျွန်တော်တို့ သုံးဆယ်မြို့က မိသားစုများကို အဲဒီရဲကြီးကပဲ လှမ်းအကြောင်းကြားပေးတယ်လို့ သိရပါတယ်။ ပြီးတော့ အင်းစိန်ထောင်ကို အပို့ခံရပါတယ်။

ကျွန်တော့်ကို အင်းစိန်ထောင်ကနေ သာယာဝတီ ထောင်ကို ၁၉၈၉ ခုနှစ် နှစ်ဆန်းပိုင်းကအချုပ်နဲ့ ပြောင်းရွှေ့လိုက်ပါတယ်။ အင်းစိန်ထောင်မှာ ချုပ်နှောင်ထားပြီး ရန်ကုန်တိုင်းအတွင်းက တရားရုံးများကို ရုံးပတ်ထုတ်စဉ်က တရားစွဲဆိုထားသော (၅ ည) ပုဒ်မများကို ပြန်လည်ပိတ်သိမ်းပြီးနောက်မှ သာယာဝတီထောင်ကို ပို့လိုက်တာဖြစ်ပါတယ်။ သာယာဝတီထောင်ကနေပြီး စစ်ခုံရုံး

အဖွင့်စျေးဦးဖောက်ဖို့ ဇူလိုင်လ ၁၆ ရက် နံနက် ၉ နာရီမှာ လက်နှစ်ဖက်နောက်ပစ်ခိုင်းပြီး လက်ပြန်ကြိုးကို ခိုင်ခိုင်မာမာတုပ်ပါတော့တယ်။ ပြီးတော့ စစ်ခုံရုံးကို ကျည်အသင့်ထိုးပြီး သေနတ်များကိုင်ဆောင်ထားတဲ့ ရဲခုနစ်ဦးခန့်က ဝိုင်းရံပြီး ခေါ်ဆောင်သွားပါတော့တယ်။ ကျွန်တော့်ကို ကရင်ပြည်နယ်မှာ ပို့ဒ် ၄၅ ပစ္စတိုတစ်လက်၊ ၎င်း ကျည် ၉တောင့်နဲ့ ဖမ်းမိတာပါ။ ရှာဖွေပုံစံမှာ လက်မှတ်ထိုးခဲ့ရတယ်။ ဒါပေမဲ့လို့ ယခု စစ်ခုံရုံးမှာ အခြားလက်နက်တွေပါ တင်ထားတာကို တွေ့မြင်နေရပါတယ်။ အဲဒီတော့ မတရားအသင်း အက် ၁၇/၁-၂ ရယ်။ တကယ်ကိုင်ထားတဲ့ ပို့ဒ် ၄၅ ပစ္စတိုရယ် အခြားလက်နက်များရယ်၊ စုစုပေါင်း အမှုက (၄) မှုဖြစ်သွားတယ်ဗျာ။ နောက်ထပ်တရားစွဲတာက (၄)မှုဆိုတော့ စုစုပေါင်း (၈)မှုဖြစ်သွားပါတော့တယ်။ ပြစ်ဒဏ်က ထောင်ဒဏ် (၅၃)နှစ်ပါဗျာ။ ကျွန်တော် လုံးဝ အယူခံမတင်ခဲ့ပါဘူး။ ဂုဏ်လုပ်ပြီးတော့လည်း ဘယ်သူ့ကိုမျှ ပြောပြမနေပါဘူး။ ရင်းနှီးတဲ့သူတွေသာ သိပါတယ်။

[၅]

သာယာဝတီထောင်ကို ၁၉၈၉ ခုနှစ် နှစ်ဆန်းပိုင်းက အချုပ်နဲ့ ရောက်ပါတယ်။ ရောက်ကာစက ၁/၂ တိုက် (ကင်ပွန်းချဉ်တိုက်) ကနေ ၃/၄ နှစ်ထပ်တိုက် ပြောင်းရပါတယ်။ ၃/၄ တိုက်က ၂ ထပ်တိုက်အရှည်နှစ်လုံးကို မျက်နှာချင်းဆိုင် ခပ်စောင်းစောင်း ဆောက်လုပ်ထားတာပါ။ အပေါ်ထပ်က ၁၂ ခန်းအောက်ထပ်က ၁၂ ခန်းပါ။ အဲဒီတော့ စုစုပေါင်း ၄၈ ခန်းပါ။ လူအများကြီး ဆန့်ပါတယ်။ သာယာဝတီထောင်မှာ အဲဒီလို တိုက်ပိတ်လို့ရတဲ့နေရာက ၁၅ နေရာရှိပါတယ်။ ကျွန်တော့်ကို အချုပ်သားဘဝနဲ့ ထောင်ကိုရောက်ပြီး မကြာခင်မှာပဲ ကျွန်တော့်အတွက် အထူးပြုလုပ်ထားတဲ့ သံခြေချင်းကြီးတစ်စုံကို စတင်ခတ်ပါတော့တယ်။ အချုပ်ကတည်းက ခတ်ထားလိုက်တဲ့ အဲဒီသံခြေခြင်းကြီးကို ၁၉၉၂ ခုနှစ် သရက်ထောင်ရောက်ပြီးတော့လည်း ပြန်ဖြုတ်မပေးခဲ့ဘူးဗျာ။

၁၉၉၉ ခုနှစ်ကျော်တဲ့အထိ တောက်လျှောက်ခတ်ထားတော့တာ ပါပဲဗျာ။ နွေအခါမိုးအခါ မထောင်းတာလှပေမယ့် ဆောင်းတွင်း ဆိုရင် တော်တော်ဒုက္ခရောက်ပါတယ်။ ညအိပ်တဲ့အခါနည်းနည်း လောက်အအေးခံပြီး အဲဒီ သံခြေချင်းကြီးကို ပေါင်နှစ်လုံးကြား ညှပ်အိပ်လိုက်ရင် ၂ နာရီခန့်ကြာတော့ လူရဲ့ကိုယ်ငွေ့နဲ့ ပူနွေး လာပါတယ်။ အိပ်လို့ရသွားပါပြီ။ ညသန်းခေါင်ကျော်လာရင် ထုံးစံအတိုင်းအပေါ့ ဆီးသွားချင်းလာတော့ အမြဲဒုက္ခရောက်လှပါ တယ်။ စောင်ကိုခွာပြီး အပေါ့သွားဖို့နေရာကိုသွားရတယ်။ အပေါ့ သွားပြီး အိပ်ရာကို ပြန်ရောက်လာတော့ ဒီခြေချင်းကြီးက အေး စက်နေပါပြီ။ ဘာလုပ်ရမှန်းမသိတော့ပါဘူး၊ စောင်ကလေးတစ် ထည်နဲ့သရက်မြို့ကလည်း တောရိပ်တောင်ရိပ်နဲ့ အရမ်းချမ်းတာ ရောက်ဖူးသူတိုင်း သိကြပါတယ်။ ညသန်းခေါင်ကျော်ရင် အဲဒီ ခြေချင်းကကျင်နေအောင်အေးလှတာ ကျွန်တော်ဘယ်မှာလာပြီး ကောင်းကောင်း အိပ်ရပါတော့မလဲဗျာ။ ဒီလိုနဲ့ပဲနိုးတစ်ဝက် အိပ် တစ်ဝက်နဲ့ ဖြတ်သန်းလာခဲ့ရတာ ၁၁ နှစ်ကျော်လာခဲ့ပါတယ်။

မြန်မာနိုင်ငံအကျဉ်းထောင်များကို ICRC အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီက ဝင်ရောက်စစ်ဆေးမယ်ဆိုတော့မှ တစ်လကြိုတင်ပြီး ပြန်ဖြုတ်ပေးခဲ့ပါတယ်။ ခြေချင်းပြန်ဖြုတ်ပေးတာ ခံခဲ့ရတဲ့နေ့ကို မမေ့နိုင်ပါဘူး။ သရက်ထောင်က အကျဉ်းသားတော် တော်များများ၊ ဝန်ထမ်းအချို့နဲ့ ကျွန်တော်ကိုယ်တိုင် ပျော် လိုက် တာဗျာ။ အထဲမှာ လူမသိသူမသိ ထပ်ကျခံနေရတဲ့ထောင်က လွတ်ပြီမဟုတ်လား။ ကျွန်တော်ဖြင့် ဖြုတ်ကာစက လမ်းတောင် ကောင်းကောင်း မလျှောက်တတ်ပါဘူး။ တွေးကြည့်ရင်လည်း စိတ်မကောင်းလှပါဘူးဗျာ။ ကျွန်တော်တို့လည်း မျိုးချစ်စိတ်ရှိပါ

တယ်နော်။ လူမျိုးခြား(ICRC)လာတော့မယ်ဆိုမှ ပြန်ဖြုတ်ပေးခဲ့တဲ့ ဒီခြေချင်းကို ကိုယ့်လူမျိုးအချင်းချင်း အုပ်ချုပ်သူအာဏာပိုင်ကနဂိုထဲက ပြန်ဖြုတ်ပေးခဲ့ရင် မကောင်းဘူးလားဗျာ။ ကျွန်တော်နဲ့အတူ ထောင်ထဲမှာ နေခဲ့ရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေနဲ့ မဂ္ဂင်ဆရာတော်ကြီးတို့က ထောင်ပိုင်အဆက်ဆက်မှာ ကျွန်တော့်ခြေချင်းကို ပြန်ဖြုတ်ပေးဖို့ အမြဲတောင်းဆို တင်ပြခဲ့ကြပါတယ်။ ထောင်ပိုင်အသီးသီးက ခေါင်းခါခဲ့ကြတာပါပဲ။ **ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့ လူမျိုးချင်း မစာနာနိုင်တာကို တိုင်းတစ်ပါးသားက ဝင်ပြောမှ အောင်မြင်ရတာကျွန်တော် အသည်းနာလှပါတယ်။**

နောက်ထပ်အပြင်ထွက် အလုပ်လုပ်နေရတဲ့ (အပြင်ဘုတ်အကျဉ်းသား)များကိုလည်း ခတ်ထားတဲ့ သံခြေချင်းတွေ ပြန်ဖြုတ်ရမယ်ဆိုတော့လေ အပြင်ဘုတ်ကို အုပ်ချုပ်နေရတဲ့ ထောင်မှူးတွေတက်မတတ်ချက်မတတ်ဖြစ်ပြီး ထောင်ပိုင်ကို ပြောဝံ့သူများကမဖြစ်နိုင်ကြောင်း ကန့်ကွက်ကြပါသေးတယ်။ အဲဒီအပြင် ဘုတ်အကျဉ်းသားဆိုတာ ၁ နှစ်လောက် ပြစ်ဒဏ်ကျအကျဉ်းသားတွေကို ထောင်အုတ်ရိုးအပြင်က အလုပ်များကိုခိုင်းစေရန် ခြေချင်းများတောက်လျှောက်ခတ်ထားပါတယ်။ တစ်ခါတစ်ရံ အပြင်ဘုတ်အကျဉ်းသားများ ထွက်ပြေးကြတာကို ခြေကျင်းဖြုတ်ပေးရန်သဘောမတူသူများက ထောက် ပြကြပါတယ်။ သူတို့အတွေးကခြေချင်းနဲ့ ထောင်ထွက်ပြေးနေတာ ခြေကျင်းမရှိရင် သွားပါပြီပေါ့လေ၊ ဒါပေမဲ့ အထက်အမိန့်အရ တကယ်ဖြုတ်ပေးပြီးတဲ့အခါအပြင်ဘုတ်အကျဉ်းသား ထွက်ပြေးတာ လျော့တောင်လာပါတယ်။ ခြေချင်းမရှိတာကြောင့် အလုပ်လည်း ပိုတွင်လာတယ်။

အကျဉ်းသားလည်း စိတ်သိပ်မညစ်တော့ဘူး။ စိတ်မညစ်တဲ့ အကျဉ်းသားကို အုပ်ချုပ်ရတာ ပိုမိုလွယ်ကူလာပါတယ်ဗျာ။ တိုင်းပြည်အတွက် အကျိုးရှိစေမယ်လုပ်ငန်းများ အကျဉ်းဦးစီးဌာန အတွက် အကျိုးရှိစေမယ့် လုပ်ငန်းများမှာ ခိုင်းတာက နည်းနည်း ပါဗျာ။ ထောင်ပိုင်အိမ်မှာ ထောင်ပိုင်လေး (ဒုတိယတာဝန်ခံ) အိမ်မှာ ထောင်မှူးကြီးအိမ်မှာ၊ ထောင်မှူးလေးအိမ်မှာ ထောင် ကြပ်ကြီးများအိမ်မှာ ရေခပ်၊ ထင်းခွဲ၊ အဝတ်လျှော်၊ ကလေးထိန်း၊ အိမ်သာကျင်းတူးစတဲ့ (ဂျေးမန်နျူရယ်) (Jail Menual) (အကျဉ်း ထောင် လက်စွဲဥပဒေ)မှာ မပါဝင်တဲ့၊ သက်ဆိုင်ရာတရားရုံးက အပြစ်ပေးဝရမ်းမှာရေးမထားတဲ့ ထောင်ဝန်ထမ်းများရဲ့ ဝေယျာ ဝစ္စပြစ်ဒဏ်ကို မျက်နှာမရှိ ငွေမရှိ ပညာမတတ်၊ ဗဟုသုတမရှိသူ အကျဉ်းသားတွေကို အမှန်တကယ် ကျင့်သုံးအုပ်ချုပ်နေတာ ဖြစ် ပါတယ်ဗျာ။

ဒါပေမဲ့ ကျွန်တော် အခုလို ရေးတာကို အဲဒီအပြင်ဘုတ် အကျဉ်းသားအချို့ကလည်း ကြိုက်ကြမယ်မဟုတ်ပါဘူးဗျာ။ ဘာ ဖြစ်လို့လဲဆိုတော့ အကျဉ်းထောင်ထဲမှာ မနေနိုင်သူ၊ အကျဉ်းသား များနဲ့ အပြင်လောကမှာသာရနိုင်တဲ့ အစားအသောက် အနေ အထိုင်အခွင့်အရေးများကို ရယူလိုချင်သူ၊ ငွေကြေးတတ်နိုင်သူ အကျဉ်းသားများဟာ အပြင်ဘုတ်အကျဉ်းသားထဲမှာ ပါဝင်ဆောင် ရွက်ခွင့်ရရန် မနည်းလှတဲ့ငွေကြေးကို သုံးစွဲရပါတယ်။ အာဏာ ပိုင်တစ်ဦးတစ်ယောက်တည်းကို ချဉ်းကပ်ရုံနဲ့လည်း မသေချာ ပါဘူး။ ပတ်သက်သူသက်ဆိုင်သူ အုပ်ချုပ်ရေးကို လူစုံအောင် ချဉ်း ကပ်ပြီး ပေါက်ဈေးအတိုင်း လက်သိပ်ထိုးလိုက်မှ အပြင်ဘုတ်ကို ပါဝင်လိုက်ပါခွင့်ရပါလိမ့်မယ်။ အဲဒီမှာ အဆိပ်ရှိတဲ့ အရာရှိတစ်ဦး

ကို မပေးကမ်းမိရင်၊ ထိုအရာရှိကလည်း စိတ်ခတ်ညှံ့ဖျင်းရင်၊ တစ်နေ့မှာခွင်ကြံ့ရင် အဲဒီအကျဉ်းသားကို ပြဿနာရှာလိုက်ပါ တော့တယ်။

အကျဉ်းသားခများတော့ စည်းကမ်းဖောက်တယ် ဆိုတဲ့ အပြစ်ဒဏ်တစ်ခုခုနဲ့ အထဲကို ပြန်ဝင်ရပါတယ်။ လျှော့ရက်ဆု မှတ်ရက်များလည်း ဖြတ်တောက်ခံရပါတယ်။ ထူးတော့ ထူးဆန်း တယ်၊ တကယ်အလုပ်ကြမ်းလုပ်ရမယ့် ပင်ပန်းတဲ့အလုပ်များကို နေ့စဉ် ပင်ပင်ပန်းပန်းလုပ်ရမယ့် အကျဉ်းသားအများစုက အပြင် ဘုတ်မလိုက်ချင်၊ မထွက်ချင်ကြဘူး။ ဇိမ်ခံရမယ့်အကျဉ်းသားက ငွေကုန်ကြေးကျခံပြီး အပြင်ဘုတ်ကို လိုက်ထွက်ကြတယ်ဗျာ။ ဒါတွေတင်ကပဲ့မလားဆိုတော့ အများကြီး ကျန်သေးတယ်။ ကျွန်တော်သိတာရှိသလို မသိသေးတဲ့ အချို့ကိစ္စတွေအများကြီး ပါဗျာ။ အကျဉ်းထောင်များက အုပ်ချုပ်ရေးပိုင်းက အပြင်ဘုတ် အကျဉ်းသားတွေ၊ ရဲဘက်အကျဉ်းသားတွေကို ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက် ခိုင်းစားနေကြတာကို တောထဲမှာဆိုရင် သစ်ခုတ်၊ ထင်းခုတ်၊ မီးသွေး ဖုတ်ဆိုတွေက အကျဉ်းဦးစီးဝန်ထမ်းများ ရဲ့ ကိုယ်ပိုင်အလုပ်တွေများတယ်။ ဌာနမှာ တရားဝင်စာရင်းသွင်းပြီး ရန်ပုံငွေရှာတာက အရောင်ပြလောက်ပဲရှိပါတယ်။

ကျွန်တော် အခု ရေးပြနေတာတွေကို အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနက ရာထူးကြီးသူတွေဟာ သူတို့မသိသေး တာတွေကို သူတို့သိပြီး ကာကွယ်ပြုပြင်ရန် ကျွန်တော်က အကူ အညီတွေ ပေးနေတယ်လို့မြင်ရင် သိပ်ကောင်းပါမယ်။ သူတို့က ဒီလိုအပြစ်အနာဆာ အားနည်းချက်တွေကို သိပြီး ပြင်ဆင်ပေးနိုင် စွမ်း ရှိပါတယ်။ ဒီလိုမဟုတ်ဘဲ အမြဲတမ်း ဖြစ်နေတာတွေက

တိုင်ကြားသူ ဖော်ထုတ်သူကိုသာ ပြန်လည်ပြဿနာရှာမှာဆိုရင်တော့ မကောင်းတော့ပါဘူး။ အခြားဖော်ထုတ် သူတွေ တင်ပြသူတွေကိုတော့ မပြောချင်းပေမယ့် ကျွန်တော်ကတော့ အခြား ဖော်ထုတ်တင်ပြသူများနဲ့မတူတဲ့ အကျဉ်းဦးစီးဌာနတစ်ခုလုံး အထက်အပေါ်ဆုံး ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ထောင်ပိုင်၊ ထောင်မှူးကြီးဝန်ထမ်းအားလုံးထက် အကျဉ်းထောင်အကြောင်း အူမချေးခါး အားလုံးကို ၂၃ နှစ် (မထိတတိ) လေ့လာသင်ယူခဲ့တာပါ။ သရက်ထောင်မှာ ကျွန်တော့်ကို အကျဉ်းထောင်ရေးရာ ကျွမ်းကျင်သူလို့ သူငယ်ချင်းတွေထဲက အမည်ပေးကြတာကို ကန့်ကွက်မယ့်သူ မရှိခဲ့ပါဘူး။

[ ၆ ]

အခု ကျွန်တော် ရေးနေတာတွေ အားလုံးက ကျွန်တော့်အတွေ့အကြုံအားလုံး မဟုတ်ပါဘူး။ အကျဉ်းသားဝန်ထမ်းအားလုံးအတွက် မရေးသင့်တာတွေကို ကျင့်ဝတ်အရ ချန်လှပ်ထားတာ၊ အကျဉ်းထောင်လုံခြုံရေးအတွက် နိုင်ငံသားတစ်ဦးအနေနဲ့ စောင့်စည်းထိမ်းသိမ်းရန် တာဝန်ရှိတာသိလို့ ချရေးမပြတာတွေ အများကြီးရှိပါတယ်။ နှစ်ကြီးအကျဉ်းသားတစ်ဦးအနေနဲ့ အကျဉ်းထောင်လုံခြုံရေးနဲ့ ပတ်သက်တာတွေကို ကိုယ်တိုင် မကျူးလွန်ခဲ့သော်လည်း မြင်ခဲ့ ကြားခဲ့ သိခဲ့တာ အများကြီးရှိပါတယ်။ ဥပမာနည်းနည်းလေးတစ်ခု သေးသေးမွှားမွှားတစ်ခု ပြောပြမယ်။ ထောင်ထဲမှာ တရားမဝင်ကိုင်ဆောင်နေတဲ့ ငွေကြေးကို ရှာဖွေရေးလာရှာရင် အသိမ်းခံရမယ်။ အရေးယူခံရပါမယ်။ ငွေကြေးဆောင်မထားရင်လည်း အကျဉ်းသားတစ်ဦးဟာ နေထိုင်စားသောက်ရန်

အဆင်မပြေပါဘူး။ ဘယ်လောက်ပိတ်ပင်သည်ဖြစ်စေ၊ အကျဉ်းသားရော ဝန်ထမ်းပါ စားဝတ်နေရေးမဖူလုံသေးဘဲ တားမြစ်ပိတ်ပင်နေရင် တားမြစ်ပိတ်ပင်နေသူသာ အရှုံးဖြစ်ပါလိမ့်မယ်။ ဝန်ထမ်းကလည်း လစာနဲ့ မလောက်ငှပါ။ အကျဉ်းသားကလည်း စားရေးသောက်ရေး အဆင်မပြေပါ။ ရဲအချုပ်များတွင် အချုပ်သားစားဖို့ စားရိတ်က ၁၀ကျပ် မကျော်ဘူး ထင်ပါတယ်။ ၃ကျပ်လားမသိပါဘူး။ တာဝန်ရှိသူတွေကမဖြစ်နိုင်တဲ့ စားစရိတ်ကိုသူ့မှာပဲ တာဝန်မရှိသလို မျက်စိစုံမှိတ်ထားတာ လွတ်လပ်ရေးရပြီးကတည်းကပါ။

၁၉၆၀ ခုနှစ်ပတ်ဝန်းကျင်က ဆီဈေးဆားဈေးငရုတ်သီးဈေးများနဲ့တော့ မလောက်သော်လည်း အဆင်ပြေအောင် အောက်ခြေက စီစဉ်နိုင်ကြပါတယ်။ ယခုအချိန်များလို ဆီတစ်ပိဿာ ၃ ထောင် ၄ ထောင်ခေတ်မှာ အထက်ကခွင့်ပြုထားတဲ့ ဈေးနှုန်းများက (ဟာသ) ဖြစ်နေတာကို မရှက်နိုင်ကြသူများ ဖြစ်နေကြပါတယ်။ ဖမ်းဆီးခံထားရသူ အကျဉ်းသားအချုပ်သားတွေ အဖမ်းမခံရခင် လွတ်လပ်နေစဉ်က သူ့ဟာသူ ဘာနှင့်စားစား နေမကောင်းလို့ကုနိုင်သည်ဖြစ်စေ၊ မကုနိုင်သူဖြစ်စေ အကျဉ်းဦးစီးဌာနမှာ တာဝန်မရှိပေမယ့် မိမိဌာနလက်အောက်မှာ အကျဉ်းသား အချုပ်သားအဖြစ် ရောက်ရှိလာချိန်မှစပြီး တရားဥပဒေအရဖြစ်စေ၊ အကျဉ်းထောင် လက်စွဲဥပဒေများအရဖြစ်စေ၊ ကမ္ဘာ့ပဋိညာဉ်စာချုပ်များအရဖြစ်စေ၊ လူ့ကျင့်ဝတ် အရဖြစ်စေ၊ ဘာသာရေးအဆုံးအမအရဖြစ်စေ တာဝန်ရှိနေပါတယ်။ အကျဉ်းသားရိုးရိုးကိုမဆိုထားနဲ့၊ လူပတ်ဝန်းကျင်မှာ ဆက်လက်ထားရှိအသက်ရှင်သန်ခွင့် ပိတ်ပင်ခံထားရသူ သေဒဏ်ကျအကျဉ်းသားကိုတောင် မကွပ်မျက်ခင်

အချိန်ထိ လူသားတစ်ဦးအနေဖြင့် အဆင်ပြေမယ့် (စားဝတ်နေရေးကို) တာဝန်ယူရပါတယ်။ ဌာနက တာဝန်ယူရန် ပျက်ကွက်လာတော့ လောက်ငအောင် စီစဉ်မပေးထားတော့ အဲဒီအကျဉ်းသားအချုပ်သားက အသက်ရှင်သန်အောင် ကြိုးစားအားထုတ်နေရပါတယ်။ ဘယ်လောက်တားတား၊ သူ့အသက်ရှင်အောင် အားထုတ်မှာပါ။ လူတစ်ယောက်ကို ပါးစပ်နှာခေါင်းပိတ်ထားပြီး မလှုပ်နဲ့လို့ပြောမယ်ဆိုရင် တွန့်လိမ်တော့ နေမှာသဘာဝပါ။ မရှိမဖြစ်ကိစ္စကို ပိတ်ပင်လို့မရပါဘူး။ လုံခြုံရေးရှုထောင့်ကြည့်ပြီး အစားအသောက် အဝတ်အစားကို ဖွံ့ဖြိုးပြီးနိုင်ငံများလို လုံလောက်အောင်ထုတ်ပေးနိုင်ရင် ထောင်အပြင်က ဝင်မလာအောင် အနည်းငယ်အားထုတ်ရုံနဲ့ ပိတ်ပင်ထားလို့ရပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအကျဉ်းထောင်တွေအကြောင်းကိုပြောရမယ်ဆိုရင် သီတဂူဆရာတော်ကြီးအရှင်ဉာဏိဿရကို ချန်ထားလို့မရပါဘူး။ အကျဉ်းထောင်များ ရဲ့ အလေ့အထတစ်ခုကို ဆရာတော်ကြီးရဲ့ မေတ္တာနဲ့ရိုက်ချိုးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအကျဉ်းထောင်များမှာအပြင်က လာကြွေးတဲ့ အစားအသောက်ကို ယျေဘုယျအားဖြင့် လက်မခံပါဘူး။ အစားအသောက်ကြောင့် အန္တရာယ်တစ်စုံတစ်ခုဖြစ်လာရင်ထောင်ပိုင်မှာ တာဝန် ရှိနေလို့ပါ။ စိတ်ဓာတ်ခွန်အားရှိသူ ဉာဏ်ကြီးသည့်ထောင်ပိုင်အချို့ကတော့ အခြေအနေကြည့်ပြီး လက်ခံကျွေးမွေးတတ်ပါတယ်။ စဉ်းစားသုံးသပ်ကြည့်လိုက်တော့ ထောင်ထဲမှာ အစားအသောက်အဆင်မပြေကြတာကိုလည်း သိနေတယ်။ ငါ့မှာလည်း မကျွေးနိုင်ဘူး။ ကျွေးနိုင်တဲ့သူက လာကျွေးတယ်။ အစားအသောက်ကြောင့်

အန္တရာယ်ဖြစ်နိုင်ခြေက ရာခိုင်နှုန်းနည်းပါတယ်။ မိမိထောင်ပိုင်ဖြစ်သူက ခွင့်ပြုလိုက်ရင် အကျဉ်းသားတစ်ထောင်လောက်ကောင်းကျိုးရမယ်။ ကျန်းမာမယ်၊ ပျော်ရွှင်ကြမယ်၊ လာလှူဒါန်းသူလည်း စိတ်ကျေနပ်မယ်။ မိမိတို့ အကျဉ်းထောင်ဝန်ထမ်းများကိုစာနာစိတ်မရှိသူတွေလို့မြင်နိုင်နေတဲ့ အခြေအနေကို လျှော့ချပစ်နိုင်မယ့် ဌာနအနေနဲ့ နာမည်ကောင်းရမယ်၊ ပြည်သူတွေကို စည်းရုံးနိုင်မယ်။ တစ်စုံတစ်ရာဖြစ်လာနိုင်တဲ့ ပြဿနာဖြစ်နိုင်ခြေသေးသေးလေးကိုဖြစ်လာရင် ငါခံမယ်ဆိုတဲ့ပရဟိတစိတ်လေးကို ပျိုးထောင်အရင်းတည်လိုက်ရုံနဲ့ ကျိန်းသေဖြစ်ပေါ်မယ့် ကောင်းကျိုး ကုသိုလ်တရားတွေ အများကြီး လူအများမှာဖြစ်ပေါ်မယ်၊ မိမိလည်း ဒီအကျိုး၊ ဒီစေတသိတ်တွေကြောင့် ဒီဘဝမှာ ရုပ်ကြည်နာမ်ကြည်၊ လူကြီးချစ်ခင်ငယ်သား ယုံကြည်အားကိုး ကောင်းကျိုးဖြစ်ထွန်းမှာမြေကြီးလက်ခတ်လို့ လွဲလိမ့်မယ်ပြေးမလွတ်ပါဘူးဗျာ။ သီတဂူဆရာတော်ကြီးကလည်း အင်းစိန်ထောင်မှာ အကျဉ်းသားကထောင်ကျော် သောင်းဂဏန်းနီးပါးကို ဆန်ကောင်းထမင်းဖြူ (ကြက်တစ်ကောင် ၄ပိုင်း ၁ပိုင်း)နှုန်းနဲ့ တတ်နိုင်သူတပည့်ဒါယကာဒါယိကာမများကို ခေါ်လာပြီး ကျွေးမွေးစေခဲ့ပါတယ်။ နောက်မန္တလေးထောင်မှာ ဆက်ကျွေးပါသေးတယ်။ နောက် ဆရာတော်ကြီးက ထောင်မှာဟောတဲ့ တရားထဲမှာလည်း ဟောသွားတာကကံအကြောင်းမလှတဲ့ ပုဂ္ဂိုလ်များရဲ့ဒုက္ခကို စာနာ နားလည်ပေးတာက ကရုဏာစိတ်ဖြစ်ကြောင်း ယခုလိုစွမ်းသလောက် ကျွေးမွေးကယ်တင်ပေးတာက မေတ္တာစိတ်ဓာတ်ဖြစ်ကြောင်း ဟောပြောသွားခဲ့တာ မှတ်သားခဲ့ဖူးပါတယ်။

[ ၇ ]

ဒါနဲ့သတိရလို့ ပြောရဦးမယ်။ နောက်မှ ပြောရမယ်ဆိုရင် မေ့တတ်လို့ပါနော်။ တခြားတော့ မဟုတ်ပါဘူးဗျာ။ သာယာဝတီထောင်ထဲမှာကြုံခဲ့ရတဲ့ “ဒရမ်မာ”ဇာတ်လမ်းလေးပါ။

သာယာဝတီထောင်မှာ ဝက်အကောင် (၈၀၀၀)ကျော် မွေးမြူထားပြီး ဝက်မတွေ သားတင်မျိုးစပ်ရန်အတွက် နိုင်ငံခြားမျိုးသန့် ဝက်သိုးများကိုလည်း သီးသန့်မွေးမြူထားရှိပါတယ်။ အဲဒီဝက်သိုးများထဲမှာမှ သာယာဝတီတစ်ထောင်လုံးက မြင်ဖူးသိရှိပြီး သံယောဇဉ်ဖြစ်နေရတဲ့ ဝက်သိုးကြီးပေတိုးဆိုတာ ရှိပါတယ်။ အိပ်ဆောင်နေ ၅(ည)အားလုံးလည်း သိပါတယ်။ ဒီကောင်ကြီးပေတိုးက မျိုးကလည်းကောင်း အရွယ်ရောက်ပြီးသားဆိုတော့ အကောင်ကြီးကလည်း အလွန်ထွားကျိုင်းပါတယ်။ အလွန်လည်းလိမ္မာအသိဉာဏ်ရှိပါတယ်။ သူ့အလုပ်ရှိရာ ဝက်မမျိုးစပ်မယ့်

နေရာ ခပ်ဝေးဝေးကို ကြိုးမပါ မဆွဲရပါဘဲ သွားတတ်သလို ကိစ္စပြီးရင်လည်း သူ့ဘာသာ ပြန်လာတတ်ပါတယ်။ သူ့ကို ကိုင်တွယ်စောင့်ရှောက်ပေးရတဲ့ အကျဉ်းသားက လူသတ်မှု ထောင်အနှစ် ၂၀ ကျခံနေရတာဆိုတော့ ဝက်နဲ့လူနဲ့ သံယောဇဉ်က တော်တော်ကြီးနေတာ ဘေးကအကဲခတ်လို့ရတယ်။ ဝက်စကားကို လူက နားထောင်၊ လူစကားကို ဝက်က နားထောင်နဲ့ပေါ့။ ထောင်ထဲမှာကလည်း ခက်သားဗျ။ ခိုမွေးတဲ့ အကျဉ်းသားရှိတယ်။ ကြိုးကန်းမွေးသူရှိတယ်။ စာကလေးမွေးသူရှိတယ်။ ကြွက်မွေးထားသူရှိတယ်။ ဒါပေမဲ့ အပြင်မှာမွေးတာတွေနဲ့ မတူတာက မိသားစုမေတ္တာနဲ့ ဝေးနေလွှမ်းနေတဲ့အကျဉ်းသားက တကယ်ကို သားသမီးလေးလို မွေးကြတော့ တိရစ္ဆာန်များဘက်ကလည်း တကယ် သူတို့အဖေကျိုးကန်းကြီး၊ သူတို့အဖေကြောင်ကြီးလိုကို စွဲမှတ်ယုံကြည်သွားတော့ သင်ပေးသလိုလည်း အပြင်လောကမှာထက် တတ်ကြသကိုး။ ကျွန်တော်ပိုမပြောပါဘူး။ မမြင်ဖူးရင် ယုံကြည်ရန် ခက်ခဲပါတယ်။ ထောင်ထဲမှာ မွေးမြူထားတဲ့ တိရစ္ဆာန်များ လိမ္မာကြပုံကိုပြောတာပါ။ အဲဒီအကြောင်းတွေနောက်မှ ကျွန်တော် သတ်သတ်ရေးပါဦးမယ်။ စာတစ်တန်ပေတစ်တန်ဖွဲ့လို့ရပါတယ်ဗျာ။ အခုတော့ ရေးလက်စ ပေတိုးကိစ္စ ဆက်ကြရအောင်ဗျာ။

ဒီလိုနဲ့နေလာရင်း တစ်နေ့မှာတော့ ကံကြမ္မာမုန်တိုင်းက ပေတိုးတို့ဆရာတပည့်ရဲ့ သံယောဇဉ်အနှောင်အဖွဲ့ကို တိုက်ခတ်ဖို့အလှည့် ကျလာပါလေရောဗျာ။ ပေတိုးရဲ့ အသက်ကလည်း တဖြည်းဖြည်း ၃ နှစ်သား၊ ၄ နှစ်သားကျော်လာပြီလေ။ ပုံမှန်မွေးမြူထားတဲ့ အသားတိုးဝက်က ၈ လသား၊ ၉ လသားဆိုရင် အသား

ကုန်ထုတ်ပြီလေ။ သာယာဝတီထောင်က မွေးမြူရေးစံနဲ့ဆိုရင် ဇလမွေးပြီးရင် အချိန် ၄၀ ပိဿာ အထက်ပါပဲ။ ၅၀ကျော် ၆၀ ထိ ရှိတတ်ပါတယ်။ မရှိလို့လည်း မရပါဘူး။ သူ့ကိုကျွေးမွေးထားရတဲ့ ဆန်ကွဲ၊ဖွဲ၊ငါးခြောက် စတဲ့ တန်ဖိုးက ဒီအချိန်ပိဿာလောက်မှ မရှိရင် မွေးမြူသူဘက်က ရှုံးမှာ။ ဒါပေမဲ့ ပေတိုးတို့ ကံကောင်းနေတာက မျိုးစပ်ဝက်သိုးဆိုတော့ အသားတိုးမွေးထားတဲ့ကောင်တွေလို ဇလသားနဲ့ ဝက်သားမဖြစ်တော့ဘူးပေါ့နော်။ ဒါပေမဲ့ အခု ပေတိုးက အသက်ကလည်း ၅နှစ်သား ဖြစ်နေပြီလေ။ သူ့ရဲ့ မျိုးဆက်အရည်အသွေး ကျဆင်းလာတာတွေ ဖြစ်လာပါတယ်။ ပေတိုးနဲ့မျိုးစပ်ထားတဲ့ ဝက်မတွေက မွေးဖွားလာတဲ့ ဝက်သားပေါက်များရဲ့အရည်အသွေး စတင်ကျဆင်းလာတာကို မှတ်တမ်းတွေမှာ တွေ့ရှိလာတယ်လို့ဆိုပါတယ်။ ဒါနဲ့ပဲ(တိမွေးကု)ဘွဲ့ရ အကျဉ်းဦးစီးအရာရှိရဲ့မှတ်ချက်မှာ ပေတိုးကို ဆက်လက် မျိုးစပ်ပေးရန် မသင့်ဆိုတာ ပါလာပြီးတဲ့နောက် ဇာတ်လိုက်မင်းသားကြီးပေတိုးခမျာ မချောဆယ်ယောက် ကိုယ်တစ်ယောက်ဘဝက လျှောကျပြီး အသားထုတ်ရန်စာရင်းမှာ ဝင်ပြီး တန်းစီနေရပါတော့တယ်။ သူ့ကို (၃၊၄၊၅)နှစ် ထိန်းသိမ်းကျွေးမွေးစောင့်ရှောက်ပေးနေရသူ အနှစ် ၂၀ အကျဉ်းသားခမျာလည်း မျက်စိမျက်နှာပျက် မစားနိုင်မသောက်နိုင်နဲ့ပေါ့ဗျာ။ အခြားဝက်သိုးကိုင် အကျဉ်းသားများဆိုရင် ဝက်သိုးက အလုပ်ဆင်းတဲ့နေ့မှာ ရပိုင်ခွင့်ကြက်ဥငါးလုံးခန့်ကို ဝက်သိုးကို မကျွေးဘဲ ဖြောင်တတ်ကြပါတယ်။ ဒါပေမဲ့ ပေတိုးကိုင်တွယ်သူကတော့ သားသမီးလိုဖြစ်နေတဲ့ သူ့သားပေတိုးကို သူ့အိမ်ကလာပို့ပေးတဲ့ ထောင်ဝင်စာကိုပါ ခွဲကျွေးရှာသူ ဖြစ်နေတယ်လေ။ ဒီလိုနဲ့ပဲ ရှောင်လွှဲလို့မရတော့တဲ့

ပေတိုးအသားဖြစ်မယ့်နေ့ကို ရောက်ရှိလို့လာပါတော့တယ်ဗျာ။ ပေတိုးမွေးစားအဖေကတော့ နံနက်ထောင်ဖွင့်ကတည်းက ပေတိုးထံ ရောက်မလာဘဲ တစ်နေရာကို သွားရှောင်နေပါတော့တယ်။ ညပိုင်းကလည်း မအိပ်ဘဲ မျက်ရည်တွေကျနေတယ်လို့ သူ့ဘေးက အကျဉ်းသားတွေပြောကြပါတယ်။ ပြဿနာက ပေတိုးကိုအသားဖြစ်အောင်လုပ်မယ့် ဆောင်ရှက်နေကျ အကျဉ်းသားများဘက်က စလာပါတယ်။

ဖြစ်ရပုံကတော့ သူတို့အလုပ်စဖို့ ပေတိုးကိုကြည့်လိုက်တော့ ကိုင်တွယ်နေကြ အရွယ်အစားနဲ့ ၃ဆလောက် ကွာခြားကြီးမား ကြံ့ခိုင်နေတာရယ်၊ သူကိုယ်တိုင်က သိနေသလို လူစိမ်းများကို ရှူးရှူးရှားရှား ဂူးဂူးဂဲဂဲ မာန်သွင်းပြနေတဲ့အစွယ်များ အပြင်ဘက်သို့ပါ ရှည်ထွက်ကော့လန်နေတဲ့ မောင်ပေတိုးအနားကို ဆောင်ရှက် နေကြ အကျဉ်းသား(၃၊၄)ဦး မကပ်ရဲဖြစ်နေကြပါတယ်ဗျာ။ အကျဉ်းထောင်တာဝန်ရှိသူများက အချိန်တန်လို့ အလုပ်မပြီးကြန့်ကြာနေမှုကို ခေါ်ယူမေးမြန်း သိရှိသွားပြီးတဲ့အခါမှာတော့ စာနာစိတ်လုံးဝမထားတဲ့ အမိန့်တစ်ရပ်ချမှတ်လိုက်ပါတော့ တယ်ဗျာ။ သူကိုင်တွယ်နေကျ အကျဉ်းသားကို တာဝန်ပေးပြီး ကိစ္စဝိစ္စပြီးစီးစေတဲ့ဗျာ။ ဟိုးမနက်ကတည်းက ရှောင်နေတဲ့ ပေတိုးမွေးစားအဖေ အကျဉ်းသားခမျာမှာတော့ သူ့ကိုလိုက်ရှာပြီး အထက်အမိန့်ကို ပြောပြလိုက်တဲ့အခါမှာတော့ ကြမ်းကြမ်းတမ်းတမ်းဘဝကို ဖြတ်သန်းလာခဲ့သူ၊ စိတ်မနုလှသူ၊ အသက် ၄၀ခန့်ရှိသူ၊ လူသတ်သမား၊ ထောင်အနှစ် ၂၀ ကျခံနေရသူ၊ ကိုယ်ရင့်နဒူးအကျဉ်းသားကြီးခမျာမှာတော့ ဝမ်းခေါင်းသံကြီးပြု ရှိုက်ကြီးတငင်ငိုကြွေးပါတော့တယ်။ ကြာနေလို့ လိုက်လာတဲ့ အကျဉ်းဦးစီး တစ်

ကြပ်ခမျာလည်း စိတ်မကောင်းလှပေမယ့် 'ကဲကဲ-တပည့်ရယ်၊ မင်းမလုပ်ရင်လဲ ဖိဆန်မှုက ဖြစ်ဦးမယ်။ လိုက်သာလုပ်ပေးလိုက်ပါကွာ'လို့ လက်ဆွဲခေါ်လာရပါတယ်ဗျာ။ ပေတိုးလည်း သူ့အဖေကိုမြင်မှ မာန်ဖီနေတာရပ်ပြီး ခါတိုင်းလို အစာတောင်းတော့တာပေါ့။ သူမွေးစားအဖေ အကျဉ်းသားလည်း လိုအပ်မယ်ထင်ပြီး ယူလာတဲ့ ကြက်ဥအစိမ်း(၃၊၄)လုံးကို သူ့သားကြီး နောက်ဆုံးအစာအဖြစ်ကျွေးလိုက်ပါတယ်။ ပေတိုးကစားသောက်ပြီး နည်းနည်းငြိမ်သွားတော့မှ သူ့သားဗိုက်ကို ပွတ်ပေးပြီး အိပ်စေလိုက်ပါတယ် (ဝက်ကိုဗိုက်ပွတ်ပေးရင် အိပ်ပါတယ်)။ **"သားကြီးမျက်လုံးမှိတ် အိပ်အိပ်"**ပေါ့။ ပေတိုးက ပထမတော့မျက်လုံးကို မမှိတ်ပေးပါဘူး။ လူစိမ်းတွေပါကြည့်နေတဲ့ သူ့ဝန်းကျင်ကို မယုံကြည်နိုင် ဖြစ်နေပုံရပါတယ်ဗျာ။ နောက်တော့မှ သူ့အဖေကိုယ်တိုင် ဘေးမှာထိုင်ပွတ်ပေးနေတာ သတိရသွားဟန် တစ်ချက်ကြည့်ပြီး ခါတိုင်းလိုထုံးစံအတိုင်း မျက်လုံးပိတ်လိုက်ပြီး ဗိုက်ကိုပွတ်ပေးတာကို ဝက်တို့ဓလေ့အရ မှိန်းနေပါတော့တယ်။ ဒီတော့မှ မျက်ရည်တွေအပြည့်နဲ့ မွေးစားအဖေ အကျဉ်းသားက လုပ်နေကျ ထင်းပေါက်သော (ပေါက်ဆိန်)ကိုင်အကျဉ်းသားကို ခေါင်းညိတ်အပြမှာ အဲဒီ တစ်ယောက်က ပေါက်ဆိန်ကို လေထဲမြှောက်ပြီး ဝက်သိုးကြီးပေတိုး ငယ်ထိပ်ကို ထုချလိုက်ပါတော့တယ်။ ထင်သလိုတွေ ဖြစ်မလာခဲ့ပါဘူး။ သာမန်အကောင်အတွက်ဆိုရင် လုံလောက်ရုံမျှမက ပိုတောင်နေတဲ့ အင်အားလက်နက်ဖြစ်နေပေမယ့် ယခုဝက်သိုးကြီးပေတိုးကတော့ အကောင်ကသန်မာ၊ အရိုးကလည်း ရင့်နေပြီဆိုတော့ ကျယ်လောင်တဲ့ မာန်ဖီသံကြီးပြုပြီး ဝရုန်းသုန်းကားကုန်းထပါလေရောဗျို့။ သာယာဝတီတစ်ထောင်လုံးက အကျဉ်း

သားရော ဝန်ထမ်းကပါ သတင်းအစုံအလင် သိရှိထားပြီး စိတ်မကောင်းစွာ နားစွင့်နေကြချိန်ဆိုတော့ တကယ်ပါဗျာ။ တာဝန်ကျ တပ်ကြပ်ကလည်း ပေတိုးမွေးစားအဖေကို "ဟော့တောင် မင်းကောင်ကြီးကို ထိန်းစမ်း ထိန်းစမ်း"လို့ အော်ပြောနေပါတယ်။ ပေတိုးမွေးစားအဖေလည်း အသည်းနှလုံးတွေ ပြုတ်ထွက်မတတ် ခံစားရင်းက "သားကြီး အိပ်သားကြီးအိပ်" သွေးတွေယိုစီးမှုဝေ သောင်းကျန်းနေသူပေတိုးကြီးခမျာ ပြန်လှဲတော့ မအိပ်ပေးတော့ဘဲ ရှေ့ခြေနှစ်ချောင်းကို ဒူးထောက်ပြီးအပေးမှာ သွေးတွေစီးဝင်ပြီး မျက်စိမမြင်ရတော့တဲ့ ပေတိုးကို ပုဆိန်နောက်တစ်ချက်အထုမှာ တော့ တဖြည်းဖြည်းလဲကျလာပြီး သူမွေးစားအဖေ ပေါင်ပေါ်ကို ခေါင်းကကျလာပြီး တဆတ်ဆတ်တုန် သေဆုံးရပါတော့တယ် ဗျာ. . .။

သာယာဝတီထောင်သမိုင်းမှာ ကွေ့းသမ္မမလောက်တာမဝတာပဲ ရှိခဲ့ပါတယ်။ ပေတိုးကိုပေါ်ပြီး အသားလုပ်တဲ့နေ့က အဖြစ်ကတော့ မှတ်တမ်းတင်ရလောက်အောင် ထမင်းကျန်၊ ဟင်းကျန်ပုံးများထဲမှာ အရာမယွင်းသေးသော ပေတိုးရဲ့ အသားတုံးများအားလုံးနီးပါးကို အံ့အားသင့်ဖွယ် မယုံကြည်နိုင်ဖွယ် တွေ့မြင်ခဲ့ကြရပါကြောင်း. . . ထိုစဉ်က ရှိနေသူ ဝန်ထမ်းများရော အကျဉ်းသားများပါ တွေ့ကြုံသိရှိခဲ့ရပါတယ်။ ဒါပေမဲ့ တစ်ဦးတလေစားတဲ့သူလည်းရှိမှာပေါ့ဗျာ။ လူစိတ်ရှိသူ အများစုကတော့ ဘယ်သူကမှ မျိုမကျခဲ့ကြတာ ကျွန်တော်လည်း ပါခဲ့ပါတယ်ဗျာ။ ကျွန်တော် အခု ဒီစာကိုရေးနေရင်း အဟောင်းတွေအသစ်ဖြစ်လာပြီး မျက်ရည်ဝဲမိပါသေးတယ်ဗျာ။ အာဏာရှင်စနစ်ဆိုးအောက်မှာ ကြုံဆုံခဲ့ရတဲ့ မောင်ပေတိုး ကောင်းရာသုဂတိလားပါစေ၊ မောင်ပေတိုး မွေးစား

အဖေ အကျဉ်းသားလည်း နောင်ဖြစ်လေရာဘဝတိုင်း ဒီအဖြစ်မျိုး ထပ်မခံစားရပါစေနဲ့တော့လို့သာ ဆန္ဒပြုလိုက်ပါတယ်ဗျာ။

သာယာဝတီထောင်မှာ ဝက်အကောင် ၈၀၀၀ ကျော်ဆို တော့ အဲဒီဝက်များအစာအတွက် ကြိုတင်သိုလှောင်ထားတဲ့အခါ ပမာဏလည်း မနည်းလှပါ ဘူး။ ဝက်တွေက နိုင်ငံခြားမျိုးတွေဆို တော့ ဗမာဝက်လို ကျွေးတာမဟုတ်ဘူးဗျ။ ဆန်ကွဲ၊ ဖွဲနု၊ ငါးခြောက် ကိုအချိုးကျ ရောစပ်ပြီး(အခြောက်တိုက်)မီးနဲ့မချက်ဘဲ ဒီအတိုင်း ချကျွေးတာပါ။ ရေကိုသတ်သတ် တစ်ခွက်ချထားပေးပြီး တိုက်ပါ တယ်။ ဝက်က အစာအခြောက်ကို စားလိုက်၊ ရေသွားသောက် လိုက်ပေါ့။ ကောင်းတော့ကောင်းသားဗျ၊ မကုန်ရင် ပြန်သိမ်းထား လို့ရတယ်လေ။ ဒါပေမဲ့ ဒီအစာကို စားနေသူတွေက ပြည်သူ့နီတိ နားမလည်သူဝက်များဖြစ်နေတော့ အစာအတိုအစ အဖိတ်အစင် တွေကျတာပေါ့ဗျာ။ ဒီလောက်များတဲ့ဝက်တွေရဲ့ စားကြွင်းစားကျန် အမှုန်အမွှားတွေကို ကပ်ပါးပြုစားသောက်မယ့် တိရစ္ဆာန်တွေ လည်း ပေါက်ဖွားရှင်သန်လာကြတာက သဘာဝဆိုတော့လေ။

အခု ကျွန်တော်တင်ပြမယ့် သာယာဝတီထောင်အတွင်းက “ကြွက်တို့ရွာ”ဆိုတဲ့ ဖြစ်တည်မှုတစ်ခုကလည်း ကျွန်တော့် အတွေ့အကြုံ တစ်ခုပါပဲ။

[ ၈ ]

စာရှုသူများခင်ဗျား၊ 'ကြွက်'ဆိုလို့ ကြွက်ဝမ်းပူ သေးသေးလေးတွေ၊ မြေကြွက် စုတ်တိစုတ်ဖတ်တွေကို မြင်ယောင်သွားမှာစိုးလို့ ပြောပြရပါဦးမယ်။ ကြောင်လောက်ကြီးတဲ့ အဆီတစ်ထပ်အသားတစ်ထပ် မြေကြွက်ဝဝကစ်ကစ်ကြီးများ ဖြစ်ပါတယ်။ မူလမျိုးရင်းကတော့ သာယာဝတီထောင်က လယ်ကွက်တွေထဲမှာတည်ထားဆောက်လုပ်ထားတော့ လယ်မြေသတ္တဝါဖား၊ ငါးရှဉ့်၊ ကြွက်မျိုးတွေကထောင် စတင်ဖွင့်လှစ်ကတည်းက မျိုးဆက်မပြတ်ဖြစ်တည်လာကြတာ သေးလိုက်ကြီးလိုက်၊ နည်းလိုက်များလိုက် (ခေးအော့စ်) သီအိုရီအတိုင်းပေါ့ဗျာ။ သာယာဝတီထောင်ထဲမှ ၁၉၉၀ ဝန်းကျင်လောက်က ကြွက်တို့ရွာကြီးတစ်ရွာ ရှိခဲ့ဖူးပါတယ်ဆိုရင် ယုံကြည်နိုင်ကြပါ့မလား။ အဟုတ်ရှိခဲ့ဖူးပါတယ်။ နေ့ခင်းဘက်တော့ လာမရှာနဲ့၊ ကြွက်အမြီးတောင်မတွေ့နိုင်ပါဘူး။ အဲဒါ

ထောင်ထဲက ငတ်နေတဲ့ အကျဉ်းသားတွေက မကျေနပ်ကြတာ။ ဒီလောက်ကြီးတဲ့ ကြွက်ကြီးတွေကို စားချင်လို့ နေ့ခင်းဘက် ရှာတာ မတွေ့ကြဘူးလေ။ ရှာမရဘူးဖြစ်နေကြတယ်။ ကြွက်ကြီးတွေက လည်း ဝက်တွေရဲ့ စားကြွင်းစားကျန်သာမက အစာဂိုဒေါင်ထဲက ပဲဖတ်တွေ၊ ငါးခြောက်အိတ်တွေ၊ ဖွဲနုတွေ၊ ဆန်ကွဲတွေစားပြီးတော့ မြေကြွက်က ကြောင်လောက်ဖြစ်နေကြပြီလေ။ နေ့ခင်းဘက်ရှာလို့ ဘယ်ရမလဲ။ ကြွက်တွေနေတဲ့နေရာက လုံခြုံရေးအရမ်းမြင့်တဲ့ နေရာမှာ ရွာတည်ထားကြတာကိုး။

ကဲဗျာ-ထောင်အုတ်ရိုးထဲမှာ နေထိုင်ကြကတည်းက လုံခြုံရေးရဲ့ သဘာဝကို ဒီကြွက်တွေက ရရှိပြီးသား။ အဲဒါကိုတောင် မပြီးသေးဘဲ ကိုရွှေကြွက်တွေက ဘယ်မှာရွာသွားတည်သလဲဆို တော့ဗျာ၊ သာယာဝတီထောင်မှာ မြန်မာနိုင်ငံစာစစ်ဌာနက စာမေးပွဲမေးခွန်းထုတ် ရိုက်နှိပ်တဲ့ဌာန လာဖွင့်ထားပါတယ်။ လုံခြုံရေးစည်း ၃ ထပ်နဲ့မည်သူမျှ အဝင်အထွက်မလုပ်ရတဲ့ နေရာပါ။ မြန်မာတစ်နိုင်ငံလုံးက ၁၀ တန်းစာမေးပွဲမေးခွန်းတွေ ရိုက်နှိပ် တာလေ။ ကျွမ်းကျင်သူ ဝန်ထမ်းတွေကို အနေအထိုင်ကျပ်တည်း စရိတ် ၂ လစာ လခပေးပြီး လိုအပ်တဲ့ ဝန်ထမ်းအားလုံးကို လုံခြုံရေးစည်း ၃ စည်းထဲမှာထည့်ပိတ်ထားတာ ၃လကြာပေါ့။ နေမကောင်းရင် ဆေးကုပေးမယ့် ဆရာဝန်က အစပါတယ်။ စက်ပျက်ရင်ပြင်ရန် အင်ဂျင်နီယာကအစ ပါဝင်ပါတယ်။ အတွင်း အပြင် အဆက်အဆံမရှိရပါဘူး။ နေ့စဉ် စားသောက်ရန် အပြင်က ချက်ပို့ပေးရပါတယ်။ စားချင်တဲ့အစာကို ချက်ပေးရပါတယ်။ အဲဒီအစားအသောက် အမှာစာရွက်ကို အတွင်းစည်းက ညွှန်ကြား ရေးမှူးအဆင့်က စစ်ဆေးပြီးမှ မိတ္တူကို အပြင်စည်းက ညွှန်ကြား

ရေးမှူးထံ လူကိုယ်တိုင်မသွားရဘဲ လက်တွန်းလှည်းဖြင့် တွန်းပို့ပေးရသလို အပြင် ကရောက်လာတဲ့ အစားအသောက်များကိုလည်း အပြင်စည်းက ညွှန်ကြားရေးမှူးအဆင့်က အားလုံးစစ်ဆေးအတည်ပြုပြီးမှ အတွင်းစည်းညွှန်ကြားရေးမှူး အဆင့်ထံ လှည်းကို တွန်းပို့ပေးရပါတယ်။ လှည်းနားမှာ လူလိုက်ပါသွားရခြင်း မပြုလုပ်ရပါဘူး။ စကားလည်း လှမ်းမပြောရပါဘူး။ စနစ်တကျ မှတ်တမ်းတင်ထားတဲ့ အစားအသောက်မှာတဲ့ စာနှင့် အစားအသောက်ကိုသာ အသွင်းအထုတ်ကို လက်ခံပါတယ်ဗျာ။

ကဲလေ-အဲဒီလောက်လုံခြုံရေးတင်းကျပ်ထားတဲ့နေရာမှာ ရှာတည်ထားတဲ့ ကိုရွှေကြွက်တွေကို ဘယ်လိုအစွမ်းအစရှိတဲ့ ဝန်ထမ်းအကျဉ်းသားက သွားဖမ်းဆီးနိုင်ပါမလဲဗျာ။ ဒါ့ကြောင့် နေ့ခင်းဘက်ကြွက်ရှာရင် မတွေ့နိုင်ဘူးလို့ ပြောတာပေါ့။ အဲ-ထောင်ပိတ် သံချောင်း(ထောင်များတွင် ညအိပ်ရန် တန်းစီလူစစ်ပြီး အရေ အတွက်ပြည့်ရင် အကျဉ်းသားအားလုံးကို ထည့်ပိတ်သော့ခတ်ပြီးရင် ဝန်ထမ်း နေ့/ည ဂျူတီလွှဲပြီးရင် ထောင်ပိတ်သံချောင်းလို့ ခေါ်ကြတဲ့ ၃ ချက်တွဲနှင့် ၁ ချက် တောင်တောင်တောင်တောင်လို့ ခေါက်တာပါ) ခေါက်လိုက်ပြီဆိုတာနဲ့ အကျဉ်းသားအားလုံးက ဘုရားရှိခိုးမယ်၊ ကြွက်တွေကလည်း နားလည်ကြတယ်၊ ငါတို့ထွက်လို့ရပြီလို့ သိကြတယ်၊ မြန်မာနိုင်ငံစာစစ်ဌာနဝင်းထဲ ကြွက်ရှာသူ၊ ရှာသားအားလုံးက တန်းစီပြီးတော့ ရေမြောင်းပေါက်သံဆူးကြိုးအောက်က တန်းစီထွက်လာကြတာများဗျာ၊ ကျွန်တော်ကိုယ်တိုင်မြင်တွေ့ခဲ့ရတာပါ။ ကျွန်တော်ဟာ ၁/၂ ၂ထပ်တိုက်မှာ ခပ်ကြာကြာနေခဲ့ရဖူးလို့ပါ။ အဲဒီ ၁/၂ ၂ ထပ်တိုက်က မြန်မာနိုင်ငံ စာစစ်ဌာနနှင့် သံဆူးကြိုးနှစ်ထပ် ဘိလပ်မြေအမိုးပြား တစ်ထပ်

ကာခြားထားတာပါ။ ၁/၂ ၂ထပ်တိုက်ရဲ့ အပေါ်ထပ် ၂၄ ခန်းက အကျဉ်းသားမထားဘဲ ဝက်စာများကို ဂိုဒေါင်လုပ်ထားလို့ ကြွက် ရွာသူ၊ ရွာသားများရဲ့ စူပါဖရီးမားကတ်ကြီး ဖြစ်ပါတယ်ဗျာ။ ကျွန်တော်က ၁/၂ ၂ ထပ်တိုက်ရဲ့ ၁ တိုက်အောက် ၄ ခန်းမှာ တစ်ဦးတည်းနေရတော့ ညည ကိုဒီကြွက်တွေရဲ့ လှုပ်ရှားမှုတွေကို သာနှစ်နဲ့ချီပြီး ထိုင်ကြည့်လာရတာပါဗျာ။

ကျွန်တော့်အခန်းရှေ့က မြေကွက်လပ်မှာ ရာသီသီးနှံ စိုက်ခင်းကြီးများ ရှိပါတယ်။ နိုကိုဥ၊ မုန်လာဥ၊ ဘူးသီး၊ ခရမ်းသီး စတဲ့ တောင်ယာစိုက်ခင်းများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခူးဆွတ်စားသုံးခွင့် မရှိပါဘူး။ ဒါပေမဲ့ ကြွက်ရွာသူရွာသားများကတော့ ထောင်ပိုင်ကိုလည်း မကြောက်ကြရတော့ဗျာ။ သူတို့အကြိုက်ပေါ့။ နှစ်ထပ်တိုက်အပေါ်ခန်းများမှာ ငါးခြောက်၊ ဖွဲနု၊ ပဲဖတ်ကို အဆင့်အတန်းမြင့်မြင့် ကိုယ်တိုင်ယူ(ဘူဖေး)စနစ်နဲ့ ကြွက်အမျိုးသား၊ ကြွက်အမျိုးသမီးအပေါင်းတို့ဟာ စားသောက်ပြီး အောက်ကိုပြန်ဆင်းလာချိန်မှာ ကျန်းမာရေးနဲ့ ညီညွတ်အောင် စိုက်ခင်းထဲမှာလမ်းလျှောက်ကြပါတယ်။ အချို့ကြွက်များလည်း ရည်းစားစကားပြောကြ၊ ချစ်တင်းနှောကြပေါ့ဗျာ။ အချို့လည်း အပေါ်ထပ်က ပဲဖတ်စားရတာကြာလို့ ငြီးငွေ့ကြဟန်နဲ့ မုန်လာဥ၊ နိုကိုဥများကို သုံးဆောင်ကြပါတယ်။ ကြွက်တွေရဲ့ ပျော်ရွှင်စွာ၊ လွတ်လပ်စွာ စားသောက်သွားလာနေကြတာကို နှစ်ပေါင်းများစွာ အချုပ်အနှောင်ခံ နေရသူ၊ ထောင်ဝင်စာ အပိတ်ခံထားရလို့ ငတ်နေသူ၊ ယခုကြွက်တွေစားနေတဲ့ နိုကိုဥကို စားချင်နေသူ ကျွန်တော်ဟာ ညတိုင်း သံတိုင်ကိုကိုင်ပြီး ငေးမောကြည့်ရှုရင်း ကြွက်လောက်မှ ကံမလှတဲ့ ငါ့ဘဝလို့သာ ခံယူရင်းပေါ့ဗျာ။

ကျွန်တော်တို့ မဟာဗျူဟာသပိတ်အဖွဲ့ သာယာဝတီထောင်ထဲရောက်ပြီးတဲ့နောက် သာယာဝတီမြို့၊ သုံးဆယ်မြို့များမှာ နိုင်ငံရေးလှုပ်ရှားမှုတွေရှိနေတယ်လို့ သတင်းကြားရပါတယ်။ အထကတွေမှာ စာကပ်သွားတာတို့၊ သုံးဆယ်ရုပ်ရှင်ရုံရှေ့မှာ လှုံ့ဆော်စာတွေဖြန့်တာတို့ ထောင်ထဲက ကြားနေရပါတယ်။ ဘယ်သူတွေလုပ်နေတာလဲဆိုတာ စဉ်းစားလို့မရခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ဗျာ။ အားလုံးက ထောင်ကျတဲ့သူကျ၊ တိုတစ်ဖက်နိုင်ငံကိုရောက်သူကရောက်၊ သေတဲ့သူကသေ၊ ကိုယ့်သူငယ်ချင်းရဲဘော်တွေရဲ့ အခြေအနေအားလုံးကို သိထားပြီးသားဖြစ်နေတယ်လေ။ ဘယ်သူတွေဖြစ်မလဲပေါ့။ စဉ်းစားလို့မရခဲ့ပါဘူး။ သိပ်တော့ မစောင့်လိုက်ရပါဘူး။ အဲဒီလှုပ်ရှားမှုများမှာ ပါဝင်ပတ်သက်ခဲ့ကြသူများကို ဖမ်းမိပြီကြားတယ်။ ကျွန်တော်တို့လည်း စိတ်ဝင်စားလို့ အထဲက လှမ်းသတင်းထောက်ကြည့်လိုက်တော့ လားလား။ သာယာဝတီက၊ သုံးဆယ်က ကျောင်းသားကလေးတွေပါ။ ကျွန်တော်တို့နှင့် ခင်မင်ရင်းနှီးသူများရဲ့ သားသမီးလေးတွေပါ။ ကလေးတွေအတွက် စိတ်မကောင်းခဲ့ပါဘူး။ သူတို့ကိုစစ်ခုံရုံးတင်မယ်လို့ ထင်ခဲ့ပါတယ်။ သတင်းက ဆက်ဝင်လာတယ်။ ဒီကလေးတွေ မကြာခင် ထောင်ကို ပို့လိမ့်မယ်ကြားတယ်။

ထောင်ကို ရောက်လာတဲ့နေ့က မှတ်မိသေးတယ်။ကလေးတွေကိုကတော့ နှုတ်သာဆက်နေရတယ်။ ကိုယ်နဲ့ရွယ်တူတွေမဟုတ်ကြတော့ သိပ်မမှတ်မိဘူးဗျာ။ အားလုံးရဲ့နောက်မှာ အသက်ကြီးကြီးထဲက မျက်ရည်တွေကျပြီး ပါလာသူတစ်ဦးကို သတိထားမိလို့သွားနှုတ်ဆက်လိုက်တော့မှပဲ အံ့ဩစိတ်မကောင်းလည်းဖြစ်၊ ရယ်လို့ကလည်း မဖြစ်တဲ့ ဆန့်ကျင်ဘက်ဝေဒနာ နှစ်ခု

သုံးခုကို ကျွန်တော် ခံစားလိုက်ရပါတော့တယ်ဗျာ။ ဘယ်သူ ဖြစ်နေသလဲဆိုတော့ ကျွန်တော်တို့ငယ်ငယ်ကတော့ ကိုကြည်တဲ့။ မကြည်တဲ့။ အသက်တွေကြီးလာတော့ အမေကြည်တဲ့။ သုံးဆယ် မြို့မှာ နတ်ကပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ မိန်းမလျာကြီး။ အသက်(၆၀)ကျော်(၇၀)နီးပါး ရှိနေပါပြီ။ သူကလည်း ကျောင်း သားကလေးတွေနဲ့အမှုတွဲတဲ့။ ထောင်(၇)နှစ်လား။မမှတ်မိတော့ ဘူး ကျလာတယ်ဗျာ။ ဒါနဲ့ပဲ ကျွန်တော်က မေးတယ်။ အမေကြည် "ခင်ဗျားကလည်း နိုင်ငံရေးဝင်လုပ်တာလားပေါ့" အမေကြည်က "မဟုတ်ရပါဘူး ကိုဂျော်လီထွန်းရယ်။ အမေကြည်က ဘာမှ မသိရ ဘဲနဲ့ အယုတ်တမာကောင်တွေက ဖမ်းပြီး ထောင်ချလိုက်တာ။ သေနာတွေ၊ ကာလနာတွေ" စသည်ဖြင့်ပေါ့ဗျာ။ မိန်းမလျာတို့ သဘာဝနဲ့ မဲ့ကာရွဲ့ကာ ပြောပြနေတာ ကျွန်တော် အခု ဒီစာကို ရေးနေရင်း မြင်ယောင်နေပါသေးတယ်။ သနားလည်းသနား၊ ရယ် လည်း ရယ်စရာပါ။

အမေကြည် ဇာတ်လမ်းက ဒီလိုဗျ။ အမေကြည်က ဒီ ကျောင်းသားလေးထဲက တစ်ယောက်ရဲ့မိသားစုနဲ့ အိမ်တစ်လုံး ထဲမှာ ငှားနေကြတာ။ အမေကြည်ရဲ့ အိမ်ပိုင်လား၊ ကျောင်းသား လေးရဲ့ အိမ်ပိုင်လားတော့ ကျွန်တော်မမှတ်မိတော့ဘူး။အိမ်တစ် လုံးထဲမှာ အတူတူနေကြတဲ့ အကြောင်းရင်းက ပေါင်းပြီး ငှားနေကြ တာ။ အဲဒီတော့ အမေကြည်က သူ့ဝမ်းစာရေးအတွက် အသက်က ကြီးလာတော့ နတ်ကဖို့မတတ်နိုင်တော့ဘူးလေ။ အဲဒါ နတ်ပေဒင် ဟောစားတယ်။ ဘုရားခန်းမှာ ၃၇မင်းနတ်ရုပ်ကြီးတွေ အစီအရီနဲ့ ပေါ့ဗျာ။ အခုအဖမ်းခံရတဲ့ ကိုအေးဝင်းတို့သားအဖနဲ့ ကျောင်းသား လေးတွေက နတ်ရုပ်တွေ နောက်ဘက်မှာ နိုင်ငံရေးစာရွက်စာတမ်း

တွေဖြန့်ဝေဖို့ စာရွက်တွေ ကော်ပီကူးကြတယ်လို့ဆိုပါတယ်။ အဲဒီခေတ်က ကော်ပီကူးတာက ဖယောင်းစက္ကူ လက်နှိပ်စက်ရိုက် ဖောက်ပြီးသားကို ပုံနှိပ်မင်သုတ်ထားတဲ့ ၂ပေမီးချောင်းအကျွမ်းနဲ့ လှိမ့်ကူးကြတာကိုးဗျ။ ကောင်းတာလည်းကောင်း၊ ပျက်တာလည်း ပျက်ပေါ့ဗျာ။ ဒါနဲ့ကျောင်းသားလေးတွေရဲ့ လျှို့ဝှက်ပုံနှိပ်ကော်ပီ ကူးတဲ့အလုပ်အပြီးမှာ ပစ္စည်းတွေပြန်ထုပ်သိမ်းကြတော့ မထင်ရှား တဲ့ ရိုက်ပျက်နိုင်ငံရေး လှုံ့ဆော်စာရွက်တစ်ရွက်က သိမ်းဖို့ကျန်ခဲ့ တယ်လို့ပြောတယ်။ အမေကြည်ကလည်း အိုကြီးအိုမ မျက်စိက မှုန်မှုန်နဲ့ အဲဒီစာရွက်ကို ဖင်လှုပ်အခြေမငြိမ်တဲ့ နတ်ရုပ်တစ်ရုပ် အောက်မှာခေါက်ပြီးတော့ နတ်ရုပ်အခြေငြိမ်အောင် ခုထား လိုက် မိတာမှာ ဇာတ်လမ်းက စတော့တာပါပဲဗျာ။

တစ်နေ့တော့ ကျောင်းသားလေးတွေရဲ့ လှုပ်ရှားမှုတွေကို ထောက်လှမ်းရေးက အနံ့ရပြီး အဲဒီအိမ်ကိုဝိုင်းထားပြီး ရှာပါလေ ရောဗျို့။ နိုင်ငံရေးလုပ်တဲ့ကျောင်းသားတွေထဲက ဘာသဲလွန်စ အထောက်အထားမှ ရှာလို့မတွေ့ဘဲ နတ်ကတော် အမေကြည်ရဲ့ နတ်ရုပ်တွေကို ဖယ်ပြီးရှာတဲ့အခါကျတော့ တွေ့ပြီပေါ့ဗျာ။ စော စောက အမေကြည်နတ်ရုပ်လှုပ်နေလို့ ဖင်ခုထားတဲ့ နိုင်ငံရေး စာရွက်(ရိုက်ပျက်)ကိုတွေ့တာက အမေကြည်ပိုင်တဲ့ နတ်ရုပ် အောက်မှာဆိုတော့ ကိုရွှေထောက်လှမ်းရေးများရဲ့စွပ်စွဲလိုက်တဲ့ ပုဒ်မကြီးကတော့ နိုင်ငံ့အကြီးအကဲများကို နတ်နှင့်တိုက်ရန် မကောင်းကြံစည်မှုတဲ့ဗျာ။ အဲဒီခေတ်က ထောက်လှမ်းရေးများဗျာ၊ သေခါနီးနတ်ကတော်တောင် ချမ်းသာမပေးဘဲ စစ်ခုံရုံးကို ဆွဲခေါ် တင်လိုက်ကြတာ၊ နတ်ကတော်အမေကြည်လည်း ထိုင်ရှိခိုးလည်း မရ၊ နတ်သံနှော့လို့လည်း ထောက်လှမ်းရေးက လက်မခံ။စစ်ခုံရုံး

မှာ တရှုံ့ရှုံ့ငိုနေတဲ့ ကျွန်တော်တို့လူလားမမြောက်ခင်က မမကြည်။ ၁၉၈၉ခုနှစ်မှာ အမေကြည်တစ်ယောက် သာယာဝတီစစ်ခုံရုံးက ထောင် ၇နှစ်ချလိုက်တာ ပြန်လွတ်မလာတော့ဘဲ ထောင်ထဲမှာတင် မကျန်းမမာဖြစ်ပြီး ကွယ်လွန်ခဲ့ရပါတယ်ဗျာ။ တကယ်နိုင်ငံရေးကို စိတ်ပါလက်ပါလုပ်ပြီး ထောင်ကျခဲ့သူမဟုတ်ပေမယ့် နိုင်ငံရေးလုပ်နေတဲ့ ကျောင်းသားလေးများနဲ့ တစ်အိမ်တည်းနေပြီး မြင်တာကြားတာသိတာတွေကို သစ္စာရှိရှိနှုတ်လုံခဲ့တဲ့ နတ်ကတော် အမေကြည်ကို ဒီစာကိုရေးနေတဲ့ မဟာဗျူဟာ သပိတ်ကော်မတီ ဥက္ကဋ္ဌ ကျွန်တော်ဦးကျော်လီထွန်းက ရိုရိုသေသေအလေးပြု ဦးညွတ်လိုက်ရင်းနဲ့ "အမေကြည်တစ်ယောက် ကောင်းရာသုဂတိ လားပါစေ နောက်နောင် ဖြစ်လေရာဘဝတိုင်းမှာ အာဏာရှင်စနစ်ဆိုးရဲ့ဗရမ်းဗတာ တရားစီရင်ရေးမျိုးနဲ့ ကင်းဝေးပါစေ"လို့သာ ဆန္ဒပြုလိုက်ရပါတယ်ဗျာ။

## [ ၉ ]

အကျဉ်းထောင်များမှာ ဝန်ထမ်းများက လွယ်လင့်တကူ အကျဉ်းသားကို ရိုက်နှက်နေတာ အရင်ခေတ်ကလည်း ရှိပါတယ်။ ကျွန်တော်တို့ထောင်ကျခဲ့တဲ့ ၁၉၈၉ခုနှစ်ကနေ ၂၀၀၅ခုနှစ်လောက် အထိ ရှိနေပါတယ်။ ၂၀၀၅ခုနှစ် ဒီဘက်မှာလည်း အချို့ ထောင် ဝန်ထမ်းများအချို့ထောင်များနဲ့ ရဲဘက်စခန်း ၉၀ရာခိုင်နှုန်းလောက် မှာ အကျဉ်းသားကို လွယ်လင့်တကူ ရိုက်နှက်နေကြဆဲပါ။ မြန်မာ နိုင်ငံ တည်ဆဲဥပဒေများအရ မည်သူကဖြစ်စေ၊ မည်သူကိုဖြစ်စေ ရိုက်နှက်တာ တရားဥပဒေအရ အပြစ်ရှိပါတယ်။ ယခင် လွတ်လပ် ရေးမရမီနဲ့ လွတ်လပ်ရေးရပြီး ခေတ်များမှာ တရားဥပဒေအရ ရိုက်နှက်ခွင့်ကြိမ်ဒဏ်ဆိုတာ ရှိပါတယ်။ အဲဒီဥပဒေအရ ကြိမ်ဒဏ် ကိုတောင် အမိန့်ပေးနိုင်ချမှတ်နိုင်သူဟာ စနစ်တကျလေ့ကျင့်ထား တဲ့၊ သတ်မှတ်ထားတဲ့ အရည်အချင်းရှိသော ဥပဒေပညာရှင်

တစ်ဦးဖြစ်ရမည်ဖြစ်ပြီး ထိုသူက နှိုင်းနှိုင်းချင့်ချင့် တရားမျှတစွာဖြင့် ကြိမ်ဒဏ်ကို သတ်မှတ်ပေးရပါတယ်။ သက်ဆိုင်ရာ တရားရုံးမှ ကြိမ်ဒဏ်အပြစ်ပေး အမိန့်ချမှတ်ခံထားရသူ တရားခံကိုတောင် အကျဉ်းထောင်မှ တစ်ခါတည်း တန်းရိုက်လို့မရပါ။ တရားခံရဲ့ ကျန်းမာရေးအခြေအနေဟာ ကြိမ်ဒဏ်ကို ခံနိုင်ရည်ရှိမရှိနဲ့ ကြိမ်ဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဘေး ထွက်ဆိုးကျိုးများကို တရားခံရဲ့အပေါ် သက်ရောက်မှုမဖြစ်ပေါ်လာစေရန် ကျန်းမာရေးကိစ္စကျွမ်းကျင်တဲ့ တရားဝင် ကျန်းမာရေးပညာရှင် အရာရှိတစ်ဦးမှ တရားခံကို စစ်ဆေးပေးရပါတယ်။ တရားခံက ကြိမ်ဒဏ်ကို ခံနိုင်ရည်မရှိသော ကျန်းမာရေးအခြေအနေဖြစ်ပေါ်နေရင် ဆရာဝန်၊ ကျန်းမာရေး အရာရှိမှ တရားရုံးသို့ ကန့်ကွက်စာပေးပို့နိုင်ပါတယ်။ သက်ဆိုင်ရာ တရားရုံးက ပထမသတ်မှတ်ထားသော ကြိမ်ဒဏ်ကို အခြားပြစ်ဒဏ်တစ်ခုခု ပြောင်းလဲသတ်မှတ်ပေးရပါတယ်။ ကြိမ်ဒဏ်ကို ခံနိုင်ရည်ရှိနေသည့် တရားခံကိုလည်း ကြိမ်မရိုက်ခင်၊ ကြိမ်ဒဏ်ပေးမည့် ခန္ဓာကိုယ်ပေါ်မှနေရာကို ကြိုတင်ပိုးသတ်ပေးရပါတယ်။ ပြီးမှ ကြိုတင်စီစဉ်ထားသော ကြိမ်ရိုက်ကျွမ်းကျင်သူက ညှဉ်းဆဲမှုမမြောက်စေရန် ကြိမ်ဒဏ်ရာမထပ်စေဘဲ ကြိမ်ဖြင့် ရိုက်ရပါတယ်လို့ လေ့လာမှတ်သားခဲ့ ရဖူးပါတယ်။ အဲဒီလို တရားဥပဒေအရ စနစ်တကျ ကြိမ်ဒဏ်ပေးခြင်းကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အကုန်နီးပါး (အချို့နိုင်ငံအနည်းငယ်မှတစ်ပါး)က ခေတ်နဲ့မဆီလျော်တော့သောကြောင့် ကြိမ်ဒဏ်ပေးခြင်းကို ဖျက်သိမ်းထားကြပြီး ဖြစ်ပါတယ်။

ရဲဘက်စခန်းများတွင်ဆိုလျှင် အရိုက်ခံရင်း သေခဲ့ရသူများ မြောက်မြားစွာရှိခဲ့ပါတယ်လို့ အကျဉ်းသားတော်တော်များများ

က ကိုယ်တိုင်ကြုံ ကိုယ်တိုင်မြင်ဖူးပါတယ်လို့ ပြောကြပါတယ်။ ရဲဘက်စခန်းမှ ထွက်ပြေးလို့ပြန်မိရင် တရားရုံးကိုတင် တရားစွဲဆိုရပါတယ်။ ရဲဘက်ပြေးတစ်ဦးရမယ့်အပြစ်ဒဏ်က (၆)လ(၁)နှစ်သာ ဖြစ်ပါတယ်။ ဒါပေမဲ့ အကျဉ်းဦးစီးက ဝန်ထမ်းလက်ထဲမှာ သေဒဏ်စီရင်ခြင်း ခံလိုက်ရတာတွေကို ကျွန်တော်ထောင်ထဲက ရဲဘက်စခန်းပြန် အကျဉ်းသားနဲ့ဝန်ထမ်းများထံက အများကြီးကြားဖူးပါတယ်။ တကယ်တမ်းမှာ အကျဉ်းထောင်လက်စွဲ ဥပဒေကို ကျွန်တော်လေ့လာဖူးပါတယ်။

မှတ်မိသလောက်ပြောရမယ်ဆိုရင် နိုင်ငံတော်သမ္မတထံ အပ်နှင်းထားသော အခွင့်အာဏာအရ အကျဉ်းထောင်အတွင်းတွင် အကျဉ်းသားသည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ရန်အလို့ငှာ အကျဉ်းထောင်အုတ်ရိုးမကြီး/တံခါးကြီးများကို ချိုးဖျက်နေစဉ် ထိုအကျဉ်းသားဆောင်ရွက်မှုများကို ရပ်ဆိုင်းသွားရန်အလို့ငှာ အစိုးရဝန်ထမ်းသည် အမိန့်အရ တုတ်၊ဓား သေနတ်ကို အသုံးပြုနိုင်သည် (မှတ်ချက်-တုတ်၊ဓား၊သေနတ်ကို အသုံးပြုချိန်သည် ထိုအကျဉ်းသားမှ ဆောင်ရွက်နေစဉ် အချိန်အတွင်းသာဖြစ်ရမည်ဆိုတဲ့သဘောမျိုးနှင့်တောင် ထိန်းချုပ်ထားတာ တွေ့ရပါတယ်။ ဒါ့အပြင် အကျဉ်းသားအချင်းချင်း သို့မဟုတ် အကျဉ်းသားက ဝန်ထမ်းကိုသတ်ဖြတ်ရန် အားထုတ်မှုများအတွက်လည်း တုတ်၊ ဓား၊ သေနတ်ကို အသုံးပြု၍ ကာကွယ်တားဆီးခွင့်ပေးထားခြင်းကိုလည်း လေ့လာခဲ့ရပါတယ်။ အဲဒီမှာလည်း ထိုအမှုကို အားထုတ်ခြင်းရပ်ဆိုင်းသွားစဉ် မဖြစ်စေရဘဲ ဆက်လက်အားထုတ်နေစဉ်မှာသာ တုတ်၊ ဓား၊ သေနတ်ကို သုံးစွဲခွင့် ပြုထားတာကို တွေ့မြင်မှတ်သားခဲ့ဖူးပါတယ်။ အဲဒီလုပ်ပိုင်ခွင့်ကို ရှောင်

တော်ပြန်နှင့် ရောအသုံးချနေကြဟန်တူပါတယ်။ အကျဉ်းထောင်ဝန်ထမ်းအားလုံးက အကျဉ်းသားကိုရိုက်နှက်နေမှုများက မြန်မာနိုင်ငံအကျဉ်းထောင်များကို ICRC အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ဝင်ရောက်စစ်ဆေးခွင့်ရရှိခဲ့သော အချိန်များတွင်မှ ကိုယ်ရှိန်သတ်သွားကြတာ ဖြစ်ပါတယ်။ သူတို့ရိုက်သတ်တာကိုသာ ကိုယ်တွေ့မကြုံဖူးပေမယ့် မသေရုံရိုက်နှက်တာကိုတော့ ကျွန်တော်ကိုယ်တိုင်လည်း ခံဖူးပါတယ်။ သူတစ်ပါးကိုရိုက်တာကိုလည်း အမြဲမြင်တွေ့နေခဲ့ရပါတယ်။ မစင်တွေထွက်ကျတဲ့အထိအားထည့်ရိုက်တာပါ။

အကျဉ်းဦးစီးက ထောင်ဝန်ထမ်းတချို့ကိုလည်း ကျွန်တော်နားမလည်နိုင်ပါဘူးဗျာ။ ဥပဒေအရ ရိုက်နှက်ခွင့်မရှိတာကိုလည်း သူတို့သိပါတယ်။ အချို့သော ထောင်အတွင်းရိုက်နှက်မှု ဖြစ်စဉ်များမှာခံရတဲ့ အကျဉ်းသားက ထိရောက်စွာ တိုင်ကြားနိုင်ခဲ့လို့ အကျဉ်းဦးစီးဝန်ထမ်းကို အရေးယူခံရတာတွေကိုလည်း မြင်ကြားသိနေရတယ်။ ဒါကိုပဲ မရိုက်ရပါဘူးဆိုတာကို သူတို့က ရိုက်ဖို့ကိုပဲ အာရုံကျနေကြတယ်လေ။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရဖူးတဲ့ အကျဉ်းထောင်တွင်းက ရိုက်နှက်တဲ့ဖြစ်စဉ်တစ်ခုမှာ အရိုက်ခံရတဲ့ အကျဉ်းသားကို ခေါင်းစွပ်အမည်းကြီး စွပ်ထားပါတယ်။ အဲဒါကို ဝိုင်းရိုက်နေကြပါတယ်။ ဒီအချိန်မှာ အဲဒီရိုက်ပွဲကိုရိုက်ချင်လို့ ပြေးလာတဲ့ အကျဉ်းဦးစီးက ဝန်ထမ်းတစ်ဦးက ခြေခေါက်လဲပြီး ဒူးကွဲသွားလို့ ထောင်ဆေးရုံကို လိုက်ပို့ပေးလိုက်ရတာ အစအဆုံးမြင်ဖူးပါတယ်။ တစ်ခုပဲ တွေးလို့ရပါတယ်။ တာဝန်ခံအာဏာပိုင်က အမိန့်ပေးရိုက်ခိုင်းတာကို တာဝန်ခံကျေနပ်အောင် အောက်ခြေက ဝန်ထမ်းက မျက်နှာလိုချင်လို့ အောက်ဆိုက်မန်းနီးအရ လွယ်တဲ့

နေရာမှာနေချင်လို့ အထက်အလိုကျ ရိုက်ပြတာလားလို့လည်း တွေးမိပါတယ်ဗျာ။ နောက်တစ်ခုက လခထုတ်ရက်ဆိုရင် အကျဉ်းဦးစီးဝန်ထမ်းအချို့ သောက်တတ်စားတတ်တယ်။ မူးလာရင် ရိုက်နှက်တတ်ကြပါတယ်။ ကျွန်တော်ကြုံခဲ့ရဖူးတဲ့ ထောင်ပိုင်နှစ်ဦးကိုတော့ ပြောပြရဦးမယ်ဗျာ။ ထောင်ပိုင်တစ်ဦးက ထောင်အတွင်း တရားလက်လွတ် ရိုက်နှက်မှုတွေ အထက်ကို ပေါက်ကြားလို့ တိုင်ကြားတာခံရလို့ ရုံးချုပ်က စစ်ဆေးသူတွေကိုစေလွှတ်ရင် ထောင်ပိုင်ကပဲ ခေါင်းရှုပ်ခံရှင်းရတယ်။ အနည်းဆုံးကတော့ အဲဒီစစ်ဆေးရေးအဖွဲ့ကို ၄/၅ ရက် ဧည့်ခံကျွေးမွေးစရိတ်က လက်ဆောင်ဖိုးပါ အနည်းဆုံး ၅ သိန်း လောက်တော့ကုန်ပြီလေ။ တစ်လနှစ်ခါလောက် အတိုင်ခံရရင် ကုန်လိုက်တဲ့ ငွေက မနည်းဘူးပေါ့။ ဒီတော့ ထောင်ပိုင်က ပြောတယ်။ ငါလည်း မသိလိုက်ရဘူး ငါလည်း ရိုက်ဖို့အမိန့်မပေးဘူး။ လိုအပ်ရင် ငါကိုယ်တိုင် ရိုက်မယ် (သူရိုက်ရင် အတိုင်းအဆရှိမယ်ပေါ့) တခြားကောင်ရိုက်တာကို ငါအရေးယူမခံနိုင်ဘူး။ ထောင်ထဲမှာ ငါ့အမိန့်မရဘဲ အရေးပေါ်ကာလမဟုတ်ဘဲ တုတ်မကိုင်ရလို့ အမိန့်ထုတ်ထားဖူးပါတယ်။ သူ့အတွေးနဲ့သူတော့ ဟုတ်တုတ်တုတ်ပါပဲ။ အတွေးအခေါ်ညံ့တဲ့ ထောင်ပိုင်အချို့ကတော့ အကျဉ်းဦးစီးဝန်ထမ်း တုတ်ကိုင်မထားရင်ဘဲ အရေးယူမယ်ဘာမယ် ပြောကြပါတယ်။ ထောင်ထဲမှာ အမှုထမ်းနေတဲ့သူက ၁၀၀ခန့်ရှိတယ်။ ထောင်က အကျယ်ကြီးပါ။ အိမ်မှာ အဆင်မပြေလို့ စိတ်ဆိုးလာတဲ့ ဝန်ထမ်းက ထောင်ထဲက အကျဉ်းသားကို စိတ်တိုတိုနဲ့ဖိရိုက်ရင် အကျိုးအပဲ့ရှိလာတယ်။ ပြဿနာဖြစ်လာမယ်၊ ထောင်တာဝန်ခံက ဒိုင်ခံရှင်းရမယ်။ ထောင်အုတ်ရိုးကြီးထဲမှာ အကျဉ်းသားက အုပ်ချုပ်သူကို အာခံတာဖြန့်

လုပ်တာ မရှိသလောက်ပါပဲ။ ရှိလာရင်လည်း ကျော်ထွက်မပြေးနိုင်ပါဘူး။ အုတ်ရိုးပေါ်က(ဗူးဘန်ကာ)မှာ သေနတ်နဲ့အစောင့်တွေလည်းရှိနေပဲဗျာ။ တစ်ခုပဲပြောပြမယ်ဗျာ၊ ရဲဘက်တို့ အပြင်ဘုတ်တို့ ထွက်နေတဲ့ အကျဉ်းသားရာကျော်ကို အကျဉ်းဦးစီးက ဝန်ထမ်း ၂ယောက် ၃ယောက်တည်းထိန်းနေတာ ဘာတွေများဖြစ်နေလို့လဲ။ ဘာမှမဖြစ်ဘူး၊ သူ့အရပ်နဲ့သူ့ဇာတ် ငြိမ်ဝပ်ပိပြားလို့ပါပဲ။ ထောင်ထဲမှာ ဖြစ်နေတာတွေက အံ့သြစရာပါပဲ။ အကျဉ်းသားနှစ်ဦး ရန်ဖြစ်တယ် ဆိုပါတော့ဗျာ၊ ထိုးရုံကြိတ်ရုံပဲ ထိုးမိတာလည်း တစ်ချက်နှစ်ချက်ပါပဲ။ ဖူးရုံရောင်ရုံပဲ ဘေးကဝိုင်းဆွဲထားကြတယ်။ အကျဉ်းဦးစီးဝန်ထမ်းကခေါ်ပြီး အရေးယူလိုက်တာ လက်ဖျံရိုးကျိုးသွားတာတို့၊ ဆီးသွားရင်း သွေးပါလာတာတို့ဖြစ်လာတာ ခဏခဏပါ။ အဲဒီတော့ သူတို့က ရန်ဖြစ်လို့ မေတ္တာနဲ့တာဝန်နဲ့ အရေးယူတာမဟုတ်ဘဲ အကျဉ်းသားနှစ်ဦး ရန်ဖြစ်ရာက လူသတ်မှုဖြစ်သွားရင် သူ့ရာထူးကို ထိခိုက်မယ်ဆိုပြီး အတ္တနဲ့စိတ်ဆိုးပြီးတော့ ဥပဒေမဲ့ဖိနှိပ်တာပဲ ဖြစ်နေပါတော့တယ်။

[ ၁၀ ]

ကျွန်တော် သာယာဝတီထောင်မှာ ရှိနေစဉ်က တိုက်ပိတ်အပြစ်ဒဏ် ၄ ကြိမ် ခံခဲ့ရပါတယ်ဗျာ။ တိုက်တိုက်ဆိုင်ဆိုင် ၃ ကြိမ်လုံးက သင်္ကြန်တွင်းမှာပါပဲ။ ပထမဦးဆုံးအကြိမ်က ဒုတိယထောင်ပိုင်တာဝန်ခံအရာရှိ ဦးတင်မောင်လွင်(တိမွေးကု ဘွဲ့ရ)ကို ရိုရိုသေသေ စကားမပြောလို့ ဆိုပြီးတော့ နွေရာသီအခါကြီး ရက်ကြီး သင်္ကြန်ကာလမှာပါဗျာ။ ၂ ထပ်တိုက် ၁/၂ တိုက်မှာ ၂ ကိုက် ၄ ခန်းမှာ အပိတ်ခံရတာပါ။ လုံးဝအပြည့်ပိတ်တာပါ။ မိလ္လာကို လုံးဝမရှင်းလင်း မစွန့်ပစ်ရပါဘူး။ မိလ္လာဆိုတာ အပေါ့အလေး သွားတဲ့ကိစ္စကို ပြောတာပါ။ တစ်လတိုက်ပိတ်ပြစ်ဒဏ်ကို အပြည့်ခံစားရတာပါ။ ၈ ပေ/ ၁၀ ပေကျယ်တဲ့ တိုက်ခန်းထဲမှာ လူကိုထည့်ထားပြီး တံခါးကို ၁၅ ရက် လုံးဝမဖွင့်ပေးဘဲ ထားတာပါဗျာ။ ရေချိုးခွင့်၊ အဝတ်လျှော်ခွင့်၊ အဝတ်လဲခွင့်၊ အိပ်ရာ၊ စောင်

အခြင်း လုံးဝပိတ်ပစ်ထားပါတယ်။ ထောင်ဝင်စာ ပေးမတွေ့ပါဘူး။ ၃ရက်လောက်ကြာတယ်ဆိုရင်ပဲ ဒီအတိုင်း ကွန်ကရစ်ကြမ်းခင်းပေါ် စွန့်ထားတဲ့မစင်နဲ့ ဆီးသွားတဲ့နေရာက လောက်တွေ ပွစိပွစိဖြစ်လာပါတော့တယ်။ နောက် လျင်မြန်စွာ ကြီးထွားလာပြီးတော့ တစ်ခန်းလုံးကို အဲဒီတိရစ္ဆာန်ပိုးမွှားများကလည်း အငြိမ်မနေ လမ်းလျှောက်နေကြတာဆိုတော့ တစ်ခန်းလုံး သူတို့တွေပဲ ဖွေးဖွေး လှုပ်နေတော့တာပါပဲ။ ကျွန်တော် တော်တော်ခံစားရပါတယ်ဆိုတာ ဒီစာကိုဖတ်နေတဲ့ စာရှုသူများ ထနေတဲ့ ကြက်သီးမွေးညှင်းကိုသာထောက်ရှုပြီးတော့ တကယ်လက်တွေ့ကြုံခဲ့ရတဲ့ ကျွန်တော့်ဒုက္ခကို မှန်းဆကြည့်ကြပါတော့။ အမှန်တကယ်က ကျွန်တော် ဒီကိစ္စကို ပြန်မဖော်ထုတ်ချင်ပါဘူး။ ရှက်လည်းရှက်မိပါတယ်။ လူ့ဂုဏ်သိက္ခာက လုံးဝညှိုးနွမ်းသိမ်ငယ်ခဲ့ရပါတယ်။ ကျွန်တော့်ကို သူတို့ဖြစ်စေချင်တာက ဒူးထောက်အညံ့ခံဖို့ပါပဲ။ ကျွန်တော်လုံးဝ အညံ့မခံခဲ့ပါဘူး။ လုံးဝလည်း အသနားမခံခဲ့ပါဘူး။ ဒီစာကို ပြန်ဖော်ထုတ်ရေး ရတာကလည်း အများပြည်သူနဲ့ တာဝန်ရှိသူများ အဖြစ်မှန်ကို သိရှိကြစေရန်၊ ကျွန်တော်တို့ နောင်တိုင်းပြည်မှာ ယုံကြည်ချက် သဘောထားအမြင်မတူတဲ့ ရာဇဝတ်သား မဟုတ်သူများကို ဒီလိုအဖြစ်ဆိုးမျိုး ထောင်ထဲမှာ ထပ်မကျူးလွန်နိုင်ကြပါစေရန် မိမိအရှက်ကို မငဲ့ကွက်ဘဲ တင်ပြတာ ဖြစ်ပါတယ်ဗျာ။

အဲဒီတော့ဗျာ၊ အထက်မှာ ကျွန်တော် ရေးပြထားခဲ့တာက ၃/၄ ရက်အကြာမှာတင် ဖြစ်နေရတဲ့အဖြစ်ပါ။ တစ်လမပြည့်ခင် ကျန်ရက်ပေါင်း ၂၀ ကျော်ကို ငါဘယ်လို ဖြတ်သန်းရပါ့မလဲ ကျွန်တော် မတွေးဝံ့ခဲ့ပါဘူး။ အရမ်းအိပ်ချင်လာတဲ့အခါ ပိုဒုက္ခရောက်ပါတော့တယ်ဗျာ။ လှဲအိပ်စရာ လက်တစ်ဝါးစာနေရာ

လွှတ်တောင်မရှိတော့ ငုတ်တုတ်ထိုင် အိပ်ရပါတယ်။ အဲဒါတောင် ဦးခေါင်းပေါ် ရောက်တဲ့အထိ တက်လာတဲ့အကောင်က တက်လာပါသေးတယ်။ ပုဆိုးကြား၊ အကျီကြားမှာတော့ အများကြီးပေါ့ဗျာ။ ငုတ်တုတ်ထိုင်အိပ်နေတာလည်း တကယ်အိပ်မောကျလာတော့ ထိုင်ရာကနေ ခွေခနဲ လဲကျတော့တာပါပဲ။ တအားအိပ်ချင်နေတော့ ချက်ချင်း ပြန်မထမိလိုက်ပါဘူး။ နားရွက်တွေထဲ၊ နှာခေါင်း၊ ပါးစပ်ထဲကို ဒီကျူးကျော်သူတွေ အမွှတိုးဝင်လာလိုက်ကြတာ ကျွန်တော်လည်း အလန့်တကြား ခုန်ထရပါတော့တယ်။ တစ်ညလုံးလည်း နှိုးလိုက်၊ ငိုက်လိုက် နေ့ခင်းဘက်လည်း ငိုက်လိုက်၊ လန့်နိုးလိုက်ပေ့ါ။ ထမင်းစားတော့လည်း ပထမ ရက်တွေမှာတော့ စားဖို့နေနေသာသာ ပျို့တက်လာတာပေါ့ဗျာ။ ဒါပေမဲ့ ငတ်ကြောရှည်လာတော့လည်း စားရတာပါပဲ။ အဲဒီကောင်တွေ ထမင်းပန်းကန်ထဲကို တက်မလာနိုင်အောင်ကတော့ ဂရုစိုက် နေရတာပေါ့။ ၁၀ ရက်ကျော်တော့ ကျွန်တော်တော်တော်ပိန်သွားပါတယ်။ ထမင်းလာပို့တဲ့ ဘ၀တူ အကျဉ်းသားတွေကလည်း စိတ်မကောင်းရုံကလွဲလို့ ဘာမှ အကူညီပေးနိုင်ကြပါဘူး။ ထောင်ထဲမှာ အရိုက်ခံလိုက်ရတဲ့ အကျဉ်းသားက ကျွန်တော့်ထက် ကုသိုလ် ကောင်းတာကို ကျွန်တော် သဘောပေါက်လာပါတယ်။ အခု ပြန်ရေးပြနေတာတောင် ကျွန်တော် အဲဒီတုန်းက ခံစားရတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခရဲ့ ၅၀% လောက် ပြန်ခံစားနေရပါတယ်ဆိုရင် စာရှုသူတို့ ယုံကြည်နိုင်ပါ့မလား မသိပါဘူး။ ကျွန်တော် တစ်ခုတော့ ရဲရဲပြောရဲပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေ အခုလိုခံစားရအောင် တီထွင်ကြံဆ နှိပ်စက်ခဲ့တဲ့သူတွေဟာ ကျွန်တော်တို့ ခံစားခဲ့ရတာတွေထက် အဆတစ်ရာ တစ်ထောင်မက ပြန်ခံစား

ပြန်ဝင်ရှုလည်ကြဦးမယ်ဆိုတာ သူတို့ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ကျိန်းသေပေါက် အဲဒီ အကုသိုလ်ကံတွေက သူတို့ထံ အနှေးအမြန် ရောက်လာမယ်ဆိုတာကိုပေါ့ဗျာ။

ဒုတိယအကြိမ်က အများနဲ့တိုက်ပိတ်ခံရတာပါ။ ကျွန်တော့်အမှုတွဲ ကိုရဲဝင်းက ထောင်ထဲမှာ ပြင်းထန်တဲ့နှလုံးရောဂါဖြစ်ပါတယ်။ အဲဒါကို အာဏာပိုင်ကအပြင် ဆေးရုံကို ဆေးကုသဖို့ ထုတ်မပေးပါဘူး။ အဲဒီမှာပဲ ထောင်ထဲရောက်နေတဲ့ ကျွန်တော်တို့ မဟာဗျူဟာ သပိတ်တစ်ဖွဲ့လုံးက ရဲဝင်းကိုထောင် အပြင်ထုတ်ဆေးကုသ ပေးပါရန် အစာငတ်ခံ ဆန္ဒပြကြပါတယ်။ ဆန္ဒပြကြရာမှာ ပါဝင်သူများကတော့ ကိုစိုးလှိုင်၊ ကိုကျော်စွာ၊ ကိုစိုးသိန်း၊ ကိုအေးကိုကို၊ ကိုအေးကိုကြီး၊ ကိုခင်လတ်၊ ကိုမြဝင်း၊ ကိုသန်းရွှေ၊ ကိုဖိုးလုံး၊ ကိုအုံ့ကူ၊ ကိုခေါင်းကြီး(ခေါ်)မြင့်မောင်၊ ကိုစန်းမြင့်၊ ကိုဖိုးထူး၊ ကိုစောမြင့်စိန်၊ ကိုကျော်ဇေယျ၊ ကိုရီမြင့်၊ ကိုနေစိုး တို့ဖြစ်ကြပါတယ်။ ထောင်အာဏာပိုင်များက ကျွန်တော်တို့ တစ်ဖွဲ့လုံးကို သီးသန့်တိုက်မှာထားထားတာကနေ နှစ်ထပ်တိုက် ၁/၂ တိုက်ကိုပြောင်းပြီး တိုက်ပိတ်ပါတယ်။ အဲဒီတုန်းက တာဝန်ခံအရာရှိက ဦးမြင့်သိန်းပါ။ ပြည်ထဲရေးဝန်ကြီးဌာနက ကျွန်တော်တို့ အားလုံးကို ရရှိပြီးသား ဆုမှတ်ရက်အားလုံးကို ဖြတ်တောက်ပြီး တိုက်ပိတ်ပြစ်ဒဏ် ၁လအပြစ်ပေးကြောင်းကို ထောင်ပိုင် ဦးမြင့်သိန်း ကိုယ်တိုင် ၁/၂ နှစ်ထပ်တိုက်ကို လာဖတ်ပြပါတယ်။ ဒါပေမဲ့ လူ့ကိုယ်ကျင့်သီလရှိတဲ့ တာဝန်ခံအရာရှိ ဦးမြင့်သိန်းက ကျွန်တော်တို့ တစ်ဖွဲ့လုံးကို တိုက်ပိတ်ပြစ်ဒဏ်ပေးရာမှာ အိပ်ရာ၊ အဝတ်အစားများကို မသိမ်းဆည်းဘဲပေးထားခဲ့ပါတယ်။ နေ့စဉ် တစ်ကြိမ် **အညစ်**အကြေး စွန့်ပစ်ရန်၊ မျက်နှာသစ်ရန်၊ ပန်းကန်ဆေးရန်၊

၁၅မိနစ်အခန်းတံခါးဖွင့်ပေးပါတယ်။ ထောင်ဝင်စာပိတ်ပါတယ်။ ဒါပေမဲ့ ဒီလိုအပြစ်ဒဏ်မျိုးက လူ့ဂုဏ်သိက္ခာမငေပျာက်ဆုံးလို့ ကျွန်တော်တို့ လက်ခံကျေနပ်ခဲ့ပါတယ်ဗျာ။

တတိယအကြိမ် တိုက်ပိတ်ခံရတာကတော့ တော်တော်ဆိုးပါတယ်ဗျာ။ ထောင်ထဲမှာ အာဏာပိုင်ကပေးမယ့် မျက်နှာသာကို လိုချင်တဲ့ ယုတ်မာသူတစ်ဦးက အာဏာပိုင်ထံ မမှန်မကန်သတင်းပေးပို့တာကို ဖြစ်နိုင်၊ မဖြစ်နိုင် မသုံးသပ်ဘဲနဲ့ ကျွန်တော့်ကို ဘလိုင်းကြီး တိုက်ပိတ်ခဲ့တာပါ။ အမှုကတော့ ကျွန်တော် ထောင်ထဲကို လက်ပစ်ဗုံးအလုံး ၂၀ လောက် သွင်းထားပါတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပါ (ကြောက်စရာကြီးနော်)။ ထောင်ပိုင်ဦးမြင့်သိန်းက အစအဆုံး သုံးသပ်ပြီးတော့ မဖြစ်နိုင်လို့ မှတ်ချက်ပေးခဲ့ပေမယ့် ထောင်မှူးကြီး ဦးမြင့်သန်းက ဖြစ်နိုင်ပါတယ်ဆိုပြီးတော့ ကျွန်တော့်ကို ကိုင်တွယ်ပါတော့တယ်။

အဲဒီထောင်မှူးကြီး ဦးမြင့်သန်းဆိုတာက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က အကျဉ်းဦးစီးဝန်ထမ်းတစ်ဦးကို ပြည်ပပညာတော်သင်စေလွှတ်ခံရသူတစ်ဦးဖြစ်ပါတယ်။ အကျဉ်းထောင်တွင်း အုပ်ချုပ်ရေး နည်းနာနိဿယတွေကို (ချက်ကိုစလိုဗက်ကီးယား)လို့ ထင်ပါတယ်။(သိပ်မမှတ်မိတော့ပါ) သွားရောက်လေ့လာသင်ယူခဲ့တယ်လို့ မှတ်သားခဲ့ရဖူးပါတယ်။ ထောင်မှူးကြီးဦးမြင့်သန်းဆိုတာ သာယာဝတီထောင်မှာဖြစ်ဖူးတဲ့ အင်တီလေဘာတိုက်ပွဲဝင် ၉၅ ဦးကို ရိုက်နှက်ခဲ့သူပါ။ ကျွန်တော့်ကို သီးသန့်တိုက်ကာနေအမျိုးသမီးဆောင်ဘေးက (၅)တိုက်မှာခွဲပြီး တိုက်ပိတ်လိုက်ပါတယ်။ ကျွန်တော့်ကိုထားခဲ့တဲ့ သီးသန့်တိုက်ရဲ့ ခြံဝင်းထဲကို မြေလှန်ပြီးတော့ ရှာဖွေရေးလုပ်ခဲ့ပါတယ်။ ဖြစ်ထွန်းအောင်မြင်နေတဲ့

ကျွန်တော်တို့နိုင်ငံရေးသမားတွေ စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေအားလုံးကို လူအင်အားသုံးပြီးတော့ မြေလှန်ရှာတာပါ။ ဘာမှ မတွေ့တော့ တိုက်ထဲမှာ ကျန်နေရစ်တဲ့ အကျဉ်းသားအားလုံးကို ဖိအားပေးပြီး စစ်ပါတယ်။ ပုံစံမျိုးစုံနဲ့ စစ်ဆေးပါတယ်။ ဘယ်လိုမှ ထူးခြားမလာတော့ သီးသန့်တိုက်မှာ ကျန်နေသူအားလုံးကို ကျွန်တော် လက်ပစ်ဗုံးများ သွင်းထားတာ မဟုတ်ပါဘူးလို့ အာမခံနိုင်၊ မခံနိုင် တစ်ဦးချင်း ခံဝန်လက်မှတ်ထိုးခိုင်းပါတယ်ဗျာ။

ဒီလိုနဲ့ ကျွန်တော့်ကို တိုက်ပိတ်စစ်ဆေးနေတာ ၈ ရက် ၉ ရက်ရောက်လာတော့ ထောင်ပိုင်ဦးမြင့်သိန်းက ကျွန်တော့်ကို တိုက်ပိတ်စစ်ဆေးနေတာကိုရပ်ဖို့ ထောင်မှူးကြီး ဦးမြင့်သန်းကို ခေါ်ပြောတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒီအချိန်တွေတုန်းက နယ်မြေသပိတ်ခေါင်းဆောင် တစ်ဦးဖြစ်တဲ့ ကျွန်တော့်ကို သတင်းပေးမယ့်သူတွေ သာယာဝတီ(၁)ခရိုင်လုံးမှာ ရှိပါတယ်။ ဦးမြင့်သန်းက ဟုတ်ကဲ့သာပြောခဲ့ပြီး ကျွန်တော့်ကို နောက်ဆုံးအကြိမ်အဖြစ် ထပ်စစ်ဆေးပါတယ်။ အမျိုးသမီးအဆောင်ရယ်၊ ထောင်အုတ်ရိုးရယ်၊ ထောင်တံခါးကြီးရုံးခန်းရယ်၊ ညာဘက်ကြားထဲမှာ သူထိုင်မယ့်စားပွဲ၊ ကုလားထိုင်ကို အကျအနခင်းပြီး အကျဉ်းဦးစီး ဝန်ထမ်း ၁၅ဦးခန့်ကိုတုတ်ကိုင် ဝိုင်းထားခိုင်းပါတယ်။ ပြီးတော့မှ ခြေကျင်းကော ဒေါက်ပါခတ်ထားတဲ့ ကျွန်တော့်ကို လက်ထိပ်နောက်ပြန် ထပ်ခတ်ပြီး တိုက်ထဲက ဆွဲခေါ်ထုတ်လာပါတယ်။ သူ့စားပွဲရှေ့မှာ ရပ်ခိုင်းထားပြီး ကျွန်တော့်ကို လက်ပစ်ဗုံးတွေထုတ်ပေးဖို့ ထပ်ပြောပါတယ်ဗျာ။ ကျွန်တော်လည်း ဒီထောင်မှူးကြီးကို တော်တော် စိတ်အချဉ်ပေါက်နေမိပါပြီ။ အဲဒီမှာ ကျွန်တော်လည်း စိတ်ဆိုးဆိုးနဲ့ပြောလိုက်တာက "ခင်ဗျား။ ကျုပ် ဘာကောင်လဲမသိဘူး

လား”လို့ မေးလိုက်တော့ သူက “ဘာကောင်ရမှာလဲ၊ အကျဉ်းသားပေါ့ကွလို့”သူ့ရှေ့က စားပွဲကိုရိုက်ပြီး ပြုံးတုံးပြုံတဲ ပြန်ပြောရင်း မတ်တတ်ထလိုက်ပါတယ်။ သူလည်း စိတ်ဆိုးလာပြီး ရှုံ့ရှုံ့ရှားရှားနဲ့ပါ။ ဒီအချိန်မှာ တုတ်ကိုင်တွေလည်း အသင့်ပြင်ကုန်ကြပါပြီ။ ကျွန်တော်ကလည်း ရုတ်တရက် တအားကုန်းအော်ပြီး ပြန်ပြောလိုက်တာကတော့ “ခင်ဗျားကို ကျုပ်မေးတာ ဒီလိုမဟုတ်ဘူး။ ကျုပ်မေးတာက ကျုပ်က ထောင်ထဲမရောက်ခင်က တော်လှန်ရေးသမားဗျ။ သူပုန်ဗျ။ သူပုန်တောင်မှ သူပုန်ဗိုလ်ဗျ။ ကျုပ်လိုကောင်ကထောင်ထဲကို လက်ပစ်ဗုံးတွေ သွင်းထားနိုင်ရင် ခင်ဗျားထင်သလို၊ ကြားခဲ့သလို၊ သတင်းရထားသလို မြေကြီးထဲကို မြှုပ်သိမ်းမယ့်အကောင် မဟုတ်ဘူး။ ခင်ဗျားလို အကောင်ကြီးမျိုးကို အဲဒီလက်ပစ်ဗုံးနဲ့ ချက်ချင်းထုမှာ ဆိုတာယုံထား”လို့ ကျွန်တော် တအားအော်လိုက်တဲ့ အချိန်မှာတော့ အခြေအနေကို ခပ်လှမ်းလှမ်းက အကဲခတ်နေတဲ့ ထောင်ပိုင်ဦးမြင့်သိန်းက လူလွှတ် ပြောခိုင်းပါတယ်။ ဦးမြင့်သန်း ရပ်လိုက်တော့ ဂျော်လီထွန်းကို ပြန်ပို့လိုက်တော့တဲ့ ထောင်မှူးကြီးဦးမြင့်သန်းလည်း ဘာမျှမတတ်နိုင်တော့ဘဲ ကျွန်တော့်ကို ပြန်ပို့ပေးရပါတော့တယ်။ အဲဒီ နိုင်ငံခြားပြန် ထောင်မှူးကြီးလည်း န၀တအစိုးရက ဝန်ထမ်းတွေကိုမေးပြီး လက်မှတ်ထိုးခိုင်းခဲ့တဲ့(၃၃)ချက်မှာ ဘာတွေဖြေသလဲမသိ။ အလုပ်က အထုတ်ခံရပြီးတော့ တောင်ငူမြို့နယ် NLD ရုံးမှာ နေရာတစ်ခု ဝင်ယူထားကြောင်း ကျွန်တော် ထောင်က လွတ်ပြီးနောက်မှာ ကြားသိခဲ့ရပါတယ်ခင်ဗျား။

[ ၁၁ ]

၁၉၈၉ ခုနှစ်၊ နှစ်ကုန်ခါနီးမှာ အင်းစိန်ထောင်က ပုဒ်မ (၅ည) ၁၇/၁/၂ စတဲ့ နိုင်ငံရေးသမားများကို သာယာဝတီ ထောင်ကို စတင်ပြောင်းရွှေ့ပါတယ်။ ၂၀၀ လောက်ရှိပါတယ်။ သာယာဝတီ ထောင်ကို သူတို့ရောက်ပြီး မကြာခင်မှာ အင်းစိန်ကရောက်လာတဲ့ နိုင်ငံရေးသမား ကိုကျော်ဇောဦးနဲ့ ၆ ဦးကို သာယာဝတီထောင်မှာ အလုပ်ခိုင်းရန် စီစဉ်နေစဉ်မှာ ကိုကျော်ဇောဦးနဲ့ ၆ ဦးက အလုပ်လုပ်ရန် ငြင်းဆန်ခဲ့ရာမှစတင်ပြီး သာယာဝတီထောင်အာဏာပိုင်များနဲ့ အင်းစိန်ထောင်က ပြောင်းရွှေ့လာသူများအကြား အခြေအနေတင်းမာမှုများ ဖြစ်ပေါ်လာပါတယ်။ အလုပ်ငြင်းဆန်သူ နိုင်ငံရေးသမား အကျဉ်းသားများကို ရိုက်နှက်တိုက်ပိတ်မှုများဖြစ်ပေါ်လာခဲ့ပါတယ်။ နယ်ခံနိုင်ငံရေးသမားအကျဉ်းသားများ (သာယာဝတီခရိုင်အတွင်းမှ နိုင်ငံရေးမှုနှင့် ထောင်ကျအကျဉ်း

သား)လည်း **အင်းစိန်ပြောင်းအုပ်စုနှင့်** ပူးပေါင်းလာပြီး (Anti-labour)အင်တီလေဘာ အလုပ်ဆန့်ကျင်သူနိုင်ငံရေးအကျဉ်းသား ပေါင်း ၉၅ ဦးကို တရားလက်လွတ်ဥပဒေ မဲ့ရိုက်နှက်နေမှုများဖြစ် ပေါ်လာပါတော့တယ်။ အလုပ်ဆန့်ကျင်သူအားလုံးကို ၂ ထပ် တိုက် ၃/၄ သို့ ပို့ဆောင်တိုက်ပိတ်ထားလိုက်ပါတယ်။ အလုပ် ဆန့်ကျင်သူများကို တိုက်သို့သွားရာ ဂဝံကျောက်ခင်းလမ်းပေါ်မှာ မိကျောင်းသွား သွားခိုင်းပြီး ရိုက်နှက်ခြင်း၊ ကြမ်းတမ်းစွာ ကန် ကျောက် ဆဲဆိုခြင်း/ဒီဇင်ဘာ အချမ်းဆုံးလတွင် တိုက်ပိတ်ထား သူများကို အခင်းနှင့်ခြုံရန် စောင်များကို ထုတ်မပေးခြင်း၊ နောက်နေ့ များတွင်လည်း နေ့စဉ်ရိုက်နှက်နေခြင်းများကို ကျွန်တော်တို့(မဟာ ဗျူဟာသပိတ်အဖွဲ့)ကိုထားရှိသော ကင်ပွန်းချဉ်တိုက်(သီးသန့် ၁/၂)သို့ သတင်းများပုံစံအမျိုးမျိုးနှင့် ဝင်ရောက်လာပါတော့တယ်။

အဲဒီလို ၂ ထပ်တိုက် ၃/၄ မှာ အင်းစိန်ပြောင်း နိုင်ငံရေး သမားနှင့် နယ်ခံစုစုပေါင်း ၉၅ ဦးကို ပြင်းပြင်းထန်ထန် နှိပ်ကွပ် နေကြောင်း သတင်းများကို တကယ်ဟုတ်မဟုတ်ဆိုတာကို အတည်ပြုနိုင်ရန် ကျွန်တော်ရဲ့ ထောင်အတွင်းက စိတ်ချရတဲ့ သူတွေနဲ့ စုံစမ်းစစ်လိုက်တော့ တကယ်ပဲ သတင်းကအမှန်ဖြစ် နေတာ သိလိုက်ရပါတယ်။ ကျွန်တော်တို့နယ်ခံ နိုင်ငံရေးသမား တွေအနေနဲ့ အင်းစိန်ပြောင်း ညီနောင်နိုင်ငံရေးသမားတွေ အခုလို ထောင်ထဲမှာ တရားလက်လွတ်နှိပ်စက်ခံနေရတာကို လက်ပိုက် ကြည့် မနေနိုင်တော့ပါဘူး။ ကျွန်တော်လည်း မိမိအဖွဲ့အစည်းကို အသိပေးတိုင်ပင်လိုက်ပြီးတော့ 'ငါဟာ နယ်ခံမဟာဗျူဟာ သပိတ် ကော်မတီဥက္ကဋ္ဌအနေနဲ့ ငါ့မှာ တာဝန်အရှိဆုံးလို့ ခံယူပါတယ်။ ကျန်တဲ့ရဲဘော်များကိုတော့ တိုက်လည်း မတိုက်တွန်းလိုပါဘူး၊

မတားလည်း မတားလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါအခုလုပ်မယ့် အစာငတ်ခံတိုက်ပွဲဝင်တာက အဖြေတစ်စုံတစ်ခု ထွက်မလာရင် အဆုံးထိသွားရရင် သေနိုင်တယ်။ ကိုယ်ဘာသာတစ်ဦးချင်းစီသာ ဆုံးဖြတ်ကြလို့' မှာကြားအပြီးမှာ ကျွန်တော်ရဲ့တစ်ကိုယ်တော်တိုက်ပွဲ စတင်ပါတယ်။ သာယာဝတီထောင်အာဏာပိုင်များထံ အကြောင်းကြားခိုင်းလိုက်ပါတယ်။ ကျော်လီထွန်း အခုအချိန်ကစပြီး အစာအငတ်ခံဆန္ဒပြနေပါတယ် ဆိုပြီးတော့ပေါ့။ အာဏာပိုင်အပိုင်းကလည်း စစချင်းတော့ လာဖြဲခြောက်ပါသေးတယ်။ အရေးယူမယ် ဘာမယ်ညာမယ်ပေါ့။ ကျွန်တော်ကလည်း ပြန်ပြောပါတယ်။ အရေးယူချင်ယူ မယူချင်နေ၊ အခု ခင်ဗျားတို့ထောင်ထဲမှာ အင်းစိန်က ပြောင်းလာသူတွေကို တရားဥပဒေမဲ့ ရိုက်နှက်နေတာကို ခင်ဗျားတို့ အထက်ကခင်ဗျားတို့ကို အရေးယူအောင် ကျုပ်ကဆောင်ရွက်နေတာကိုတော့ သိထားပါလို့ ဒုတိယတာဝန်ခံအရာရှိနဲ့ ထောင်မှူးကြီးကို ပြန်ပြောပြလိုက်တယ်။ သူတို့လည်း နည်းနည်းတော့ တွေဝေသွားကြတာ သိသာပါတယ်။ နောက်နေ့တွေမှာ ကျွန်တော် အားရှိလာတာကတော့ ကိုကျော်စွာ၊ ကိုစိုးလှိုင်၊ ကိုအောင်မြင့်(သာယာဝတီ) (ယခု NLD ဥက္ကဌ၊ NLD ညီလာခံကိုယ်စားလှယ်)တို့က ဆက်တိုက်တိုက်ပွဲဝင်လာခဲ့ပါတယ်။ အစာအငတ်ခံတိုက်ပွဲမှာ ပူးပေါင်းပါဝင်လာကြပါတယ်။ ထောင်အာဏာပိုင်က ခင်ဗျားတို့က ဘာကိုမကျေနပ်လို့ အစာငတ်ခံနေကြတာလဲမေးလာတော့ ၃/၄ နှစ်ထပ်တိုက်မှာ (အင်တီလေဘာ) အလုပ်ဆန့်ကျင်သူ အင်းစိန်ပြောင်းတွေကို တရားဥပဒေမဲ့ ရိုက်နှက်နေတာ၊ နေ့တိုင်းရိုက်နေတာ၊ ချမ်းအေးတဲ့ အခုလိုအချိန်မှာ စောင်၊ အနွေးထည်မပေးတာကို မကျေနပ်လို့ အစာ

အငတ်ခံ ဆန္ဒပြတာဖြစ်ကြောင်း ပြန်ပြောခဲ့ပါတယ်။

သာယာဝတီအကျဉ်းထောင် အာဏာပိုင်များဘက်က ဒီထက်ကို တရားဝင်အစီရင်ခံစာကို ကျွန်တော်တို့ ပြောသလို ရေးရမှာကို အခက်အခဲရှိနေကြတယ်လို့ အဲဒီကာလက သာယာဝတီထောင်တွင်းက ကျွန်တော့်ရဲ့သတင်းပေးတွေက တိတ်တဆိတ် ကျွန်တော့်တို့ထံ သတင်းပေးလာကြပါတယ်။ သတင်းထဲမှာ ထပ်ပါလာတဲ့သတင်းကတော့ ကျွန်တော်တို့ အစာငတ်ခံဆန္ဒပြတာ ၇ ရက်ပြည့်တဲ့နေ့မှာ နောက်ထပ် ၁၅ ဦး ထပ်မံဆန္ဒပြကြမယ်ဆိုတာနဲ့ ၁၀ ရက် ပြည့်ရင် နောက်ထပ် ၂၀ ဦး ထပ်မံဆန္ဒပြကြဖို့ အမည်စာရင်းသွင်းထားကြကြောင်း၊ ဒီသတင်းတွေကလည်း သာယာဝတီထောင် အာဏာပိုင်တွေထံလည်း ရောက်ရှိနေကြောင်း အားရှိစရာ အားတက်စရာ ကြားနေရပါတယ်ဗျာ။ ကျွန်တော့်ရဲ့ အစာငတ် ခံတိုက်ပွဲဝင်ခဲ့တုန်းက ခံစားမှုကလေးတွေကိုလည်း ပြန်ပြီးတော့ ဖောက်သည်ချရဦးမယ်နော်။ အမှန်အတိုင်းဝန်ခံရရင်တော့ ကျွန်တော်အဲဒီတုန်းက အစာမစားဘဲနေတာက ကျန်းကျန်းမာမာကြီးနဲ့ မစားတာဆိုတော့ မဆာလို့ မစားချင်လို့ မစားသူနဲ့ တော့ ဘယ်တူပါ့မလဲနော်။ ကျွန်တော် ဆာနေတာပေါ့ဗျာ။ စားချင်စိတ်ကလည်း မပြောပါနဲ့တော့ဗျာ။ ဒါပေမဲ့ ကျွန်တော် ယုံကြည်လေးစားရတဲ့ ရဲဘော်ရဲဘက်တွေ နေ့စဉ် အရိုက်ခံနေရတာကို တွေးလိုက်ရင် ဒီတိုက်ပွဲ ငါနိုင်မှရပ်နိုင်မယ် စားဖို့ကို မစဉ်းစားနဲ့လို့ ကိုယ်ဘာသာကိုယ် သတိပေးနေရသလို အားလုံးကို ကြေညာပြီးတော့မှ လုပ်ရတဲ့ တိုက်ပွဲကို အားလုံးက စောင့်ကြည့်နေတယ်ဆိုတဲ့အသိက မိမိအရှက်ကို အသက်နဲ့သာလဲမယ်ဆိုတဲ့ ယောကျ်ားမာနက အပြည့်ဝင်လာပါတော့တယ်။

ထောင်အာဏာပိုင်များကလည်း ကျွန်တော့်ကို ပြန်တိုက်တဲ့ပုံစံက ၁/၂ တိုက် ထမင်းဟင်းဝေရင် ကျွန်တော့်အခန်း ၂ ခန်းရှေ့ မှာ ထမင်းဟင်းပုံးတွေချဝေခိုင်းပါတယ်။ အခန်းထဲမှာက ကျွန်တော့်က ဆာလောင်နေပါလျက်နဲ့ တိုက်ပွဲဝင် အစာမစားတာလေ။ အပြင်က ထမင်းနံ့ဟင်းနံ့က ကျွန်တော့်ကို နှိပ်စက်တော့တာပေါ့ဗျာ။ တစ်ခုသတိရလို့ ပြောရဦးမယ်။

တစ်နေ့ ကျွန်တော်လည်း တိုက်ပွဲဝင်ရက်က ၃ ရက်လောက် ရလာတော့ နည်းနည်းမောမောနေလို့ အိပ်ရာထဲမှာ လှဲပြီး မျက်စိကိုမှိတ်ထားတုန်းမှာ ကျွန်တော့်အဖွဲ့ဝင်ကိုရဲဝင်းက အသံပြုပြီး ကိုဂျော်လီရေ့ရော့ မြန်မြန်ယူစားလို့ ပြောသံကြားလို့ မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်တော့်မျက်နှာရှေ့ကို ချိုချဉ်တွေရောက်လာတော့ ကျွန်တော့်မှာ ခံစားလိုက်ရတာတကယ်ပါ။ ကျွန်တော့်ရဲ့ ပါးနှစ်ဖက်စလုံးကလေ စာရှုသူများ 'ပါးတောင်တယ်' ဆိုတာ ကြုံဖူးလား ကြားဖူးလား။ ကျွန်တော့်ရဲ့ပါးနှစ်ဖက်စလုံးက ကျဉ်ခနဲ ဖျဉ်းခနဲဖြစ်သွားပြီး တံတွေးတွေ ပါးစပ်ထဲအပြည့် ဖြစ်သွားပါတယ်။ နောက် အသိစိတ်ဖျတ်ခနဲဝင်လာပြီးတော့ ကိုရဲဝင်းကို ကျွန်တော်ဒေါသတကြီးအော်ပြီး မောင်းထုတ်လိုက်ပါတယ် 'မင်းကငါ့သီလကို လာဖျက်တာလား။ တိုက်ပွဲကို သစ္စာဖောက်တာလား' လို့ မေးလိုက်ပါတယ်၊ ဒါပေမဲ့ ကိုရဲဝင်းက ကျွန်တော့်ကို မကောင်းစိတ်နဲ့ ချိုချဉ်လာပေးတာတော့ မဟုတ်ရှာပါဘူး။ သူရဲ့အစ်ကိုလိုနေလာသူတစ်ယောက် သူ့ခေါင်းဆောင်တစ်ယောက် ခံစားနေရတာကိုမကြည့်ရက်လို့ သူလုပ်မိလုပ်ရာကို လုပ်ခဲ့တာပါ။ ဒီလိုနဲ့ အာဏာပိုင်တွေဘက်ကလည်း ကျွန်တော့်ကို တကယ်လုပ်တာလားခိုးစားသေးလား သူ့သတင်းပေးတွေကတစ်ဆင့် အကဲခတ်

လာတာ ၅ ရက်မြောက်မှာ ကျွန်တော့်ကို အစာပြန်စားဖို့ လာချော့မော့ပြောဆိုလာပါတော့တယ်။ ကျွန်တော့် အခြေအနေကလည်း ဆာလောင်တဲ့စိတ်တွေ ပျောက်သွားပြီးတော့ လူမမာတစ်ဦးလို ဖြစ်နေပါပြီ။ လှုပ်ရှားရင်မောလာပါတယ်။ လေတွေလည်း အန်လာပါပြီ။ ကျွန်တော်တို့ ကံကောင်းတာတစ်ခုကတော့ ကျွန်တော် အစာအငတ်ခံဆန္ဒပြတာက ခရစ္စမတ်မတိုင်ခင်ပါ။ ခရစ္စမတ်ပွဲပြီးတော့ သာယာဝတီလူ့ဘောင်သစ်က ကိုကျော်နိုင်ဦး (ABSDF မြောက်ပိုင်းမှ အသက်မသေ လွတ်မြောက်လာသူ)က ထောင်မှ လွတ်ရက်စေ့ပြီး လွတ်မြောက်ပါတယ်။ အစာအငတ်ခံတာ ၆ ရက်မြောက်တဲ့နေ့ နေ့လယ်ပိုင်းမှာတော့ ကျွန်တော့်ကို အကျဉ်းထောင် ဒုတိယတာဝန်ခံအရာရှိ ဦးတင်မောင်လွင်နဲ့ ထောင်မှူးကြီး ဦးမြင့်သန်းက သာယာဝတီထောင်ဆေးရုံထဲကို ခေါ်တွေ့ပါတယ်။ ကျွန်တော် ကောင်းကောင်း လမ်းမလျှောက်နိုင်တော့ပါဘူး။ မတ်တတ်ထရင် မူးနေပါတယ်။ ခွန်အားလည်း ဆုတ်ယုတ်သွားပါတယ်။ ထောင်ဆေးရုံနောက်ဘက်မှာ စားပွဲချထားပြီးတော့ ထမင်းဟင်းများပြင်ဆင်ထားပါတယ်။ သရေကျလောက်အောင် လုပ်ထားတာပါ။ ပြီးတော့ ဒုတိယထောင်ပိုင်က ကျွန်တော့်ကို တရားဟောပြီးတော့ ထမင်းစားဖို့ ပြောလာပါတယ်။ ကျွန်တော်ကတော့ ထမင်းစားဖို့နေနေသာသာ သူတို့ရှေ့မှာတင် လေတွေ အန်နေပါတယ်။ သောက်ထားတဲ့ရေများပါ အန်ပစ်နေမိပါတယ်။ အဲဒီအချိန်မှာ ဒုတိယထောင်ပိုင်နဲ့ ထောင်မှူးကြီးက ကျွန်တော့်ကို ငါတို့ ၃/၄ တိုက်က (၅ ည)တွေကို မရိုက်တော့ဘူး၊ မင်း အစာအငတ်ခံတာရပ်လိုက်တော့လို့ပြောပါတယ်။ ကျွန်တော်က **စောင်များ အနွေးထည်များကို သူတို့ကို ပြန်ထုတ်ပေးပြီးပြီလားလို့ မေး**

တော့ သူတို့ကပေးပြီးပြီလို့ပြောပါတယ်။ ကျွန်တော်မြင်ရမှ ယုံနိုင်ပါမယ်လို့ ပြန်ပြောတော့ သူတို့က သူတို့ပြောသလိုမှန်ရင် ခင်ဗျားဘာပေးမလဲ လောင်းမလားလို့ပြောတယ်။ ကျွန်တော်က အကျဉ်းသားမှာ ဘာပေးစရာရှိမလဲပေါ့။ ဒုတိယထောင်ပိုင်ဦးတင်မောင်လွင်က ခင်ဗျားထောင်ဝင်စာနဲ့ လောင်းမလား။ သူတို့ပြောသလိုမှန်ရင် ထောင်ဝင်စာကို အကန့်အသတ်မရှိပိတ်မယ်။ ဒါပေမဲ့ခင်ဗျားကိုလည်း ထောင်ဝင်စာမပိတ်ချင်ပါဘူး။ တကယ်ပေးပြီးပါပြီ။ သွားမကြည့်ပါနဲ့လို့ ပြောလာပါတယ်။ ကျွန်တော်က ပြန်ပြောပါတယ်။ ကျွန်တော့်သွားကြည့်ပါမယ်ဆိုတော့ သူတို့က ကျွန်တော့်ကို ၃/၄ တိုက်က Anti-Labour ကြောင့် တိုက်ပိတ်ထားသူတွေကိုသွားကြည့်စဉ်မှာ စကားမပြောရပါဘူးလို့ စည်းကမ်းသတ်မှတ်ပြီးတော့ လိုက်ပြပါတယ်။

သာယာဝတီထောင်ဆေးရုံကနေ ၃/၄ နှစ်ထပ်တိုက်ထိ လမ်းကြောင်းရှင်းပြီးတော့ ကျွန်တော့်ကို ဗာယာအကျဉ်းသားနှစ်ဦးကို တွဲခေါ်လာခိုင်းပါတယ်။ လမ်းကြောင်းရှင်းပြီ ဆိုကတည်းက အဆောင်က (၅ ည)တွေက အပေါ်ထပ်တွေက လှမ်းကြည့်နေကြတာကို ကျွန်တော် မြင်လိုက်ရပါတယ်။ (အမှန်က နောက်မှ သိရတာပါ။ ကျွန်တော့်ကို ၃/၄ တိုက်ကို ခေါ်မသွားခင်လေးတင်မှ စောင်များ ဂန်ဖလားများကို ပြန်ပေးထားတာလို့ သိရပါတယ်) ကျွန်တော့်ကို ၃/၄ တိုက်ထိပ်မှာ စကားမပြောဖို့ထပ်သတိပေးပြီးတော့မှ ၄ တိုက်ဘက်ကစဝင်ပြီး ပြပါတယ်။ တစ်ခန်းကို ၃ ယောက် ၄ ယောက်ထည့်ထားပါတယ်။ သူတို့ကိုလည်း နောက်ဘက်က နံရံကို မျက်နှာမူပြီး ကျောခိုင်းထားပါတယ်။ သူတို့အနေအထား အရိုက်ခံထားတဲ့ဒဏ်များကြောင့် ညည်းညူ

နေကြတာကို ကျွန်တော်တွေ့ရလို့ စိတ်မကောင်းပါဘူး။ ကျွန်တော် ၄တိုက်ကို ကြည့်ပြီး ၃ တိုက်ကိုအကူးမှာ ၄ တိုက်ဘက်က (၅ည) တွေက အာဏာပိုင်အလစ်မှာ ဘယ်သူတွေဘာလာလုပ်သလဲ ချောင်းကြည့်ကြတာမှာ Anti-Labour လုပ်နေသူများက ကျွန်တော်မှန်း သိသွားကြပါတော့တယ်။ ကျွန်တော့်ကို ၃/၄ တိုက်ကိုပြပြီးတော့ သာယာဝတီထောင်ဆေးရုံကို ပြန်ခေါ်သွား ပါတယ်။ ကျွန်တော်ရဲ့ အစာအငတ်ခံတိုက်ပွဲဝင်နေတာကို ရပ်ခိုင်း ပါတယ်။ ကျွန်တော်က သီးသန့်တိုက်မှာ ကျွန်တော့်လိုပဲ အစာ အငတ်ခံနေသူတွေရှိနေသေးလို့ ပြန်တိုင်ပင်ပါဦးမယ်ဆိုတော့ ဒုတိယထောင်ပိုင်နဲ့ ထောင်မှူးကြီးက ခွင့်မပြုနိုင်ကြောင်း၊ ကျွန် တော့်ဆန္ဒကိုသာ သူတို့သိလိုကြောင်း ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော့်တစ်ဦးတည်းဆုံးဖြတ်ရန် သုံးသပ်လိုက်တော့ ကျွန်တော် တို့ အကျဉ်းသားဘဝနဲ့ တိုက်ပွဲဝင်နေတာမှာ အောင်မြင်မှုက အကန့်အသတ်ပဲ ရနိုင်မယ်ဆိုတာကိုပါပဲ။

Anti-Labour ရဲဘော် (၅ ည)တွေကို ရိုက်နှက်ခံနေရတာ ရပ်ပေးဖို့နဲ့ စောင်အနွေးထည်များ ပြန်ထုတ်ပေးဖို့ တောင်းဆို ထားတာလည်း အနည်းဆုံး ၇၅ ရာခိုင်နှုန်း လောက်အောင်မြင် နေပြီမို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် ရပ်လိုက် ပါပြီ။ အစာပြန်စားပါမယ်။ ဒါပေမဲ့ အခုတော့ နေမကောင်းလို့ မစားနိုင်သေးပါဘူးလို့ ပြန်ပြောလိုက်ပါတယ်။ ထောင်ဆရာဝန်က ကျွန်တော့်ကို သီးသန့်တိုက်ခန်းမှာ လာပြီးတော့ ဂလူးကို့စ်နဲ့ ဘားပလက်စ်ဖို့စ် အားဆေးများကို အကြောဆေးသွင်းပါတယ်။ နွားနို့လာတိုက်ပါတယ်။ တိုက်ထဲမှာ ကျန်ခဲ့တဲ့ ကိုအောင်မြင့်နဲ့ ကိုစိုးလှိုင်တို့က ပညာတတ်လူကြီးများပီပီ ကျွန်တော်ဆုံးဖြတ်ခဲ့

တာ မှန်ကန်ပါကြောင်း ပြောကြပါတယ်။

ထောင်တွင်းတိုက်ပွဲမှာ အာဏာပိုင်ဘက်က ယခုလောက် လိုက်လျောပေးတာ မရှိသလောက်ရှားကြောင်းနဲ့ အာဏာပိုင်များ ဘက်ကအမှားအယွင်းနဲ့ ကျွန်တော်တို့ဘက်က တိုက်ပွဲဝင်ပုံအနေ အထားကွက်တိဝင်နေလို့သာ သူတို့ဘက်က အလျှော့ပေးလိုက် တာဖြစ်ကြောင်း၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တိုက်ပွဲ အောင်မြင် ပါ ကြောင်း သုံးသပ်ကြပါတယ်။ ကျွန်တော့်ရဲဘော်ကို တက်ကြွ မောင်ကျော်စွာကတော့ ကျွန်တော့်ဆုံးဖြတ်ချက်ကို မကျေမနပ် ဖြစ်ပြီး ကျွန်တော့်ကွယ်ရာမှာ ပွစိပွစိလုပ်နေပါသေးတယ်ဗျာ။ ကျွန်တော် ခွင့်လွှတ်ပါတယ်။ သူက လူငယ်ပီပီရှေ့တက်ဖို့ စိတ် အရမ်းလောနေတာပါ။ သာယာဝတီထောင် Anti-Labour တိုက်ပွဲရဲ့ ဇာတ်လမ်းက အားလုံးအတွက် ဒီနေရာမှာပြီးပေမယ့် ကျွန်တော်တစ်ဦးတည်းအတွက်ကတော့ မပြီးသေးပါဘူးဗျာ။ ဒုတိယထောင်ပိုင်နဲ့ ကျွန်တော့်လောင်းခဲ့တဲ့ပွဲမှာ ကျွန်တော်ရှုံးလို့ ထောင်ဝင်စာကို ၃ လ ဖြတ်တောက်လိုက်ပါတယ်။ နောက် ကျွန် တော်အမှုတွေအပြီး ထောင်ကျသွားချိန်မှာ ကျွန်တော့်ကို မှတ်ချက် မင်နီအပြည့်နဲ့ သရက်ထောင်ကို တစ်ဦးတည်းခွဲ ပို့လိုက်တာမှာ သရက်ထောင်ကိုရောက်ပြီး နောက်တစ်နေ့မှာ အကျဉ်းထောင်မှူး ဦးလှအေးဦးစီးတဲ့ ဝန်ထမ်း ၆ ဦးက ကျွန်တော့်ကို တုတ်များဖြင့် အချက်ပေါင်း ၂၀၀ ခန့်ဝိုင်းရိုက်တာကို ခံခဲ့ရပါတယ်။ ရိုက်ရင်းနဲ့ သူတို့ပါးစပ်က 'မင်းလားကွ သာယာဝတီက ကျော်လီထွန်း ဆိုတာ မှတ်ပြီးလားကွ'လို့ အော်ဟစ်ရိုက်ခဲ့ပါတယ်။ ၂၄. ၄. ၁၉၉၂ သရက်ထောင် ၄ တိုက် ၂ ခန်းရှေ့မှာပါ။ ကျောင်းသားခေါင်း ဆောင် ကိုမင်းဇေယျ၊ ကိုညိုထွန်း၊ ကိုလှမျိုးနောင်၊ ကိုဝင်းနိုင်ဦး၊

ကိုဆက်အောင်နိုင်၊ ကိုရဲတို့ရှေ့မှာ ကျွန်တော့်ကို ဝိုင်းရိုက်ကြတာပါ။ နောက်ကနေ ဝါးဆစ်ပိတ်နဲ့ ကျုံးထည့်လိုက်လို့ ရှေ့ကို ရင်ကော့ထွက်လာရင် ရှေ့က ဝန်ထမ်းက ကျွန်တော့်ရင်ကို ဆောင့်ကန်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ခြေထောက်မှာက ဒေါက်ခတ်ထားပါတယ်ဗျာ။ သူတို့ရိုက်ပြီးတော့ ကျွန်တော့်တစ်ကိုယ်လုံး အညိုမည်းစွဲနေပါတော့တယ်။ တစ်ကိုယ်လုံး ရောင်ကိုင်းနေလို့ ထိုင်လည်းမထိုင်နိုင်၊ လှဲလည်း မအိပ်နိုင် တစ်လလောက်ခံလိုက်ရပါတယ်။ သာကေတ NLD က ဦးကျင်မောင်ဆိုရင် ကျွန်တော့်ကို ပရုပ်ဆီလိမ်းပေးရင်း မျက်ရည်အမြဲကျပါတယ်။ ကျွန်တော် သရက်ထောင်မှာ အရိုက်အနှက်ခံရတဲ့ ဇာတ်လမ်းကို ကိုဝင်းနိုင်ဦး သရက်ထောင်က လွတ်မြောက်အပြီး RFA မှာ အမှုထမ်းစဉ်မှာ ယုံကြည်ချက်အတွက် စွန့်လွှတ်သူများအစီအစဉ်မှာ သရုပ်ဖော်တင်ပြခဲ့ကြောင်းလည်း နောက်မှသိလိုက်ရပါတယ်ဗျာ။

သာယာဝတီထောင်တွင် အချုပ်ဘဝဖြင့် နေခဲ့ရစဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များစွာ ရှိပါတယ်။ ဒါပေမဲ့ အချို့အဖြစ်အပျက်များမှာ ကြုံတွေ့ကြားသိဖူးကြသော အဖြစ်အပျက်များ ဖြစ်နေသောကြောင့် ကာလကြာမြင့်စွာ မှတ်မိရန် မဖြစ်နိုင်ပါသော်လည်း အချို့အဖြစ်အပျက်များမှာမူ ဖြစ်လေ့ဖြစ်ထမရှိခြင်း၊ ရယ်မောဖွယ်ကောင်းခြင်း၊ အံ့သြဖွယ်ကောင်းခြင်း၊ ဝမ်းနည်းဖွယ်ကောင်းခြင်း မှတ်သားဖွယ်ကောင်းခြင်းလက္ခဏာများကြောင့် ထပ်ပြန်တလဲလဲ နောက်ကြောင်းပြန်တွေးမိလေသောအခါ ငယ်စဉ်က ကျက်မှတ်ခဲ့ရသော စာများကို ထပ်ခါထပ်ခါ အာဂုံဆောင်၍ မှတ်မိစေခြင်းကဲ့သို့ပင်ကာလ ကြာမြင့်ခဲ့သော်လည်း မည်သို့မျှမမေ့နိုင်တော့ခြင်းဖြစ်ကြောင်း သိလာရပါတယ်ဗျာ။

[ ၁၂ ]

အခုလည်း ကျွန်တော် မှတ်မိနေသော အဖြစ်အပျက်ကလေးတစ်ခုကတော့ ဒီလိုပါဗျာ။ ကျွန်တော်တို့နေတဲ့တိုက်မှာ အာဏာပိုင်လစ်ရင်အချို့အကျဉ်းသားများ ကျားထိုးကြပါတယ်။ (ကျားကစား) အဲဒီခေတ်က ဒီကစားနည်းဟာ ထောင်ထဲမှာ တားမြစ်ထားပါတယ်။ မိရင် ရိုးတင်ခံရပါတယ်။ အရိုက်ခံရပါတယ်။ အဲဒီတော့ ကျားထိုးရင်းဘေးက ကင်းစောင့်ပေးရတယ်။ အချက်ပြစနစ်ကတော့ အကျဉ်းထောင်ဝန်ထမ်းလာတာမြင်ခဲ့ရင် မြင်သူက 'ပန်းမြိုင်လယ်'ဆိုပြီးတော့ သီချင်းဆိုလိုက်ပါတယ်။ မြန်မြန်သိမ်းဆည်းဖျောက်ဖျက်လိုက်ကြတော့၊ ဝန်ထမ်းက မမိမဖမ်းဆီးနိုင်တော့ပါဘူး။ ဒါပေမဲ့ လူနောက်လူပြောင်တချို့က ဝန်ထမ်းတကယ်မလာပါဘဲနဲ့ ပန်းမြိုင်လယ်သီချင်းဆိုဆိုပြီး နောက်နေကြပါတယ်။ အဲဒါတစ်နေ့တော့ အကျဉ်းဦးစီးဝန်ထမ်းတပ်ကြပ်ကြီးတစ်ဦး (ခပ်

ဆိုးဆိုးပါးအရိုက်ကြမ်းပါတယ်)က သတင်းရလို့လာနေတာ အဝေးကလည်းမြင်ကြလို့ ပန်းမြိုင်လယ်ကို ဆိုပါတယ်။ ဒါပေမဲ့ ကျားဗိုလ်ကြီးများက မယုံကြည်ကြတော့ နောက်တာထင်ပြီး ဆက်ကစားနေပါတယ်။ ကင်းသမားကလည်း 'ပန်းမြိုင်လယ် တကယ့်ကို ပန်းမြိုင်လယ်အဟုတ်ကို ပန်းမြိုင်လယ်လို့' အသံနေ အသံထားအပြည့်ဆိုပြတော့မှ ကျားဗိုလ်ကြီးများ သတိထားမိ လိုက်ပေမယ့် တပ်ကြပ်ကြီးက မိလိုက်ပါပြီ။

အဲဒီနေ့က ကျား ဗိုလ်ကြီးများကို တပ်ကြပ်ကြီးက ထောင် ပိုင်ရုံးကိုတင်ရမလား၊ ငါဆုံးမတာကိုခံမလားပေ့ါ။ထောင်ပိုင်ရုံး ကိုတင်ရင် အရိုက်တော့မခံရပေမယ့် တိုက်ပိတ်ခံရမယ်။ ဆုမှတ် ရက်ဖြတ်တာကိုခံရမယ်။ ထောင်က လွတ်ရက်နောက်ကျမယ်ဆို တော့ ကျားဗိုလ်ကြီးများက ဆရာကြီးပဲ ဆုံးမပါပေ့ါ။ ဒီတော့မှ တပ်ကြပ်ကြီးက ကာယကံရှင်ကျားဗိုလ်ကြီးများ ကျေကျေနပ်နပ်နပ် ခံယူမယ့်ရိုက်ပွဲအတွက် တုတ်ကိုင်မယ့်လက်ဝါးထဲ တံတွေးတွေး ထည့်လိုက်ပြီးတော့ အကျဉ်းထောင် ၄ ပုံစံ (အရိုက်ခံရမည် အကျဉ်းသားအတွက် သတ်မှတ်ပုံစံပါ။ ခေါင်းပေါ်လက်နှစ်ဖက် တင်ထားပြီး မတ်တတ်ကနေ ဖင်ကိုကုန်းထားရပါတယ်) ပေးထား တဲ့ ကျားဗိုလ်ကြီးများကို ရိုက်နှက်နေစဉ်မှာ သူပါးစပ်က 'ဟော့ ကောင်ဘာတဲ့ ပန်းမြိုင်လယ်ဟုတ်လား။ ကဲပန်းမြိုင်လယ်ဦးကွာ၊ ပန်းမြိုင်လယ်ဦးကွာ' ပြောပြောပြီး ရိုက်လိုက်တာ အကျဉ်းသား တစ်ဦးကို အချက် ၂၀ ရိုက်ပါတယ်ဗျာ။ ထောင်ထဲမှာ အုပ်ချုပ်ခံ အကျဉ်းသားများမှာ ထောင်အုပ်ချုပ်ရေးအာဏာပိုင်များ မနှစ် သက်သော၊ အကျဉ်းထောင်လက်စွဲဥပဒေအရတားမြစ်ထားသော ကိစ္စများကို အချို့ကို တစ်ခါတစ်ရံအချို့ကိစ္စများကို အမြဲတမ်း

အာဏာပိုင်များဘက်က မသိအောင် တိတ်တိတ်ကျူးလွန်ရင်း နေထိုင်ကြတာကို တွေ့ရပါတယ်။

အမြဲကျူးလွန်နေကြရတာကတော့ ထောင်ထဲမှာရပ်တည် နေထိုင်ရေးအတွက် အကျဉ်းသားတိုင်း တိတ်တဆိတ်ဆောင်ထား ကြသော ငွေကြေးပိုက်ဆံပဲ ဖြစ်ပါတယ်။ ရှာဖွေရေးကတွေ့လို့ အသိမ်းခံရရင်လည်း များသောအားဖြင့် ဝန်ထမ်းကလည်း အထက် ကိုမတင်ပြတော့ဘဲ သူပိုင်ငွေအဖြစ် သိမ်းပိုက်လိုက်တော့ နှစ်ဖက် စလုံးက ကျေနပ်သွားပါတယ်။ ပြဿနာပေါ်လေ့ပေါ်ထမရှိပါဘူး။

နောက် တိတ်တဆိတ် ကျူးလွန်ကြတာမျိုးတွေက နေ့စဉ် စားသောက်ရေးအတွက် အသီးအနှံများကို ဖြတ်တောက်ရန် နို့ဆီခွက်သံပြားကို ဓားလုပ်ထားတတ်တယ်။ ဘလိတ်ဓားကို ဆောင်ထားတတ်တယ်။ လုံအောင်ဖွက်ရပါတယ်။ တွေ့ရင် သိမ်း ဆည်းပါတယ်။ နောက်ဆေးလိပ်သောက်တတ်သူက မီးခြစ်ကို ဖန်တီးရယူထားပြီး ဖွက်ထားရပါတယ်။ ဒီနေရာမှာ ပြောစရာရှိပါ လာတာက ငွေကြေးပါ။ အကျဉ်းသားဘက်က စားရေးသောက် ရေးအတွက် ပိုက်ဆံကိုဆောင်ထားရင် အာဏာပိုင်များဘက်က မမြင်ချင်ယောင်ဆောင်ထားနိုင်ကြပေမယ့် (သူတို့ဝန်ထမ်းများ အတွက်လည်း အကျိုးရှိတာကိုး။ ဥပမာ ဈေးဝယ်ခိုင်းရင် ဝယ်ခ ပေးရတာကို အပိုဝင်ငွေပေါ့) အချို့အကျဉ်းသားများက ထောင် ထဲမှာ ဇာတိလေးတွေ ပြလာတာကို တွေ့ရပါတယ်။ လောင်း ကစားကိစ္စပါ။ ထောင်ထဲမှာ ပုံစံအမျိုးမျိုးနဲ့ လောင်းကစားလုပ် ကြပါတယ်။ အာဏာပိုင်များဘက်ကလည်း ဒီကိစ္စကို ခွင့်မလွှတ် တတ်ကြဘူးလေ။ အမြဲသတင်းထောက်လှမ်းပြီး ဖမ်းဆီးအပြစ် ပေးကြပါတယ်။ ဒါပေမဲ့ သူတို့အမြဲတမ်း အဲဒီသတင်းကိုထောက်

လှမ်းလို့ မရပါဘူး။ ကိုယ်ရွှေအကျဉ်းသားများက ဒီလိုကိစ္စမျိုး တွေမှာ နှုတ်လုံခြုံသစ္စာရှိတာက များပါတယ်။ အကျဉ်းဦးစီး တပ်ကြပ်ကြီးကိုနှိပ်ပေးနေတဲ့ အကျဉ်းသားက ပက်လက်ကုလား ထိုင်မှာ အိပ်ပျော်နေတဲ့ တပ်ကြပ်ကြီးကို နှိပ်ပေးနေရင်းက နောက် အကျဉ်းသားတစ်ဦးနဲ့ ပိုက်ဆံနံပါတ်ပွတ် လောင်းကစားနေတာကို ကျွန်တော် ကိုယ်တိုင်မြင်ဖူးပါတယ်။

နောက်ပြီးတော့လေ၊ သိကြားမင်းကြီးက ထောင်ပိုင်လုပ်ပြီး လာအုပ်ချုပ်ရင်တောင် ပျောက်မသွားနိုင်တဲ့ကိစ္စတစ်ခုကတော့ ထောင်ထဲက အကျဉ်းသားကနေ့စဉ်(နှစ်လုံးထီ)၊ ၁၅ ရက်တစ်ခါ (၃လုံးချဲထီ)ကို ဝန်ထမ်းအဆင့်အတန်းအမျိုးမျိုးကို(ထောင်ပိုင်များ တော့ ပါတာမတွေ့ဘူးပါ)အပြင်လောကမှာ အထိုးခိုင်းတာပါ။ အများစုက ငွေကြေးကိုတောင် ကိုင်ထားစရာမလိုအပ်ပါ။ ပိုက်ဆံ က ဝန်ထမ်းအိမ်မှာ အပ်ထားပြီးသားပါ။ နာမည်ပျက်ရှိသူ ဝန်ထမ်း များကိုလည်း ငွေမအပ်ကြပါဘူး။ ထောင်ထဲမှာ အကျဉ်းသားချင်း သတင်းပေးပြီးသားပါ။ ဘယ်အရာရှိက မှန်တယ်။ ဘယ်အကြပ် ကြီးက သိပ်မမှန်ဘူး။ ဟိုတပ်ကြပ်က ငွေစာရင်းကမှန်တယ်။ စျေးဝယ်ရင်စျေးကြီးတယ် စသည်ဖြင့်ပေါ့ဗျာ။ ထောင်ထဲက တွက် ချက်ထုတ်လိုက်တဲ့ ချဲဂဏန်းက ထောင်အပြင်မှာ နာမည်ရပါ တယ်။ တစ်ခါတစ်ခါ မှန်လိုက်ရင် ဒိုင်ကော့သွားတတ်ပါတယ်။ အကျဉ်းသားက ထောင်ထဲမှာ အချိန်အားတွေကို ကောင်းကောင်း အသုံးချပြီး ချဲဂဏန်းဖြစ်နိုင်ခြေတွက်လိုက်တာများ ချဲထီဝါသနာ မပါသူကတောင် အထင်မကြီးလို့မရပါဘူး။ စာဖတ်သူများ ထောင် ထဲက အကျဉ်းသားများကို လျှော့မတွက်ပါနဲ့။ အကျဉ်းသားများ တရားဓမ္မဝါသနာပါလာရင်လည်း တစိုက်မတ်မတ်နဲ့ တရားထိုင်

မလား၊ ဗုဒ္ဓအတွေးအခေါ်ကို ဒဿနနဲ့ချဉ်းကပ်မလား၊ နားထောင်လိုက်၊ ကြည့်လိုက်ရင်ဟာ ဒီလူ "သောတပန်တောင်"က ပါတော့မလား ထင်ရပါတယ်ဗျာ။ အဲဒီတော့ ထောင်ထဲက အကျဉ်းသားစိတ်ပါလက်ပါ လနဲ့နှစ်နဲ့ချီပြီး တွက်ထားတဲ့ ချဲထီဂဏန်းက မတိုးလည်း အရှင်း၊ တိုးရင်လည်း ၃/၄ပတ်တော့ ဆက်တိုက်ထိတော့တာပဲဗျာ။ အံ့သြရော။ ဒါတောင် တစ်နှစ်တစ်ခါလောက် အကျဉ်းသား အိပ်မက်ဂဏန်းဆိုတာရှိသေး။ ရှေ့နောက်ဂဏန်းပါ မလွဲအံကျကွက်တိ။ အာဏာပိုင်တွေဘက်ကလည်း အဲဒီလိုချဲထိုးတာမျိုးက တည်ဆဲဥပဒေနဲ့ ညှိစွန်းနေပေမယ့် အကျဉ်းထောင်ငြိမ်ဝပ်ပိပြားမှုကိုတော့ တိုက်ရိုက်မထိခိုက်သေးဘူးလေ။ ဒါပေမဲ့အကျဉ်းသားချင်း အလောင်းအစားလုပ်ပြီဆိုရင်တော့ နဂိုကတည်းက အောင့်အည်းသီးခံနိုင်စွမ်းနည်းပါးလို့ အမှုဖြစ်ထောင်ကျနေသူအများစုရှိနေသူများ လောင်းကစားလုပ်ကြတော့ အဆင်ပြေနေရင်လည်း ခဏပေါ့။ တော်ကြာ ကြားရတော့တာပါပဲ။ ထသတ်ကြပါလေရော။ ထိုးကြကြိတ်ကြပေါ့၊ အဲဒါထောင်ပိုင်ရုံးတို့ မိန်းဂျေးရုံးတို့ ရောက်ကြတော့တာပါပဲ။

ခက်တာကလည်း ထောင်ထဲမှာ တရားဝင် ဘောလီဘောပုတ်တာ၊ ဘောလုံးကန်တာလုပ်လို့ရပေမယ့် ဘာကြေးမှမဟုတ်ရင်ပျင်းဖို့ကောင်းသတဲ့ဗျာ။ အနည်းဆုံးတော့ ကော်ဖီမစ် ၄/၅ထုပ်ကြေးလောက်တော့လုပ်မှ ပွဲကောင်းသတဲ့။ နေ့ကြီးရက်ကြီးအကျဉ်းထောင်အာဏာပိုင်က ကြီးမှူးကျင်းပတဲ့ လွတ်လပ်ရေးပွဲတို့၊ ဘာတို့မှာတောင် ဆုကြေးများမှ ထောင်ထဲက အားကစားသမားက ကြိုးစားပြိုင်ကြတာကိုး။ နောက်ရှိသေးတယ်။ ထောင်ထဲက ကျားဗိုလ်ကြီးတွေလေ။ အရင်ခေတ်တွေတုန်းကတော့

အကျဉ်းထောင်မှာ အုပ်ချုပ်သူများက မြေပြင်မှာ ကျားကွက်ဆွဲထားရင်တောင် အရေးယူပါတယ်။ ရိုက်ပါတယ်။ အခု ခေတ်မီလာတော့ ICRC က အကျဉ်းထောင်တွေကို လာရောက်လည်ပတ်ပြီးချိန်များမှာ ချက်ထိုးတာ ကျားထိုးတာ တရားဝင်ခွင့်ပြုပြီး ပြိုင်ပွဲတွေ ဘာတွေလုပ်ပေးနေတဲ့ ခေတ်ဆိုတော့လေ၊ အကျဉ်းသား ကျားဗိုလ်ကြီးတွေ အကြိုက်ပေါ့ဗျာ။ ထောင်ကလည်း သတိပေးတော့ ထားတာပေါ့ဗျာ။ အေးအေးချမ်းချမ်း ဆော့ကြ၊ ရန်ဖြစ်ရင်တော့ တုတ်ကြည့်ထား၊ လက်သီးကြည့်ထားကြလို့ ကြိမ်းထားရပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေက အကျဉ်းသားကို ဝန်ထမ်းကရိုက်တာကို မကြိုက်ကြပေမယ့် အချို့ရာဇဝတ်အကျဉ်းသားအချို့က တုတ်ပြပြီးအုပ်ချုပ်မှရတာကိုလည်း ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ ၁၉၈၈ ခုနှစ် အင်းစိန်ထောင် အရေးအခင်းဖြစ်အပြီး ထောင်အုပ်ချုပ်ရေး မလုပ်နိုင်တုန်းက သေလိုက်တဲ့ အကျဉ်းသားအများကြီးပဲ။ ခေတ်အဆက်ဆက်က မုန်းတီးမှုတွေကို အကောင်အထည်ဖော်ကြတာလေ။ ကျွန်တော့်ကို ၁၉၈၉ ခုနှစ် အင်းစိန်ထောင်မှာ ခဏထားတုန်းကတောင် ထောင်ဝင်စာအပြန်မှာ အလုခံရတာတို့ တိုက်နောက်မှာ မိလ္လာအိုးသွားသွန်စဉ်မှာ အချွန်နဲ့ထောက်၊ အဓမ္မပြုတာတို့တွေ ကြားဖူးပါတယ်။ ဒါကြောင့် အချို့လူဆိုးများဟာ တုတ်နဲ့အုပ်ချုပ်မှ ရတယ်ဆိုတာ ကျွန်တော်မကြိုက်ပေမယ့် မငြင်းနိုင်ပါဘူးဗျာ။

[ ၁၃ ]

အကျဉ်းထောင်များထဲမှာရှိနေကြတဲ့ အကျဉ်သားအများစုဟာ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားကြတဲ့ သဘောထားက အလွန်အံ့သြစရာကောင်းတာကို တွေ့ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ မိမိပြစ်မှုတစ်ခုကို ကျူးလွန်လို့ ထောင်ကျနေတယ်ဆိုတာကို သဘောမပေါက်တာလား၊ သဘောမတူတာလား၊ မေ့နေတာလား ဘယ်ဟာလဲတော့ မသိဘူးဗျာ၊ အများစုက ကံမကောင်းလို့ ထောင်ကျနေတယ်လို့သာ ခံယူကြပါတယ်။ (ကံကိုအဆင့်အတန်းမြင့်မြင့်အလုပ်လို့ ခံယူပြီးတော့ အလုပ်မကောင်း=ကံမကောင်း ဒီလိုယူတာတော့ မဟုတ်ဘူးဗျ) ဟိုမိရိုးဖလာကံဇာတာ ကျဆင်းနေလို့ ဘဝကံကြမ္မာကို ယိုးမယ်ဖွဲ့တယ်လို့ဆိုပါတာပါ။ အဲ-တစ်ခုတော့ ရှိပါတယ်ဗျာ။ ဒီနေ့မြန်မာနိုင်ငံမှာ လက်တွေ့မြင်ကြား သိနေကြရတွေက တရားဥပဒေကို လေးစားလိုက်နာရန်အထောက်အပံ့

မဖြစ်စေဘဲ ကြမ္မာကိုသာ ယိုးမယ်ဖွဲ့နေကြတာလားပေါ့။ ဥပမာ သစ်တောကြီးတွေ ခုတ်ရောင်းစားနေသူများက ဘာမျှမဖြစ်ဘဲ သစ်ကိုင်းခုတ်တဲ့သူက ထောင်ကျနေတာမျိုး။ ကိန်းဂဏန်းကြီး ကျယ်သောငွေ တန်ဖိုးသင့်နိုင်တဲ့ ခိုးမှုကြီးများ လိမ်လည်မှုများက ဘာမျှမဖြစ်ကြပါဘဲနဲ့ မဖြစ်စလောက်ငွေကြေးတန်ဖိုးကို ခိုးမိ၊ လိမ်မိ သူများကတော့ ထောင်ထဲကိုရောက်နေ ကြတာမျိုး။ ကြီးကျယ် သော လောင်းကစားဒိုင်ချုပ်ကြီးများ ဘာမျှမဖြစ်ကြဘဲ လက်လီ စိတ်ခြေလျှင်များက ထောင်ထဲမှာဆိုတော့ဗျာ၊ မြန်မာတစ်မျိုးသား လုံးရဲ့ တရားဥပဒေအပေါ် လေးစားလိုက်နာမှု အခြေအနေက တော့ ကျူးလွန်တဲ့သူအပိုင်း က မလေးစားမလိုက်နာတဲ့အပြင် ဘယ်လိုလွတ်အောင် ကျူးလွန်ရင် ငါလွတ်မှာပဲ။ တနင့်တပိုးပေး လိုက်ရင် ငါထောင်မကျလောက်ဘူးလို့အမြင်ရှိသလို တရားဥပဒေ ဘက်တော်သားများဘက်ကလည်း အထက်က မသိအောင်၊ မမြင် အောင်စို့စို့ ပို့ပို့လေးလာပေးမယ်ဆိုရင်တော့ ကဲ-ခဏရှောင်နေ လိုက်၊ ကဲ-နည်းနည်းတော့ခံလိုက်ဆိုတာမျိုးတွေကိုပဲ ဗဟုသုတ အဖြစ် နိစ္စဓူဝ ကြားသိနေရပါတယ်။

ဟိုပြီးခဲ့သော ကာလတစ်ခုကဆိုရင် ထောင်ထဲမှာ စကားစု ပြောနေကြတဲ့ စကားဝိုင်းတွေကို တစ်ချက်လောက် နားထောင် ကြည့်လိုက်ရင် ထောင်အပြင်ကိုရောက်ရင် ဘုရားခိုးတာ ဘယ်လို လွယ်တာ၊ ဘယ်လိုပိုက်ဆံရတာ၊ မားပြတိုက်ဖို့၊ လုယက်ဖို့ သေနတ်ကို ဘယ်မှာသွားရှာမယ်တို့၊ အိမ်ပေါ်တက်ခိုးတဲ့ ခိုးနည်း အတွေ့အကြုံတို့ဆိုတာတွေက အကျဉ်းဦးစီးဝန်ထမ်းကပါ ထိုင် နားထောင်နေကြတာ။ ဘာမျှမဖြစ်ဘူး၊ ဒါမျိုးတွေကို ထောင်ထဲမှာ ခပ်ကျယ်ကျယ် ပြောလို့ရတယ်။ အဲ-တိုင်းပြည်ကောင်းရာ ကောင်း

ကြောင်း အမျိုးသားညီလာခံကိုစွတ်တို့၊ ဒေါ်အောင်ဆန်းစုကြည် ဆိုတဲ့နာမည်ပြောမိတာတို့၊ တိုင်းပြည်ကောင်းဖို့ ဘယ်လိုလုပ်သင့် တယ်တို့ကို ပြောမိဆိုမိတာ ဘေးကကြားသွားရင် မိန်းဂျေးရုံး (ထောင်တွင်းအုပ်ချုပ်ရေးရုံး)က အဲဒီသူတွေကို ခေါ်ပါပြီ၊ စစ်ပါပြီ၊ တိုက်ပိတ်ပါပြီ၊ ရိုက်ပါပြီ။ နောက်တိုင်းပြည်ကောင်းစားဖို့ မပြောဝံ့ အောင်လေ။ ချဲထီထိုင်တွက် ဘာမျှ မဖြစ်စေရဘူး။ နိုင်ငံရေးသမား တွေထံမှာမိရင် ထောင်ထဲမှာ အပြစ်ကြီးတဲ့ စာရေးကိရိယာကို ချဲထီတွက်နေသူအတွက် ဝန်ထမ်း၊ အရာရှိများက အပြာ၊ အနီ၊ အနက်၊ ဘောပင်၊ ကလင်ဒါအစုံအလင် ဝယ်ပေးထားတယ်။ အဲဒီ ကာလတွေတုန်းက တရားဥပဒေဘက်တော်သားများကလည်း လုပ်ချလိုက်ရင် ပြောစရာတွေ ချည်းပါပဲ။

သာယာဝတီထောင်ကို ရောက်လာတဲ့ အကျဉ်းသားတစ်ဦး ကို ကျွန်တော်ကောင်းကောင်းမှတ်မိနေပါတယ်။ နာမည်ကိုတော့ မေ့နေပါပြီ။လူကတော့ သုံးဆယ်ချောင်းဘေးအထက်ဘက်ကပဲ။ လေငန်းဖြတ်ထားလို့ ဆေးရုံလူနာတင်ကတ်နဲ့ သယ်လာရတယ်။ ဘာဖြစ်တာလဲလို့မေးကြည့်တော့ လေငန်းဖြတ်ထားတာက တစ် နှစ်ကျော်လောက်ရှိပါပြီတဲ့။ သူနေတာက တစ်ယောက်တည်း၊ တစ်ကိုယ်တည်းချောင်းဘေးက ခြံကလေးထဲမှာ နေပါတယ်တဲ့။ ရွာထဲက မကင်းရာမကင်းကြောင်းတွေက အလှည့်နဲ့ ထမင်းပို့ကျွေး ထားရပါတယ်တဲ့။ အဲဒီ လမ်းမလျှောက်နိုင်သူ ရောဂါသည်ရဲ့ ခြံထဲမှာ ချောင်းထဲကဆွဲလာတဲ့ အစိုးရကျွန်းသစ်လုံးကို တွေ့လို့ အရေးယူခံရတာလို့ ပြောပါတယ်။ အဲဒီ လေငန်းဖြတ်ထားတဲ့ ရောဂါသည်ကို ကျွန်းသစ်လုံးသယ်ပြီးဖွက်ထားလို့ အရေးယူတဲ့ ကျွန်တော်တို့နိုင်ငံက တရားဥပဒေစိုးမိုးရေးနဲ့ ဥပဒေဘက်တော်

သားများကို ကျွန်တော်တို့နိုင်ငံသားများက မယုံကြည်မလေးစား ကြတာလည်း အပြစ်ဆိုရန် ခက်လှပါတယ်။

၁၉၉၅ ခုနှစ်လောက်က သရက်ထောင်ကို ရေနံချောင်းမြို့ နယ်က ပို့လိုက်တဲ့ ထောင်ကျအုပ်စုမှာ ကလေးမောင်နှမနှစ် ယောက်ပါလာတယ်ဗျာ။ အကြီးမ အသက် ၁၀ နှစ်ကျော်၊ အငယ် ယောက်ျားလေးက အသက် ၈ နှစ်ခန့်ပါ။ ရေနံချောင်းတား မြစ်နယ်မြေအတွင်းမှာ ရေနံဂါလံဝက်လောက် (၃ပုလင်းခန့်)နဲ့ မိလို့ပါတဲ့။ ထောင်ကျလာတာလေ။ သရက်ထောင်ရောက်တော့ အစ်မက မိန်းမဆောင်ကို သွားရမယ်။ အငယ်ယောက်ျားလေးက ယောက်ျားလေးဆောင်ကိုသွားရမယ်ဆိုတော့ သရက်ထောင် တံခါးဘူးဝမှာ ကလေးမောင်နှမနှစ်ယောက်က အခွဲမခံဘဲ ကျစ် ကျစ်ပါအောင် ဖက်ငိုနေကြတာကိုမြင်တဲ့ သရက်ထောင်ပိုင်စစ် ဗိုလ်လည်း အသည်းမမာနိုင်တော့ဘဲ အပြင်လောကက ဥပဒေ ဘက်တော်သားများကို နာနာကြည်းကြည်းဆဲနေတာကို ကြားမိပါ တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အသေးအဖွဲ့ဆိုရင် ကိုတိကျ များက ဥပဒေဘက်က တစ်ရွေးသားမျှ မလျှော့ပေးနိုင်ပါဘူးဗျာ။ အကြီးအကျယ်ကိစ္စ လေးလေးပင်ပင်ကြီးများကို ဆိုရင်တော့ ကြားရ မြင်ရ တွေ့ရတာများဗျာ လွယ်လိုက်တာ၊ အဆင်ပြေလိုက် တာ ချောလို့ပါ။ ကျွန်တော် ပြောချင်တာကတော့ဗျာ။ တရား ဥပဒေရယ်၊အ မှုဖြစ်ပေါ်ပုံအနေအထားရယ်ကို ဥပဒေဘက်တော် သားက အနေအထားကို ညှိနှိုင်းဆင်ခြင်နိုင်တဲ့ စေတနာကိုဆိုလို တာပါ။ တရားဥပဒေကို လိုသလိုဆွဲယူဖို့ (သို့မဟုတ်) ချိုးဖောက်ဖို့ တိုက်တွန်းအားပေးတာ မဟုတ်ပါဘူး။

ဥပမာ-ကျွန်တော်ထောင်က မလွတ်ခင် ဂျာနယ်တစ်ခုမှာ

ဖတ်မှတ်လိုက်ရတဲ့ အင်ဒိုနီးရှားနိုင်ငံ တရားရုံးတစ်ခုက ပြစ်မှုတစ်ခု ကျူးလွန်တဲ့လင်မယားနှစ်ဦးကို ထောင်ဒဏ်ချမှတ်လိုက်ပေမယ့် အဲဒီလင်မယားနှစ်ဦးက မွေးဖွားထားသော ဥမမည်စာမမြောက် ရင်သွေးငယ်နှစ်ဦးဒုက္ခ မရောက်စေရန် စေတနာနဲ့ တရားသူကြီး က လင်မယားနှစ်ဦးစလုံး တစ်ပြိုင်တည်းပြစ်ဒဏ်ကို ခံယူစရာ မလိုဘဲ တစ်ဦးပြစ်ဒဏ်ခံယူပြီးမှ တစ်ဦးကျခံစေ၊ တစ်ဦးပြစ်ဒဏ် ခံယူနေစဉ် ကျန်တစ်ဦးရဲ့ပြစ်ဒဏ်ကို ဆိုင်းငံ့ပြစ်ဒဏ်ဟု သတ်မှတ် ပေးလိုက်တာကို ကျွန်တော်ဖတ်ရတော့ ကျွန်တော်တို့ နိုင်ငံမှာ မကြားဖူးသော စီရင်ချက်မျိုးအတွက် ကျွန်တော် ဖတ်နေရင်း ကြက်သီးထအောင် ခံစားလိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ထောင်ကျနေစဉ်က ထောင်ထဲမှာ စိတ်မချမ်းသာစရာ တွေကို ကျွန်တော် ကြုံတွေ့ မြင်ဖူးတာကိုးဗျ။

စစ်ခုံရုံးခေတ်ကပါ။ သာယာဝတီထောင်မှာ။ နာမည်က မောင်ပုတဲ့။ တစ်မိသားစုလုံး ထောင်ဒဏ်နှစ်ကြီး အပြစ်ပေးခံရ တာပါ။ မောင်ပုရော၊ မောင်ပုမိန်းမရော၊ မောင်ပုရင်သွေးကလေး တွေရော၊ မောင်ပုက ဓားပြလည်းမဟုတ်ဘူး။ သူခိုးလည်း မဟုတ် ဘူး။ နိုင်ငံရေးလည်းမသိဘူး။ လယ်သမားပါ။ မင်္ဂလာဆောင် တုန်းက နှစ်ဖက်မိဘလက်ဖွဲ့ မတည်ပေးလိုက်တဲ့ လယ်နှစ်ဧကနဲ့ နွားကလေးတစ်ကောင်၊ တဲစုတ်တစ်လုံးသာပိုင်တဲ့ ဆင်းရဲတဲ့လယ် သမားကလေးပါ။ ထွန်သွားမှာ သံချေးမတက်အောင် ကြေးကြီး ကြီးကြီးရှာပြီး တုပ်နှောင်ထားတာကို တစ်နယ်လုံးမှာ ပျောက်ဆုံးခဲ့ တဲ့ လျှပ်စစ်မီးလိုင်းကြိုးအမှုကို မောင်ပုတို့လင်မယား အပေါ် စွပ်စွဲ ပြီး မောင်ပုမကြားဖူးတဲ့ ပုဒ်မကြီးတွေနဲ့ စစ်ခုံရုံးက မောင်ပုကို ပုဒ်မ ၃၃ အတွက် ထောင်ဒဏ် ၄၃ နှစ်၊ မောင်ပု မိန်းမက အနှစ် ၂၀၊

ရင်သွေးငယ်နှစ်ဦးကတော့ လယ်ကွင်းထဲက တဲစုတ်မှာထားပစ်ခဲ့လို့မဖြစ်တော့ ထောင်ထဲကို တစ်ပါတည်း ပါလာတယ်လေ။ မောင်ပုက ယောကျ်ားဆောင်မှာ ကလေးခေါ်ထားလို့ မဖြစ်တော့ မောင်ပုမိန်းမက မိန်းမဆောင်မှာခေါ်ထားတယ်ဗျာ။ ထောင်ဝင်စာကလည်း လာတွေ့သူ မရှိရှာကြပါဘူး။

မောင်ပုမိန်းမက စိတ်တအားညစ်ပြီး နို့အသွားလို့ကလေးကနို့မဝဘူး။ မောင်ပုလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ နောက်ကလေးက ထောင်ထဲမှာ ဆေးမကုလိုက်ရဘဲ ကွယ်လွန်သွားတယ်။ လျက်ဆားလေးလောက်၊ သူငယ်နာဆေးလောက်တောင်ဝယ်မတိုက်လိုက်ရတဲ့ဘဝ။ 'တောက်' မောင်ပု တောက်ခေါက်သံပါ။ မောင်ပုမျက်လုံးတွေက မျက်ရည်တွေမထွက်ဘဲ နီနီကြီးဖြစ်နေတယ်။ အဲဒီအချိန်မှာဗျာ၊ မောင်ပုရှေ့မှာ ထောင်ကျလူသစ်တစ်ဦးက ရှိုက်ကြီးတငင်ငိုနေတော့ မောင်ပုက ကိုယ့်ဒုက္ခတွေကိုယ်မေ့သွားပြီး 'ညီလေးဘာဖြစ်လို့လဲ၊ အစ်ကို ဘာကူညီပေးရမလဲ'သွားမေးတော့ ရထားလက်မှတ်မဲ့ စီးနင်းမှုတဲ့။ ထောင် ၇ ရက်ကျလာတာ။ အချုပ်မှာ ၂ ရက်နေခဲ့တော့ နောက် ၅ ရက်နေပြီးရင် ထောင်ကလွတ်မှာ။ မောင်ပုက တိတ်ပါကွာခဏပဲ လွတ်မယ့်ဟာပေါ့။ အဲဒီမှာ အဲဒီလက်မှတ်ခိုးစီးက ဘာပြန်ပြောလဲဆိုတော့ ခင်ဗျားနားမလည်ပါဘူး၊ ကျွန်တော်ဘဝပျက်သလို ခံစားနေရတာလို့လည်း ပြန်အပြော မောင်ပုမျက်လုံးက ခလုတ်ဖွင့်လိုက်သလိုနီခနဲ၊ ရဲခနဲဖြစ်သွားပြီး ဘေးကအုတ်ခဲနဲ့ အဲဒီကောင်ထိပ်ကိုလည်းထုပြီးရော မိန်းဂျေးအုပ်ချုပ်ရေးရုံးကို ထောင်ထုံးစံအတိုင်း ဒေါက်ခတ်ခံရပြီး ရောက်လာပါတယ်။ အရာရှိက ဘာဖြစ်လို့ထုသလဲမေးတော့ တောသားလယ်သမားလူရိုးမောင်ပုက ဘာမှ

မဖြစ်ဘူးဆရာ၊ ဒီကောင့်ကို ကျွန်တော်ကြည့်မရလို့ကို ထုတာပါလို့ ပြန်ဖြေလိုက်တဲ့အခါ မိန်းဂျေး တပ်ကြပ်ကြီးရယ်၊ တပ်သား နှစ်ယောက်ရယ်က မောင်ပုကို ဝါးဆစ်ပိတ်နဲ့ ဝိုင်းကြုံးလိုက်ကြတာ မောင်ပုက တစ်ချက်မှ မအော်ဘဲ မျက်လုံးနီကြီးနဲ့သာကြည့်နေလို့ အခြေအနေကို သဘောပေါက်စပြုလာတဲ့ မိန်းဂျေးထောင်မှူးက ရိုက်တာကိုရပ်ခိုင်းပြီး မောင်ပုကိုတိုက်ပိတ်ဖို့ ကျွန်တော်တို့ နေ့တဲ့ သီးသန့်တစ်တိုက်ကို ခေါ်လာပါတယ်။ တစ်လတိုက်ပိတ်ခံရ တယ်။ ကျွန်တော်တို့လည်း ထောင်ထဲမှာ ရရာဆေးဝါးပရုပ်ဆီ များနဲ့ မောင်ပုဒဏ်ရာကို ဝိုင်းကုလိုက်ရပါတယ်ဗျာ။ ကျွန်တော် ထောင်ပြောင်းခံရပြီးတော့ မောင်ပုနဲ့ ကွဲသွားလို့ မောင်ပုနိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ကြိမ်မှာ ပါသွားသလား။ ရဲဘက်၊ ပေါ်တာထဲပါ သွားပြီး လင်မယားတွေ ရှင်ကွဲကွဲသလား သတင်း မရတော့ပါခင်ဗျား။

[ ၁၄ ]

ထောင်ထဲကလှမ်းမြင်လိုက်ရတဲ့ ၂၀၀၀ခုနှစ်ကာလလောက်က အပြင်လောက်က အခြေအနေတစ်ခုကို ကောင်းကောင်း ကြီးမှတ်မိနေပါတယ်။ သရက်အကျဉ်းထောင်ကို ( I C R C ) Internatianal Com mitte of Red Cross အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ပထမဦးဆုံးအကြိမ် ဝင်ရောက်ခဲ့ပါတယ်။ လေ့လာစစ်ဆေးတဲ့ အဖွဲ့ကို ဦးဆောင်သူက မစ္စတာမောရစ်တဲ့။ ဆွစ်လန်နိုင်ငံသားပါ။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီရဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ အကျဉ်းသားနဲ့ အဆက်အသွယ် ခက်ခဲနေတဲ့ အကျဉ်းသားရဲ့ မိသားစုကို ချိတ်ဆက်ပေးတဲ့ မိသားစုဆက်သွယ်စာကို ICRC ရဲ့ သတ်မှတ်ပုံစံမှာ ကျွန်တော်အပါအဝင် အကျဉ်းသားများက မိသားစုထံ စာရေးကြပါတယ်။ ICRC ရဲ့ တာဝန်ယူမှုစေတနာကြောင့် အကျဉ်းသားများရဲ့ မိသားစုထံ

ပေးစာများဟာ လိုရာခရီးကို ဆိုက်ရောက်ပြီး ICRC ပေးစာပုံစံ တစ်ပိုင်းမှာ တစ်ပါတည်းပါတဲ့ မိသားစုပြန်စာ ကွက်လပ်မှာ အကျဉ်းသားရဲ့ မိသားစုက ပြန်စာရေးပေးလိုက်တာကို ၂၀ ရက် လောက်အတွင်းမှာ အကျဉ်းသားက ရရှိဖတ်ရှုကြရပါတယ်။ မိသားစုနဲ့ အဆက်အသွယ်ပြတ်တောက်နေကြသူ အကျဉ်းသား များ စိတ်ခံစားမှုအပြည့်နဲ့ ဝမ်းသာစရာအကြောင်း၊ ဝမ်းနည်းစရာ အကြောင်းတွေကို မျက်ရည်လည်ရင်း ဖတ်နေကြတာကို မြင်ရ တော့ ကျွန်တော်လည်း နားလည်ခံစားမိရင်း ဩော်-ဒါတွေဟာ လူသားအကျဉ်းသားတွေအတွက် လုပ်ပေးသင့်တဲ့အလုပ်ကြီး တစ်ခုပါလားလို့ ကျွန်တော် နားလည်ခဲ့ရပါတယ်ဗျာ။ ကျွန်တော် ပထမဦးဆုံးအကြိမ် ICRC မိသားစုပေးစာကို ICRC မှ ပုဂ္ဂိုလ်များ ရဲ့ တိုက်တွန်းချက်အရ ရေးမိသွားပါတယ်။ အဲဒါ ဘယ်လိုဖြစ်သွား တယ်မှတ်သလဲဗျို့။ ကျွန်တော် သရက်ထောင်က ရေးလိုက်တဲ့ ICRC မိသားစုပေးစာကို အဖွဲ့ခေါင်းဆောင် မစ္စတာမောရစ် (ဆွစ်ဇာလန်နိုင်ငံသား မြန်မာနိုင်ငံကို ရောက်နေတာ တစ်လ မပြည့်သေးသူ)က သရက်ထောင်က ရန်ကုန်မြို့ကို အပြန်ခရီးမှာ လမ်းကြုံတဲ့ ကျွန်တော့်မိသားစုနေထိုင်တဲ့ (သာယာဝတီ) သုံးဆယ် မြို့ကိုရောက်တော့ စာပါလိပ်စာအတိုင်း ကျွန်တော့်မိသားစုနေအိမ် အထိ ICRC တံဆိပ်ကပ်ထားတဲ့ မော်တော်ကားတွေနဲ့ မောင်းဝင် လာကြတာပေါ့ဗျာ။ နယ်မြို့ငယ်လေးလည်း ဖြစ်နေလာသူတွေက လည်း နိုင်ငံခြားသားတွေလာတဲ့ အိမ်ကလည်း တစ်မြို့လုံးက ကရုဏာသက်နေသော်လည်း စစ်အစိုးရရဲ့ အာဏာမျက်စောင်း အကြောင်းသုံးပါးမရှေ့လို့ တစ်မြို့လုံးက ဆက်ဆံရန်တွန့်နေကြတဲ့ နယ်မြေသပိတ်ခေါင်းဆောင် ကျွန်တော့်အိမ်ဆိုတော့ဗျာ။ စာရှုသူ

များ မြင်ယောင်သာ ကြည့်ကြပေတော့။ တစ်မြို့လုံးက စိတ်ဝင်တစား သို့လောသို့လောပေါ့။ ကျွန်တော့်မိသားစုကလည်း ပထမတော့ ဘာများပါလိမ့်ပေါ့။ နောက်တော့ အကြောင်းစုံသိသွားပြီး ဝမ်းသာအားရ ပြန်စာတစ်ခါတည်း ရေးပေးတာကို ICRC က အလုပ်ကြီးအကိုင်ကြီးသမားများ ခရီးသွားရင်းလာရင်းက စေတနာအပြည့်နဲ့ စာရေးတာပြီးအောင် ရပ်စောင့်ကြပါတယ်လို့ ကျွန်တော့်ဇနီးကနောင်မှာ ပြန်ပြောပြပါတယ်ဗျာ။ ဇနီးခမျာလည်း ယောကျ်ားထောင်ကျသွားကတည်းက မျက်နှာငယ်နေရရှာတာ။ ပြောင်ပြောင်တင်းတင်း အဖက်လုပ်ရဲသူဆိုလို့ မြို့နယ် NLD က ရယ်၊ လုပ်ဖော်ကိုင်ဖက် မိသားစုလောက်ရယ်ပဲ ရှိတာကိုး။ အခုလို နိုင်ငံခြားသားဧည့်သည်တွေ အများကြီးက မြွေမကြောက်ကင်းမကြောက် မြန်မာတွေလိုမဟုတ်ဘဲ နွေးထွေးပြတာကို နှစ်ပေါင်းများစွာအတွင်း ခံစားလိုက်ရတော့ ကျွန်တော့်ဇနီးနဲ့ သားသမီးငယ်များရဲ့ နှလုံးသားနဲ့ စိတ်အာဟာရကို ရွှင်လန်းတက်ကြွလာအောင် လုပ်ပေးနိုင်တာ ငြင်းမရလောက်ပါဘူးဗျာ။ စာရှုသူများကို ကျွန်တော်ပေးချင်တဲ့ မက်ဆေ့ဂျ်က မပြီးသေးဘူးဗျ။ ဒါ ဇာတ်လမ်းတစ်ဝက်ပဲ ရှိသေးပါတယ်။ ဆက်ဖတ်ကြည့်ပါဦး။

နောက် ၁ နှစ်ကျော်၊ ၂ နှစ်လောက်မှာ ICRC က ဒုတိယအကြိမ် သရက်အကျဉ်းထောင်ကို ပြန်လာဝင်ရောက်တဲ့ အချိန်ပေါ့ဗျာ။ ICRC က ကြေညာပါတယ်။ ယခုတစ်ခေါက်မှ စတင်ပြီးတော့တဲ့ မိမိတို့ ICRC လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်မယ့် မူဝါဒအရပါတဲ့။ ရန်ကုန်မြို့တွင်း မိသားစုပေးစာများကလွဲလို့ နယ်မြို့များထံ မိသားစုပေးစာများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကို လွှဲပြောင်း

အပ်နှံပြီးတော့ ပေးဝေစေမှာပါတဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း မိသားစုပေးစာ တစ်စောင်ကို ICRC မိသားစုပေးစာပုံစံမှာ ဖြည့်စွက်ရေးသားပြီး ပေးလိုက်ပါတယ်ဗျာ။ အဲဒါကို ၈လအကြာ ကျွန်တော့်ဇနီးနဲ့ ကလေးတွေ ကျွန်တော့်ကို သရက်ထောင်မှာ လာပြီး ထောင်ဝင်စာတွေ့တော့ ကျွန်တော်က ငါပေးတဲ့ ICRC မိသားစု စာမရဘူးလားမေးတော့ ကျွန်တော့်ဇနီးက ဘာစာမျှ မရပါဘူး၊ ပထမအကြိမ် မစ္စတာမောရစ်တို့ လာပေးတာပဲ ရပါတယ်လို့ပြန်ပြောတော့ ကျွန်တော်လည်း နားမလည်နိုင်တော့ဘဲ 'အေးလေ ICRC လာမှပဲ မေးကြည့်ရတော့မှာပေါ့'လို့ ပြန်ပြောလိုက်ပါတယ်။ ဒါနဲ့ ဇနီးပြန်သွားပြီး ၂ လ ၃လလောက်နေတော့ ICRC က တတိယအကြိမ်လာတော့ ကျွန်တော့်က ICRC က တာဝန်ရှိသူကို ကျွန်တော့် ဒုတိယအကြိမ်တုန်းကပေးလိုက်တဲ့ မိသားစုစာက မိသားစုထံမရောက်ကြောင်း သတင်းပို့လိုက်ပါတယ်။ အဲဒီတော့ ICRC က တာဝန်ရှိသူက သူတို့နေ့လယ်စာ ပြန်ထွက်စားရင် ရန်ကုန်က မြန်မာနိုင်ငံကြက်ခြေနီအသင်းကို လှမ်းမေးကြည့်ပေးမယ်။ စိတ်မပူပါနဲ့ အကြောင်းစုံသိရမှာပါလို့ နှစ်သိမ့်သွားပါတယ်။ ဒါနဲ့ အဲဒီနေ့ နေ့လယ် ICRC က နေလယ်စာ ထွက်စားပြီး ထောင်ထဲကိုပြန်ဝင်လာတော့ ကျွန်တော့်ကို ခေါ်တွေ့ ပါတယ်။ ICRC က ဘာပြန်ပြောတယ်မှတ်သလဲ စာရှုသူများ ခင်ဗျား။ ICRC ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အကြောင်း ပြန်ကြားချက်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ICRC မှ လွှဲပြောင်းပေးလိုက်သော အကျဉ်းသားမှ မိသားစုပေးစာများကို လိပ်စာပါ သက်ဆိုင်ရာမြို့နယ်ကြက်ခြေနီအသင်းများကို လွှဲပြောင်း ပေးအပ်ခဲ့ပါကြောင်း၊ ယခု ICRC မှ မေးမြန်းထားသော အကျဉ်း

သား ကိုဂျော်လီထွန်း၏မိသားစုကို သက်ဆိုင်ရာ သာယာဝတီမြို့နယ်ကြက်ခြေနီအသင်းက လိပ်စာရှင် ရှာဖွေမတွေ့သောကြောင့် မပေးအပ်နိုင်ခဲ့ပါကြောင်း အကြောင်းပြန်ပါသတဲ့ဗျာ။ ဩော်-ဖြစ်ရလေ မြန်မာကြက်ခြေနီရယ်။

စာရှုသူများ ခင်ဗျား၊ ကျွန်တော်ဟာ သာယာဝတီမြို့နယ်မှာ မဟာဗျူဟာသပိတ်တပ်ဖွဲ့ဥက္ကဋ္ဌခေါင်းဆောင်ပါ။ တစ်နယ်လုံးက သိကြပါတယ်။ မြို့ပေါ်မှာဆိုရင်တော့ ပြောမနေတော့ပါဘူး။ မွေးခါစနို့စို့ကလေးတော့ မမေးနဲ့ပေါ့ဗျာ။ ကျွန်တော်က ICRC က တာဝန်ရှိသူကို ပြောပြပါတယ်။ ICRC ပထမအကြိမ် သရက်ထောင်ကို လာရောက်စဉ်က မိသားစုပေးစာကို ICRC အဖွဲ့ခေါင်းဆောင် မစ္စတာမောရစ် (ဆွစ်ဇာလန်နိုင်ငံသား) မြန်မာနိုင်ငံကို ရောက်နေတာ တစ်လမပြည့်သေးသောသူကို ပေးလိုက်တာ အဲဒီနိုင်ငံခြားသားက ကျွန်တော့်မိသားစုနေအိမ်ကို ကိုယ်တိုင်သွားပေးခဲ့ပါတယ်။ အခုကျွန်တော့်နေရပ်က တစ်မြို့တည်းသား မြို့နယ်ကြက်ခြေနီက ကျွန်တော့်မိသားစုလိပ်စာရှာမတွေ့တာ ဘယ်လိုဖြစ်နေတာပါလဲလို့ မေးခွန်းထုတ်ခဲ့ပါတယ်။ ICRC တာဝန်ရှိသူက ကျွန်တော်ကို ဘာပြန်ပြောတယ်မှတ်သလဲ။ သူကပြုံးပြီး ကျွန်တော့်ကို ကြည့်ပါတယ်။ နောက်ပြောပါတယ်။ သူ ICRC မှာ လုပ်နေတာ ကြာပါပြီ။ အခုလိုပဲ ပြဿနာရှိတဲ့ နိုင်ငံအစုံသူ ရောက်ဖူးပါတယ်။ အခုခင်ဗျားဖြစ်နေတဲ့ ပြဿနာမျိုးတွေရှိနေလို့သာ ICRC က ရောက်ရှိနေတာဖြစ်ပါတယ်။ ဒီပြဿနာတွေမရှိခဲ့ရင် ICRC လည်း လာစရာအကြောင်းမရှိပါ**ဘူးတဲ့**။

[ ၁၅ ]

သရက်ထောင်မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။တောင်တွင်းနယ်၊ မကွေးနယ်၊ မြို့သစ်နယ်နဲ့ချောင်းနယ်များက အရပ်ဘက်၊ စစ်ဘက်တရားရုံးတွေက သေဒဏ်အပြစ်ပေးခံသူများကို သရက်ထောင်ကို ပို့ပါတယ်။ ၈၈ အရေးအခင်းပြီးခါစ သရက်အကျဉ်းထောင်ကို သေဒဏ်အပြစ်ဒဏ်သတ်မှတ်ခံရသူတွေ စတင်ရောက်ရှိခါစပေါ့ဗျာ။ ၈၈ အရေးအခင်းမတိုင်မီကတော့ သရက်ထောင်မှာ သေဒဏ်အပြစ်သားတွေကို လက်ခံမထားပါဘူး။ သာယာဝတီထောင်ကို ပြောင်းရွှေ့ထားပါတယ်။ သရက်ကပို့ထားတဲ့ သေဒဏ်အပြစ်ဒဏ် သတ်မှတ်ခံရသူတွေကို သာယာဝတီထောင်မှာ တွေ့ဖူးခဲ့ပါတယ်။ ၈၈ အရေးအခင်းအပြီးမှာ မကွေးတိုင်းပွင့်ဖြူ စကုစလင်းဘက်က အရပ်ဘက်စစ်ဘက် တရားရုံးတွေက သေဒဏ် အပြစ်ဒဏ်ချမှတ်ခံရသူများကို သရက်ထောင်ကိုပို့ပါတယ်။

အဲဒီကာလက သရက်ထောင်ပိုင်က မကွေးတိုင်းက ပို့လိုက်တဲ့ သေဒဏ်အကျဉ်းသားတွေကိုထားဖို့ နေရာစီစဉ်ရပါတယ်။ သေဒဏ်အကျဉ်းသားဆိုတော့ဗျာ။ ထောင်ဒဏ်အကျဉ်းသားနဲ့ မတူပါဘူး။ အဓိကကတော့ လုံခြုံရေးအပိုင်းပါ ထောင်ပိုင်က သရက်ထောင် ၂ တိုက်ကို သေဒဏ်သမားများကို ထားရဖို့ သတ်မှတ်လိုက်ပါတယ်။ လုံခြုံရေးဝန်ထမ်းတွေကိုထားဖို့ သတ်မှတ်လိုက်ပါတယ်။ သေဒဏ်အကျဉ်းသားကလည်း ထောင်ဗဟုသုတ မရှိသူတွေဖြစ်လို့ ဘုမသိဘမသိ၊ အကျဉ်းထောင်ဝန်ထမ်းတွေက လည်း မကြာမီကမှ အလုပ်ခန့်ထားသူများဖြစ်လို့ ဘုမသိဘမသိ။ အကျဉ်းထောင်ဝန်ထမ်းနဲ့ အကျဉ်းသားတင်မကပါဘူးဗျာ။ သေဒဏ်ကျခံအကျဉ်းသားကိုလာပို့ပေးတဲ့ရဲကလည်း ဘုမသိဘမသိပုံများ မှတ်မိသေးတယ်။ မကွေးတိုင်းက သေဒဏ်ကျ အကျဉ်းသားတွေကို သရက်ထောင်ကိုလာပို့ပေးရသူ ရဲတပ်ကြပ်၊ သူ့မြို့ကိုပြန်ရောက်တော့ သေဒဏ်ကျအကျဉ်းသားရဲ့ မိသားစုတွေ က ရဲအရာရှိကို မမေးရဲလို့ အဲဒီတပ်ကြပ်ကို သွားမေးပါသတဲ့။ ဟဲ့-ကိုဘယ်သူရယ်၊ ငါတို့မောင်လေး၊ ငါတို့သားလေး၊ ငါတို့ ဦးလေးကို ထောင်က ဘယ်လိုလုပ်မှာလဲ။ အခုကော အသက်ရှိ ပါဦးမလားပေါ့ဗျာ။ အဲဒီရဲကလည်း ဘုမသိဘမသိ အူတူတူ ဆိုတော့ အေးကွာ၊ ငါလည်း သေသေချာချာတော့ မသိပါဘူး။ ရဲအရာရှိနဲ့ထောင်က အရာရှိ စာရွက်စာတမ်းနဲ့ လွှဲအပ်ပြီးတော့ ထောင်ကဝန်ထမ်းကို ငါကသေဒဏ်ကျသူရဲ့ လက်ထိပ်ဖြုတ်ပြီး အပ်ပေးလိုက်ရတာ။ ထောင်ဝန်ထမ်းက သေဒဏ်သမားကို အတွင်းတံခါးဖွင့်ပြီး ဆွဲခေါ်သွားတယ်ပြီးတော့ အသံကြားလိုက် တာပဲကွာ။ ဝုန်းခနဲဆိုပြီး 'အောင်မလေးဗျလို့ အော်သံတော့ ကြား

လိုက်တာပဲ'ဆိုပြီးပြောပြလိုက်ရော လာမေးကြတဲ့ မိသားစုတွေက လည်း ဘုမသိဘမသိနဲ့ အမလေးတော်သေရှာပါပြီ အီးအီးဆို ငိုကြ တယ်တဲ့ဗျာ။ အမှန်ကရဲပြောပြတဲ့ ဝုန်းအမလေးဗျဆိုတာကြီးက ဝုန်းဆိုတာက (ကြိုးတိုက်) သေဒဏ်ကျသူကိုထားတဲ့ တိုက်က တံခါးကို ထောင်ဝန်ထမ်းက ဆောင့်ပိတ်လိုက်တာ။ အမလေးဗျဆို တာက ထောင်ကိုလူသစ်ရောက်ရင်၊ တိုက်ကိုလူသစ်ရောက်ရင် ထောင်ထုံးစံ နာရင်းတစ်ချက်တော့ အုပ်မှာပဲ။ အကျဉ်းသားက လည်း မအော်ရင်ထပ်ရိုက်မှာစိုးရိမ်တော့ အမလေးဗျ၊ ကျယ်ကျယ် အော်တာပါ။ သေဒဏ်ကျလာပေမယ့် ချက်ချင်းသတ်လို့ ကွပ်မျက် လို့ မရပါဘူး။ တရားဥပဒေအတိုင်းအယူခံ၊ အသနားခံအဆင့် ဆင့် ကျန်ပါသေးတယ်ဗျာ။ ကျွန်တော် ပြောပြချင်တဲ့ဟာက မရောက်နိုင်သေးပါဘူး။

ဒီလိုဗျ။ အဲဒီလို မကွေးတိုင်းက သေဒဏ်အပြစ်ဒဏ် သတ်မှတ်ခံရသူတွေ သရက်ထောင်ကို ရောက်တဲ့ညကပေါ့ဗျာ။ သရက်ထောင် ၂ တိုက်မှာ သေဒဏ်ကျထားသူ ၅ ယောက်လား၊ ၆ ယောက်လားတော့ မမှတ်မိတော့ဘူး။ တစ်ယောက်တစ်ခန်း ထည့်ထားပြီး တံခါးသော့ခတ်ထားတာပေါ့။ ဝန်ထမ်းတွေက လည်း ၄ ကြိမ် ဂျူတီဆိုတော့ ၁ တိုက်မှာ ဝန်ထမ်း ၄ ဦး၊ ၂ တိုက် မှာလည်း ဝန်ထမ်းက ၄ ဦး ဆိုတော့ ၈ ဦးပေါ့ဗျာ။ ဇာတ်လမ်းက ဒီမှာစပါတယ်။ ကြိုးသမားအသစ်တွေကလည်း အခန်းထဲက အပြင်ကို တကြည့်ကြည့်ပေါ့။ အဲဒီအချိန်မှာ ကြိုးသမားထဲက အသက်အကြီးဆုံးက နာမည်ရင်းတော့ မမှတ်မိတော့ဘူး၊ ပွင့်ဖြူ ဘက်က။ အားလုံး'ဘိုးတော်'လို့ ခေါ်ကြတယ်။ ဘိုးတော်က ဘေး အခန်းတွေက သူ့ဝ႒တွေကို လှမ်းပြောသံထွက်လာတယ်။ ရွာထဲ

မှာအတိုင်းပြောနေကြတာ။ 'ဟော့ကောင်လေးတွေ သတိထားနေကြနော်။ လာခေါ်ရင်ထွက်လိုက်မသွားကြနဲ့ အသတ်ခံရလိမ့်မယ်။ လာခေါ်ရင် ဘေးအခန်းကသိအောင် အသံလေးဘာလေးပေးကြဟော့ကြားလား'ပေါ့။ ကင်းမှူးတပ်ကြပ်ကြီးက တိုက်အပြင်ဘက်က နားထောင်ပြီး ပြုံးနေတယ်။ ဝန်ထမ်း ၈ ဦးက ထမင်းဆာနေကြပြီလေ။ ထောင်ဝန်ထမ်း ၉၀ ရာခိုင်နှုန်းက ထောင်ပိုင်က ဘယ်လောက်ပြောပြော ထောင်ထဲမှာပဲ ထမင်းစားကြပါတယ်။ 'မိရိုးဖလာ' ဖြစ်နေပါပြီ။ ထမင်းအသင့်ဟင်း အသင့်ကိုးဗျ။ အခုတိုက်ဝန်ထမ်း ၈ ဦးက ထောင်ပိုင်ထောင်ထဲမှာ ရှိနေသေးလို့ ထမင်းချက်ဖိုကြီးကို ထမင်းသွားမယူရဲကြသေးဘူး။ ထောင်ပိုင်ပြန်မှာကို စောင့်နေကြတာဗျ။ သိပ်မကြာခင် ထောင်ပိုင်လည်း သူ့အိမ်ကိုပြန်သွားရော။ အဲဒီဝန်ထမ်း ၈ ဦးထဲက ၂ ဦး၊ ၃ ဦးက မနက်ကမှ ထောင်ကိုရောက်နေတဲ့ ကြိုးသမားအသစ်တွေရဲ့ အခန်းတွေကို ပြေးလာကြတယ်။ 'ဟော့ဟော့-အထဲက အကျဉ်းသားတွေ ပေးစမ်း ပလတ်စတစ်တစ်လုံး' (မှတ်ချက်) ထောင်ထဲမှာ အကျဉ်းသားပိုင် ပန်းကန်ခွက်ယောက်က ပလတ်စတစ်တွေပါ။ အထဲက လူသစ် ကြိုးသမားတွေကလည်း ဘာမှန်းမသိ၊ အပြင်က ဝန်ထမ်းက လေသံမာမာနဲ့ 'ပေးဆို ပလတ်စတစ်ဇလုံ'လို့လည်း ထပ်ပြောရော အထဲက ကြောက်ကြောက်နဲ့ ပလတ်စတစ်ဇလုံကို သွားယူပေးလိုက်တယ်။ ဝန်ထမ်းကလည်း မစစ်မဆေး မစူးစမ်းဘဲ ကြိုးသမားလူသစ်က ကြောက်ကြောက်နဲ့ပေးလိုက်တဲ့ ပလတ်စတစ်ဇလုံကို ယူပြီးတော့ ထမင်းသွားတောင်းပါတော့တယ်။ ထမင်းရလာပြီးတော့ ဟင်းကိုလည်း ဒီလိုပဲ ထောင်ဝန်စာဧည့်တွေ့လာထားသူ အကျဉ်းသားတွေထံက လိုက်တောင်းပါတယ်။ နောက် လူကြီး

မမြင်နိုင်တဲ့တစ်နေရာမှာ ဝိုင်းထိုင်စားကြတာပေါ့ဗျာ။ စားပြီးတော့ ခုနက အကျဉ်းသားထံက ငှားလာတဲ့ ဇလုံကို ချက်ချင်းပြန်မပေးသေးပါဘူး။ မိုးလင်းမှ ပြန်လာပေးတော့ ညကငှားပေးလိုက်တဲ့ အကျဉ်းသားနဲ့ သူ့အခန်းကိုက မမှတ်မိတော့ဘူးလေ။ အဲဒီတော့မှ ပလတ်စတစ်ဇလုံကို ထောင်ပြပြီးတော့ အော်မေးပါတယ်။ ဟေ့ ညတုန်းက ဒီဇလုံကို ဘယ်အခန်းက ငှားလိုက်တာလဲကွ။ ကျွန်တော်ပါဆရာ၊ ဒီက ငှားပေးလိုက်တာပါ။ အကျဉ်းသားက ထပ်ပြောလိုက်ပါတယ်။ ဟာဗျာ. . . ဆရာတို့ကလည်း ဇလုံလာ ပြန်မပေးတော့ ကျွန်တော်ဖြင့် တစ်ညလုံး အောင့်ထားရတယ်လို့လည်းပြောရော မင်းက ဘာကို အောင့်ထားရတာလဲ၊ ဟာ-ဆရာကလည်း အဲဒီပလတ်စတစ်ဇလုံက ကျွန်တော် အီးပါဖို့ ထောင်က ထုတ်ပေးထားတာလေဗျာလို့လည်းဆိုရော ညတုန်းက ထမင်းထည့်စားထားသူဝန်ထမ်းတွေ ပြေးပြီးတော့ အန်ထုတ်ကြပါတယ်။ မမီတော့ပါဘူးဗျာ။ အစာကကြေသွားပြီလေ။ အကျဉ်းသားထံ ဇလုံလာငှားသွားတဲ့ အကျဉ်းထောင်ဝန်ထမ်းက လည်း အကျဉ်းသားကို အံကြိတ်သာ ကြည့်နေလိုက်ရတော့တယ် ဗျာ။ ဇလုံလာငှားသွားတဲ့ အကျဉ်းထောင်ဝန်ထမ်းကလည်း အကျဉ်းသားကို အံကြိတ်သာကြည့်နေလိုက်ရတော့တယ်။ အမှားက သူ့အမှား။ ဟိုအကျဉ်းသားက ဘုမသိဘမသိ လူသစ်၊ တောသား။ သူနဲ့အငြိုးအတေးလည်းမရှိ။ ဒီသတင်းက လူကြီးနားပေါက်သွားရင်လည်း သူတို့ထောင်ထဲမှာ စားခွင့်မရှိတဲ့ ထမင်းယူစားတာက ပေါ်သွားမယ်လေ။ အဲဒီအကျဉ်းသားနာမည်က ကိုခင်မောင်အေး။ (တောင်တွင်းကြီးက ကြိုးမိန့်ကျအကျဉ်းသား) နောင်အခါ ၁၉၉၇ ခုနှစ် ၁/၉၇ အမိန့်လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်သွားပါတယ်။

သေဒဏ်အပြစ်က ၁/၉၃၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ အကြိုလွှတ်ငြိမ်းချမ်းသာခွင့်မှာ အနှစ် ၂၀ ပြစ်ဒဏ်ကို လျှော့ပေါ့ခံရပါတယ်။ အဲဒီညကထမင်းစားတဲ့ သရက်အကျဉ်းထောင်က ဝန်ထမ်း ၈ ဦး (အခု တစ်ဦးက ကွယ်လွန်၊ ၄ ဦးက အလုပ်ကထွက်သွားပါပြီ) နာမည်အကုန်မှတ်မိပါတယ်။ သူတို့ဂုဏ်သိက္ခာအရ နာမည်ကို မဖော်ပြတော့ပါဘူး။ ဒါပေမဲ့ သရက်ထောင်ကနှစ်ကြီး အကျဉ်းသားအချို့က ဒီအဖြစ်အပျက်ကို ယခုတိုင် မှတ်မိနေကြဆဲပါခင်ဗျား။

မြန်မာနိုင်ငံအကျဉ်းထောင်များမှာ ၁၉၈၈ မတိုင်ကစဥ္စအင်တုံကလေးများကို မိလ္လာတက်ရန် ထုတ်ပေးပါတယ်။ ဒါပေမဲ့ အကျဉ်းသားများရန်ဖြစ်တဲ့အခါ လက်နက်အဖြစ် သုံးစွဲကြလို့နောင်အခါမှာ ပေ့ါပါးတဲ့ ပလတ်စတစ်ဇလုံများကို အိမ်သာတက်ရန်၊ မိလ္လာသုံးရန်ထုတ်ပေးပါတယ်။ အကျဉ်းသားများကလည်း စားသောက်ရန် ဇွန်းကိုလည်း လက်နက်လုပ်ပါတယ်။ သွားတိုက်တံကော်ရိုးလက်ကိုင်ကိုလည်း လက်နက်လုပ်ပါတယ်။ ဘာမှရှာမရရင် ကျောက်စရစ်ခဲများကို နို့ဆီဘူးတစ်လုံးလောက်ရအောင် ရှာကောက်ပြီး အဝတ်နဲ့ထုပ်၊ လက်နက်လုပ်ပါတယ်။ အကျဉ်းထောင်အာဏာပိုင်များက နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ရှာဖွေရေး။ အထူးရှာဖွေရေးလုပ်ပြီး သိမ်းဆည်းခြင်းအရေးယူခြင်းများကို ဆောင်ရွက်နေရပါတယ်ဗျာ။ တာဝန်ရှိသူတွေ တစ်ချက်သတိလစ်ရင် တစ်ချက်တစ်ခါ ပြဿနာအမြဲရှိပါတယ်။

[ ၁၆ ]

၂၀၀၀ ခုနှစ် ကျော်ကျော်လောက်မှာပေါ့။ သရက်ထောင်မှာ ဝစီပိတ်လို့ ခေါ်ကြတဲ့ ကြိုးလွတ်(လွတ်ငြိမ်းချမ်းသာခွင့်နဲ့ သေဒဏ်ကလွတ်သူ) တစ်ဦးရှိပါတယ်။ ကံရဲ့ အကျိုးပေးဘုရားဟောနဲ့ညီတာ သွားမှတ်မိလိုက်ပါတယ်။ ဝစီပိတ် (နာမည်ရင်းမဟုတ်)အမှုဖြစ်စဉ်က ၁၉၉၀ လောက်မှာ ရန်ကုန်တိုင်းသယ်န်းကျွန်းဘက်က ဝစီပိတ်ကျင့်နေတဲ့ ဘုန်းတော်ကြီးကို လက်သီးနဲ့ထိုးပြီးတော့ လုယက်မှုကျူးလွန်ခဲ့တာမှာ ဘုန်းကြီးပျံလွန်တော်မူခဲ့ပါတယ်ဗျာ။ အင်းစိန်ထောင်မှာ သေဒဏ်ကျနေပါတယ်။ ၁၉၉၃ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်မှာ ထောင်ဒဏ်အနှစ် ၂၀ ဖြစ်သွားပါတယ်။ နောက်တော့ သရက်ထောင်ကို အပြောင်းရွှေ့ခံရပါတယ်။ တော်တော်ဆိုးပါတယ်။ သရက်ထောင်မှာလည်း အာဏာပိုင်လစ်ရင် လစ်သလိုအမြဲလောင်းကစားလုပ်ပါတယ်။ **ရန်လည်း** ခဏခဏဖြစ်ပါတယ်။

တစ်နေ့ ကျွန်တော်က ၁ ဆောင်မှာ ညဘက်အိပ်နေတုန်း နံနက် ၁ နာရီလောက်မှာ အုန်းဆိုတဲ့ အသံကြီးကြားပြီး လန့်နိုးခဲ့ ရပါတယ်ဗျာ။ နောက် လူအော်သံတွေ ဝီစီမှုတ်သံတွေကြားပါတယ်။ စုံစမ်းကြည့်လိုက်တော့ ဝစီပိတ်သေပြီတဲ့။ ကွန်ကရစ်တုံးကြီးနဲ့ ထုသတ်ခံရတာတဲ့သတင်းက ချက်ချင်းဝင်လာပါတယ်။ ညဦးပိုင်းက အလစ်မှာခိုးလုပ်တဲ့ ဖဲဝိုင်းမှာ မကျေနပ်လို့ ဝစီပိတ်အိပ်နေတုန်းမှာ အကျဉ်းသားတစ်ဦးက ခေါင်းကိုအိမ်သာတက်လို့ အဆင်ပြေအောင်လုပ်ထားတဲ့ ကွန်ကရစ်တုံးနဲ့ ယူထုလိုက်တာလို့ ကြားပါတယ်။ ကျွန်တော် အဲဒီညက မြတ်ဗုဒ္ဓအဆုံးအမကို နှလုံးသွင်းမိတယ်ဗျာ။ ဘာတဲ့ (ဇောခုနစ်တန်ပြည့်မှ ကံတစ်ခုမြောက်ပါတယ်တဲ့။ ပထမဇောက အခုဘဝအကျိုးပေးတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇောငါးချက်က တတိယဘဝကစပြီး နိဗ္ဗာန်မရောက်မချင်း အကျိုးပေးတယ်တဲ့။ အချိန်မရွေး အကျိုးပေးတယ်ဆိုတာလေ။ အခု ဝစီပိတ်ဆိုတဲ့ လူဆိုးကတော့ သယ်နီးကျွန်းမြို့နယ်က ဝစီပိတ်ဆရာတော်ကြီးကို ကျူးလွန်တဲ့ အချိန်မှာ လက်သီးဟာ ပထမဇောအကျိုးပေးချိန်မှာ ကွန်ကရစ်တုံးကြီး(အတွင်းမှာအုတ်ခဲ ၈ ခဲပါဝင်) ဖြစ်သွားတာကြောက်စရာကြီးနော်။ ဒုတိယဘဝမှာ အကျိုးပေးမယ့် သတ္တမဇောက လာဦးမယ်။ နောက်ကောင်းစွာ အရှိန်ရနေပြီဖြစ်တဲ့ ဘယ်အချိန်လာမယ်။ အကျိုးပေးမယ်မသိရတဲ့ အလယ်ဇောငါးချက်က ပိုမိုကြီးမားတဲ့ အင်အားနဲ့ လာဦးမယ်ဆိုတော့ စာရှုသူများဆင်ခြင် နှလုံးသွင်းနိုင်ကြပါစေလို့သာ. . .။

မှတ်မိတာလေးတွေက အရှိန်ရလာတယ်လို့ထင်ပါတယ်။ ပေါ်ပေါ်လာတယ်ဗျာ။ ၁၉၉၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ သရက်

ထောင်ရဲ့ နံနက်စောစောပေ့ါ။ နံနက်ပိုင်း ထောင်ထုံးစံအတိုင်း အကျဉ်းသားလူပေါင်းစစ်ဆေးပြီး ထောင်မဖွင့်ခင်မှာ ထောင်ဝန်ထမ်း အဖွဲ့တစ်ဖွဲ့က ၄ တိုက် ၁ ခန်းမှာထားထားတဲ့ ကျွန်တော့်ကို လာရိုက်ပါတယ်။ ဝန်ထမ်း ၅ ဦး အုပ်ချုပ်သူ အရာရှိဖြစ်ကာ စကတစ်ဦး ပေါင်း ၆ ဦးဝိုင်းရိုက်ကြတာပါ။ စုစုပေါင်း အချက်ရာကျော်ရိုက်တယ်လို့ အန်ကယ်ဦးကျင်မောင်(သာကေတ NLD) က ပြန်ပြောပြပါတယ်။ သူက ဒုတ်ရိုက်သံထိုင်မှတ်နေပုံရပါ တယ်။ ကျွန်တော်ကတော့ အရိုက်ခံရတဲ့အချက်ရေကို မှတ်မိဖို့ နေနေသာသာ ဒုတ်တစ်ချက်ရိုက်ပြီးတိုင်း နောက်တစ်ချက်ထပ်မရိုက်ခင် ဝေဒနာ ထပ်မခံစားချင်တော့လို့ အသက်ထွက်သွားရင် ကောင်းမယ်လို့သာ စိတ်ထဲမှာ ဖြစ်ပေါ်နေရတဲ့အချိန်ပါဗျာ။

တစ်တိုက်မှာလည်း ရိုက်ပါတယ်။ ကြိုးသမားကိုအောင်ရွှေကို ရိုက်တာပါ။ ဝန်ထမ်းကို ဆရာမခေါ်ဘဲ နာမည်တပ်ခေါ်လိုက်တဲ့အမှုပါဗျာ။ ၄ တိုက်တစ်တိုက်လုံးလည်း အရိုက်ခံရပါတယ်။ မဂ္ဂင်ဆရာတော်ကြီးပါ အရိုက်ခံရပါတယ်။ (မဂ္ဂင် ဆရာတော်ကြီးဆိုတာက လူအမည် ဦးရွှေသာအေး၊ ရခိုင်အမျိုးသားပါ၊ ပုသိမ်မှာမွေးပါတယ်။ ငယ်စဉ်ကတည်းက သာသနာဘောင်ဝင်ထားသူပါ။ ကိုရင်ဘဝနဲ့ လောကီလောကုတ္တရာ စာပေများ သင်ကြားခဲ့ပါတယ်။ လောကီအထက်တန်းကို ကိုးလ်ကတ္တားမှာ အောင်ပါတယ်။ အင်္ဂလန်မှာ ဝိဇ္ဇာဘွဲ့ရယူပါတယ်။ ထိုင်းဘုရင်ကိုယ်တိုင်ဆက်ကပ်တဲ့ သာသနာရေးဆိုင်ရာဘွဲ့တစ်ခုလည်း ရရှိပါတယ်။ နိုင်ငံတကာမှာ မိဘမဲ့ကလေးများ စောင့်ရှောက်ပေးတဲ့ဂေဟာများကို ဒကာ၊ဒကာမများအကူအညီနှင့် ထူထောင်ခဲ့ပါတယ်။ မွေးရပ်မြေမှာလည်း ထူထောင်ပေးလိုစိတ်ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံကို

ပြန်လာသူပါ။ Burma under the boots ဆိုတဲ့ နိုင်ငံခြားမဂ္ဂဇင်း တစ်ခုမှာပါတဲ့ ဆောင်းပါးကို ဒကာ၊ ဒကာမများကို ဘာသာပြန် ပေးမှုနဲ့ စစ်ခုံရုံးက ထောင်ဒဏ် ၇ နှစ်ချမှတ်ခံရပြီး သရက် ထောင်ကို ရောက်နေတာပါ။ ထောင်တွင်းမှာ အကျဉ်းသားအဖြစ် နေထိုင်ခဲ့ရစဉ် ကာလတစ်လျှောက်လုံးမှာ ရဟန်းအကျင့်ကိုသာ အပျက်မခံ ကျင့်ကြံနေထိုင်သွားခဲ့ပါတယ်။ မဂ္ဂင်ဆရာတော်ရဲ့ ဝါစဉ်ကတော့ ၆၂ ဝါကျော်ပါပြီ။ ငယ်ဖြူလည်း ငယ်ဖြူပါ။ နားလည်သူများကတော့ ကျွန်တော်တို့ကိုးကွယ်နေတဲ့ မြတ်ဘုရား ထက် (၂)ဝါကျော်နေပြီလို ပြောသံကြားဖူးပါတယ်။ ဆရာတော်ကြီး ကို ရိုက်နှက်တဲ့ပုဂ္ဂိုလ်က သရက်ထောင်က အကျဉ်းဦးစီး တပ်ကြပ် ကိုညိုတဲ့။ ၃ ချက်လောက် ရိုက်နှက်ပြီးမှ သရက်ထောင်ဝန်ထမ်း တစ်ဦးက ဆရာတော်ကြီးရဲ့ အကျင့်နဲ့ဖြစ်ရပ်မှန်သိထားလို့ ဝန်ထမ်း ကိုညိုကို ဝင်ဆွဲတားလိုက်ရတယ်လို့ ဘေးကမြင်လိုက်ရသူတွေက ပြန်ပြောပြကြပါတယ်။ သရက်ထောင်ဝန်ထမ်းကိုညိုလည်း ဆရာ တော်ကြီးကို ရိုက်နှက်အပြီး တစ်လလောက်မှာ ဆွမ်းပရာဘွန်ဘက် က အကျဉ်းဦးစီးဌာနအလုပ်စခန်းတစ်ခုကို ပြောင်းရွှေ့မိန့် ကျလာ ပါတယ်။ မိသားစုနဲ့အတူ ကချင်ပြည်နယ်အလုပ်စခန်းကို အသွား မှာ ကချင်ပြည်နယ်မှာ ကားမှောက်ပါတယ်။ စခန်းအသစ်ဆောက် လုပ်ရန်ဌာနက သယ်ယူလာတဲ့ ကားပေါ်က သစ်ခွဲသားများပိပြီး သေပါတယ်။ သူ့သား အသက် ၁၀ နှစ်သားကလေးကတော့ ချောင်းရေထဲမှာ မျောပါပြီးတော့ ကျောက်တုံးနဲ့ငြိပြီး တင်နေတုန်း မှာ ဘေးကမြင်သူတွေက ကယ်ထားလိုက်ရပါတယ်။ ဒီကလေး အသက် ၁၇ နှစ်သားမှာ သရက်ထောင်မှာ ဝန်ထမ်းပြန်လုပ်နေ တာ တွေ့ခဲ့ရပါတယ်ဗျာ။ ကံစီမံတာ မယုံမရှိကြပါနဲ့။ ကျွန်တော်

လက်တွေ့ မျက်တွေ့တွေ များနေပါပြီဗျာ။ အခုလည်းကြည့်လေ မင်္ဂင်ဆရာတော်ကြီးကို တုတ်နဲ့ ၃ ချက်ပဲ ရိုက်မိတာပါ။ အကျင့်စင်ကြယ်သူကို ပြစ်မှားမိတော့ အချိန်အနည်းငယ်အတွင်းမှာ သစ်ခွဲသားတုတ်ချောင်းမြောက်မြားစွာနဲ့ အသက်ထွက်သွားတဲ့အထိ အရိုက်ခံလိုက်ရတာလေ။ အတူတူရှိနေတဲ့ မပြစ်မှားမိတဲ့ ကလေးကတော့ လွှင့်စင်ပြီး လွတ်မြောက်အသက်ချမ်းသာရခဲ့တယ်လေ။ အရိုက်ခံရတဲ့အကြောင်းတွေ ဆက်ပြောရဦးမယ်ဗျာ။

အဲဒီတုန်းက သရက်ထောင်မှာရှိနေကြတဲ့ ရဲဘော်၊ ရဲဘက်များကတော့ အစ်ကိုကြီး ကိုခွန်ဆိုင်း၊ ကိုညိုထွန်း၊ ကိုမင်းဇေယျ၊ ကိုလှမျိုးနောင်၊ ကိုဆက်အောင်နိုင်၊ ရေနံချောင်းက ကျောင်းဆရာကိုလှစိုးမြင့်၊ ရန်ကုန်ကကျောင်းဆရာ ဦးဇော်ဖေဝင်း၊ ကိုဇော်ဝင်းထွဋ်၊ ကိုရဲ၊ ကိုမြင့်ဆွေ(ထောင်တွင်းအသတ်ခံရသူ)၊ ကိုသန်းဇော်၊ ကိုသိန်းထွန်းမြင့်၊ ကိုလှဝင်း၊ ကိုခင်မောင်သန်း၊ ပုဇွန်တောင်ဘဏ်က လုံခြုံရေးဝန်ထမ်း၊ ဦးကျင်မောင်၊ ကိုကျော်ကျော်သိန်း၊ တောင်တွင်းကြီးနယ်က ၂ ဦး၊ ကိုမောင်မောင်ဝမ်း၊ ဦးသာချို၊ ကိုနီ၊ ကိုကျော်ကျော်၊ (လူထု)ကိုငြိမ်းချမ်း၊ ကိုဝင်းနိုင်ဦး၊ ကိုရဲမော်ထူး၊ ကိုဇော်မင်း၊ နာမည်မပေါ် မမှတ်မိသူတွေရှိသေးတယ်။ ဦးကိုကိုကြီး၊ ကိုဗညား၊ ကိုမျိုးအောင်ထွေးတို့က နောက်မှ အင်းစိန်က ထပ်အပြောင်းခံရတာလေ။ ကိုမင်းကိုနိုင်က ၂၀၁၂ လွတ်ခါနီးမှ ကျိုင်းတုံကနေ သရက်ထောင်ကို အပြောင်းခံရတာပါ။

# [ ၁၇ ]

ကျွန်တော် သရက်ထောင်ကို ရောက်ရှိကာစ (၁၉၉၂ ခုနှစ်) မှာ သရက်ထောင်မှာဖြစ်ခဲ့တဲ့ အကျဉ်းဦးစီးဝန်ထမ်းတစ်ဦးက အကျဉ်းသားကို ပြင်းထန်စွာရိုက်နှက်ခဲ့လို့ ကိုယ်အင်္ဂါ ချို့ယွင်းတဲ့ အထိ ဖြစ်ပွားခဲ့သေးတယ်။ အကျဉ်းသားနာမည်က ပေါင်မုန့်တဲ့။ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့ကပါ။ အမှုက အရေးအခင်းမှု၊ နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့အမှု၊ ဖြစ်ပုံက ကိုပေါင်မုန့်ဆိုတဲ့ အကျဉ်း သားက အခန်းလူကြီးတွေနဲ့ သိပ်မတဲ့ဘူး။ မဟုတ်မခံလေ။ အမှုကလည်း အရေးအခင်းမှု၊ ရန်ကုန်တိုင်း ဒလမြို့ကဆိုတော့ ပုဒ်မ-၅(ည) အကျဉ်းသားတွေနဲ့ကလည်း ပတ်သက်ရင်းနှီးမှုက ရှိတယ်ဗျာ။ ရာဇဝတ်မှုအကျဉ်းသားအခန်းလူကြီးတွေ မျက်စိ ထဲမှာတော့ ဒေါင့်ကသိပ်မကျိုးဘူးပေါ့။ အချိန်အခါကလည်း အကျဉ်းထောင်တွေထဲမှာ ရိုက်နှက်နှိပ်ကွပ်နေချိန်ဆိုတော့ ဇာတ် လမ်းက ပွဲကြမ်းသွားခဲ့ပါတယ်။ အခန်းလူကြီးတွေက အရေး အခင်းမှုနဲ့ကျလာတဲ့ ရန်ကုန်သားတွေကို ကိုယ်တိုင်မရိုက်ဝံ့ပါဘူး။ ခံလည်းခံမှာမဟုတ်ဘူးဆိုတာလည်း သိနေကြတယ်လေ။ အဲဒီ

တော့ အကျဉ်းဦးစီးဝန်ထမ်းတပ်ကြပ်၊ ထောင်မှူး၊ ထောင်ပိုင်တွေကို ဟုတ်တာလည်းပါ၊ မဟုတ်တာလည်းပါ၊ ချွန်ကြတယ်။ (ချွန်တယ်ဆိုတာ ထောင်စကားပါ။ မြန်မာလို ကုန်းချောတာပါ)၊ ချွန်ပါများတော့ သရက်ထောင် အုပ်ချုပ်ရေးပိုင်းက "ကိုပေါင်မုန့်ကို" အမြင်စောင်းနေတာကြာပြီပေါ့။ တစ်နေ့ခွင်လည်းကြုံရော အဆောင်မှူးတပ်ကြပ်ကို အခန်းလူကြီးတွေက ပုံကြီးချဲ့ပြီး ဝိုင်းတိုင်ကြပါလေရော။ သူတို့တိုင်ကြားတာက ကိုပေါင်မုန့်ဟာ အုပ်ချုပ်ရေးပျက်ပြားအောင်၊ လုံခြုံရေးကို ထိခိုက်အောင်၊ လုပ်နေပါတယ်ဆိုတဲ့ အလုံးကြီးကြီးထဲမှာ ကိုပေါင်မုန့်ကို ဌာပနာပြီးတော့ ရွှေနားတော်သွင်း လုပ်ကြလိုက်ကြပါတယ်။ အဆောင်ကိုင်တပ်ကြပ်က စာကလည်း သိပ်မတတ်၊ ချင့်ချိန်နိုင်စွမ်းကလည်းနည်းပါး၊ ဒေါသကလည်းကြီးတော့ ဇာတ်လမ်းရဲ့အနေအထားက သွေးထွက်သံယိုအဆင့်ပါမကတော့ဘဲ အကျိုးအပဲ့စာရင်း ပါဝင်သွားပါတယ်။ အဆောင်မှူးတပ်ကြပ်က ပေါင်မုန့်ကို ခေါ်မေးတော့ ပေါင်မုန့်က မတ်တတ်ရပ်နေပါတယ်။ ဒီတော့ ထောင်ပုံစံ ထိုင်ခိုင်းပါတယ်။ ပေါင်မုန့်ကလည်း မထိုင်ချင့်ထိုင်ချင် ထိုင်ပေးလိုက်ရပါတယ်။ ဒါပေမဲ့ ပေါင်မုန့်က ကြောက်ဟန်မပြ၊ ခပ်မာမာ ပြန်ဆက်ဆံတာကိုခံရတဲ့ အကျဉ်းဦးစီးတပ်ကြပ်ရဲ့ ဒေါသက တလိပ်လိပ်တက်လာပြီလေ။ အဲဒီတပ်ကြပ်က ဘာလုပ်လိုက်တယ်မှတ်လည်းဗျို့။ အကျဉ်းသားပေါင်မုန့်က ငုတ်တုတ်ပုံစံထိုင်လျက်က မော့အကြည့်မှာလေ ပေါင်မုန့်မျက်နှာကို တုတ်နဲ့ဖြတ်ရိုက်ထည့်လိုက်တာဗျာ။ ပေါင်မုန့် ထွေးထုတ်လိုက်တော့ သွား ၈ချောင်း ထွက်လာပါလေရော။ အဲဒီတော့မှ ပေါင်မုန့်ကို နှာနှပ်ပြီး ဖုံးဖုံးဖိဖိလုပ်ထားကြပါတယ်။ အဲဒီအချိန်က သရက်ထောင် အုပ်ချုပ်ရေးပိုင်းတွေကလည်း

မသိကျိုးကျွံ လုပ်ထားကြတယ်။ မကြာပါဘူးဗျာ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးကို တိုင်ကြားစာအရ ပေါင်မုန့်အမှုကို လာစစ်ပါတော့တယ်။ မထူးဘူးဗျ။ မိရိုးဖလာအတိုင်းပဲ ၃ ရက်စစ်တယ်။ စစ်ချက်တွေကို ထောင်ပိုင်ကိုပြပြီး အောက်ခြေနဲ့ညှိပြီး အမှုမကြီးအောင် ပြန်စစ်၊ ပြန်ထွက်ဆိုချက်ပေး၊ အထက်ကို တင်ပြ၊ ဒီလိုနဲ့ တစ်ဖက်ကလည်း ပြန်တိုင်၊ ညွှန်ချုပ်ရုံးကအမိန့်နဲ့ DE ဆိုလား PE ဆိုလား နောက်တစ်ဖွဲ့လာပြန်စစ်၊ ပြန်တင်ပြ၊ အမှုမှန်ကမပေါ်။ သတင်းတွေက BBC မှာပါလာ၊ RFA ကလည်း အော်ပေါ့။ တိုင်းပြည်ရဲ့အထက်ပိုင်းက အဆင့်တွေအထိ တိုင်ကြားစာတွေကထပ်ရောက်၊ ကျွန်တော်မှတ်မိသလောက် ပေါင်မုန့်အမှုကို စစ်ဖို့ လေးကြိမ်မြောက် နောက်ဆုံးလာတဲ့အဖွဲ့က အထူးအဖွဲ့တဲ့။ သူတို့ကတော့ တော်တော်ထူးခြားလာတယ်။ သရက်ထောင်ကို ရောက်လာတော့ ပဏာမစစစ်ဖို့ သက်ဆိုင်သူဝန်ထမ်းနဲ့ အကျဉ်းသားတွေကို ခေါ်ပြောတာက ငါတို့ကို လွှတ်လိုက်တာ ဘယ်အဆင့်လို့ ထင်ကြလဲတဲ့။ မင်းတို့ဖြေသလောက် ရေးမှတ်ယူသွားမယ့် အဖွဲ့မဟုတ်ကြောင်း၊ အမှုမှန်ပေါ်အောင်စစ်ဖို့ အထူးအဖွဲ့ဖွဲ့ပေးလိုက်တာဖြစ်ကြောင်း၊ နောက်ဆုံး စကားကုန်ပြောရရင် ငါတို့အထူးအဖွဲ့ရဲ့ တင်ပြချက်ကို အထက်က မကျေနပ်ရင် နောက်တစ်ဖွဲ့ထပ်လွှတ်မှာဖြစ်ကြောင်း၊ အခုအမှုမှာ သက်ဆိုင်သူတွေကို သိထားစေချင်တာက အမှုအနေအထားက ပေါင်မုန့်က တရားလိုဖြစ်ကြောင်း၊ ရိုက်နှက်ခဲ့တဲ့ဝန်ထမ်းက တရားခံဖြစ်ကြောင်း၊ သိထားစေလိုကြောင်း စတဲ့အချက်တွေ ကို ခပ်ပြတ်ပြတ်ပြောလွှတ်လိုက်တယ်လို့ သိရတယ်ဗျာ။

ကျွန်တော်တို့ သရက်ထောင်က နိုင်ငံရေးအကျဉ်းသားတွေ

က ဒီလောက်ခရေစေ့တွင်းကျ သိနေရတာက ဒီလိုဗျ။ ပေါင်မုန့်ကိုရိုက်ခဲ့တဲ့ တပ်ကြပ်က စာကလည်း ကောင်းကောင်းမတတ်၊ ဉာဏ်ကလည်းနည်းနဲ့ အခုလို အထူးအဖွဲ့တွေ၊ ခုံရုံးဖွဲ့လာစစ်ဆေးနေတဲ့အချိန်မှာ ဒီတပ်ကြပ်ကို စကားလက်ခံပြောမယ့် အကျဉ်းဦးစီးဝန်ထမ်း သရက်ထောင်မှာမရှိတော့ဘူးလေ။ အားလုံးက ရှောင်ကုန်ကြပါပြီ။ ဒီတော့ အတွေ့အကြုံမရှိ ကြောက်စိတ်ဝင်လာတဲ့ တပ်ကြပ်ကလည်း သူ့အမှုအတွက် မျက်စိကြီး၊ နားကြီး တကယ်တတ်ကျွမ်းနားလည်သူတွေကို တိုင်ပင်ချင်ရှာတာပေါ့။ နိုင်ငံရေးသမားတွေကိုထားတဲ့တိုက်မှာက ဥပဒေဘွဲ့ရထားသူ နိုင်ငံရေးအကျဉ်းသားက ၆ ဦးလောက်ရှိတယ်လေ။ သိတယ်မဟုတ်လား။ မဟုတ်မခံနိုင်ငံရေး အကျဉ်းသားတွေက သနားကလည်း သနားတတ်ကြသေးတယ်။ အခု သရက်ထောင်က ပေါင်မုန့်ကိုရိုက်တဲ့ တပ်ကြပ်ကို မကျေနပ်လို့ တစ်ဖက်ကလည်း အထက်ကိုတိုင်ကြပေမယ့် အဲဒီတပ်ကြပ် အခုလို အသိုင်းအဝိုင်းပျောက်ဆုံးပြီးတော့ ဘယ်သူ့ကို တိုင်ပင်ရမှန်းမသိတဲ့ အချိန်ကြတော့ ၅ (ည)တွေကပဲ ဝိုင်းပြီးတော့ သက်သာရာသက်သာကြောင်း အကြံပေးကြရတယ်။ သရက်ထောင်ဆေးရုံမှာ ၅ (ည)တွေကို အကုန်ရွှေ့ပြီး အပေါ်ထပ်တင်ထားတုန်းမှာ အထူးစစ်ဆေးရေးအဖွဲ့ထံ တင်ပြရမယ့် အစီရင်ခံစာကို အဲဒီတပ်ကြပ်က ၅ (ည)တွေကို မေးမြန်းပြီး ၅ (ည)တွေရှေ့မှာ လာရေးရတာဗျို့။ မယုံမရှိကြပါနဲ့ တကယ်ဖြစ်ခဲ့တာပါ။ သူ့ ညဂျူတီဝင်လာရင် ဒီတပ်ကြပ်က တာဝန်ကျရာမှာ မနေနိုင်ပါဘူး။ ၅ (ည)တွေထားတဲ့ ထောင်ဆေးရုံမှာ အမှုအတွက် စာလာလာရေးတယ်။ မေးတယ်လေ။ ကျွန်တော်တစ်ခု ဝန်ခံချင်တာက အဲဒီတပ်ကြပ်ရဲ့ နာမည်။ လာစစ်ဆေးတဲ့အထူးအဖွဲ့ရဲ့ ခပ်ပြတ်

ပြွတ်ပြောခဲ့တဲ့ ဒုတိယအကြီးဆုံးအရာရှိရဲ့နာမည်(သူက အထူးအဖွဲ့ဖွဲ့တော့ သာယာဝတီထောင် ဒုတိယတာဝန်ခံ အရာရှိလေ) အကုန်သိပါတယ်။ အကြောင်းတစ်ခုရှိလို့ ထည့်မရေးတာပါ။ အဲဒီတပ်ကြပ်ကို ပထမတုန်းက ဝိုင်းမြှောက်ပေး၊ မဟုတ်တာတိုင်တောခဲ့ကြတဲ့ အကျဉ်းထောင်အဆောင်က အခန်းလူကြီး ၁၂ မှတ်တို့ဘာတို့က ပြဿနာလည်းဖြစ်ရော အထူးအဖွဲ့လည်းလာရော ဝိုင်းတော့ကယ်ကြပါတယ်။ ထောင်ထုံးစံအတိုင်း ညစ်ပတ်တဲ့နည်းတွေနဲ့ပေါ့။ မမှန်မကန်သက်သေတွေ ဝိုင်းလိုက်ပေးကြတယ်။ အကြံဆိုးတွေပေးကြတယ်။ ဒီတပ်ကြပ်ကလည်း ခေါင်းမီးတောက်နေချိန်မှာ သူတို့ပေးတဲ့အကြံအတိုင်းလိုက်လုပ်ပြီးတော့ အထူးအဖွဲ့မှာသွားပြီး ထွက်ဆိုချက်ပေးပေါ့။ ဘယ်နှယ့်ဗျာ ကြားလို့တောင် မကောင်းဘူး။ ပေါင်မုန့်ကိုရိုက်တာ ဝန်ထမ်းမဟုတ်ပါဘူးတဲ့။ တစ်သက်တစ်ကျွန်းကျနေတဲ့ အကျဉ်းသားတစ်ဦးပါတဲ့ (အဲဒါက စီစဉ်ပြီးသားတစ်သက်တစ်ကျွန်းသမားက သူ့ဆရာအတွက် ဝင်ရင်းပေးတာတဲ့)။ ပေါင်မုန့်က ဝန်ထမ်းတပ်ကြပ်ကို ထိုးကြိတ်လို့ ဘေးကမနေနိုင်လို့ ပေါင်မုန့်ရဲ့ လက်သီးညာဘက်ကို သူ့ဘယ်လက်နဲ့ကာ၊ ညာလက်သီးနဲ့ ပေါင်မုန့်မျက်နှာကို ထိုးခဲ့တာပါ။ ဝန်ထမ်းကိုကာကွယ်တာပေါ့လေ။ ပေါင်မုန့်သွားကျိုးတာက ထောင်မကျခင်ကတည်းကပါလာတဲ့ ပေါင်မုန့်ငယ်ငယ်ကတည်းက ဘောလုံးကန်ရင်း မှောက်ရက်လဲပြီးတော့ ကျိုးခဲ့တဲ့သွားပါတဲ့။ ကောင်းရောဗျို့။ အဲဒီလိုထွက်ချက်ကို ထောင်တပ်ကြပ်ပေါင်မုန့်ကိုရိုက်ခဲ့သူက အရင်ထွက်ဆို၊ ပြီးတော့ ဒုတိယမှာ တစ်သက်တစ်ကျွန်း အကျဉ်းသားကလည်း ဟုတ်ပါတယ်။ ဆရာရိုက်ခဲ့တာမဟုတ်ပါဘူး။ ပေါင်မုန့်က ဆရာ့ကို ပြန်ထိုးလို့ ကျွန်တော်ကသာ မနေနိုင်လို့

ပေါင်မုန့်လက်သီးကိုကာပြီးတော့ ဝင်ထိုးလိုက်တာပါဆိုတော့၊ စစ်မေးနေသူ အထူးအဖွဲ့က ဒုတိယအကြီးအကဲ သာယာဝတီထောင်က ဒုတိယထောင်ပိုင်က စိတ်ဆိုးမာန်ဆိုးနဲ့ မျက်နှာကြီးနီလာပြီးတော့ "မင်းတို့လိမ်ကြစမ်းကွာ၊ ဝန်ထမ်းတပ်ကြပ်က ဘယ်လက်နဲ့ခံညာလက်နဲ့ထိုးတယ်တဲ့၊ အကျဉ်းသားက ညာလက်နဲ့ခံ ဘယ်လက်နဲ့ထိုးတယ်လို့ ပြောတယ်။ ဘာကွ ပေါင်မုန့်သွားကျိုးတာက ငယ်ငယ်ကတည်းက ဟုတ်လား။ ဒီမှာ သွားဆရာဝန်ရဲ့ဆေးစာ။ သူ့ထံကို အကျဉ်းသားကိုလာပြတော့ အမှုအခင်းဖြစ်ပြီး ခန့်မှန်းတစ်လကျော်မှ လာပြပါတယ်တဲ့။ အဲဒီအချိန်မှာတောင် အကျဉ်းသားပေါင်မုန့်ရဲ့ သွားဖုံးတွေမှာ ဒဏ်ရာပျောက်ကင်းစအနာတွေမှာ ပြည်စ၊ ပြည်နအချို့ကို စစ်ဆေးတွေ့ရှိထားတယ်လို့ရေးထားတာကဘာလဲ" ဆိုပြီးတော့ ဝန်ထမ်းတပ်ကြပ်ခေါ်ပြတဲ့ သက်သေအကျဉ်းသားကို လက်ထဲက ဘောပင်နဲ့ပေါက်ထည့်လိုက်ကြောင်း ကြားသိခဲ့ရပါတယ်ဗျာ။

နောက်ဆုံးတော့ဗျာ။ သရက်ထောင်မှာ အကျဉ်းသားကိုပေါင်မုန့် အမှုကို ကြည့်မယ်ဆိုရင် ပထမအကြိမ် တိုင်ကြားမှုကစပြီး အစဉ်အလာအတိုင်းကြီးတဲ့ အမှုငယ်အောင်၊ ငယ်တဲ့အမှု ပျောက်သွားအောင် (အဲဒီဆိုရိုးထုံးစံက ဝန်ထမ်းဘက်က နစ်နာလာစရာရှိလာရင် သုံးစွဲလိုက်နာပါတယ်။ အကျဉ်းသားကို ဆော်တာဆိုရင်တော့ ဒူးနဲ့မျက်ရည်သာသုတ်ထားဖို့ ပြင်ပေတော့။ မဆီမဆိုင်အပြင်က အကျဉ်းသားရဲ့ မိသားစုကပါ တစ်နွယ်ငင်တစ်စင်ပါခံစားပေတော့) ဝိုင်းစီမံကြပေမယ့် အကြိမ်ကြိမ်တိုင်ကြားခြင်း၊ (လေးကြိမ်မြောက်အထိ)အဆင့်ဆင့် တိုင်ကြားတော့မှသာ အမှုမှန် ပေါ်ပေါက်ခဲ့ရပါတယ်ဗျာ။ **အထက်က** အရေးယူတဲ့အခါ

သက်ဆိုင်ပတ်သက်နေသူ ဝန်ထမ်း(၄)ဦးခန့် လုပ်သက်လျှော့ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီး ကျူးလွန်သူကာယကံရှင် တပ်ကြပ်ကတော့ ရာထူးတစ်ဆင့် လျှော့ခံရတော့ ဒုတပ်ကြပ်ဖြစ်သွားပါတယ်။

ကျွန်တော်နားမလည်နိုင်တာက မြန်မာနိုင်ငံ ရာဇသတ်ကြီး ဥပဒေအရ ကိုယ်အင်္ဂါချွတ်ယွင်းသည်အထိ ရိုက်နှက်လက်ရောက်မှုက ဒီကိုပေါင်မုန့်အမှုဖြစ်စဉ်မှာ အကျိုးသက်ရောက် အရေးယူခြင်း မဖြစ်ပေါ်ခဲ့တာကိုပါဗျာ။ ဒီနေရာမှာ ကျွန်တော် အရေးကြီးတာတစ်ခုကို တင်ပြချင်တာ တစ်ခုက အများပြည်သူကို သိစေချင်တာအပြင် ဖွံ့ဖြိုးတိုးတက်ရန် အားယူစပြုနေတဲ့ မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနမှာ တကယ်တကယ်ကြွကြွ အမှုထမ်းနေသူများကို အကျိုးမျှော်ပြီး ထောက်ပြချင်တာကတော့ ဟိုအရင်ခေတ်တွေက အကျဉ်းထောင်မှာဖြစ်ပွားခဲ့တဲ့ ဝန်ထမ်း၊ အကျဉ်းသားများရဲ့အမှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများက စစ်ဆေးတဲ့အခါမှာ အဓိက ဂရုစိုက်ပေးရတာက အကျဉ်းသားသက်သေရဲ့ လုံခြုံရေးပါ။ လူသက်သေ၊ ထွက်ဆိုချက်သက်သေများရဲ့ လူ၊ သတင်းလုံခြုံရေးအတွက် တည်ဆဲဥပဒေများကို ဟိုးအင်္ဂလိပ်ခေတ်ကတည်းက ပြဋ္ဌာန်းထားပြီးသားပါ။ တိတိကျကျလိုက်နာရင် အားလုံးအတွက် ကောင်းပါတယ်။ အခုတော့ဗျာ၊ အဲဒီခေတ်က အကျဉ်းသားသက်သေ ဘယ်လိုထွက်ဆိုတယ်ဆိုတာတွေက အဲဒီအကျဉ်းသား သူ့နေရာပြန်မရောက်ခင် ထောင်အတွင်းထဲကို သူဘယ်လိုထွက်ဆိုချက်ပေးတယ်ဆိုတာ အတိအကျထောင်ထဲကို အရင်ဝင်ရောက်လာတာ အကျဉ်းသားတိုင်း သိနေတဲ့ကိစ္စတွေဖြစ်နေလို့ တရားဥပဒေ ရှင်သန်စိုးမိုးလာရန် အားထုတ်နေတဲ့ ယနေ့အချိန်များမှာ မဖြစ်သင့်တော့ပါကြောင်း။

[ ၁၈ ]

ကျွန်တော် ၁၉၉၂ ခုနှစ် သရက်ထောင်ကို ရောက်ခါစ အချိန်များတုန်းကဆိုရင် သရက်ထောင်က အရမ်းသွေး တိုးစမ်းပါတယ်ဗျာ။ နေရေး၊ ထိုင်ရေး၊ အစားအသောက်၊ ကျန်းမာရေး စောင့်ရှောက်မှုအားလုံးမှာ သရက်ထောင်ရဲ့ စီမံခန့်ခွဲမှုအနေအထားအားလုံးက ပြောစရာတွေကြီးပါပဲ။ ပြောရအောင်ကလည်း အကျဉ်းသားတွေကို တရားလက်လွတ် ရိုက်နှက်နှိပ်ကွပ်နေချိန် ဆိုတော့ဗျာ။ နိုင်ငံရေးအကျဉ်းသားမဟုတ်တဲ့သူတွေက တစ်ခွန်းမျှ မပြောဝံ့၊ မဆိုဝံ့၊ မတောင်းဆိုဝံ့ကြပါဘူး။ အကျဉ်းသားအတွက် တရားဝင်သတ်မှတ်ထားတဲ့ ရပိုင်ခွင့်အနည်းလေးကို အကျဉ်းထောင်က အမြီးနုတ် ခေါင်းနုတ်ဆိုတော့ အကျဉ်းသားတွေရဲ့ အနေအထိုင်ကလည်း ဆင်းရဲကျပ်တည်းလှပါတယ်။ ကျွန်တော်တို့ သရက်အကျဉ်းထောင်တိုက်ခန်းများမှာထားရှိတဲ့ နိုင်ငံရေး

အကျဉ်းသားတွေကိုတောင် ဘယ်လိုထားသလဲဆိုတော့ ထောင်ဖွင့်ချိန် နေ့ဘက်မှာ တိုက်နေအကျဉ်းသားအားလုံးကို တစ်ဦး ၁၅ မိနစ်သာ အခန်းတံခါးဖွင့် ပေးပါတယ်။ ဒီ ၁၅ မိနစ်အတွင်းမှာ ၂၄ နာရီအတွင်း စွန့်ထားတဲ့ မိလ္လာအညစ်အကြေး(ဆီး/ဝမ်း)များကို အပြင်ထုတ် သန့်ရှင်းရေးလုပ်ရတယ်။ မျက်နှာသစ်ရတယ်။ ၂၄ နာရီအတွင်း သုံးစွဲထားတဲ့ အစားအသောက်ပန်းကန်ခွက်ယောက်များကို ဆေးကြောရပါတယ်။ အဝတ်အစား လျှော်ဖွပ်ရပါတယ်။ သုံးစွဲရန်ရေကို အဲဒီကိစ္စအားလုံးနဲ့ ရေချိုးရန် ရေတစ်ထမ်းကိုသာ စဉ့်အိုးငယ်များထဲမှာ ထည့်ပေးပါတယ်။ အချိန်ရော၊ ရေရော လုံးဝ မလောက်ငှကြပါဘူး။ အားလုံးစိတ်ဆင်းရဲကြပါတယ်။ ကျွန်တော်ဆိုရင် အဝတ်လျှော်တာမှာ၊ ရေချိုးတာမှာ အဲဒီလို အချိန်မလောက်ငှတာ သုံးစွဲရန် ရေမလောက်ငှတာများကြောင့် အဝတ်အစားနဲ့ ကျွန်တော့်ခန္ဓာကိုယ်များမှာ ဆပ်ပြာမစင်လို့ အမြဲအလာဂျီ(Allergy)လို့ခေါ်တဲ့ ခန္ဓာနဲ့ ဆပ်ပြာမတည့်လို့ အဖုအပိန့်ကြီးများ အမြဲလိုလိုထွက်နေတတ်၊ ယားယံနေတတ်ပါတယ်။ မိသားစုနဲ့ကလည်း အဝေးကြီးဆိုတော့ ထောင်ဝင်စာလည်း မရှိသလောက်ပါးရှားပါတယ်။ တစ်နှစ်ကျော်မှ အိမ်ကတစ်ခေါက်လောက်သာ လာတွေ့နိုင်ပါတော့တယ်ဗျာ။ လာပြန်တော့လည်း ငွေကြေးအင်အားက မတတ်နိုင်ရှာကြတော့ ကျွန်တော်တစ်ယောက် စာအတွက် ၇ ရက်စာလောက်ပဲ ပေးသွားနိုင်ကြတယ်လေ။ ဒါတောင် ကျွန်တော့်မိသားစု ထောင်ဝင်စာလာတွေ့တဲ့အချိန်မှာ ကျွန်တော့်ဖို့ဝယ်လာတဲ့ မုန့်ထုပ်ကို ကျွန်တော့်သားအငယ် ၆ နှစ်သားက မျက်လုံးပြူးပြူးလေးနဲ့ အဲဒီ မုန့်ထုပ်ကို လိုက်ကြည့်နေတာကိုမြင်ရတဲ့ဖခင် ကျွန်တော့်မှာ မချိ

တင်ကဲ ဖြစ်ရပါတယ်။ ဘယ်လိုစားဖို့ မျိုကျပါတော့မလဲဗျာ။ ဒါနဲ့ အိမ်ကိုမှာရတယ်။ ကလေးတွေကိုသာ ကျွေးမွေးဖို့နဲ့ မိမိဖို့ အဓိက ထားပြီး မလာကြဖို့ တော်တော်လေးကြာမှ အရမ်းလွမ်းမှလာကြဖို့ မှာရပါတယ်။ ကျွန်တော့်ဇနီးရဲ့ ရပ်ကွက်ထဲမှာ သိသူလောက်သာ လာရောက်အပ်နှံကြတဲ့ အမျိုးသမီးဝတ် အင်္ကျီချုပ်စားရတဲ့လုပ်ငန်း ကရတဲ့ မဖြစ်စလောက်ဝင်ငွေက အိမ်ငှားခပါပေးရသေးတယ်လို့ ဆိုပါတယ်။ ဝင်ငွေမကောင်းတဲ့အချိန်များမှာဆိုရင် တစ်ယောက်စာ လပေးချိုင့်ဆွဲ ထမင်းကိုဝယ်ပြီးတော့ အိမ်မှာ ထပ်ချက်ထားတဲ့ ထမင်းနဲ့ ချိုင့်ထဲမှာပါလာတဲ့ ဟင်းတစ်ယောက်စာကို ကျွန်တော့် သားရယ်၊ ကျွန်တော့်သမီးရယ်၊ ကျွန်တော့်ဇနီးရယ် မျှစားနေကြ ရတာတွေကိုလည်း ကျွန်တော်နောက်ပိုင်းမှ စိတ်မကောင်းစွာ ကြားသိရပါတယ်ဗျာ။

ကဲဗျာ၊ အများကထင်နေကြတဲ့ ကိုယ်ကျိုးစွန့်နိုင်ငံရေးသမား ဆိုတဲ့ဘွဲ့က သူများတွေတော့မသိဘူး။ ကျွန်တော်ကတော့ မခံယူဝံ့ ပါဘူးနော်။ အိမ်ကမိသားစုတွေရဲ့ ဒုက္ခ၊ သုက္ခက ကျွန်တော်တို့ အကျဉ်းထောင်ထဲက သူတွေရဲ့ ဒုက္ခထက် ပိုဆိုးနေကြပါတယ်။ ကျွန်တော်တို့ကို အကျဉ်းထောင်ကကျွေးတဲ့ ထမင်းမဝရင် မကောင်းရင် ကျွန်တော်တို့ တောင်းဆိုဆန္ဒပြသလို ကျွန်တော်တို့ မိသားစုက ထမင်းမဝရင် ဘယ်သူ့ကို တောင်းဆိုဆန္ဒပြရမှာလဲဗျာ။ နောက် ကျွန်တော်တို့မကျန်းမာလို့ အကျဉ်းထောင်က ဆေးကုသမှု လိုအပ်ချက်ရှိလာရင် ကျွန်တော်တို့က တင်ပြမယ်၊ တောင်းဆိုမယ်၊ တိုင်တောမယ်ပေါ့ဗျာ။ ကျွန်တော်တို့မိသားစုတွေ အပြင်ဘက်မှာ စားဖို့သောက်ဖို့တောင်အနိုင်နိုင်၊ ဘဝမှာ မကျန်းမာခဲ့ရင် ဘယ်ကို တောင်းဆိုတင်ပြကြမလဲဗျာ။ ဒီကြားထဲက သူတို့ခမျာ အထဲက

လူကို သနားလို့ စိတ်ပူကြလို့ ကျောက်ခဲဆီညှစ်ထောင်ဝင်စာကို ခရီးစရိတ်၊ စားစရိတ်အထဲက လူစားသောက်ဖို့ လာလာပေးကြရတာ၊ ငရဲပါပဲဗျာ။ ကျွန်တော့်သား မျက်လုံးပြူးပြူးလေးနဲ့ အဖေစားမယ့်မုန့်ကို လိုက်ကြည့်နေတဲ့ အကြောင်းရင်းခံတွေက ပြည့်စုံလုံလောက်စွာ ရှိနေပါတယ်။ ကျွန်တော် အခု ဒီစာကိုရေးနေရင်းနဲ့ ဆင်းရဲနွမ်းပါးကြသူ နိုင်ငံရေးအကျဉ်းသားများရဲ့ မိသားစုများကို ကိုယ်ရောစိတ်ပါ ရင်ဘတ်ထဲကနေ အလေးပြုလိုက်ရပါတယ်ဗျာ။ ထောင်ထဲက အကြောင်းလေးတွေ ပြန်စရအောင်ပါနော်။ ဒီတစ်ခါတော့ ကိုမြင့်ဆွေအကြောင်းလေးတွေ ပြောကြရအောင်ဗျာ။

ကိုမြင့်ဆွေဆိုတာကတော့ ကိုမင်းဟန်(ကွယ်လွန်)၊ ကိုမျိုးအောင်ထွေး၊ ကိုဗညား(ဧရာဝတီလင်းသန့်)တို့ရဲ့ အမှုတွဲပါ။ ပုဒ်မ-၁၂၂(၁)သေဒဏ်ကျွန်းပြောင်းလေ။ အင်းစိန်ထောင်ကနေ သရက်ထောင်ကို အပြောင်းရွှေ့ခံရသူပါ။ သူက လက်နက်ကိုင်တော်လှန်ရေးသမားပေမယ့် အင်မတန်နှလုံးသား နူးညံ့သိမ်မွေ့သူတစ်ဦးပါ။ စေ့စပ်သေချာသူတစ်ဦးလည်း ဖြစ်ပါတယ်။ ပန်းကန်ခွက်ယောက်ဆေးကြောတာကအစ အသေအချာဆောင်ရွက်တတ်ပါတယ်။ အဲဒီအမှုအကျင့်ကပဲ သူ့ကိုဒုက္ခပေးသွားတာကို ခံလိုက်ရသူပါဗျာ။ ကျွန်တော် သရက်ထောင်ကို ပြောင်းရွှေ့ခံရပြီးတော့ မကြာခင် ၁၉၉၄ ခုနှစ်လောက်မှာ သရက်ထောင်တိုက်ခန်းများမှာထားရှိတဲ့ ပုဒ်မ ၅ (ည) အကျဉ်းသားတွေများလာတော့ သရက်အကျဉ်းထောင် အာဏာပိုင်များက သရက်အကျဉ်းထောင်ရဲ့ မူလ ၂ ထပ်ဆေးရုံကို အပေါ်ထပ်ကို ရှင်းလင်းပြီးတော့တိုက်က ပုဒ်မ ၅ (ည)၊ ၁၇/၁-၂ များကို ပြောင်းရွှေ့ထားရှိပါတယ်။ အပေါ်ထပ်မှာ အဆောင် ၃ ဆောင်ခွဲထားတာကို နောက်ဆုံး အမှတ် (၃)ခန်းမှာ

ထားပါတယ်။ ၄ တိုက်မှာ ကျွန်တော်ရယ်၊ ကိုသန်းဇော်(သန်လျင်)ရယ်၊ ကိုမြင့်ဆွေရယ်၊ ကိုမြင့်စိုး(NLD)လှုငယ်ရယ်၊ ကိုစမုံ(ခရမ်း)ရယ် ကျန်ခဲ့ကြပါတယ်။

ကျွန်တော်တို့က ထောင်ဒဏ်နှစ်များလို့ သရက်အကျဉ်းထောင် အာဏာပိုင်များက ထောင်ဆေးရုံမှာ လွတ်လွတ်လပ်လပ်ထားလိုဟန် မတူပါဘူးဗျာ။ ဒါနဲ့တစ်နေ့မှာ ကျွန်တော်တို့တိုက်ကိုစိတ်မနှံ့သူတစ်ဦးကို လာထားပါတယ်။ အမှုက လူသတ်မှုပါ။နယ်ခံပါ။ အဆောင်မှာ တာဝန်ကျအကျဉ်းဦးစီးဌာန တပ်ကြပ်တစ်ဦးက အဲဒီစိတ်မနှံ့သူရဲ့ တူတော်ပါတယ်။ ဒီလူရောက်လာပြီးတော့ တစ်ပတ်ကျော်ကျော်လောက်မှာ ကျွန်တော့်ကို သရက်အကျဉ်းထောင် အာဏာပိုင်များက ဟိုအရင်တုန်းက ပုဒ်မ(၅ည)တွေကိုထားတဲ့ ၁ ဆောင်ကို ပြောင်းရွှေ့ထားပါတယ်။ ကျွန်တော့်ကို ၁ ဆောင်ကို ပို့ထားအပြီး တစ်လလောက်မှာတော့ နေ့တစ်နေ့ရဲ့ နံနက်ပိုင်းမှာ သတင်းဆိုးက အဆောင်ကို ရောက်လာပါတော့တယ်ဗျာ။ ကိုမြင့်ဆွေတစ်ယောက် ၄ တိုက်မှာ အရိုက်ခံရလို့တဲ့။ အကျဉ်းသား အရူးစိတ်မနှံ့သူက ဆန်ပြုတ်အိုးထမ်းလာတဲ့ ထမ်းပိုးနဲ့ ရိုက်လိုက်တာလို့ ကြားတယ်။ ကိုမြင့်ဆွေရဲ့ အခြေအနေကတော်တော်ဆိုးဝါးတယ်။ ဦးခေါင်းခွဲကွဲတယ်၊ မေးရိုးကျိုးတယ်၊သွေးလွန်တယ် သတိမရတော့ဘူး။ သေသလားရှင်သလား မသိရသေးပါ။ ကျွန်တော်ဗျာ ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းတောင်မသိတော့ပါဘူး။ ကိုမြင့်ဆွေက အရမ်းရင်းနှီးတဲ့ ရဲဘော်တစ်ဦးပါ။စိတ်ထားလည်း ကောင်းပါတယ်။ အဆောင်ထဲကနေသာ ၄ တိုက်ကို ပြေးသွားချင်စိတ်က လှွမ်းမိုးနေပါတယ်။

အကျဉ်းထောင်အုပ်ချုပ်ရေးပိုင်းကလည်း နိုင်ငံရေးအကျဉ်း

သားများကိုထားရာ နေရာတိုင်းမှာ တံခါးတွေသော့ခတ်လိုက်ပြီးတော့ လုံခြုံရေးတိုးမြှင့် ထားလိုက်ပါတယ်။ ကိုမြင့်ဆွေ အဲဒီနေ့မှာပဲ ရရှိထားတဲ့ ဒဏ်ရာများပြင်းထန်လို့ ကွယ်လွန်ခဲ့ရပါတယ်ဗျာ။ ပိုပြီးစိတ်မကောင်းတာက အဲဒီစိတ်မန္တသူကို ကိုမြင့်ဆွေကပဲ ဆေးချော့တိုက်၊ ဒီလိုနေ၊ ဒီလိုထိုင် အမြဲစိတ်ရှည်ရှည်နဲ့ သင်ကြားပြုစုပေးနေခဲ့တာဖြစ်ကြောင်း၊ အခင်းဖြစ်ပွားမယ့် နေ့ကလည်း နံနက်ထောင်ဖွင့်အပြီးမှာ ဆန်ပြုတ်လာတိုက်သူများကလည်း (၄)တိုက်ကိုရောက်လာတယ်။ ကိုမြင့်ဆွေကလည်း ညတုန်းက စားသောက်ထားတာတွေကို အခန်းအပြင်ထွက်ပြီးတော့ ထိုင်ဆေးကြောနေပါတယ်။ ဆန်ပြုတ်သောက်နေ၊ ယူနေကြသူများကို ကျောခိုင်းပြီးထိုင်အလုပ်လုပ်နေတာ ဖြစ်ပါတယ်။ ဒီအချိန်မှာ တစ်တိုက်တည်းနေ အရူးစိတ်မန္တသူက ဆန်ပြုတ်ထမ်းလာတဲ့ အချင်း ၄ လက်မခန့်ရှိတဲ့ သစ်သားထမ်းပိုးကြီးကိုဆွဲယူပြီး အားကုန်ရိုက်ချလိုက်တာ ဖြစ်ပါတယ်။

ကျွန်တော် တစ်ခုမရှင်းတာက ဘေးက မြင်နေရသူ ဆန်ပြုတ်သောက်နေကြသူများက အချိန်မီမဆွဲနိုင်တောင်မှ အော်ဟစ်သတိမပေးကြတာကိုပါဗျာ။ ကိုမြင့်ဆွေ ရေတိမ်တိမ်မှာနစ်ခဲ့ကြောင်း ကျွန်တော် သတိပြုမိပါတယ်။ နောက်တစ်ခု ထူးဆန်းတာက ကိုမြင့်ဆွေကို သတ်ဖြတ်မှုအတွက် စိတ်မန္တသူကို အမိန့်မချမှတ်ခင် ပထမထောင်ကျခဲ့တဲ့ ပထမလူသတ်မှုအယူခံကို အနိုင်ပေးလိုက်တာပါ။ တော်တော်စိတ်ပျက်ဖို့ကောင်းပါတယ်။ ကျွန်တော်ကြားယောင်နေတာကတော့ ကိုမြင့်ဆွေပြောပြခဲ့တဲ့ သူ့မိသားစုအကြောင်းတွေနဲ့ သူ့အမေ အသက်ကြီးမှ နောက်ဆုံးမွေးဖွားခဲ့တဲ့ သူ့ညီလေး ၃ နှစ်သားကို သူအင်မတန်**ချစ်ကြောင်း**၊ လွမ်းဆွတ်

ကြောင်းတွေကိုပါဗျာ။ အခုတော့ ကျွန်တော်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ထောင်ကလွတ်မြောက်ချိန်မှာ ကိုမြင့်ဆွေ တစ်ယောက် ပါဝင်လွတ်မြောက်ခွင့်မရတော့ပါဘူး။ လျော်ရင်းနစ်သွားရှာပြီပေါ့ဗျာ။ သူငယ်ချင်းကိုမြင့်ဆွေ ကောင်းရာသုဂတိလားပါစေ။

အကျဉ်းထောင်ထဲမှာ ၂၀၀၀ ခုနှစ် ဟိုတစ်ဖက်တုန်းက ပြစ်မှုတွေဖြစ်ပွားရင်၊ နှိပ်ကွပ်ရင် ရက်ရက်စက်စက်ရိုက်နှိပ်လေ့ရှိပါတယ်။ အဲဒီလို တုတ်သံတွေ၊ ခက်ထန်စွာ အော်ဟစ်သံတွေ၊ မချိတင်ကဲ ငိုကြွေးညည်းညူသံတွေ ကြားထဲမှာတုန်းက အကျဉ်းသားတွေရဲ့ စိတ်ဓာတ်တွေကလည်း ခက်ထန်မာ ကြောနေကြပါတယ်။ အကျဉ်းသားချင်း ငြိရင်၊ ရန်ဖြစ်ရင်သတ်ဖြတ်ကြလေ့ရှိပါတယ်။ ၂၀၀၀ ခုနှစ် ဟိုဘက်ပိုင်းတွေတုန်းက ထောင်တွင်းသတ်ဖြတ်မှုတွေကို သာယာဝတီထောင်၊ အင်းစိန်ထောင်၊ သရက်ထောင်များမှာ ကြားသိမြင်တွေ့ခဲ့ရပေမယ့် ၂၀၀၀ ခုနှစ် ဒီဘက်ပိုင်းကျတော့ ထောင်ထဲမှာ တုတ်သံအော်ဆဲဆိုသံ၊ ငိုကြွေးညည်းညူသံတွေ တော်တော်နည်းသွားခဲ့ပါတယ်။ တရားစခန်းက ကြေးစည်သံတွေ၊ မေတ္တာပို့သံတွေကြား ရတာများလာပြီးတဲ့နောက်မှာ သတ်ဖြတ်ဖို့နေနေသာသာ ရန်ဖြစ်သံတောင် သိပ်မကြားရတော့တာတွေကို ကျွန်တော် သတိပြုမိပါတယ်ဗျာ။ စာအုပ်စာပေတွေကို ဒီဘက်ခေတ်မှာ အကျဉ်းထောင်များမှာ ခွင့်ပြုလိုက်တာလည်း ပါပါတယ်။ အကျဉ်းသားတော်တော်များများက အားလပ်ရင် တရားစာအုပ်ကလေးတွေကိုယ်စီနဲ့ပါ။ ကိုယ့်ဉာဏ်မီသလောက်အဆင့်ကို ဖတ်ရှုလာကြတာတွေကို တွေ့မြင်လာရပါတယ်။ အကျဉ်းဦးစီးဌာနမှာ နောက်အသစ်ခန့်တဲ့ဝန်ထမ်းအရာရှိတွေ

ခေတ်ပညာတတ်များဖြစ်နေကြတာလည်း အကြောင်းရင်းတစ်ခုပါ။ သူတို့မှာ ဆင်ခြင်တုံတရားနဲ့ ပညာတတ်စရိုက်များ ပါဝင်လာတော့ ဆောင်ရွက်မှုအများစုက လူမိုက်မဆန်တော့တာ မြင်သာလာတယ်။ ပြဿနာတစ်ရပ်ကို ချဉ်းကပ်အဖြေရှာတာမှာလည်း လူသားဆန်လာပါတယ်။ နောက်ဆုံးဗျာ စကားကုန်ကုန်ပြောရရင် သူတို့ကိုယ်တိုင် မမျှမတ ဆောင်ရွက်လာရင်တောင် သူတို့ဟာ သူတို့သိနေကြပါတယ်။ နိုင်ငံရေးအကျဉ်းသားများကို အထက်ကသာ ညွှန်ကြားဖိအားမပေးခဲ့ရင် သူတို့ဘာသာအမုန်းခံ အကုသိုလ်အဖြစ်ခံပြီး မဆောင်ရွက်ပါဘူး။ ကွယ်ရာမှာ အချို့နိုင်ငံရေးအကျဉ်းသားတွေကို သူတို့လေးစားကြောင်း ပြောဆိုနေကြတာ ကျွန်တော်နားနဲ့ ကြားဖူးပါတယ်။ ဉာဏ်ပညာက ဦးစီးလာရင် အမိုက်တိုက်ကို အလင်းက ခွင်းလာတာတွေဟာ အားရစရာ ကျွန်တော့်ကိုယ်တွေ့ဖြစ်ပါကြောင်း။

[ ၁၉ ]

သရက်ထောင်ကို ကျွန်တော်ရောက်တဲ့ ၁၉၉၂ ခုနှစ်လောက်က ဖြစ်ခဲ့တဲ့အဖြစ်တစ်ခုက ပညာရှိသတိဖြစ်ခဲ၊ သတိမမူ ဂူမမြင် ဆိုသလိုပါပဲ။ ခေတ်ပညာတတ် ပုဒ်မ ၅ (ည) နိုင်ငံရေးအကျဉ်းသား တွေကို အကျဉ်းဦးစီးဌာန ဝန်ထမ်းက ရန်ကုန်မှာ ဖဲသုံးချပ်လိမ် စားသလိုမျိုးရှင်းရှင်းလေး မျက်လှည့်ပြသွားတဲ့ ကိစ္စတစ်ခုဖြစ်သွား ပါသေးတယ်။

ကျွန်တော်တို့သရက်အကျဉ်းထောင်ကို ရောက်သွားခါစက အခြေအနေဆိုးများထဲမှာ အကျဉ်းထောင်က အကျဉ်းသားများကို ကျွေးပုံမွေးပုံအခြေအနေက ပိုမိုဆိုးဝါးလှပါတယ်ဗျာ။ ထမင်း အခြေအနေက တော်တော်မကောင်းပါဘူး။ ထမင်းဝရင်ဆန်ညံ့ပါ တယ်။ ဆန်ကောင်းရင် ထမင်းမဝပါဘူး။ ထောင်အတွင်းအပြင် မှာ ကျားစီးဖားစီးအလုပ်ကြမ်းလုပ်နေရှာတဲ့ အကျဉ်းသားတွေဆို

မပြောပါနဲ့တော့။ ထောင်ထဲမှာ အလုပ်မရှိတဲ့၊ တိုက်ခန်းထဲ ထည့်ပိတ်ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေတောင် ထမင်းက မဝပါဘူး။ ဒါနဲ့ပဲ အခြေအနေက ဆိုးသည်ထက် ဆိုးဝါးလာတဲ့ တစ်နေ့မှာ (၁)ဆောင်မှာထားတဲ့ နိုင်ငံရေးအကျဉ်းသား ၅(ည)တွေနဲ့အရေးအခင်းအမှုတွေကို နေခင်းလာကျွေးတဲ့ ထမင်းက နည်းလွန်းတာကြောင့် အားလုံးဟာ ထမင်းကိုမယူတော့ဘဲ ဆန္ဒပြကြပါတယ်။ ဒီမှာတင်ပဲ ထမင်းဟင်းချက်တဲ့ဖိုကြီးကို အုပ်ချုပ်ရတဲ့ အကျဉ်းဦးစီးဝန်ထမ်းလိုက်လာပြီးတော့ ပြဿနာကို ရှင်းပါတယ်။ အဲဒီဝန်ထမ်းအမည်ကိုလည်း ကျွန်တော်မှတ်မိပါတယ်။ သူက တစ်ချိန်တုန်းက အင်းစိန်ထောင်မှာ ထောင်ကျဖူးတဲ့ ဆေးသမားပါ။ နေပုံထိုင်ပုံက ရန်ကုန်ဂေါ်လီစတိုင်ပါ။ သူ့တစ်ကိုယ်လုံးမှာ ရာဇဝတ်မှုထောင်ကျ အကျဉ်းသားများလို ဆေးမင်ကြောင် တွေ တစ်ကိုယ်လုံးမှာ ထိုးနှံထားပါတယ်ဗျာ။ သူက (၁)ဆောင် ထမင်းပြဿနာကို လာရှင်းတော့ ရှုရှုရှားရှားနဲ့တော်တော် ဒေါသတကြီး ဖြစ်နေပါတယ်။

ပထမတော့ သူက (၁)ဆောင်က ထမင်းမစားတဲ့သူတွေ စာရင်းကောက်စမ်းဘာညာနဲ့ ခြိမ်းခြောက်ပါသေးတယ်။ ခက်တာက သူ့နောက်မှာကလည်း တခြားအရာရှိ ဘယ်သူမှ မပါဘူးလေ။ ဒီထမင်းမဝတဲ့ ကိစ္စက ထမင်းချက်ဖိုကြီးဝန်ထမ်းရယ်၊ ထောက်/ထောင်မှူးရယ်၊ ထောင်ပိုင်ရယ် ၃ ဦးရဲ့ ပြဿနာပါ။ ကျန်တဲ့ ဝန်ထမ်း/အရာရှိက သူတို့နဲ့မဆိုင်လို့ မမြင်ချင်ယောင်ဆောင် နေတတ်ကြပါတယ်။ အကျဉ်းသားကိုထမင်းကျွေးချိန်ရောက် တိုင်း ထမင်းချက်ဖိုက တာဝန်ခံက ထမင်းဟင်းနမူနာပုံစံကို မိန်းဂျေးရုံးအုပ်ချုပ်ရေးရုံး တာဝန်ခံအရာရှိကို လာတင်ပြပြီး အုပ်ချုပ်ရေးရုံး

အရာရှိက ခွင့်ပြုမိန့်ကို တရားဝင်လက်မှတ်ထိုးပြီးမှ အကျဉ်းသားကို ကျွေးခွင့်ရှိပါတယ်။ ဒါကို ထောင်အခေါ် အမှုတွဲတယ်လို့ ခေါ်ပါတယ်။

ဒီတော့ သူ ဘာမျှမစားမသောက်ရ၊ ဝေစုမရလို့ အုပ်ချုပ်ရေးအရာရှိက 'ကြားထဲက ငထွားခါးနာတယ်'လို့ ညည်းညူတာကို ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားဖူးပါတယ်။ သူက လက်မှတ်မထိုးနိုင်ဘူးလို့လည်း မပြောဝံ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အခု (မိန်းဂျေး)အုပ်ချုပ်ရေးရုံးတာဝန်ခံနေရာက ဝင်ငွေပိုကောင်းနေတာကိုး။ သူ့ကိုမကြိုက်ရင် ထောင်ပိုင်က ဖြုတ်ပစ်နိုင်ပါတယ်။ ဒါကြောင့် သူကလည်း ဘာဖြစ်ဖြစ် အမြဲလက်မှတ်ထိုးပေးနေရတာပေ့ါ။ နိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ အကျဉ်းသားတစ်ဦးအတွက် စားလို့ဝလင်မယ့် အတိုင်းအတာ ရိက္ခာကို ဟိုးယခင်အင်္ဂလိပ်အစိုးရရဲ့ (ဂျေးမင်နူရယ်)မှ သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ခွင့်ပြုထားပေးတာကို။ ထောင်ပိုင်က ထပ်မံပြီး ကန့်သတ်သတ်မှတ်ပေးတာကိုထောက် ထောင်မှူးကလည်း ထောင်ပိုင်ခွင့်ပြုထားတဲ့ရိက္ခာကို ထမင်းချက်ဖိုကြီးကို အကုန်မပေးပါဘူး။ ထပ်ပြီးကန့်သတ်လိုက်ပါတယ်ဗျာ။ ထမင်းချက်ဖိုကိုရောက်လာတဲ့ ရိက္ခာအခြောက်များကို ထမင်းချက်ဖိုကတော့ အကုန်ချက်ပါတယ်။ ဒါပေမဲ့ သူ့ခွင်သူ လုပ်စားတဲ့အကွက်ကတော့ ထမင်းချက်ဖိုမှာ အကျဉ်းသားဖိုခေါင်းတစ်ဦး ရှိပါတယ်။ သူတို့စိတ်ကြိုက်ခန့်ထားတာပါ။ မကြိုက်ရင်၊မနှစ်သက်ရင် အချိန်မရွေး ဖြုတ်ပစ်ပါတယ်။ အဲဒီဖိုခေါင်းက ချက်ပြီးသားထမင်းကို အကျဉ်းသားတွေကို ကိုယ်တိုင်ဝေပေးပါတယ်။ လူသစ်အကျဉ်းသားများနဲ့ မျက်နှာမရှိသူ အကျဉ်းသားတွေကိုဆိုရင် ရသင့်တာ

ထက် တစ်ဝက်မရှိတရှိကိုပဲ ထည့်ပေးပါတယ်။ မဝလို့ထပ်တောင်းရင် လက်ထဲက သံယောင်းမနဲ့ ဖြတ်ရိုက်ပါတယ်ဗျာ။ နှစ်ကြီးအကျဉ်းသားတချို့နဲ့ ဇရှိသူတွေကိုတော့ မျက်နှာလို၊ မျက်နှာရပိုပိုသာသာထည့်ပေးပါတယ်။ အဲဒီလို အဖြစ်မျိုးတွေက ၁၉၉၉ ခုနှစ် ၂၀၀၀ ခုနှစ်လောက်အထိ အကျဉ်းထောင်တွေထဲမှာ ဖြစ်နေတာတွေပါဗျာ။ အခု ကျွန်တော်အထက်မှာ ရှင်းပြသလို အကျဉ်းထောင် ဝန်ထမ်း ၃ ဦးသာ ပတ်သက်နေတဲ့ ပြဿနာကို ကျန်ဝန်ထမ်းများက ထောင်ပိုင်ကွယ်ရာမှာဆိုရင်တော့ မနှစ်မြို့ဟန်ပြကြပါတယ်။ အချို့ဆိုရင် အကျဉ်းသားဘက်ကတောင်မခံချင်သလိုလိုအမူအရာပြကြပါတယ်။ ဒါပေမဲ့ သူတို့ကို ခေါ်ပြီးတော့ အဲဒီတာဝန်ပေးလိုက်ရင်တော့ အရင်လူအတိုင်းပါပဲဗျာ။ ကဲ-ရှင်းပြနေတာနဲ့ (၁)ဆောင်က ထမင်းပြဿနာဆက်ဖို့ မေ့နေဦးမယ်။

ဒါနဲ့ ထမင်းချက်ဖိုကြီး တာဝန်ခံဆေးမင်ကြောင်ရုပ်တွေနဲ့ အကျဉ်းဦးစီးဝန်ထမ်းက သူဖြဲချောက်လို့ မရတော့မှန်း ရိပ်မိသွားတော့ နည်းဗျူဟာ ပြောင်းလိုက်ပါတယ်။ သူကပြောတယ် 'ကဲကဲ ခင်ဗျားတို့ကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးတဲ့အတိုင်းအလေးချိန်နဲ့ ထမင်းဝေပေးမယ်ဗျာ။ ဒါဆိုရင် ခင်ဗျားတို့ ကျေနပ်မလားပေါ့။ (၁)ဆောင်က ပုဒ်မ ၅ (ည)တွေကလည်း ဒီလိုလုပ်ပေးရင် ကျွန်တော်တို့ ကျေနပ်ပါတယ်ပေါ့။ ဒီလိုနဲ့ထမင်းဖိုကြီးတာဝန်ခံလည်း ခပ်သုတ်သုတ်ပြန်ထွက်သွားပြီးတော့ ချိန်ခွင်တစ်ခုယူလာပြီးတော့ အကျဉ်းသားတွေကို ထမင်းဝေတာမှာ ချိန်ခွင်နဲ့ချိန်ပြီးတော့မှ ထမင်းဝေပါတယ်။ ထောင်ထဲရောက်ခါစ ထောင်ဗဟုသုတ နည်းနေသေးတဲ့ (၁)ဆောင်က အကျဉ်းသားတွေကလည်း ချိန်ခွင်နဲ့ ချိန်ပေးတော့ ဟုတ်သလိုလိုထင်နေကြတာပေါ့။

နည်း နည်းတော့ပိုရတယ်လေ။ အမှန်ကတော့ အရုပ်တွေဗလပွနဲ့ ဖိုကြီးတာဝန်ခံက ဖဲသုံးချပ်မျက်လှည့်ပြနေတာကို သတိမမူမိတော့ (၁)ဆောင်ကအကျဉ်းသားတွေ မျက်စိလည်သွားကြတာပါ။

ဒီလိုဗျ။ မြန်မာနိုင်ငံအကျဉ်းထောင်များမှာ ဒီနေ့အထိ တည်ဆဲဖြစ်နေတဲ့ အင်္ဂလိပ်အစိုးရရဲ့ ဂျေးမင်နူရယ်ထောင်လက်စွဲ ဥပဒေမှာ ပြဋ္ဌာန်းထားတာက အကျဉ်းသားရိက္ခာ အခြင်အတွယ် စနစ်မှာ အကျဉ်းသားတစ်ဦးအတွက် ရပိုင်ခွင့်ထမင်းကိစ္စအတွက် ဆန်ကိုသာ အလေးချိန်အတိအကျ သတ်မှတ်ထားတာပါ။ ထမင်း ချက်ပြီးသားဆန်ကို မဟုတ်ပါဘူးဗျာ။ ခြောက်သွေ့နေတဲ့ မပြုပြင် မစီရင်ထားတဲ့ ဆန်ရဲ့အလေးချိန်ကို ချိန်ပြရမှာကို ထမင်းဖိုကြီး တာဝန်ခံက ချက်ပြီးသားထမင်းအစိုကို ချိန်ပြသွားတာပါ။ ဖြစ်ပုံများ ပြန်ပြောပြရတာတောင် မကောင်းလှပါဘူးဗျာ။ အဲဒီခေတ်တွေက တကယ်ထမင်းဝအောင် ကျွေးသွားဖူးတဲ့ အကျဉ်းထောင်ထောင် ပိုင်များလည်း ၂ ဦး ၃ ဦးလောက် ရှိပါတယ်။ သူတို့က ရှင်းပြတာ ကတော့ ခင်ဗျားတို့ကိုဝအောင် ကျွေးရင်လည်း ဆန်ရိက္ခာက တော်တော်ပိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကျဉ်းထောင်ထဲ မှာ အကျဉ်းသားရဲ့ ၁၂ ရာခိုင်နှုန်းခန့်နေတဲ့ အချုပ်သားများနဲ့ (၂၀ ရာခိုင်နှုန်းခန့်ရှိနေတဲ့ တိုက်နေအကျဉ်းသားနဲ့ လူသစ် အကျဉ်းသားများက) ထမင်းတကယ်အများကြီး မစားနိုင်ပါဘူး။ အချုပ်နဲ့ လူသစ်တွေက ထောင်ထဲရောက်တာ အထိုင်အကျခင် စိတ်ပူဆွေးမှုများပြီး အချို့ဆို တစ်ပတ်လောက်တောင် ထမင်း မစားနိုင်ကြပါဘူး။ စိတ်မကောင်းဖြစ် ဝမ်းနည်းပူပင်သောက ရောက်တာလည်းပါတယ်။ ထောင်ထမင်းထောင်ဟင်းကို ရွံရှာနေ တာလည်းပါပါတယ်။ ဒါကြောင့် ထောင်ထဲမှာ တကယ်ထမင်းကို

စားနိုင်နေတာက အလုပ်လုပ်နေတဲ့ အနေကြာနှစ်ကြီးသမားတွေ လောက်ပါပဲဗျာ။

အချို့ထောင်ပိုင်များက ရင်းနှီးသူအကျဉ်းသားတွေကို ရှင်းပြတာကတော့ သူတို့လည်း အစိုးရပေးတဲ့ရိက္ခာဖိုးနဲ့ အချို့ရိက္ခာများရဲ့ ကာလပေါက်ဈေးက အများကြီးကွာဟနေတော့ လုပ်ရကိုင်ရ ခက်ခဲကြောင်း၊ ဥပမာ-စားသုံးဆီဆိုရင် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုထားတဲ့ ဈေးနှုန်းနဲ့ ကာလပေါက်ဈေး ကွာလွန်းပါတယ်။ ဒါပေမဲ့တစ်ဖက်က အကျဉ်းသားတစ်ဦးအတွက် နေ့စဉ်စားသုံးဆီရပိုင်ခွင့်ကလည်း အလေးချိန်အတိအကျ ဥပဒေနဲ့ သတ်မှတ်ထားတော့ လိုအပ်သည်လောက် အကျဉ်းသားကို စားသုံးဆီထုတ်ပေးနိုင်ရန် အခက်အခဲတွေရှိနေကြောင်း၊ တကယ်ထုတ်ပေးရမှာက အကျဉ်းထောင်ကြီးတစ်ခုမှာ နေ့စဉ် ဆီပိဿာချိန် ၁၅ ပိဿာ၊ ၂၀ ပိဿာပေးရမှာကို ၃ ပိဿာ၊ ၄ ပိဿာလောက်ပဲ ထုတ်ပေးနေကြရတာပါ။ အဲဒီတော့ အချို့တာဝန်ခံများက ဆန်ပိုလာတာကို ဆီဖိုးပြန်လုပ် ကျွေးမွေးတာတွေရှိကြောင်း ရှင်းပြကြတာတွေကို ကြားဖူးပါတယ်ဗျာ။ ဒါကြောင့် တတ်နိုင်တဲ့အကျဉ်းသားတွေက ထောင်ထဲမှာ တစ်လတစ်ခါ ဈေးဝယ်မှာ ကိုယ်ပိုင်အပ်နှံငွေစာရင်းကို အသုံးပြုပြီး ဆီပုံးလိုက်ဝယ်သုံးစွဲနေကြတာတွေကို အကျဉ်းထောင်များမှာ မြင်တွေ့နိုင်ကြပါတယ်။

အင်္ဂလိပ်အစိုးရလက်ထက်က အကျဉ်းထောင်လက်စွဲ ဥပဒေကလည်း တော်တော်စုံစုံလင်လင်တော့လုပ်ထားတာကို လေ့လာခဲ့ရပါတယ်။ အကျဉ်းသားအတွက် ခေါင်းလိမ်းဖို့ အုန်းဆီလည်းပါတယ်။ ရေနွေးကြမ်းသောက်ဖို့ လက်ဖက်ခြောက်ကအစ စုံစုံလင်လင် သတ်မှတ်ပေးထားတာ တွေ့ရပါတယ်။ ထမင်းချက်

ဖိုကြီးမှာ သုံးစွဲရန် လောင်စာထင်းကိုတောင် အလေးချိန်နဲ့ အတိအကျသတ်မှတ်ထားပါတယ်။ ယခင်ခေတ်များက **အကျဉ်း**ထောင်များမှာ လုံးတီးဆန် (မဖွတ်ထားသော၊ ဖွဲနုထုတ်ယူမထားသေးသော ဆန်များကို ကျွေးမွေးပါတယ်) အများစုက **မစားနိုင်**လို့ညံ့ဖျင်းတဲ့ ထမင်းလို့ သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ **အာဟာရ**ကတော့ အပြည့်အဝရှိပါတယ်။ ကျွန်တော်တို့ **ထောင်ထဲကို** ရောက်ခါစက ထောင်ထဲမှာ ကုလားပဲကျွေးပါတယ်။ **အာဟာရ**ဖြစ်လွန်းတော့ ထောင်ကျခါစလူသစ်များ အလုပ်ပင်ပန်းတဲ့ဒဏ်ကို ခံနိုင်ရုံမျှမက ခြောက်လလောက်ကုလားပဲစားပြီးရင် ပဲဖောတောင် ဖောလာကြတာ၊ မျက်နှာကြီးတွေ ဖောင်းကားလာတာကို မြင်ဖူးခဲ့ရပါတယ်ဗျာ။

ဒါပေမဲ့ နောက်ပိုင်းမှာ ကုလားပဲတွေ ဈေးတအားကောင်းလာတော့ မြန်မာနိုင်ငံအကျဉ်းထောင်များမှာ ကုလားပဲကို **မကျွေး**နိုင်ကြတော့ဘူး။ စီမံခန့်ခွဲမှုကောင်းတဲ့ အချို့ထောင်ပိုင်များကတော့ ကြိုးစားပြီး ကုလားပဲကို ကျွေးမွေးနေပါတယ်။ **စိတ်ထား**ကောင်းတဲ့၊ စီမံခန့်ခွဲမှုကောင်းတဲ့ ထောင်ပိုင်များက **အကျဉ်းသား**ကိုကောင်းကောင်းကျွေးမွေးဖို့ စိတ်ဝင်စားကြပါတယ်။ **ခရမ်းချဉ်သီး****တွေ** လှိုင်လှိုင်ပေါ်များရင် အကျဉ်းသားများကို ခရမ်းချဉ်သီး ဝယ်ချက်ကျွေးပါတယ်။ အဲဒီလိုနေ့မျိုးတွေဆိုရင်တော့ **ထောင်ထဲက**ဟင်းသီးဟင်းရွက်တို့စရာနဲ့ အကျဉ်းသားတွေ စားလိုက်ကြတာခေါင်းတောင် မဖော်ကြရှာပါဘူးဗျာ။ အဲဒီလိုထောင်ပိုင် တာဝန်ခံအရာရှိမျိုးအကျဉ်းထောင်ကို ရောက်လာပြီဆိုရင် အကျဉ်းသားဈေးဝယ်တာ၊ ထောင်ဝင်စာတွေ့တာတွေမှာ အန္တရာယ်ကင်းတဲ့ အစားအသောက် **ထောင်ထဲကိုသွင်းဖို့ ကြိုက်သလောက်သွင်းခွင့်**

ပြုထားပါတယ်။ အချို့ထောင်ပိုင်တာဝန်ခံများကျတော့ ဖြစ်ပေါ်လာနိုင်တဲ့ မဖြစ်စလောက်ပြဿနာကို သူ့အပေါ် ကျရောက်လာမှာကို တာဝန်မယူနိုင်တော့ ပရဟိတစိတ်နည်းပါးတော့ အများကြီးကန့်သတ်ချုပ်ချယ်လာကြပါတယ်။ အကျဉ်းထောင်က လိုအပ်ချက်မရှိအောင်ဥပဒေအတိုင်း ကျွေးမွေးနိုင်ခဲ့ရင် အဲဒီလို ကန့်သတ်ချုပ်ချယ်ကြတာ မထောင်းတာလှပေမယ့် ကိုယ်ထူကိုယ်ထ ဖန်တီးစားသောက်နေကြတဲ့ခေတ်မှာဆိုရင်တော့ အထဲကအကျဉ်းသားတွေ ဒုက္ခက ငရဲပါပဲဗျာ။

[ ၂၀ ]

ကျွန်တော်သရက်ထောင်မှာ နေခဲ့ရတာက အင်းစိန်ထောင်နဲ့ သာယာဝတီထောင်မှာထက် ပိုကြာပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ထောင်ထဲက မှတ်တမ်းများက သရက်ထောင်မှာဖြစ်ခဲ့တာက ပိုများပါတယ်။ အခုပြောပြမယ့် အကြောင်းအရာကတော့ ပြန်စဉ်းစားကြည့်ရတာတောင် တော်တော်ခံစားရပါတယ်ဗျာ။ (၁၉၉၃) ခုနှစ်လောက်က ဖြစ်ခဲ့တာပါဗျာ။ အဲဒီတုန်းက သရက်ထောင်ပိုင်လည်း စစ်တပ်ကအသွင်ပြောင်းလာတဲ့ ဗိုလ်ကြီးတစ်ဦးပါ။ အကိုင်အတွယ် ကြမ်းတယ်။ သူ့အထက်ဌာနကို ဘယ်ကိစ္စ၊ ဘယ်လောက်တိုင်တိုင် သူကမမှုဘူး။ ဂရုမစိုက်ပါဘူး။ အဲဒီခေတ်က သူ့ဌာနမှာ အကြီးဆုံးပုဂ္ဂိုလ်ရဲ့တူတော်တယ်လို့ အကျဉ်းထောင်အရာရှိ အချို့ကပြောနေတာကို မှတ်သားရဖူးတယ်။

ကျွန်တော့်ကို ၁၉၉၂ ခုနှစ် ဧပြီလ ၂၃ ရက်မှာ ထောင်ပြောင်း

ပြီး သရက်ထောင်ကို ကျွန်တော်ရောက်လာကတည်းက အဲဒီသူက သရက်အကျဉ်းထောင်တာဝန်ခံ အရာရှိပါ။ ကျွန်တော် သရက်အကျဉ်းထောင်ကိုရောက်ပြီး ၂ ရက်အကြာမှာ နံနက်ပိုင်း အကျဉ်းထောင် အိပ်ဆောင်ဖွင့်ချိန်မှာ အရာရှိတစ်ဦးအပါအဝင် ဝန်ထမ်း ၆ ဦးက ဝါးရင်းတုတ် (ဝါးဆစ်ပိတ်) ၅ချောင်းနဲ့ ဝိုင်းရိုက်ကြတာလည်း သူက အမိန့်ပေးလိုက်တာပါ။ ဘာတဲ့။ ၄ တိုက် ၁ ခန်းမှာ ရောက်နေတဲ့ အကျဉ်းသားဂျော်လီထွန်းကို မှတ်သွားအောင်၊ ကြောက်သွားအောင် ရိုက်ရမယ်တဲ့။ “မသေရင်ပြီးရော၊ ကြိုက်သလောက်ရိုက်လာခဲ့တဲ့” ဗျာ။

ကျွန်တော့်ကို ဝိုင်းရိုက်ကြတဲ့ သရက်အကျဉ်းထောင်ဝန်ထမ်း ၆ ဦးထဲမှာ ဒုတပ်ကြပ် ကိုနိုင်ရွှေဆိုတာ တစ်ယောက်ပါပါတယ်။ သူနဲ့ကျွန်တော်က နောက်ပိုင်းမှာ တစ်ယောက်အကြောင်းတစ်ယောက် သိလာကြပြီးတော့မှ ဒုတပ်ကြပ်ကိုနိုင်ရွှေက ကျွန်တော့်ကို သူပါဝင်ရိုက်နှက်ခဲ့တဲ့ကိစ္စအတွက် အနူးအညွတ်တောင်းပန်စကားဆိုခဲ့ပါတယ်။ ဒုတပ်ကြပ်ကိုနိုင်ရွှေဆိုတာ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ မန္တလေးတိုင်းဘက် မိုးကုတ်၊ မိုးမိတ်ဘက်က တောတွင်းရဲဘက် အလုပ်စခန်းတစ်ခုမှာ ငှက်ဖျားမိကွယ်လွန်သွားပါတယ်။ သူက ရဲဘက်အလုပ်စခန်းကို မပြောင်းခင်မှာ ကျွန်တော့်ကို ရိုက်တဲ့နေ့က အကြောင်းတွေကို အကုန်ပြောပြသွားပါတယ်။ ဒုတပ်ကြပ်ကိုနိုင်ရွှေဆိုတာ ပင်ကိုသဘာဝစရိုက်က စိတ်ထားကောင်းမွန်ပါတယ်။ မလွန်ဆန်နိုင်တဲ့အထက်အမိန့်အရ ကျွန်တော့်ကို ရိုက်ခဲ့ရတာပါတဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒုတပ်ကြပ်ကိုနိုင်ရွှေကိုရော၊ အခြားအကျဉ်းဦးစီးဝန်ထမ်း ၅ ဦးကိုရော အဲဒီနေ့က ရိုက်ခဲ့တဲ့ လက်မရွံ့အဖွဲ့ကို တာဝန်ခံ အုပ်ချုပ်

လိုက်ပါလာသူ အရာရှိဖြစ်ခဲ့စ ထောင်မှူးဦးလှဝင်းကိုရော အား လုံးကို ကျွန်တော်ခွင့်လွှတ်ပါတယ်။ "ဟာ-ကိုကျော်လီထွန်းရယ်၊ ခွင့်လွှတ်နိုင်ရင် ဘာဖြစ်လို့ပြန်ပြောနေရတာလဲ၊ မေးစရာရှိပါတယ် ဗျာ။ ဒါကတော့ ကျွန်တော်က ခွင့်လွှတ်လို့သာရတာပါ။ နိုင်ငံ ရေးအကျဉ်းသားဟောင်းတစ်ဦးအနေနဲ့ အကျဉ်းထောင်ထဲမှာ တစ်ခေတ်တစ်ခါက ဒီလိုတရားဥပဒေမဲ့၊ လူ့အခွင့်အရေး ချိုး ဖောက်နှိပ်စက်၊ နှိပ်ကွပ်ခဲ့တာတွေကို မိမိကိုယ်တိုင် နစ်နစ်နာနာ ခံစားခဲ့ရတာတွေကို အခုလိုဖော်ထုတ်မတင်ပြနိုင်ခဲ့ရင် ဒီလိုအဖြစ် ဆိုးမျိုးတွေ နောက်နောင် ပျောက်ကွယ်သွားမယ်မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ နောက်နောင် ဒီလိုအဖြစ်ဆိုးမျိုးတွေကို ဘယ်သူ့ကို မှလည်း မခံစားစေချင်တော့ဘူးဗျာ။ ခွင့်လွှတ်နိုင်ပေမယ့် မေ့ ဖျောက်ဖို့မဖြစ်နိုင်တဲ့၊ မဖြစ်စကောင်းတဲ့ လူ့အခွင့်အရေး ချိုးဖောက် မှုတွေ ဖြစ်နေလို့ပါဗျာ။ ဒါကြောင့် အခုလည်း သရက်အကျဉ်း ထောင်မှာ ၁၉၉၃ခုနှစ်လောက်က ဖြစ်ရပ်တစ်ခုကို ဆက်လက် တင်ပြရဦးမယ်။

အဲဒီအချိန်က သရက်အကျဉ်းထောင် အကျဉ်းဦးစီးဌာနပိုင် လယ်တွေမှာ နှစ်သီးစားစပါးစိုက်ပျိုးနေကြတယ်။ ပထမ စိုက်ထား တဲ့ ရင့်မှည့်နေတဲ့ ကောက်ပင်တွေကို ရိတ်သိမ်းတဲ့အလုပ်နဲ့ ဒုတိယ စိုက်ပျိုးမယ့် ကောက်ပင်တွေအတွက် ပြန်လည်ထွန်ယက်နေကြတဲ့ အတွက် သရက်အကျဉ်းထောင်မှာ အလုပ်တွေပူနေတဲ့အချိန်ပေါ့ ဗျာ။ ကျွန်တော်ကလည်း ၄ တိုက်မှာ ကိုညိုထွန်း၊ ကိုမင်းဇေယျ၊ ကိုလှမျိုးနောင်၊ ကိုငြိမ်းချမ်း(လူထု)၊ ကိုဆက်အောင်နိုင်၊ ကိုသန်း ဇော်(သန်လျင်)၊ ကိုမြင့်ဆွေ(ထောင်တွင်းကွယ်လွန်)၊ ကိုရဲမော်ထူး (USA)၊ ကိုဝင်းနိုင်ဦး (ယခင် RFA)၊ ကိုကျော်ကျော်သိန်း VOA၊

ကိုဇော်ဝင်းထွန်း၊ ဦးကျင်မောင်(သာကေတ NLD) တို့နှင့်အတူ ပေါ့ဗျာ။

တစ်နေ့နံနက်ပိုင်းအိပ်ဆောင်ဖွင့်အပြီးမှာ အကျဉ်းထောင်အပြင်ကို ထွက်ပြီးတော့ အလုပ်ကြမ်းလုပ်ကြရမယ့် အပြင်ဘုတ်အကျဉ်းသား ၁၀၀ ကျော်ခန့်က ကျွန်တော်တို့နေနေတဲ့ ၄တိုက်ရှေ့က အုတ်သောက်ရေကန်နံဘေးမှာ တန်းစီထိုင်နေကြလို့ တိုက်မှာ တာဝန်ကျတဲ့ သော့ကိုင်ဝန်ထမ်းကို မေးမြန်းကြည့်တော့မှပဲ အကြောင်းစုံကို သိရတော့တယ်။ ဒီလိုပါဗျာ။ ကျွန်တော်တို့နေတဲ့ ၄တိုက်ရှေ့မှာ သောက်ရေထည့်ထားတဲ့ အုတ်ကန်ရှိတယ်။ အုတ်ကန် ဟိုတစ်ဖက်မြေကွက်လပ်ကိုကျော်ရင် အကျဉ်းထောင် ထမင်းဟင်းချက်တဲ့ဖိုကြီး အဆောက်အအုံရှိပါတယ်။ အခုအပြင်ဘုတ်ထွက်ပြီး တစ်နေကုန်အလုပ်လုပ်ကြရမယ့် အပြင်ဘုတ်အကျဉ်းသားတွေ ၁၀၀ လောက်က မီးဖိုကြီးထဲမှာ နံနက်အဆာပြေ ထမင်းကြော်စားနေသူများကို ထိုင်စောင့်နေကြပါတယ်။ နံနက်စောစောချမ်းချမ်းစီးစီးမှာ လုံခြုံရေးအကြောင်းပြချက်အရေ အနွေးထည်ဝတ်ခွင့်၊ အကျီလက်ရှည်ဝတ်ခွင့်မရကြသူ အပြင်ဘုတ်အကျဉ်းသားများက စပြီးတော့ ထောင်ကျကတည်းက နှစ်က လေး/လ ကလေးသမား အကျဉ်းသားများဖြစ်ပါတယ်။ သူတို့ခမျာ ပိတ်ရက်မရှိနေ့စဉ်လယ်တဲဆင်းလုပ်နေကြရတော့ သူတို့ကို အကျဉ်းထောင်ကထုတ်ပေးထားတဲ့ထောင်ပုံစံ အကျီ၊ ပုဆိုးအကြမ်းများကို ရေနဲ့လျှော်ဖွပ်ပြီးလှမ်းဖို့ အချိန်မရ၊ အခွင့်အရေးမရကြလို့ ထောင်ကျလာကတည်းက ဝတ်လာရတဲ့ အကျီ၊ ပုဆိုးအကြမ်းများက မြေကြီးအရောင်အတိုင်းပါပဲဗျာ။ နောက်ပြီး သူတို့အတွက် ကျွေးမွေးတဲ့နေ့လယ်စာနဲ့ ညစာထမင်းများ**ကိုလည်း ဝ**အောင်မကျွေးတဲ့ခေတ်

ဆိုတော့ဗျာ။ အားလုံးက မွဲမွဲခြောက်ခြောက် ပိန်ပိန်ကလေးတွေ ဖြစ်နေပါတယ်။

အဲဒီနေ့ကလည်း သူတို့ကို အိပ်ဆောင်အဖွင့်မှာ ထောင်ထုံးစံဆန်ပြုတ်ကို ရေနွေးကြမ်းပန်းကန် တစ်လုံးစာလောက်တိုက်လွှတ်လိုက်ပါတယ်။ ဆန်ပြုတ်ဆိုတာလည်း ဆန်ကို ပြုတ်ထား တာ မဟုတ်ပါဘူးနော်။ အကျဉ်းသားတွေကို ကျွေးမွေးပြီးကျန်တဲ့ မနေ့က အနံ့ထွက်နေပြီဖြစ်တဲ့ ထမင်းကျန်များကို ဒယ်အိုးကြီးများနဲ့ ပြန်ပြုတ်ကျိုချက်ထားတဲ့ ဆန်ပြုတ်မဟုတ်သော ထမင်းချဉ်ပြုတ်တွေပါ။ ဒါတောင် များများမပေးပါဘူး။ နည်းနည်းပဲ ရပါတယ်။ ဒီအဖြစ်နဲ့ ပြောင်းပြန်ကတော့ သူတို့ကို နေရိပ်ထဲက ထိုင်ခိုင်းစေမယ့် သူတို့ကို ထွက်မပြေးနိုင်အောင် ကင်းစောင့်ပေးမယ့် အကျဉ်းဦးစီးဝန်ထမ်းများက ဖိုကြီးထဲမှာ ထမင်းကြော်အဝ ထိုင်စားနေကြတယ်လေ။ သရက်အကျဉ်းထောင်မှာ ၁၉၉၃ ခုနှစ်က အကျဉ်းထောင်ဝန်ထမ်းတွေကို အကျဉ်းထောင်က နံနက်တိုင်း ထမင်းကြော်ကျွေးတာလား မေးကြရင် မှားသွားပါလိမ့်မယ်ဗျာ။ အုပ်ချုပ်သူတွေက သူတို့ဝန်ထမ်းကိုလည်း မသဒ္ဒါပါဘူး။ အဲဒီနေ့က အပြင်ဘုတ်ထုတ်ခိုင်းမယ့် အကျဉ်းသားတွေက များနေပြီးတော့ တာဝန်ချထားပေးထားသူ နေ့ဝန်ထမ်းဂျူတီက နည်းနေပါတယ်။ ဒါကြောင့် အထက်ကဆရာကြီးများက ညတုန်းက လုံခြုံရေးအတွက် ကင်းစောင့်ပြီး နံနက်ပိုင်းအိပ်ဆောင်ဖွင့်ရင် ဂျူတီချိန်းပြီး အိမ်ကို ပြန်အိပ်ကြတော့မယ့် ညဂျူတီဝန်ထမ်းများကို (စတန်းဘိုင်) STAND BY ဆိုပြီး တော့ နေ့ဂျူတီပါ ဆက်တာဝန်ပေးထားတော့ ညတုန်းက မအိပ်ရသေးတဲ့ ဝန်ထမ်းများ မကျေမနပ်မဖြစ်အောင်ထောင်က ထမင်းကြော်ကျွေးပြီး ချော့ထားတာပါခင်ဗျာ။

"ဗျာ. . . ဘာမေးတာလဲ" ဩော်. . အဲဒီထောင်ထဲမှာ ကြော်ကျွေးတဲ့ထမင်းကြော်ရိက္ခာက ဝန်ထမ်းကျွေးဖို့ သတ်သတ် စီမံထားတဲ့ရိက္ခာ မဟုတ်ပါဘူးဗျာ။ တကယ်ပြောနေတာပါ။ ကျွန်တော်ထောင်ထဲမှာ ၂၃ နှစ်နီးပါး နေလာတာကိုး။ အကျဉ်းဦးစီး ဝန်ထမ်းများ ထောင်ထဲမှာ စားသောက်နေကြတဲ့ ရိက္ခာကို ဝန်ထမ်းအတွက် သီးခြားရိက္ခာအဖြစ်ထောင်ထဲကိုသွင်းလာတာ ကျွန်တော် ဘယ်တုန်းကမှ မမြင်ဖူးပါဘူးဗျာ။ မြင်ဖူးတာကတော့ အထဲက အကျဉ်းသား စားသောက်ရန်ရိက္ခာများကိုသာ အဆင့်အတန်း အမျိုးမျိုးက နည်းမျိုးစုံသုံးပြီး အပြင်ကို ကဲ့ထုတ်တာပဲ မြင်ဖူးပါတယ် ဗျာ။ ဘာမျှယူဖို့ အခွင့်မသာတဲ့ ဝန်ထမ်းက အကျဉ်းသားကို ကန်စွန်းရွက်တစ်စီးတော့ ခူးခိုင်းပြီး ပြန်သယ်သွားတာပဲ။ "အမလေးဗျာ။ ဝန်ထမ်းအိမ်မှာထားတဲ့ ဝက်ကျွေးဖို့တောင်မှ ထောင်ထဲက ထမင်းကျန်၊ ဟင်းကျန်ယူကျွေးတာ အကျဉ်းဦးစီး ဝန်ထမ်းများရဲ့ မိရိုးဖလာကိစ္စဆိုရင် စာဖတ်သူများ ယုံကြပ့်မလား တောင် မသိပါဘူး။ တကယ်ပြောနေတာပါ။ ကိုယ်နဲ့မတည့်တဲ့သူ ကိုယ့်ရန်သူလုပ်ပြီး မမှန်မကန် လုပ်ရေးနေခြင်း မဟုတ်ရပါဘူးဗျာ။ ဒီကိစ္စတွေကို ထောင်ကျဖူးတဲ့ အကျဉ်းသားတွေအားလုံးနဲ့ အကျဉ်း ထောင်အနီးအနား ဆက်စပ်ပတ်သက်နေကြသူတွေ၊ ထောင်ဝင် စာ လာတွေ့နေကြတဲ့ အကျဉ်းသားမိသားစုအားလုံး သိနေကြတဲ့ မြင်နေကြတဲ့ကိစ္စပါ။ ဒါတောင် အကျဉ်းသားတွေ ထမင်းမဝလို့ ထမင်းမကျန်ရင် အကျဉ်းသားမစားခင် ထမင်းအကောင်းကို ဖိုကြီးက အကျဉ်းသားကို ဆေးလိပ်ဝယ်တိုက်ပြီးတော့ အပြင်ကို သယ်တဲ့ဝန်ထမ်းလည်း တွေ့ဖူးပါတယ်။ အထက်ကထောင်ပိုင်က ဒါကိုတော့ အရေးယူပါတယ်။ မသင့်တော်လို့ အရေးယူတာ

မဟုတ်ရပါဘူးဗျာ။ သူ့ ကိုယ်တာ ထိခိုက်လာလို့ပါ။

ကဲ-ခုနဇာတ်လမ်းလေးပြန်ဆက်ရရင်တော့ အဲဒီကြော်ကျွေးတဲ့ ထမင်းကလည်း အကျဉ်းသားတွေ အိုးထဲကပဲ ကြော်တဲ့ဆီကလည်း အကျဉ်းသားရဲ့ ရိက္ခာဗျာ။ ရိက္ခာပိုင်ရှင်အကျဉ်းသားတွေကတော့ ၄တိုက်သောက်ရေကန်ရှေ့က ကွက်လပ်ထဲမှာ အဆောင်က သောက်လာတဲ့ ထမင်းချဉ်ပြုတ်(ဆန်ပြုတ်) ၅ဇွန်း ၆ဇွန်းလောက်က အစာကြေသွားလို့ ဖိုကြီးထဲမှာ ထမင်းကြော်စားနေကြတဲ့ ဆရာသမားများကို လှမ်းမျှော်ရင်းနဲ့ သွားရည်တွေ မျိုမျိုချရင်း "အင်း"။

[ ၂၁ ]

အခုတင်ပြမယ့် အဖြစ်ကတော့ သရက်အကျဉ်းထောင်မှာ ၁၉၉၅ ခုနှစ်လောက်က ကိစ္စပါ။ ခေတ်ကလည်း ထောင်ထဲမှာ အကျဉ်းသားတွေကို ထမင်းဝအောင် မကျွေးတဲ့ခေတ်ပေါ့ဗျာ။ အဖြစ်ကဒီလိုဗျ။ သရက်အကျဉ်းထောင်ရဲ့အကျဉ်းသားတွေကို ချက်ပြုတ်ကျွေးမွေးတဲ့မီးဖိုကြီးမှာ လောင်စာအဖြစ် ထင်းကိုသုံးစွဲပါတယ်။ ဒီတော့ သရက်အကျဉ်းထောင်မှာ ထင်းဘုတ်ဆိုပြီးတော့ ထောင် အပြင်ကိုထွက်ပြီးတော့ ထင်းခုတ်ပေးရတဲ့ သစ်ပင်ရှာ လှဲရတဲ့ အပြင်ဘုတ်တစ်ခုရှိပါတယ်။ ထောင်အပြင်ဘက်က သစ်ပင်တွေကို ခုတ်ထစ်လှဲပြီးတော့ ထောင်ထဲကို ပြန်သယ်ရပါတယ်။ ထင်းခွဲခြမ်းအဖြစ်ကိုတော့ ထောင်ထဲမှာ အကျဉ်းထောင် အပြင်ကိုထုတ်ပြီး ခိုင်းလို့မရတဲ့ နှစ်ကြီးအကျဉ်းသားတွေကို အတွင်းထင်းဘုတ်ဆိုပြီးတော့ ၄တိုက်နဲ့မီးဖိုကြီးကြားမှာ လွတ်တိုက်၊

ထင်းဖြတ်၊ ထင်းခွဲလုပ်စေပါတယ်။ အပြင်ထင်းဘုတ်ကိုအုပ်ချုပ်ဖို့ အကျဉ်းဦးစီးဝန်ထမ်းက ဒုတပ်ကြပ်မောင်မောင်ချိုလို့ခေါ်ပါတယ်။ အကျဉ်းသားဘုတ် ကိုင်ဦးစီးသူနံမည်ကိုတော့ မေ့နေပါပြီ။ သူက ရဲထွက်ပါ။ နည်းနည်းလည်ပါတယ်။

တစ်နေ့တော့ အပြင်ထင်းဘုတ်ကို နေ့လယ်စာ ထမင်း ကျွေးဖို့ ဒုတပ်ကြပ်ကို မောင်မောင်ချိုက အပြင်ထင်းဘုတ် အကျဉ်း သား ၁၅ဦးကို သရက်ထောင်ထဲကို ပြန်ခေါ်လာပါတယ်။ပြီးတော့ ထမင်းချက်ဖိုကြီးမှာ ထမင်း၊ ပဲဟင်း ၁၅ယောက်စာ သွားယူခိုင်း တယ်။ သူက ထောင်အတွင်းထင်းဘုတ်(၄တိုက်ရှေ့မှာ) ထိုင်စောင့် နေပါတယ်။ ကျွန်တော်က ၄ တိုက်ထဲမှာ အဝတ်လျှော်ရေချိုးနေ ရင်း အားလုံးကို တွေ့နေရပါတယ်။ ခဏကြာတော့ ထင်းဘုတ် ကိုင် အကျဉ်းသား(ရဲထွက်)နဲ့ဘုတ်သား ၁၄ ဦးမျက်နှာမသာမယာ နဲ့ ထမင်းထည့်ထားတဲ့ ဝါးနှီးတောင်းကလေးကို ကိုင်ပြီးတော့ ထမင်းချက်ဖိုကြီးထဲက ထွက်လာတာတွေ့ရပါတယ်။

ဒီတော့ ဒုတပ်ကြပ်ကိုမောင်မောင်ချိုက မင်းတို့ “ဘာဖြစ် လာလဲ” မေးရောဗျ။ အပြင်ဘုတ်ကိုင်(ရဲထွက်)က “ဒီမှာကြည့်ပါဦး ဆရာရယ်၊ ကျွန်တော်တို့ ထင်းဘုတ် ၁၅ ယောက်စာ ထမင်းထိုးပေး လိုက်တာကို”လို့ပြောရင်း ထမင်းနှီးတောင်းလေးကို အောက်ကို ချပြလိုက်ပါတယ်။ ကိုမောင်မောင်ချိုက “ဟာ-တော်တော်နည်း တာပဲ၊ ဘယ်သူ ထမင်းထိုးပေးသလဲ”လို့မေးတော့ ဘုတ်ကိုင်က “ဖိုးခေါင်းအကျဉ်းသားဝေလွင်ပါဆရာ” ဖိုးခေါင်ဝေလွင်က နာမည် သာလှတာ လူကမည်းမည်း စိတ်ဓာတ်ကလည်း အောက်တန်း ကျသေးတယ်။

အဲဒါနဲ့ဒုတပ်ကြပ်မောင်မောင်ချိုက ဘုတ်ကိုင်ကို “ကဲကဲ

မင်းတို့ ရနေကြလောက်မှုပြီးတော့ ပုံကြည့်စမ်း”ဆိုတော့ ဘုတ်ကိုင်က မလောက်ငှမှန်းသိနေတော့ ခါတိုင်းရနေကြ တစ်ဦးစာ ထမင်းထက်လျှော့ပြီး ပုံကြည့်ပါတယ်။ ထမင်းလျှော့ထည့်ပြီး ပုံတာတောင် ၁၁ ယောက်စာပဲ ဖြစ်ဖြစ်မြည်ရပါတယ်ဗျာ။

ဒါနဲ့ဒုတပ်ကြပ် ကိုမောင်မောင်ချိုက ပြောတယ်။“မင်းတို့မစားကြနဲ့ဦး။ ငါ အထက်ကို တင်ပြပေးမယ်”ဆိုပြီးတော့ မိန်းဂျေး (ထောင်တွင်းအုပ်ချုပ်ရေးရုံး)အရာရှိကို သွားသတင်းပို့ပေးပါတယ်။ မကြာခင်မှာ ၄တိုက်ရှေ့ကအတွင်း ထင်းဘုတ်ကို မိန်းဂျေးထောင်မှူးဆိုတာ လိုက်လာပါတယ်။ ကျွန်တော်က အဝတ်လျှော်ရင်းလှမ်းမြင်နေရပါတယ်။ မျက်နှာထားတင်းမာစွာနဲ့ထောင်မှူးက “ကဲပါ။ ငါ့ကိုပြမနေနဲ့”လို့ပြောရင်း ဖိုကြီးထဲက ရပ်ကြည့်နေတဲ့ဖိုခေါင်းဝေလွင်ကို လှမ်းပြီးတော့ “ဟေ့ ဖိုခေါင်း၊ လာစမ်း။ထင်းဘုတ်၁၅ယောက်ကို ထမင်းဝအောင် ထိုးပေးလိုက်စမ်း။ ဟေ့ကောင်ကြားလား”လို့ အော်ပြောလိုက်ပါတယ်။ ဖိုခေါင်းဝေလွင်က ထင်းဘုတ်၁၅ဦးကို ပြန်ခေါ်ပြီးတော့ ထမင်းပြန်ထည့်ပေးနေစဉ်မှာပဲ၊ မိန်းဂျေးထောင်မှူးက ဒုတပ်ကြပ် မောင်မောင်ချိုကို အခြားအကျဉ်းဦးစီး အကြပ်တပ်သားများကိုသွား ခေါ်ခိုင်းနေတာလည်း ကျွန်တော်ကြားလိုက်ပါတယ်။ ၁တိုက်က အခန်း ၃ခန်းကိုလည်း ရှင်းခိုင်းတာ ကြားလိုက်ပါတယ်။ နောက်တစ်ခွန်း ထပ်အကြားလိုက်မှာတော့ ထောင်အပါးဝနေတဲ့ကျွန်တော် သဘောကောင်းကောင်းပေါက်သွားပါပြီဗျာ။ မိန်းဂျေးထောင်မှူးရဲ့အမိန့် နောက်တစ်ခွန်းကတော့ သံခြေကျဉ်းခတ်သူကို အမြန်လာခဲ့လို့ ခေါ်လိုက်သံပါပဲဗျာ။

ကျွန်တော်သိလိုက်ပါပြီ။ အပြင်ထင်းဘုတ် ၁၅ ဦးရဲ့ အဲဒီ

နေ့က ကံကြမ္မာဆိုး ဝင်တော့မှာကိုလေ။ သူတို့ကိုယ်တိုင်ရိပ်မိ မမိတော့ ကျွန်တော်မသိပါဘူးဗျာ။ မိန်းဂျေးထောင်မှူးက ထမင်းချက်ဖိုကြီးထဲကို လှမ်းပြောလိုက်သေးပါတယ်။ "ဟော့ဖိုခေါင်းဝေလွင် ဝအောင်ကျွေးလိုက် နှာ်"တဲ့ သူ့မျက်နှာကတော့ အောင်သေအောင်သားစားတော့မယ့်သူလို ပြုံးနေပါတယ်ဗျာ။ အပြင်ထင်းဘုတ်သားတွေ ထမင်းစားလို့မပြီးသေးခင်မှာ တုတ်ကိုင်အကြပ်တပ်သား ၃၀ ခန့်လောက်နဲ့ သံခြေကျဉ်းခတ်မယ့် အကျဉ်းသား ဘုတ်ကပေတုံးတွေ တူတွေကိရိယာတွေနဲ့ ၄တိုက်ရှေ့ကို ရောက်လာပါတော့တယ်ဗျာ။

အပြင်ဘုတ်ဆရာဒုတပ်ကြပ် မောင်မောင်ချိုလည်း သူ့ဘုတ်သားတွေရဲ့ ကံကြမ္မာကို ရိပ်မိနေပြီးတော့ မျက်နှာပျက်နေပါတယ်။ ဒီလိုနဲ့ ထမင်းအဝစားသောက်ပြီးစီးသွားတဲ့ ထင်းဘုတ်အကျဉ်းသား ၁၅ ဦးကို ၄တိုက်ရှေ့မှာ ၂ယောက် တစ်တွဲတန်းစီ ထိုင်ခိုင်းလိုက်ပါတယ်။ အပြင်ထင်းဘုတ် အကျဉ်းသား၁၅ဦး ကို ၄တိုက်ရှေ့ ရေကန်ဘေးမှာ သံခြေကျဉ်းနဲ့ ဒေါက်ခတ်နေတာ ဒုံးဒုံးဒိုင်းဒိုင်း ချွမ်ချွမ်ဆူညံနေပါတော့တယ်။ ကျွန်တော်လည်း တိုက်ခန်းအပြင်ထွက်ချိန်စေ့သွားလို့ ကိုယ့် တိုက်ခန်းထဲကို ပြန်ဝင်လိုက်ရပါပြီ။ ဒါပေမဲ့ သတင်းကိုအပြတ်မခံနိုင်လို့ ကျွန်တော့်နောက်က အပြင်ကို ထွက်ခွင့်ရမယ့်တစ်တိုက်ထဲနေ သူ့ကို ဆက်ကြည့်နေဖို့ မှာထားလိုက်ရပါတယ်။ ကျွန်တော်နောက်ပိုင်း ဆက်ကြည့်နေခွင့်ရသူ ပြန်ပြောပြတာကတော့ အပြင်ထင်းဘုတ် ၁၅ဦးကို သံခြေကျဉ်းနဲ့ ဒေါက်ခတ်လို့လည်းပြီးရော ထောင်ပုံစံနှစ်ယောက်တစ်တွဲထိုင်ခိုင်းထားပြီးတော့မှ အကြပ်တပ်သား ၃၀ခန့်လောက်က ဝိုင်းရိုက်ကြတယ်လို့ဆိုပါတယ်။ ရိုက်လို့ဝတော့မှ ၁တိုက်မှာ ကြိုတင်ရှင်းလင်း

ခိုင်းထားတဲ့အခန်း ၃ ခန်းဆီကို တိုက်ပိတ်ဖို့ နွားမောင်းသလို မောင်းသွားတယ်လို့ ဆိုပါတယ်။ အဲဒါပါပဲ။

ကျွန်တော် သရက်ထောင်ကို ရောက်ကာစ နှစ်များက သရက်အကျဉ်းထောင်ရဲ့ ရိုးရာဓလေ့ထုံးစံများပဲ ဖြစ်ပါတယ်။ အဲဒီလို ထမင်းဝအောင်မကျွေးတဲ့ပုံစံကိုတောင် ဖိုခေါင်းဝေလွင်က သူ့အတွက်လားမသိ၊ ကြည့်ရှုစောင့်ရှောက်ထားတဲ့ ဝန်ထမ်းဖို့လား မသိ၊ အရာရှိဖို့လားမသိ၊ ၁၅ယောက်စာကို ၁၁ယောက်စာပဲ ထမင်းထိုးပေးလိုက်တာကို ဖိုခေါင်းဝေလွင် အရေးယူတာကို မခံရဘဲ၊ အလုပ်ကြမ်းကို ပင်ပင်ပန်းပန်း လုပ်ထားရပြီးတော့ နဂိုကမှမဝတဲ့ထမင်းပုံစံကို ၄ယောက်စာအလျှော့ခံရလို့ ၄ ယောက်စာ ထပ်တောင်းသူတွေကို ရက်ရက်စက်စက် အရေးယူပြလိုက်တဲ့ ထောင်အတွင်းက တရားဥပဒေကတော့ လက်ဖျားခါလောက်ပါတယ်ဗျာ။

ကျွန်တော်တို့ ဘိုးဘွားတွေဟာ မင်းလှမြို့နယ်ဘက်မှာ မိရိုးဖလာ လယ်ယာလုပ်ကိုင်ကြပါတယ်။ ဒါကြောင့် အိမ်မှာ လယ်ထဲမှာခိုင်းဖို့ လယ်ယာအလုပ်သမားများ ရှိပါတယ်။ ခိုင်းနွားများလည်း ရှိပါတယ်။ တောသူတောင်သား ရိုးရိုးသားသားများ ဆိုတော့ စာနာထောက်ထားစိတ် အပြည့်အဝ ရှိကြပါတယ်။ အိမ်က စီးပွားရေးကို ဒိုးတူပေါင်ဘက်အလုပ်လုပ်ပေးနေသူများနဲ့ တိရစ္ဆာန်များကို ဝလင်အောင် ကျွေးမွေးကြတာ မြင်ဖူးပါတယ်။ အလုပ်ကြမ်းဖိလုပ်ရတဲ့ လယ်ယာထွန်ယက်ချိန်၊ ရိတ်သိမ်းချိန်များမှာ အာဟာရဖြစ်မယ့်အစားအသောက်တွေကို အထူးတလည် ပြုလုပ်ကျွေးမွေးကြပါတယ်။ ခိုင်းနွားများကိုဆိုရင် မြက်စိမ်း၊ ပြောင်းရိုး၊ နှမ်းဖတ်၊ ပဲဖတ်တွေကို ကျွေးမွေးကြလို့ အဘိုးတို့

အဘွားတို့အိမ်က အလုပ်သမားတွေဟာ သန်သန်မာမာ တောင့်တောင့်တင်းတင်းကြီးတွေ ဖြစ်နေကြသလို ခိုင်းနွားကြီးတွေဟာလည်း ဝဝလင်လင် စိုစိုပြည်ပြည်နဲ့ အမြဲတွေ့ကြရပါတယ်ဗျာ။

မြန်မာနိုင်ငံအကျဉ်းထောင်များမှာတော့ ၁၉၉၉ခုနှစ် အရှေ့ပိုင်းလောက်အထိ အကျဉ်းသားများ ထမင်းမဝကြတဲ့ သတင်းတွေက ထောင်လောကမှာ နိစ္စဓူဝကြားသိ မြင်တွေ့နေရပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြားမှာရှိနေကြတဲ့ ရဲဘက်အလုပ်စခန်းများမှာလည်း ပိုဆိုးပါတယ်။ အလုပ်က မိုးလင်းမိုးချုပ် ခိုင်းထားတယ်ဗျာ။ ထမင်းက မဝဘူး။ ဒီတော့ လမ်းဘေးနဲ့ တောတွင်းအလုပ်စခန်းတွေမှာ စားလို့ဖြစ်မယ်ထင်တာတွေ ဟင်းသီးဟင်းရွက်စာရင်းထဲမှာ မပါဝင်တာတွေကို ခူးဆွတ်စားသောက်ကြလို့ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်လာကြပါတယ်။ တဖြည်းဖြည်းနဲ့ ထောင်ကျစဉ်က တုတ်တုတ်ခိုင်ခိုင် အကျဉ်းသားများဟာ မမှတ်မိနိုင်တော့လောက်အောင် ချုံးချုံးကျသွားပြီး အရိုးပေါ် အရေတင်ပါပဲဗျာ။ တောထဲတောင်ထဲမှာ အလုပ်စခန်းများက ရှိနေတော့ ဒေသဆိုင်ရာ ငှက်ဖျားရောဂါကလည်း(ဝမ်းဆက်)ပါပဲ။ သိပ်ကြာကြာမခံဘဲ သေဆုံးကွယ်လွန်ကုန်ကြပါတော့တယ်။

ကျွန်တော်ထောင်ထဲမှာကြုံဆုံဖူးတဲ့ ရဲဘက်ပြေး အကျဉ်းသားတချို့ကို မေးမြန်းကြည့်ပါတယ် "မင်းကွာ၊ ထောင်စကျတဲ့ အပြစ်ဒဏ်က ၁နှစ်၊ ၁နှစ်ခွဲလောက်ကို ရဲဘက်စခန်းမှာ လွတ်ရက်စေ့အောင်လေးတောင် အောင့်အီး သည်းခံမနေနိုင်ဘဲ ဘာကြောင့် ထွက်ပြေးတာလဲ၊ အခုဆိုရင် ရဲဘက်ပြေးတဲ့အပြစ်ဒဏ်က ထပ်တိုးလာပြီး ထောင်က လွတ်မြောက်ဖို့ လွတ်ရက်တွေက ဝေးသွားပြီမဟုတ်လား"ဆိုတော့ သူတို့က ဘာပြန်ပြောကြတယ်မှတ်လဲ၊ "ဟာ

ဆရာရယ်၊ ကျွန်တော်တို့လည်း သိတာပေါ့တဲ့။ ထောင်ကျတာက ၁နှစ်လောက်ကို ၈လ/၉လလောက်အောင့်ခံလိုက်ရင် ထောင်က အပြီးလွတ်မှာဆိုတာကို။ အခုရဲဘက်စခန်းက ထွက်ပြေးတဲ့အချိန် က ဆိုရင် ကျွန်တော်နေသားက ၆ လကျော်ပြီဆိုတော့ လွတ်ဖို့ ၂ လလောက်ပဲလိုတော့တာပါ။ ဒါပေမဲ့ ဆရာတို့ မသိတာက အဲဒီရဲဘက်စခန်းမှာ ထမင်းကမဝတဲ့အပြင် ငှက်ဖျားကလည်း ဆိုးလိုက်တာဗျာ။ ဖြစ်ရင်ခဏပဲ။ သေကုန်ကြတာ။ ကျွန်တော်တို့နဲ့ အတူတူအပို့ခံရတဲ့ အကျဉ်းသား ၃၀လောက်မှာ တစ်ဝက်ကျော် လောက်က သေကုန်ကြပြီဗျာ၊ ဒီတော့ ထောင်က အပြီးလွတ်မယ့် နောက် ၂ လကို အောင့်အီးပြီး စောင့်နေမလား၊ ငှက်ဖျားဝေစုနဲ့ ထမင်းမဝတဝ ဝေစုကိုယူပြီးတော့ သေရွာသွားမလား ရွေးကြည့် လိုက်တော့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်အသက် ရှင်ဖို့လမ်းကို ရွေး လိုက်ရတာပါ ဆရာရယ်”တဲ့ ။

[ ၂၂ ]

မြန်မာနိုင်ငံအကျဉ်းထောင်များမှာ သုံးစွဲနေတဲ့ (ဂျေးမင်နျူရယ်) Jail Menual ဆိုတာ အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းပြီးသားကို ဘာသာပြန်ဆိုထားတဲ့ စာအုပ်ပါ။ မြန်မာအစိုးရအဆက်ဆက် ယနေ့အထိ တရားဝင် သုံးစွဲနေကြပါတယ်။ တော်တော်လေးကို ထောင့်စေ့အောင် စီစဉ်ထားတာ အကဲခတ်မိပါတယ်။

အကျဉ်းသားရဲ့ ရပိုင်ခွင့်နေရေး ထိုင်ရေး၊ အစားအသောက်၊ အဝတ်အထည်၊ ခြုံစောင်ကိစ္စများ၊ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးရန်များကို ပြည့်စုံစုံလို လေသေးမရှိ ပြဋ္ဌာန်းပါရှိပါတယ်။ လုံခြုံရေးအရ အကျဉ်းသား ဘယ်လိုနေ၊ ဘယ်လိုထိုင်ရမယ်ဆိုတာ မျိုးတွေနဲ့ စည်းကမ်းဖောက်ဖျက်မှုနဲ့ ကောင်းမွန်စွာ လိုက်နာနေထိုင်မှုများအတွက် ဆုမှတ်ရက်ပေးခြင်း၊ ဖြတ်တောက်ခြင်းစတဲ့ **အချက်**များမှာလည်း အတော်ပြည့်စုံပါတယ်။ ယခုခေတ်ကာလ

အတွက် အချို့အချက်အလက်များဟာ ခေတ်မီရန်လိုအပ်ပေမဲ့ အုပ်ချုပ်ခံအကျဉ်းသားအတွက် မနစ်နာစေရန်နဲ့ အုပ်ချုပ်သူဝန်ထမ်းဘက်က ဆောင်ရွက်နိုင်ခွင့်များကို ဘောင်ခတ်ပေးထားတာတွေလည်း တွေ့ရပါတယ်။ အကျဉ်းသားများကို ကျွေးမွေးရန် အစားအသောက်များကို အလေးချိန် အခြင်အတွယ် အတိအကျ ပြဋ္ဌာန်းပေးထား တာလည်း တွေ့ရပါတယ်။

ဒီနေရာမှာ တစ်ခုပြောပြချင်တာက မြန်မာနိုင်ငံအကျဉ်းထောင်များရဲ့ သမိုင်းကြောင်းတစ်လျှောက်လုံး အသုံးပြုလာခဲ့တဲ့ (Jail Menual) အကျဉ်းထောင်လက်စွဲဥပဒေမှာ ပြဋ္ဌာန်းထားတာက အကျဉ်းသားများ ထမင်းမဝစရာအကြောင်း မရှိပါဘူး။ လုံလောက်မျှတပါတယ်။ ကျွန်တော်ဆိုလိုတာက အကျဉ်းသားများ ထမင်းမဝတဲ့ကိစ္စ ဖြစ်ပေါ်လာမယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေရဲ့ကိစ္စ။ ဥပဒေရဲ့ပြဿနာမဟုတ်ဘူးဆိုတာကိုပါ။ အုပ်ချုပ်သူဘက်က ဆောင်ရွက်မှုပုံစံ တစ်ခုခုလွဲချော်မှားယွင်းမှုဆိုတာ ဖြစ်ပါတယ်။ (Jail Menual) ဂျေးမင်နျူရယ်မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အကျဉ်းသားကို ကျွေးမွေးရန် ရိက္ခာများကို ပြင်ဆင်ခြင်း၊ ထုတ်နုတ်ခြင်း၊ ရောနှောခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်သူကို အကျဉ်းထောင်လက်စွဲဥပဒေအရ အရေးယူဆောင်ရွက်ရန် အပိုင်းကဏ္ဍမှာ ရှင်းလင်းစွာ ဖော်ပြထားတာတွေ့ရပါတယ်။

မြန်မာအစိုးရအဆက်ဆက်မှာ အဲဒီလောက်ပြည့်စုံတဲ့ အကျဉ်းထောင်လက်စွဲဥပဒေကို လိုအပ်ချက်အရဆိုပြီးတော့ နောက်ဆက်တွဲအမိန့်/ညွှန်ကြားချက်များဖြင့် အချို့ကို ပယ်ဖျက်ခြင်း၊ အချို့ကိုထပ်တိုးခြင်းများပြုလုပ်ဆောင်ရွက်ထား သည်ကို

လည်း တွေ့မြင်ရပါတယ်။ ဥပမာ-အကျဉ်းထောင်လက်စွဲဥပဒေမှာ မူလကပါရှိတဲ့အတိုင်း အကျဉ်းသားတစ်ဦးရဲ့ ရပိုင်ခွင့်ဆုမှတ်ရက်များ အတိုင်းဆိုရင် အကျဉ်းထောင်အတွင်း မည်သည့်စည်းကမ်းဖောက်ဖျက်မှုကိုမျှ ကျူးလွန်ခြင်းမရှိသူ အကျဉ်းသားဟာ အကျဉ်းထောင်ကပေးသော ဆုမှတ်ရက်၊ ဒေသအာဏာပိုင်က ခွင့်ပြုတဲ့ဆုမှတ်ရက်၊ အကျဉ်းဦးစီးဌာနကပေးတဲ့ ဆုမှတ်ရက်စတာတွေကို အားလုံးရရှိမည်ဆိုပါက အကျဉ်းထောင်ထဲမှာ ပြစ်ဒဏ်ရဲ့တစ်ဝက်လောက်သာ ကျခံရမှာဖြစ်ပြီး အကျဉ်းထောင်မှ လွတ်မြောက်ရမှာ ဖြစ်ပါတယ်။

ဒါကိုတော်လှန်ရေးကောင်စီလက်ထက်မှာ ဗိုလ်ချုပ်နေဝင်းက မည်သည့်အကျဉ်းသားကိုမဆို လျှော့ရက်ပေးရာတွင် ပြစ်ဒဏ်ရဲ့ သုံးပုံတစ်ပုံထက်မကျော်လွန်စေရလို့ ညွှန်ကြားပြဋ္ဌာန်းလိုက်ပြီးတော့ လွတ်လပ်ရေးမရခင်က မြန်မာနိုင်ငံသားအကျဉ်းသားများ ခံစားရရှိလာတဲ့ လျှော့ရက်ခံစားခွင့်တော်တော်များများကို ဖြတ်တောက်လိုက်တာကို လေ့လာတွေ့ရှိရပါတယ်ဗျာ။ ပြီးတော့ ဆုမှတ်ရက်ကိစ္စမှာလည်း ပြဿနာတစ်ခုကို လေ့လာတွေ့ရှိရပါတယ်။ အင်္ဂလိပ်အစိုးရလက်ထက်နဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဒီမိုကရေစီအစိုးရများလက်ထက်ထိ ကျင့်သုံးလာတဲ့ မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်းက ဓလေ့ထုံးစံဆုမှတ်ရက်ပေးပုံ (ပုံစံတစ်ခု) ဖြစ်ပါတယ်။ ဘာသာခြား အင်္ဂလိပ်ထောင်ပိုင်များက အကျဉ်းထောင်များအတွင်း ဗုဒ္ဓဘာသာ မင်္ဂလာတရားတော်စာမေးပွဲများ ကျင်းပပြီးတော့ ဆုမှတ်ရက်အမျိုးမျိုး ပေးခဲ့ခြင်းဖြစ်ပါတယ်။ အကျဉ်းသားတစ်ဦး မင်္ဂလာစာမေးပွဲအတွက် မင်္ဂလာသုတ်ကို သင်ကြားကျက်မှတ်ရင် ဆုမှတ်ရက်ပေးပါတယ်။ အလွတ်

ရပြီး အနက်နှင့်တကွ ရွတ်ဖတ်ဖြေဆိုတတ်ရင် မင်္ဂလာတရားတော် စာမေးပွဲအောင်လို့ အထူးဆုမှတ်ရက် ထပ်ချီးမြှင့်ပါတယ်။

ယုံကောယုံကြည်ကြရဲ့လား စာရှုသူများခင်ဗျား။ စာရှုသူများ ယုံကြည်တာ မယုံကြည်တာခဏထား၊ ယနေ့ခေတ်အကျဉ်းဦးစီးဝန်ထမ်း၊ အရာရှိများတောင် ယုံကြည်ရန်ခက်ခဲလှပါတယ်။ အကျဉ်းထောင်ဖွံ့ဖြိုးတိုးတက်လာပြီး နာမည်ဂုဏ်သတင်းတက်ရန် ကြိုးစားဆောင်ရွက်လေ့လာနေသူ အရာရှိ/ဝန်ထမ်း အချို့တော့ သိကောင်းသိမှာပေါ့။ ဒါပေမဲ့ဗျာ။ အကျဉ်းထောင် အုပ်ချုပ်သူအဆင့်ဆင့်က အကျဉ်းသားတစ်ဦးရဲ့ ရပိုင်ခွင့်အခွင့်အရေးအတွက် အထက်ကို တင်ပြရဲဖို့ဆိုတာက ကြံကြီးစည်ရာကိစ္စလို့သာ ကျွန်တော်ထင်ပါတယ်။

ကျွန်တော့်ထောင်သက်အနှစ် ၂၀ ကျော်မှာ အကျဉ်းသားကို အရေးယူဖို့ သတင်းပေးတာလောက်ကိုသာ တက်တက်ကြွကြွ ထလုပ်ကြတာ မြင်ဖူးတာပဲ။ အခြားအကျဉ်းသားတစ်ဦးအကျိုးအတွက်ကို ပြောခွင့်မရှိတာက ထောင်စည်းကမ်းပါ။ (ဂျေးမင်းနျူရယ်) အကျဉ်းထောင်လက်စွဲမှာ ပါမပါတော့ ကျွန်တော် မသိပါဘူး။ ထောင်ထဲမှာ 'ကိုယ်အကြောင်းကိုယ်ပြော' ဒုက္ခရောက်သွားမယ်ဆိုတာကတော့ လက်စွဲပါပဲခင်ဗျာ။ အဲဒီတော့ စောစော က ပြောခဲ့သလို ဘာသာခြားလူမျိုးကွဲအုပ်ချုပ်ခဲ့စဉ်က မင်္ဂလာတရားတော်ကျက်မှတ်ရုံမျှနဲ့ ဆုမှတ်ရက်ပေးပါတယ်။ ဝါတွင်းမှာ အကျဉ်းသားဥပုသ်စောင့်ရင်လည်း ဆုမှတ်ရက်ပေးပါတယ်။ ကျွန်တော် ထောင်ထဲမှာ အနှစ် ၂၀ ကျော်နေလာတာ ဒီဘက်ခေတ် အကျဉ်းထောင်များမှာ ဝိပဿနာတရားစခန်းများ တောက်လျှောက်ဖွင့်ခွင့်ပြုခဲ့ပါတယ်။ (ကျေးဇူးတင် အသိအမှတ်ပြုပါတယ်)။ ဒါပေမဲ့

မေ့နေတာလား။ ညွှန်ကြားချက်အရလား၊ မတင်ပြကြတာလား တော့ မသိပါဘူးဗျာ။ အင်္ဂလိပ်ခေတ်မင်္ဂလာစာမေးပွဲဝင်ရန်ထက် အဆင့်မြင့်သော၊ အကျဉ်းသားတိုင်း လုပ်ဝံ့ရန်ခက်ခဲသော ဝိပဿနာကျင့်စဉ်ကို အပတ်တကုတ် ကြိုးစားအားထုတ် နေသူ များကိုတော့ မည်သည့်ဆုမှတ်ရက်ကိုမျှ ထပ်ပေးတာကို မကြားမိ ခဲ့ပါဘူးဗျာ။ လုပ်ဖူးတဲ့သူတွေ သိကြမှာပါ။ ထောင်ထဲမှာ လူဆိုး ဘဝကနေ ဝိပဿနာအားထုတ်လို့ အရှိန်ရသွားတဲ့သူတွေ **အများ** ကြီး ရှိပါတယ်။ ပထမဦးဆုံး တရားစခန်းဖွင့်လှစ်ကတည်းက ဝင် ရောက်အားထုတ်ပြီး ကျွန်တော်အကျဉ်းထောင်ကလွတ်မြောက် လာသည်ထိ နေ့စဉ် ဥပုသ်စောင့်ပြီး တရားအားထုတ်နေသူတွေ အများကြီး ထောင်ထဲမှာ ကျန်ခဲ့ပါတယ်။

အချို့ဆိုရင် အဆင့်တစ်ခုခုကိုတော့ ရရှိဟန်လက္ခဏာ ရှိနေ ပါတယ်။ အခြားအကျဉ်းသားထက်ပိုပြီး ဆုမှတ်ရက်မရပါဘူး ခင်ဗျာ။ ယခုခေတ်အမိန့်အရ ခဏခဏလွှတ်ပေးနေတဲ့ လွတ်ငြိမ်း ချမ်းသာခွင့်များမှာ အခြားရာဇဝတ်မှုများကိုလည်း မကြာခဏ ထည့်သွင်း လွှတ်ပေးနေကြတာ တွေ့မြင်သိကြမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တိုင်း နားလည်လက်ခံကြမယ့် ဒီလို ဝိပဿနာ ကျင့်စဉ်များဟာ လူတိုင်းလည်း မလုပ်နိုင်သလို ထိထိရော ရောက်ကျင့်ကြံလာရင် ကိုယ်ကျင့်တရားတကယ်စင်ကြယ် လာပြီးတော့ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ရဲ့အကျိုးဟာ ဥပုသ်စောင့် နေသူထက်ကြီးမားတာ၊ မင်္ဂလာစာမေးပွဲဖြေသူထက် စင်ကြယ် တာကို သိသိကြီးနဲ့ ဘာဖြစ်လို့ လွှတ်နေတဲ့အထဲမှာ ထည့်မလွှတ် နိုင်ကြတာဗျာ။

ကျွန်တော် နိုင်ငံတော်အစိုးရရဲ့ အကျိုး**အတွက်** ပြောကြား

လိုတာကတော့ မြန်မာဗုဒ္ဓဘာသာဝင်များမှာ အရိယာအကျင့် လမ်းစဉ်ကို အားထုတ်နေသူများဟာ အားထုတ်မနေသူ လူ/ ရဟန်းများထက် စင်ကြယ်စပြုနေပါပြီ။ (အချို့အားထုတ် သက်ရှည် နေသူများ စင်ကြယ်မှုအဆင့်တစ်ခုကိုတောင် ချဉ်းနင်းဝင်ရောက် နေပြီ။ ပြီးဟန်လက္ခဏာများလည်းရှိနေကြပါတယ်) သူတို့အတိတ် က အကုသိုလ်ကံများအရ အကျဉ်းထောင်များထဲကို ရောက်လာ ကြပေမယ့် ယခုအားထုတ်လို့စင်ကြယ်လာပြီဆိုရင် ကိုင်တွယ် အုပ်ချုပ်နေရသူတွေအတွက် အကုသိုလ်ဖြစ်ပါတယ်။ စင်ကြယ် သူများကိုပြုမိတဲ့ ပြစ်မှားမှုက အပြစ်အားလုံးမှာထက် အကုသိုလ် ပိုကြီးပါတယ်။ ပြစ်မှားသူမှာ လောကီအတွက်ရော၊ လောကုတ္တရာ အတွက်ပါ ကောင်းကျိုးမရနိုင်တော့ပါဘူး။ သက်ဆိုင်ရာ တာဝန် ရှိသူ၊ လက်လှမ်းမီသူ အစိုးရအရာရှိကြီးများက ယခု ကျွန်တော် ဖော်ထုတ်တင်ပြမှုများကို နိုင်ငံတော်သမ္မတကြီးသိနိုင်ရန် တင်ပြ ပေးနိုင်ရင် လူသာဝုခေါ် နတ်သာဝုခေါ် ရုံမျှမက အပဟိတ်တိရစ္ဆာန် လွှတ်ပေးရင်တောင် ရရှိမယ့်ကောင်းကျိုးမင်္ဂလာကို ဗုဒ္ဓဘာသာ တွေ သဘောပေါက်ကြပါတယ်ဗျာ။

ယနေ့ အကျဉ်းထောင်များကနေ ကြိမ်ဖန်မြောက်မြားစွာ အကျဉ်းသားများကို အထူးလျှော့ရက်/ကျင့်၄၀၁ ဥပဒေများနဲ့ လွှတ်ပေးနေပါတယ်။ တစ်ခါတစ်ရံ လွှတ်ပေးရန်သတ်မှတ်တဲ့ စည်းမျဉ်းများနဲ့ ညီညွတ်လို့ တရားစခန်းဝင်နေသူ တစ်ဦးနှစ်ဦး ပါဝင်လွတ်မြောက်ဖူးတာလည်း ရှိပါတယ်။

လူဆိုးဘဝက အရိယာလမ်းစဉ်အပေါ် ရောက်လာတဲ့ သူ များအကြောင်းကို အတိတ်ကလည်း များစွာရှိခဲ့ပါတယ်။ မျက် မှောက်ခေတ်မှာလည်း ရှိပါတယ်။ အများကြီးပါ။ နာမည်ကျော်

သူတော်စင် သဲအင်းဂူဆရာတော်ကြီးဟာ တစ်ချိန်က လူဆိုးကြီး ဖြစ်ကြောင်း မှတ်သားရဖူးပါတယ်။ အခုခေတ်ရေနံချောင်းနယ်က နာမည်ကြီး ကိုရင်ကြီးတစ်ပါးဆိုရင်လည်း လောင်းကစား သမားဘဝက အကျွတ်တရားရလာသူ၊ အရိယာလမ်းစဉ်ပေါ် ရောက်လာသူပါ။ မိုးကုတ်ဆရာတော်ကြီးဟောတဲ့အထဲမှာတောင် ပါပါတယ်။ ဘုရားမရှိ တရားမသိ၊ (ဥစ္ဆေဒဒိဋ္ဌိ)များသစ္စာပြနိုင်တဲ့ ဆရာတွေ့ရင် တန်းကျွတ်ပါတယ်တဲ့။ ဘုရားရှိသေ၊ တရားရှိသေ (သဿတ ဒိဋ္ဌိ)များ သစ္စာနဲ့တို့ရင်တွန့်ကြတယ်။ သူတို့က (၃၁)ဘုံမှာ ကုသိုလ်တရားနဲ့ ကောင်းရာသုဂတိမှာပဲ ပျော်နေချင်စိတ်ရှိတယ်လို့ ဟောဖူးပါတယ်။ ကျွန်တော်မြင်ဖူးတာလည်း ထောင်ထဲက လူဆိုးများ သစ္စာတရားဘက် အာရုံကျမိရင် တစိုက်မတ်မတ် လက်မလွှတ်တော့ဘဲ တောက်လျှောက်အားထုတ်နေကြတာကိုပါ။ သူတို့ကိုယ်အမူရာ၊ နှုတ်အမူအရာတွေ ပြောင်းလဲသွားကြတာများ ထောင်ထဲမှာ ရှားရှားပါးပါး TV ပြတာ တောင်ထလာမကြည့်ကြတော့ပါဘူး။

အပြင်လောကမှာ ဒုစရိုက်တစ်ခုခု ကျူးလွန်မိလို့ အကျဉ်းထောင်ထဲကို အခုရောက်ရှိနေကြပေမယ့် ဝိပဿနာတရားကို တစ်စိုက်မတ်မတ် တစ်နှစ်ခန့်အားထုတ်နေသူ အဆိုပါအကျဉ်းသား နောက်နောင် ဒုစရိုက်လုပ်မိဖို့ အတော်ခဲယဉ်းနေပြီဆိုတာ ဝိပဿနာတရားနဲ့ မစိမ်းသူအားလုံးက သဘောပေါက်ကြမှာပါဗျာ။ ယခု အပြင်လောကမှာရှိနေသူ ထောင်မကျသူတစ်ဦးထက်တော့ ဝိပဿနာတရား တစ်နှစ်ခန့် အားထုတ်ပြီးသူတစ်ဦးရဲ့ စိတ်အခြေအနေက နောက်မှာ ဒုစရိုက်တစ်ခု ထပ်မလုပ်မိဖို့ ပိုပြီး စိတ်ချရပြီလို့ ယုံကြည်ပါတယ်ဗျာ။

[ ၂၄ ]

၁၉၉၉ ခုနှစ်မတိုင်က မြန်မာနိုင်ငံအကျဉ်းဦးစီးဌာန လက်အောက်ခံ အကျဉ်းထောင်/ရဲဘက်အလုပ်စခန်းများမှာ အကျဉ်းသားကို ရိုက်နှိုက်လေ့ရှိဆဲဆိုတာကို အဲဒီခေတ်များက အကျဉ်းထောင်များတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသူများက နေ့တဒူဝ မြင်တွေ့ကြားသိနေကြရတဲ့ ကိစ္စပါ။ ရဲဘက်အလုပ်စခန်းများမှာ ပိုမိုဆိုးဝါးလက်သံပြောင်ကြပါတယ်။ တစ်ချိန်က (မဆလခေတ်)က စတင်ဆောင်ရွက်လိုက်တဲ့ အမြန်လမ်းစီမံကိန်းဆိုတာ အကျဉ်းသားရဲဘက်များအတွက် သချိုင်းပါပဲ။ ဦးနေဝင်းလက်ထက်က အမြန်လမ်းစီမံကိန်းများကို စက်ယန္တရားမသုံးဘဲ တောင်ဖြို၊ ချောက်ဖို့ လုပ်ငန်းကို အကျဉ်းသားလုပ်အားနဲ့ ဆောင်ရွက်စေတာပါ။ သေလိုက်ကြတာ သောက်သောက်လဲပါပဲဗျာ။ ကျွန်တော့်ကိုယ်တိုင် မရောက်ဖူးသော်လည်း ကျွန်တော်နေခဲ့ရတဲ့

အင်းစိန်ထောင်၊ သာယာဝတီထောင်၊ သရက်ထောင်များမှာ တွေ့ဆုံခဲ့ရတဲ့ အမြန်လမ်းပြန်ရဲဘက်ပြေး/ ရဲဘက်ပြန်အားလုံးရဲ့ အမြန်လမ်း အတွေ့အကြုံဇာတ်လမ်းများ တစ်သံတည်းဖြစ်နေကြတာ ထောက်ဆကြည့်ရတာ တကယ်ကို ထိတ်လန့်စရာ ကောင်းလှပါတယ်ဗျာ။

အဲဒီအချိန်တွေတုန်းက အကျဉ်းသားများဟာ အမြန်လမ်းကို အပို့ခံရမှာကို သေမလောက် ကြောက်ရွံ့ကြပါတယ်။ အင်းစိန်ထောင်ကတစ်ဆင့် အမြန်လမ်းကို အကျဉ်းသားတွေ ပို့ပေးရပါတယ်။ အင်းစိန်ထောင်မှာ နည်းမျိုးစုံသုံးပြီး ကပ်ရပ်နေလို့ မရတဲ့အဆုံးမှာ အမြန်လမ်းကို အပို့ခံရမယ့် အကျဉ်းသားဟာ ပထမဦးဆုံး သံခြေကျဉ်းအခတ်ခံရပါမယ်။ နောက်ပိုင်းမှာ နှစ်ယောက်တစ်တွဲ သံခြေကျဉ်းခတ်ပါတယ်။ အကျဉ်းသားတစ်ဦးအတွက် ပြုလုပ်ထားတဲ့ သံခြေကျဉ်းကို အကျဉ်းသားနှစ်ဦးရဲ့ ခြေထောက်တစ်ဖက်စီကို တစ်ဦးကို ညာခြေထောက် အခြားတစ်ဦးကို ဘယ်ခြေထောက်ခွဲပြီး ခတ်လိုက်တာပါ။ အပေါ့အလေးစွန့်တာ ထိုင်တာ၊ ထတာ၊ သွားတာ နှစ်ဦးစလုံးတစ်ပြိုင်တည်း ပြုလုပ်ရပါတယ်။ ဒီဘက်ခေတ်များအထိ အကျဉ်းသားများကို ခရီးဝေးပို့မယ်ဆိုရင် အထက်ကပြောသလို နှစ်ယောက်တွဲ ခတ်လေ့ရှိပါတယ်။ လိုရာခရီးကို ဆိုက်ရောက်ပြီးတဲ့အထိ လိုရင်လိုသလို၊ မလိုရင်မလိုသလို ဒီနှစ်ယောက်တွဲကြီးအတိုင်း ထားလေ့ရှိပါတယ်။ အင်းစိန်ထောင်က ရဲဘက်အကျဉ်းသားများ အမြန်လမ်းစီမံကိန်းကို ရောက်ရှိအပ်နှံခဲ့ပြီးတာနှင့် ညအိပ်ဆောင်များကို ခွဲဝေပို့လိုက်ပါတယ်။ ညအိပ်ဆောင်များကို ရောက်လာတဲ့ အကျဉ်းသားများကို ပါလာတဲ့ အထုပ်အပိုးများကို ခပ်မြန်မြန်ချထားခိုင်းလိုက်ပါတယ်။ ပြီးတော့

အားလုံးကို တန်းစီပြီး ပုံစံထိုင်ခိုင်းထားလိုက်တယ်လေ။ စောစော က သူတို့ချထားတဲ့ အကျဉ်းသားရဲ့ ကိုယ်ပိုင်ပစ္စည်းများကို မမြင် နိုင်အောင် ကျောခိုင်းထိုင်ခိုင်းတာပါဗျာ။ အကျဉ်းသားများရဲ့ ကိုယ် ပိုင်ပစ္စည်းများကတော့ ကားပေါ်က ဆင်းကတည်းက အုပ်ချုပ်ရေး ရုံးကနေ အကျဉ်းသားမကိုင်တွယ်ရ မပိုင်ဆိုင်ရသော တားမြစ် ပစ္စည်းပါမပါကို ဘောင်းဘောင်းလန်အောင် ရှာဖွေရေးလုပ်ထား တော့ ဘာမှစနစ်တကျ ပြန်မသိမ်းဆည်းနိုင်ခင် လုံးထွေးပြီးတော့ သယ်ယူလာခဲ့ရတာလေ။ အကျဉ်းသားခြင်း အုပ်ချုပ်တဲ့ အကျဉ်း သား တန်းစီးလူကြီးများနဲ့ သူတို့ဝိုင်းတော်သားများက အုပ်ချုပ်ရေး ရုံးရှာဖွေရေးမှာကတည်းက ဘယ်စောင်၊ ဘယ်ဘက် ဘယ်အကျီ က ရုပ်ပေါက်တယ်။ မပေါက်ဘူးကြည့်ထားတာပါဗျာ။ အဲဒီမှာပဲ ကိုယ့်ပစ္စည်းနဲ့ ခပ်လှမ်းလှမ်းမှာ ကျောခိုင်းပြီး ထောင်ပုံစံနေရ သူများကို ပထမဦးဆုံးစပြောတဲ့ စည်းကမ်းချက်ကတော့ “ကိုင်း ကိုယ့်လူတို့ မင်းတို့ ဟိုတုံးကဘာကောင်၊ ခုဘာကောင်ဆိုတာတွေ ကို အပြင်မှာ ထားခဲ့။ အမြန်လမ်းကို သယ်မလာနဲ့။ ကြားလား။ ဒီမှာ စည်းကမ်းဖောက်ရင် ဒါကိုကြည့်ထား”ဆိုပြီးတော့ တစ်လန် ခန့်ရှိတဲ့ (ဝါးကျစ်ဒုတ်)ကို အကျဉ်းသားတန်းစီဆိုသူက အားလုံး မြင်အောင် ထောင်ပြလိုက်ပါတယ်။ ပြီးတော့မှ စည်းကမ်းချက်နံ ပါတ်တစ်ကို ကြေညာပါတယ်။ ဘာလဲဆိုတော့ “ဒီမှာ ကိုယ့်ပစ္စည်း ကိုယ်လုံခြုံအောင် ထိန်းသိမ်းပါ။ ပြီးမှ ဘာပျောက်လို့ ညာပျောက် လို့ အတိုင်အတောထူလာရင် ဒီဒုတ်ကိုသာကြည့်ထား” အဲဒီအချိန် မှာပဲ အဲဒီတန်းစီးရဲ့ တပည့်လက်သားများက ကျောခိုင်းထိုင်နေသူ များနောက်မှာ ဒုတိယအကြိမ် ရှာဖွေရေးပွဲတော်ကြီး ပြုလုပ်ပြီး သူတို့ကြိုက်တဲ့ နှစ်သက်ရာကိုဆွဲယူ သိမ်းဆည်းနေကြပါပြီဗျာ။

တန်းစီးမိန့်ခွန်းချွေပြီးလို့ တန်းဖြုတ်လိုက်တဲ့အခါ ကိုယ်ပစ္စည်းတွေ ပွပလဲနေလို့ ပြန်သိမ်းကြတော့မှ ဟိုသူက စောင်ပျောက်၊ ဒီသူက ဂျာကင်ပျောက်။ နောက်တစ်ဦးက ငါးပိကြော်ဘူးပျောက်။ သွားတိုက်ဆေးပျောက်၊ ဆပ်ပြာပျောက်၊ ကော်ဖီမစ်ပါကင်လိုက်ပျောက်၊ ပျောက်သူချည်းပဲ ဖြစ်နေပါတော့တယ်။ အကင်းမပါးသူ တစ်ဦးတလေ ပွစိပွစိလုပ်တာကို တန်းစီးက ကြားတော့ လှမ်းအော်ပါတယ်။ "ဟေ့ အဲဒီမှာ ပစ္စည်းပျောက်ပြန်ပြီလားကွ၊ ပျောက်တဲ့ကောင် ခေါ်ခဲ့စမ်းကွာ"။ အဲဒီတော့မှ စောစောက ကိုပွစိက ပျာပျာသလဲ "ဟာ-ဆရာ ဘာမျှ မပျောက်ပါဘူး။ အကုန်အစုံ ရှိပါတယ်တဲ့ဗျ" ကောင်းရော။

အမြန်လမ်းကို ရောက်လာတဲ့ ရဲဘက်များဟာ နောက်တစ်နေ့အလုပ်စဆင်းပြီဆိုကတည်းက မိမိအရင်က တွေ့ကြုံခဲ့ရတဲ့ ဒုက္ခဆိုတာ ဒုက္ခအစစ်တွေ မဟုတ်ဘူးလို့ သိသွားကြပါတယ်။ အမြန်လမ်းမှာ များသောအားဖြင့် လုပ်ကြရမယ့် အလုပ်အမျိုးအစားက မြေတူး မြေသယ်ပေါ့ဗျာ။ မြေက ဘယ်ကနေတူးရသလဲဆိုတော့ လမ်းရှေ့မှာ ပိတ်ကာဆီးနေတဲ့တောင်ကို လမ်းဖြစ်သွားဖို့ ပေါက်တူး၊ ပေါက်ချွန်များနဲ့တောင်ကို ဖြိုရပါတယ်။ အဲဒီတောင်ကို ဖြိုလို့ရလာမယ့် ထွက်လာမယ့် မြေသားများကိုလဲ လမ်းဖောက်စဉ် ကျော်ဖြတ်ရမယ့် သျှို၊ မြောင်၊ ချောက်များထဲကို မြေသားတွေ ဖြည့်သွန်ထည့်ပြီး ညီသွားအောင်ညှိရတယ်လေ။ ဒီတော့ မြေသားတူးထားတဲ့ နေရာနဲ့ သွန်ရမယ့်နေရာက နီးရင်လည်း နီးပါမယ်။ ဝေးရင်လည်း ဝေးပါမယ်။ မြေသယ်ရန် ဝါးလုံးနှစ်လုံးကို ဘေးတိုက်နှစ်ပေခန့် ခြားထားပြီးတော့ ဝါးကပ်အပေါ်ကတင်ပြီး ချည်တုပ်ထားတဲ့။ "မြေသယ်ကတ်" တစ်ခုကို အကျဉ်းသားနှစ်ဦးက

ရှေ့တစ်ယောက်နောက်တစ်ယောက် မသယ်ရပါတယ်။ ဒီတော့ ရောက်ကာစ အကျဉ်းသားရဲ့ဘက်အသစ်နှစ်ဦးက အဲဒီ မြေသယ်ကတ်နဲ့ မြေတူးနေတဲ့နေရာကို သွားပြီးတော့ မြေသား ယူရတယ်လေ။ မြေတူးတဲ့နေရာမှာ ဂေါ်ပြားနဲ့ မြေကြီးကို သူတို့မြေလာသယ်တဲ့ ဝါးကတ်ပေါ်ကို ထည့်ပေးနေသူက သပ်သပ်ရှိတယ်။ အဲဒီဂေါ်ပြားကိုင်က လူသစ်နှစ်ဦး ရုပ်ပေါက်မပေါက်တစ်ချက်အကဲခတ်လိုက်ပြီးတော့ မသယ်ယူရန် မဖြစ်နိုင်လောက်အောင် ပိုပိုသာသာ ထည့်ပေးလိုက်ပါတယ်။ လူသစ်နှစ်ဦးကတော့ လျှာထွက်နေအောင်မပြီး သွန်ရမယ့်နေရာကို သယ်ကြရတာပေါ့ဗျာ။ သယ်ရတဲ့လမ်းက အတက်ဆိုရင်တော့ သွားပြီ။ လမ်းတစ်လျှောက်မှာ ကယိုးကယိုင်ဖြစ်လိုက်၊ ချော်လဲလိုက်၊ ခလုတ်တိုက်လိုက်ဖြစ်နေကို မြေသယ်လမ်းမှာ ကြိမ်လုံး၊ ဂျပ်ကြိုး (အကျဉ်းသားကို ရိုက်ရန် နှစ်လက်မစက်ပတ်ကြိုး) စက်များ မော်တာများတွင် ပူလီဘီးတွင် တတ်ဆင်သော ကြိုးများကို ရိုက်နှိုက်ရန်အသင့် ကိုင်ဆောင်ထားကြသော အလုပ်ကြီးကြပ်သူ အကျဉ်းသားဘုတ်ကိုင် တပ်ခွဲမှူး တပ်စုမှူး၊ တပ်စိတ်မှူးများက ပြေးလာပြီး မြေသယ်သူရဲ့ တစ်ကိုယ်လုံး နေရာမရွေးဘဲ ဖြတ်ရိုက်ချပါမယ်။ တကယ်တော့ မြေသယ်လာသူများက တကယ်ပဲမနိုင်လို့ မလုပ်နိုင်လို့ ကယိုးကယိုင်ဖြစ်နေသူများ ရှိသလို၊ ရုပ်ရှင်ရိုက်ပြနေသူများလဲရှိပါတယ်ဗျာ။ ထောင်ထဲမှာ အခြေအနေတစ်ရပ်ရပ်ကို ဟန်ဆောင်ပြနေသူများကို (ရုပ်ရှင်ရိုက်သူ)လို့အမည်ပေးကြပါတယ်။ ဒီတော့ မြေသယ်ရသူများက မြေသယ်ရတာလည်း ပင်ပန်း။ ချော်လဲခလုတ်တိုက်တာကလည်း နာကျဉ်။ မြေသယ်တစ်ခေါက်မှာလည်း တစ်ကြိမ်မကအဆဲဆိုခံရ၊ အရိုက်ခံရတော့ မြေကြီးထည့်ပေးနေသူကို တောင်း

ပန် ကြရတော့တာပေါ့ဗျာ။ "အစ်ကိုကြီးရယ် တကယ်မနိုင်လို့ပါဗျာ။ နည်းနည်းတော့ လျှော့ထည့်ပေးပါနော်လို့ ပြောရတယ်"။ ဒီတော့ မြေကြီးထည့်ပေးသူက သူက ဘာပြန်ပြောလဲဆိုတော့ "အလကားတော့ လုပ်မပေးနိုင်ဘူးကိုယ့်လူ။ မင်းခါးက ပုဆိုးပေးမလားဆိုတော့" မြေကြီးသယ်သူ အကျဉ်းသားဟာ ပြီးခဲ့တဲ့ ထောင်ဝင်စာ ညှော်တွေမှာ အိမ်ချုပ်ပေးလိုက်တဲ့ တက်ထရွန်အဖြူပုဆိုးကို နှမြော မနေနိုင်နိုင်တော့ဘဲ "ဟာ-အစ်ကိုကြီးသာ လျှော့ထည့်ပေးပါဗျာ ပေးပါမယ်" ဟိုက ပြန်ပြောတယ်။ "ဒါဖြင့် ချွတ်လိုက်ဆိုတော့" "ဟာ အဆောင်ရောက်မှယူပါလားဗျာ၊ လဲစရာလဲမရှိဘူးနော်"ဆိုတော့ မြေကြီးထည့်ပေးနေသူက သူ့ခါးက ပုဆိုးကို ငယ်ပါတန်းလန်းနဲ့ မရှက်မကြောက်ချွတ်ပေးပြီး "ရော့-ဒါကိုဝတ်တဲ့" အဲဒီလိုနဲ့ မြေကြီးလျှော့ထည့်ဖို့အရေးကို မိမိခါးမှာ ဝတ်ထားတဲ့ တက်ထရွန်ပုဆိုးကို ပုဆိုးအဟောင်းအပေါက်အပြဲနဲ့ လဲပေးလိုက်တော့မှ မြေသယ်ကတ်ထဲက မြေကြီးတွေလဲ တစ်ဝက်လောက် လျှော့သွားပါတော့တယ်ဗျာ။ လူသစ်များခင်မျာ ဒီအဆင်ပြေမှုက ကြာကြာမခံလိုက်ပါဘူး။ နောက်တစ်နေ့ရောက်တော့ ဒီလိုပဲ မြေကြီးက ပြန်များနေပြန်ပါတယ်။ မြေကြီးထည့်သူကို ပြောတော့ "အစ်ကိုကြီးနဲ့ကျွန်တော် မနေ့က နားလည်မှု ယူထားတယ်လေ။ အစ်ကိုကြီး ဟီးဟီး"လို ပြောတော့ "ဘာကွ၊ မနေ့ကကိစ္စက မနေ့က အတွက်ပဲလေ။ ဒီနေ့ကိစ္စက ဒီနေ့အတွက်ပဲ"လို့ ဟိုက ပြန်ဟောက်တော့ အကျဉ်းသားရဲဘက်အသစ်ကလေးခင်ဗျာ မျက်ရည်တွေသာ ဝဲလာပါတော့တယ်ဗျာ။

ရဲဘက်တချို့က အိမ်က မချမ်းသာကြပေမယ့် အထဲက ကိုယ့်လူကို သံယောဇဉ်ကြီးကြတော့ ထောင်ဝင်စာ လာတွေ့ကြ

ပါတယ်။ ဒါပေမယ့် ထောင်ဝင်စာက အပြန်လမ်းမှာ လူသစ်ရဲ့ အိမ်ကပေးသွားတဲ့ ငါးပိကြော်၊ ဆေးပေါ့လိပ်၊ မုန့်များဟာ မိုက်ကြေးအခွဲခံရလို့ တန်းစီးကို ကန်တော့ရ၊ ဝန်ထမ်းဆရာစတိုင်နဲ့ မိုက်ကြည့်ကြည့်နေတာ မခံရဲလို့အိမ်က ပေးသွားတဲ့ မုန့်ကိုလည်း ဘယ်လိုအရသာဆိုတာတောင် မြည်းမကြည့်လိုက်ဘဲ ပန်းကန် လှလှလေးနဲ့ ထည့်ပြီး သွားကန်တော့ရ။ ဒါတောင်ဆရာက မကြား တကြား ပြောလိုက်သံက "အပေါစားတွေ"တဲ့ ဒီရဲဘက်လူသစ် ကတော့ ဘာမျှ မကျန်တော့တဲ့ ထောင်ဝင်စာကြွတ်ကြွတ်အိတ်ကို ကြည့်နေရင်းနဲ့ မျက်လုံးများက ဝေသီလို့လာပါတော့တယ်။ အတွေးကို အမြန်ဖြတ်လိုက်ရပါတယ်။ ရင်ထဲမှာက ရှိုက်ကြီးတငင် ဖြစ်ဖို့ စတင်နေလေပြီလေ။ ဒီလိုတွေ ဖြစ်ပါများလာတော့ အိမ်ကို စာခိုးထည့်လိုက်ပါတယ်။ ငါ့ကိုထောင်ဝင်စာ လာမပေးကြပါနဲ့ တော့။ ငါလည်း မစားမသောက်ရဘူးဆိုတော့ မေးတယ်။ "ဟော့ ကောင် မင်းအရင်က ထောင်ဝင်စာမှန်မှန်လာပါတယ်။ အခု တလော မလာတာကြာပြီ။ ငါတို့ မသိဘူးများ မှတ်သလား။ မင်း ကိုယ်မင်း လူလည်ပေါ့ ဟုတ်လား" ဆိုပြီးတော့ နာရင်းကို သုံးချပ် အုပ်လိုက်တယ်။ အဲဒီညမှာပဲ လူသစ်ကလေးက မီးခွက်အလင်း ရောင်အောက်မှာ ခဏငှားလာတဲ့ ခဲတံအတိုလေးနဲ့ မုန့်ထုတ်စက္ကူ ပေါ်မှာ အိမ်ကို စာရေးနေပါတော့တယ်ဗျာ။ "မိန်းမရေ ငါ့ကို အသက်ရှင်နေစေချင်သေးရင် ထောင်ဝင်စာ အမြန်လာတွေ့ ပါတဲ့"ဗျာ။

[ ၂၄ ]

မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာန လက်အောက်ခံ အကျဉ်းထောင်များမှာ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားအများဆုံး အဖမ်းခံရောက်ရှိခဲ့တဲ့ အချိန်ဟာ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအပြီးမှာ ဖြစ်ပါတယ်ဗျာ။ အဲဒီတုန်းက နိုင်ငံရေးအကျဉ်းသားအများစုက စစ်တပ်မှ နိုင်ငံတော်အာဏာကို သိမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်လာတဲ့ စစ်ခုံရုံးများမှာ တရားခံများဘက်က တရားဥပဒေနဲ့အညီ ကာကွယ်ထုချေပေးမယ့် ဥပဒေပညာရှင် (ရှေ့နေ)များ လိုက်ပါဆောင်ရွက်ခွင့်မရသလို တရားစီရင်ကာလကိုလည်း များသောအားဖြင့် တစ်ရက်တည်းနှင့် အပြတ်ဆောင်ရွက်လေ့ရှိပါတယ်ဗျာ။ ကျွန်တော်ဆိုရင် အဖမ်းခံခဲ့ရတာက ကရင်ပြည်နယ် ကျုံဒိုးမြို့နယ်မှာပါ။ ရဲရှာဖွေပုံစံမှာ မှတ်တမ်းတင်ထားတာက ကိုယ်နဲ့မကွာ ဆောင်ထားလေ့ရှိတဲ့ (ကိုလ့်) အမျိုး

အစား ၄၅ ဖို့ ပစ္စတိုတစ်လက်နဲ့ ရင်းကျည် ၉ တောင့်ဖြစ်ပါလျက် ကယ်နှင့် သာယာဝတီစစ်ခုံရုံးမှာ တရားစွဲတင်တဲ့အခါမှာ နောက်ထပ် ခြောက်လုံးပြူးတစ်လက်နဲ့ ဖြူးစ်မပါဝင်ဘဲ သံချေးများတက်နေသော လက်ပစ်ဗုံးတစ်လုံး ပါဝင်နေပါတော့တယ်ဗျာ။ လက်ပစ်ဗုံးရဲ့ပုဒ်မက (၁၉က)လေ။ လူအများကို သေကြေဒဏ်ရာရစေတဲ့ လက်နက်ဖြစ်နေတော့ ကျွန်တော့်ကို အပြစ်ကြီးကြီးပေးလိုဟန် လက္ခဏာက ထင်ရှားနေပါတယ်။ အဲဒီတော့ ကျွန်တော်က စစ်ခုံရုံး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်နှစ်ဦးကို စစ်တရားခွင်မှာ ထမေးပါတယ် (ထမေးတယ်လို့သုံးမိတာ မှားယွင်းနေပါတယ်။ တကယ်ကတော့ သာယာဝတီစစ်ခုံရုံးမှာ မနက်ပိုင်းထဲက လက်နောက်ပြန်ကြိုးတုတ်ထားတာကိုတောင် ဖြုတ်မပေးကြဘဲ မတ်တတ်ရပ်ခိုင်းထားတာဟာ အမိန့်ချမှတ်တဲ့ ညနေပိုင်းအထိပါပဲဗျာ) ကျွန်တော်က "စစ်ခုံရုံးဥက္ကဋ္ဌခင်ဗျား၊ ကျွန်တော့်ကို ဖမ်းဆီးစဉ်က ရဲမှတ်တမ်းတင်ထားတဲ့ ရှာဖွေပုံစံမှာမပါရှိဘဲ နောက်တိုးလက်နက်များကိုစွပ်က မတရားပါဘူး။ နောက်ပြီး အခုတင်ပြထားတဲ့ လက်ပစ်ဗုံးကလည်း ပစ္စည်းမစုံဖြူးစ်မပါတဲ့ သံချေးတက်အစုတ်ကြီး ဖြစ်နေပါသေးတယ်။ ကျွန်တော့်ကို နစ်နာလောက်အောင် အပြစ်ကြီးတဲ့ ပစ္စည်းဖြစ်နေလို့ တင်ပြရတာပါလို့ဆိုရော" စစ်ခုံရုံးအဖွဲ့ဝင်သုံးဦးစလုံးက ဘာမျှမပြောဘဲ သူတို့နားမှာရှိတဲ့ အရပ်သားက ဘာဝင်ပြောသလဲဆိုတော့ "ရှာဖွေပုံစံမှာမပါတဲ့ လက်နက်တွေက သာယာဝတီရဲက တင်ပြထားတာပါတဲ့။ နောက်ပြီး လက်ပစ်ဗုံးက အသုံးပြုလို့ရမရကို CID ကို တင်ပြီးသားပါတဲ့ CID က အကြောင်းပြန်စာအရ ပရိုင်မေရီလို့ခေါ်တဲ့ အစဖြိုးပေါက်ကွဲမှု စနစ်ရှိမယ်ဆိုရင် ပြင်းထန်စွာ ပေါက်ကွဲနိုင်ပါတယ်"တဲ့။ အဲဒီမှာ ကျွန်တော်က ပြန်ပြောလိုက်တယ်။ ကြည့်

လည်းလုပ်ကြပါဦး၊ အခုရုံးကို မတင်ပြနိုင်တဲ့ ပရိုင်မေရီဖြူးစ်ကို ပါသကဲ့သို့ စိတ်ကူးနဲ့ လူအများကြီး သေနိုင်တယ်ဆိုပြီး နှစ်ကြီးကြီး ထောင်ချမယ်ဆိုရင်တော့ မတရားပါဘူး။ စိတ်ကူးနဲ့အပြစ်လုပ်မယ် ဆိုရင်လည်း အုတ်နီခဲတစ်လုံးတောင် ရှိရှိသေသေသုံးရင် လူ ၁၀၀ လောက်ရဲ့ခေါင်းကို တစ်ချက်စီထုခွဲနိုင်ပါတယ်လို့ ပြောလိုက်ပါ တယ်" ဒါနဲ့ စစ်ခုံရုံးအဖွဲ့က ၄၅ ဗို့ ပစ္စတိုကို ထောင် ၇ နှစ်သတ် မှတ်လိုက်ပြီး အချင်းချင်းလက် ကုတ်ပြီးတော့ နောက်ဘက်က နားနေခန်းထဲကို ၁၀ မိနစ်လောက် ပြန်ဝင်သွားပါတယ်။ ဥပဒေ ပညာရှင် အရပ်သားလည်း နောက်က လိုက်သွားပါတယ်။ ၁၀ မိနစ်လောက်ကြာတော့ ပြန်ထွက်လာပြီး လက်ပစ်ဗုံးကို ထောင် ၃ နှစ်တဲ့။ ခြောက်လုံးပြူးကို ၅ နှစ်တဲ့ ။ဈေးဖြတ်လိုက်ကြတယ် လေ။ ကျွန်တော်လည်း မတရားထောင်ဒဏ်ပေးမယ့် လက်ပစ်ဗုံး ကို သူတို့ ပြယုဂ်သိပ်မကောင်းလို့ လျှော့ဈေးနဲ့ ပေးလိုက်တာကိုပဲ ကျေးဇူးတင်ရမလိုလို မအီမလယ်ကြီးနဲ့ စစ်ခုံရုံးက ဆုတ်ခွာခဲ့ရ ပါတယ်ဗျာ။ ကျွန်တော် ဖတ်ဖူးတဲ့ ကမ္ဘာကျော်ချူရင်ဘတ်စစ်ခုံ ရုံးမှာတောင် နာဇီတွေကို ဥပဒေအခွင့်အရေး အပြည့်ပေးထားတာ မှတ်ပုံရောစာပါ ဖတ်ဖူးမှတ်ဖူးပါတယ်ဗျာ။

သရက်အကျဉ်းထောင်ထဲ တုတ်သံတွေ ညံနေတဲ့ခေတ်မှာ အကျဉ်းသားဗာယာ၊ အကျဉ်းသားအခန်း လူကြီးတွေလည်း တုတ်ကိုင်ကြပါတယ်။ သူတို့လည်း ဝွင်ကြုံရင်ကြုံသလို ရိုက်ကြ နှက်ကြပါတယ်။ ထောင်ဒဏ်ကျခံလာတဲ့ လူသားတစ်ဦးကို အကျဉ်းသားလို့ နာမည်ပြောင်းပြီးသွားရင် အဲဒီအကျဉ်းသားကို မအေ-နှမကိုင်တုတ်ဆဲဆိုလို့လည်း ရပါတယ်ဗျာ။ အကျဉ်းသားကို တရားဝင်ပြဋ္ဌာန်း ကျွေးမွေးနေတဲ့ ထမင်းဟင်းများကိုလည်း

သူတို့ကိုယ်ကျိုးစီးပွားအတွက် ဖြတ်တောက်ခြင်း၊ ရောနှောခြင်း၊ အရည်အသွေး ညံ့ဖျင်းအောင်ပြုလုပ်ခြင်းများ ရှိခဲ့ကြပါတယ်။ အကျဉ်းသားကို ရိုက်တော့မယ်ဆိုရင် ထောင်ရဲ့အကျင့်က အရင်ဆုံး ခြေကျဉ်းတပ်ဆင်ဒေါက်ခတ်ပါတယ်။ ပြီးတော့မှ သူတို့ တီထွင်ထားကြတဲ့ ထောင်ပုံစံ(အရိုက်ခံရမယ့် သူကမတ်တတ်ရပ် ပြီးတော့ ခြေထောက်ကို ကား၊ လက်နှစ်ဖက်ကို ခေါင်းပေါ်တင် ခါးကိုကုန်းထားပြီး ဖင်ကို ကုန်းပေးထားရပါတယ်ဗျာ။ အိပ်ဆောင် ပိတ်ထားတဲ့ ညအချိန်မှာ အခန်းလူကြီး သို့မဟုတ် အကျဉ်းသား ဗာယာများက ဒုတ်နဲ့ ရိုက်နှက်ချိန်များမှာ ကလန်ကဆန်လုပ်တဲ့ အကျဉ်းသားများကို နံနက်အိပ်ဆောင်ဖွင့်ချိန်မှာ အကျဉ်းဦးစီး ဝန်ထမ်းအများအပြားရောက်လာပြီးတော့ ညတုန်းက ကလန် ကဆန်လုပ်သူကို အိပ်ဆောင်အပြင်ကို ဆွဲထုတ်ပြီးတော့ ဝိုင်းရိုက် ကြလေ့ရှိပါတယ်ဗျာ။ "ဘာ" ကျွဲရိုက်နွားရိုက်တဲ့လား " ယုတ်တိ မရှိတာတွေ လာပြောမနေပါနဲ့" အပြင်လောကမှာ ဘယ်ကျွဲနွား ပိုင်ရှင်က သူတို့ရဲ့ ကျွဲနွားများကို လူ ၃၀/၄၀ လောက်နဲ့ ဝိုင်းရိုက် တာကို မြင်ဖူးလို့လဲဗျာ။ ကြားဖူးတာများကော ရှိလို့လား။ အဲဒီလို ကျွဲနွားကိုတောင် ဒီလောက် ပြင်းပြင်းထန်ထန် မရိုက်ကြပါဘူး။ ထောင်ကျအကျဉ်းသားတစ်ဦးကို သေသွားလဲ ကိစ္စမရှိတဲ့ အချိုး မျိုးနဲ့ အကျဉ်းထောင်တွေမှာတောင် ရိုက်နှက်လေ့ရှိကြတာကို မြို့ထဲက အကျဉ်းထောင်မဟုတ်တဲ့ လူမနီးသူမနီး တောထဲ တောင် ထဲက ရဲဘက်အကျဉ်းစခန်းတွေမှာ အကျဉ်းသားကို ဘယ်လိုကျွေး မွေးမယ်၊ နှိပ်စက်မယ်၊ ရိုက်နှက်မယ်ဆိုတာ တွေးသာကြည့်ကြပါ တော့။ ခုနကပြောတဲ့ ကျွဲနွားဆိုတာက ပြောစရာရှိသေးတယ်။ အကျဉ်းထောင်က မွေးမြူထားတဲ့ ကျွဲနွားများ တစ်ခါတစ်ရံ သေဆုံး

ရင်လေ။ အကျဉ်းထောင်ရဲ့ ထောက်ဌာနခွဲက တိရိစ္ဆာန်ဆရာဝန်ရဲ့ ထောက်ခံချက်လုပ်ရတယ်။ အဲဒီသေဆုံးနေတဲ့ ကျွဲနွားကို ဓာတ်ပုံ ရိုက်ရတယ်။ အမှုတွဲဖိုင်ကို စာရွက်များစွာနဲ့ ပြုလုပ်ထားရမယ်။ ကုန်ကုန်ပြောမယ်ဗျာ။ နွားသား ရေ၊ ကျွဲသားရေကို စနစ်တကျ ခွာထားပြီးတော့ အခြောက်လှမ်း၊ မှတ်တမ်းတင် သိမ်းဆည်းထားရ ပါတယ်ဗျာ။ မကြာခင်မှာ အထက်ဌာနက အဲဒီကျွဲနွားသေဆုံးပုံ သေဆုံးနည်းကို လာရောက် စစ်ဆေးပါလိမ့်မယ်။ အဲဒီမှာ အကြောင်းမညီညွတ်ရင် သက်ဆိုင်ရာ အကျဉ်းထောင်ရဲ့ အရာရှိ ဝန်ထမ်းက ပြုတ်သွားနိုင်တယ်။ အရေးယူခံရနိုင်တယ်။ ထောင် ပြန်ကျနိုင်ပါတယ်။ စိုက်ပျိုးရေးမျိုးစေ့တစ်ပုလင်း စာရင်းကွာနေတဲ့ အကျဉ်းထောင် အရာရှိတစ်ဦးကို အရေးယူတာကို ကျွန်တော် ထောင်ထဲက အနှစ် ၂၀ ကျော်နေခဲ့စဉ်က မြင်ဖူးခဲ့ပါတယ်။ ဒါပေမဲ့ ဝမ်းနည်းဖို့ကောင်းလှတာက အကျဉ်းသားသေဆုံးခဲ့ရင် စာရွက် သုံးရွက်ပဲ ကုန်တယ်လို့ ခြောက်လှန့်ကြိမ်းဝါးလေ့ရှိသူ အကျဉ်း ထောင်အရာရှိ ၃/၄ ဦးမက ကျွန်တော် ကြုံဆုံခဲ့ရဖူးပါတယ်။ အရေးအခင်းအပြီး အင်းစိန်ထောင်ရဲ့ ထောင်ပိုင်တစ်ဦးဆို အကျဉ်းသားကို အားရအောင် ရိုက်ပြီးရင် သူ့ရှူးဖိနပ်ဝတ်ထားတဲ့ ခြေထောက်နဲ့ မြေပြင်မှာလဲနေတဲ့ အကျဉ်းသားမေးစိကို မပြီး နာမည်ခေါ်လိုက်လို့ အကျဉ်းသားက "ရှင်"လို့ မထူးရင် ထပ် ရိုက်ပါတယ်။ "ဘာဗျ" "လူသားရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြစ်ဒဏ်များမပေးရ" ဟုတ်လား။ ရယ်စရာတွေပါဗျာ။

ကျွန်တော် သရက်အကျဉ်းထောင်ကို ရောက်ချိန်က ရှိနေတဲ့ ထောင်ပိုင်ဆိုရင် ရန်ကုန်က အကျဉ်းထောင်ပြောင်း အကျဉ်းသား ကိုမသီးဆိုသူကို သရက်ထောင်ရဲ့အတွင်းထင်းဘုတ်ကို ဆွဲခေါ်

လာပြီးတော့ လေးဘက်ထောက်ခိုင်းထားပါတယ်။ လူနှစ်ယောက် သုံးယောက် မနဲ့မယူရတဲ့ ကုက္ကိုသားထင်းတုံးအပြတ်ကို လေးဘက် ထောက်ထားတဲ့ ကိုမသီးကျောပေါ်ကို တင်ထားခိုင်းပါတယ်။ ဒီအတိုင်း နေပူကျဲတောက်ကြီးထဲမှာ နှစ်နာရီလောက် ပစ်ထား လိုက်ပြီးမှ ကိုမသီး အရမ်းမောပန်းနေချိန်မှာ အကျဉ်းထောင် ဝန်ထမ်း ငါးဦးခြောက်ဦးလောက်ကို ဝိုင်းရိုက်ခိုင်းခဲ့ပါတယ်။ ထင်းတုံးကလည်းကျောပေါ်မှာ လေးဘက်လည်းထောက်ထား ရပြီးတော့ နေပူကြီးထဲမှာ နှစ်နာရီလောက်ကြာပြီးမှ ရိုက်တာ ပါဗျာ။ ရိုက်လိုက်တိုင်း၊ ရိုက်လိုက်တိုင်း ကိုမသီးအော်လိုက်တဲ့ အသံကြီးက ဝမ်းခေါင်းသံကြီးနဲ့ပါ။ သရက်ထောင်က အကျဉ်းသား တိုင်း စိတ်မကောင်းဖြစ်ပြီး မျက်နှာပျက်နေကြပါတယ်။ မိမိရဲ့ အကျဉ်းသားဘဝ အေးချမ်းစွာ နေထိုင်လို့မှုဆန္ဒဟာ ဘာအာမခံ ချက်မှုမရှိဘဲ တစ်ချိန်ချိန်မှာ ငါလည်း အဲဒီလို ဘဝကို ရောက်သွား နိုင်တယ်ဆိုတဲ့ အတွေးများကသာ အကျဉ်းထောင်ထဲမှာ ရှိနေစဉ် ကာလပတ်လုံး ခြိမ်းခြောက်နေပြီပေါ့ဗျာ။ အရေးအခင်းအပြီး အင်းစိန်က ထောင်ပိုင်လည်း တော်တော်ဆိုးတာပါ။ အကျဉ်းသား တစ်ဦးကို သူ့ကိုထားတဲ့ တိုက်ခန်းသံတံခါးမှာ မတ်တပ်ထ လက် မြှောက်ခိုင်းထားပြီးမှ လက်ကို သံတံခါးနဲ့ တွဲလက်ထိပ်ခတ်ထား တာ လနဲ့ချီပြီး ကြာပါသတဲ့ဗျာ။ ခံရသူကိုယ်တိုင် ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ အဲဒီကုလားက ထောင်ထဲက နိုင်ငံရေးအကျဉ်း သားတွေကို ရှိရှိသေသေ ဆက်ဆံလေ့ရှိပါတယ်။ သူ့နာမည်က "အီဆတ်"တဲ့။ သူကလည်း လူတော့ လူဆိုးတစ်ဦးပါ။

ဒါနဲ့ကြုံတုန်းလေး သရက်အကျဉ်းထောင်ထဲမှာ ဂွင်ကြုံရင် တွယ်ကြတယ်ဆိုတာလေးတစ်ခု ပြောရဦးမယ်ဗျာ။ ကိုချက်ဖောင်း

[illegible]ကြတယ်ဆိုတာလေးတစ်ခု ပြောရဦးမယ်ဗျာ။ ကိုချက်ဖောင်း

လာပြီးတော့ လေးဘက်ထောက်ခိုင်းထားပါတယ်။ လူနှစ်ယောက် သုံးယောက် မနဲ့မယူရတဲ့ ကုက္ကိုသားထင်းတုံးအပြတ်ကို လေးဘက် ထောက်ထားတဲ့ ကိုမသီးကျောပေါ်ကို တင်ထားခိုင်းပါတယ်။ ဒီအတိုင်း နေပူကျဲတောက်ကြီးထဲမှာ နှစ်နာရီလောက် ပစ်ထား လိုက်ပြီးမှ ကိုမသီး အရမ်းမောပန်းနေချိန်မှာ အကျဉ်းထောင် ဝန်ထမ်း ငါးဦးခြောက်ဦးလောက်ကို ဝိုင်းရိုက်ခိုင်းခဲ့ပါတယ်။ ထင်းတုံးကလည်းကျောပေါ်မှာ လေးဘက်လည်းထောက်ထား ရပြီးတော့ နေပူကြီးထဲမှာ နှစ်နာရီလောက်ကြာပြီးမှ ရိုက်တာ ပါဗျာ။ ရိုက်လိုက်တိုင်း၊ ရိုက်လိုက်တိုင်း ကိုမသီးအော်လိုက်တဲ့ အသံကြီးက ဝမ်းခေါင်းသံကြီးနဲ့ပါ။ သရက်ထောင်က အကျဉ်းသား တိုင်း စိတ်မကောင်းဖြစ်ပြီး မျက်နှာပျက်နေကြပါတယ်။ မိမိရဲ့ အကျဉ်းသားဘဝ အေးချမ်းစွာ နေထိုင်လို့မှုဆန္ဒဟာ ဘာအာမခံ ချက်မျှမရှိဘဲ တစ်ချိန်ချိန်မှာ ငါလည်း အဲဒီလို ဘဝကို ရောက်သွား နိုင်တယ်ဆိုတဲ့ အတွေးများကသာ အကျဉ်းထောင်ထဲမှာ ရှိနေစဉ် ကာလပတ်လုံး ခြိမ်းခြောက်နေပြီပေါ့ဗျာ။ အရေးအခင်းအပြီး အင်းစိန်က ထောင်ပိုင်လည်း တော်တော်ဆိုးတာပါ။ အကျဉ်းသား တစ်ဦးကို သူ့ကိုထားတဲ့ တိုက်ခန်းသံတံခါးမှာ မတ်တပ်ထ လက် မြှောက်ခိုင်းထားပြီးမှ လက်ကို သံတံခါးနဲ့ တွဲလက်ထိပ်ခတ်ထား တာ လနဲ့ချီပြီး ကြာပါသတဲ့ဗျာ။ ခံရသူကိုယ်တိုင် ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ အဲဒီကုလားက ထောင်ထဲက နိုင်ငံရေးအကျဉ်း သားတွေကို ရိုရိုသေသေ ဆက်ဆံလေ့ရှိပါတယ်။ သူ့နာမည်က “အီဆတ်”တဲ့။ သူကလည်း လူတော့ လူဆိုးတစ်ဦးပါ။

ဒါနဲ့ကြုံတုန်းလေး သရက်အကျဉ်းထောင်ထဲမှာ ဝှင်ကြံရင် တွယ်ကြတယ်ဆိုတာလေးတစ်ခု ပြောရဦးမယ်ဗျာ။ ကိုချက်ဖောင်း

ဆိုတာ တစ်ယောက်ရှိခဲ့ပါတယ်။ အမှုက ဓားပြမှုပါ။ မွန်ပြည်နယ် ဘက်ကပါ။ အင်းစိန်ထောင်ပြောင်းမှာပါလာတာလေ။ သရက် အကျဉ်းထောင်ကို ရောက်တော့ ကိုချက်ဖောင်းတစ်ယောက် ညကင်းစောင့် အကျဉ်းသားဗာယာဖြစ်သွားတယ်။ အင်္ကျီရင် ဘတ်မှာ ညကင်းဗာယာ အကျဉ်းသားဆိုတဲ့ ရာထူးတံဆိပ်အနီနဲ့ ပေါ့။ လက်ကတုတ်ကို ဘယ်တော့မှချတယ်မရှိဘူး။ နောက်တစ်ဦး က ကိုအောင်မြင့်သန်းတဲ့ဗျ။ မကွေးတိုင်းကပါ။ အမှုက လောင်း ကစားမှု။ ကိုအောင်မြင့်သန်းက မိန်းဂျေးအပေါ် မျှော်စင်မှာ နာရီသံ ချောင်းခေါက်ရင်း အကျဉ်းထောင်ထဲက တောင်ယာတွေမှာ အသီး အနှံ ခိုးယူတဲ့သူတွေကို စောင့်ရပါတယ်။ တစ်နေ့မှာတော့ ကိုချက် ဖောင်းက ထမင်းစားမကောင်းလို့ ငါးပိတို့စားမယ်ဆိုပြီး ၂ ဆောင် တောင်ယာထဲက ခရမ်းပင်က ခရမ်းသီးအသေးလေးနှစ်လုံး၊ သုံး လုံးဆင်းခူးတာကို မျှော်စင်က မကွေးသား ကိုအောင်မြင့်သန်းက မိန်းဂျေးတပ်ကြပ်ကြီးကို ဆင်းတိုင်ပါတယ်။ ဒါနဲ့ မိန်းဂျေးတပ် ကြပ်ကြီးရုံးက ကိုချက်ဖောင်းထမင်းစားလို့ မပြီးခင်မှာတင် ဆင့်ခေါ် လိုက်ပါတယ်။ မိန်းဂျေးက ခရမ်းသီးခူးတာကို ဟုတ်သလားလို့ မေးပါတယ်။ ကိုချက်ဖောင်းကလည်း ဟုတ်ပါတယ်၊ အသေးလေး သုံးလုံးပါလို့ ဖြေတော့ မိန်းဂျေးက ကိုချက်ဖောင်းကို ငါးချက်ရိုက်ပြီး ပြန်လွှတ်လိုက်ပါတယ်ဗျာ။ ကိုချက်ဖောင်းလည်း အရိုက်ခံရလို့ နာတာထက် အများရှေ့မှာ အရိုက်ခံရလို့ ရှက်ပြီး မျက်နှာကြီးရဲ နေပါတော့တယ်ဗျာ။ သူအံကြိတ်လိုက်တာကတော့ တစ်စုံတစ်ခု ကို ဆုံးဖြတ်လိုက်သလိုပါပဲ။ ဒီလိုနဲ့ မေ့လောက်ရှိတဲ့အချိန်တစ်ခု ရောက်လာပါတယ်။ ကိုချက်ဖောင်းတို့လို ညကင်းစောင့် ဗာယာ အကျဉ်းသားများက ညတိုင်း အိပ်ဆောင်အခန်းပြောင်း အိပ်ရပါ

တယ်ဗျာ။ ဒါနဲ့ မကွေးသား ကိုအောင်မြင့်သန်းနေတဲ့ အိပ်ဆောင်ကို ကိုချက်ဖောင်း ဂျူတီပြောင်းရတဲ့ တစ်ညမှာတော့ အချိန်က ည ၈ နာရီလောက်ပေါ့။ အခန်းလူကြီးကလည်း ကိုချက်ဖောင်း သူငယ်ချင်း ရန်ကုန်ထောင်ပြောင်းပဲလေ။ မကွေးသား ကိုအောင်မြင့်သန်းက အခြားအကျဉ်းသားတစ်ဦးနဲ့ စကားပြောနေရင်းက အမှတ်တမဲ့နဲ့ သံတိုင်းကြားကနေပြီးတော့ အပြင်ဘက် မြေပြင်ဘက်ကို ကွမ်းတံတွေးလှမ်းထွေးလိုက်တာမှာ ကိုချက်ဖောင်းက မြင်လိုက်တယ်။ ကိုချက်ဖောင်းက ချက်ချင်းသွားကြည့်တော့ မြေပြင်နဲ့ အိပ်ဆောင်ကြားက လူသွားလမ်းကွန်ကရစ် ကြမ်းခင်းပေါ်မှာ ကိုအောင်မြင့်သန်းရဲ့ ကွမ်းတံတွေး သုံးလေးစက်လောက်ကျနေတာကိုလည်း မြင်ရော သူမသိဟန်နဲ့ "ဟေ့ ကွမ်းတံတွေး ဘယ်ကောင့်လက်ချက်လဲကွ" "ညဘက် ထောင်ပိုင်ပတ်ကြည့်လို့ မြင်ရင် ဘယ်သူရှင်းမှာလဲ"ဆိုပြီးတော့ ပြဿနာလုပ်ပြီး အကျယ်ကြီး အော်နေတော့တာပေါ့။ အိပ်ဆောင်အပြင်က ညတာဝန်ကြပ်တပ်ကြပ်ကြီးကလည်း လှမ်းအကဲခတ်နေပါတယ်။ ပြီးတော့မှ ကိုချက်ဖောင်းက သူလိုက်စုံစမ်းလို့ သိလာဟန်နဲ့ "ဟေ့ကောင် အောင်မြင့်သန်း မင်းလက်ချက်ကိုကွ။ လာထွက်ခဲ့" ဆိုပြီး ခေါ်လိုက်ပါတယ်။ ကိုအောင်မြင့်သန်းက ချက်ချင်း မထွက်လာသေးဘဲ ပေကပ်နေတော့ ကိုချက်ဖောင်းက "ဘာလဲ မင်းက အိပ်ဆောင်ဖွင့်မှ ဝန်ထမ်းနဲ့ ရှင်းပြီး အရိုက်ခံမယ်ပေါ့"ဆိုလည်း ပြောရော ကိုအောင်မြင့်သန်းလည်း မနေဝံ့တော့ဘူးပေါ့။ ကိုချက်ဖောင်း ရှေ့မှာ လာရပ်တဲ့အခါ ကိုချက်ဖောင်းက "ဘာလုပ်နေတာလဲ မင်းကို နာမည်လှလို့ ခေါ်တယ် ထင်သလား" ဒီကွမ်းတံတွေးက မင်းလက်ချက်ဆိုတာ မြင်တဲ့သက်သေရှိတယ်" ကြာပါ

တယ်ကွာ။ "လေးပုံစံ"လို့လည်း အော်လိုက်ရော ကိုအောင်မြင့်သန်း လည်း ဘာမျှမတတ်နိုင်တော့ဘဲ မတ်တတ်ကနေ ခြေထောက် ကိုကား လက်နှစ်ဖက်ကို ခေါင်းပေါ်တင် ခေါင်းငုံ့ထားပြီး ဖင်ကို နောက်ကို ပစ်ပေးထားလိုက်တဲ့အခါမှာတော့ ခရမ်းသီးသုံးလုံး ကိစ္စ ကြွေးတင်ထားသူ ကိုချက်ဖောင်းတစ်ယောက် အကြိုက်ဆွဲပစ် လိုက်တာ ဒုတ်သံ ၁၅ ချက် ကျော်လာတော့မှ သူငယ်ချင်း အခန်း လူကြီးက တော်ပါတော့ လှမ်းအော်လို့ မျက်ရည်တွေထွက်ပြီး တဆတ်ဆတ်တုန်နေတဲ့ကိုအောင်မြင့်သန်း သက်သာရာရပြီး တော့ ပရုပ်ဆီပုလင်းထံကို ကျို့ကျို့ရှို့ရှို့ ထွက်သွားပါတယ်ဗျာ။ ထောင်ထဲမှာက တစ်ဦးနဲ့တစ်ဦး မညှာတာခဲ့ရင် ပြောကြတဲ့ စကား တစ်ခွန်းရှိပါတယ်။ ဘာတဲ့ ထင်းခွေမကြုံရင် ရေခပ်တော့ ကြုံမှာ ပါတဲ့။

[ ၂၅ ]

သရက်အကျဉ်းထောင်မှာ သက်သာချောင်ချိရေးရန်ပုံငွေ ခေါင်းစဉ်နဲ့ ၁၉၉၈၊ ၉၉ ပတ်ဝန်းကျင်က စပြီးတော့ အကျဉ်းသား များကို ပဲကြီးညှစ်ခိုင်းပါတယ်ဗျာ။ သရက်မြို့က ပဲခြမ်းကြော်ဖို လုပ်ငန်းရှင်များက အလုပ်အပ်နှံတာပါ။ ညနေပိုင်းမှာ လာပို့ထား တဲ့ ပဲကြီးစေ့များကို အကျဉ်းထောင်အတွင်းမှာ တစ်ညလုံး ရေစိမ်ထားရပါတယ်။ နောက်တစ်နေ့မနက်မှာ အိပ်ဆောင်နေ အကျဉ်းသားအားလုံးကို ဝေပုံကျခွဲဝေပေးပြီးတော့ အခွံချွတ်ခိုင်း ပါတယ်။ ဒါကို ပဲကြီးညှစ်တယ်လို့ ခေါ်ပါတယ်။ ညှစ်ပြီးသားတွေ ကို အခွံသပ်သပ်၊ ပဲကြီးအသားသပ်သပ် ပုံထားရပါတယ်။ လူ ဟောင်းအကျဉ်းသားများကတော့ မြန်မြန်ပြီးရန် အာရုံစိုက်ပြီးတော့ ပထမနေ့ ညနေကတည်းက ပလပ်စတစ်ဇလုံနဲ့ ရေခပ်ထားတယ်။ နောက်တစ်နေ့ နံနက်အိပ်ဆောင်မဖွင့်ကတည်းက လာပေးဝေ ထားတဲ့၊ ရေစိမ်ထားလို့ ပွနေပြီဖြစ်တဲ့ ပဲကြီးများကို ရေမပါဘဲ အခွံချွတ်ရင်ခက်လို့ မိမိပိုင် ပလပ်စတစ်ဇလုံများထဲမှာ ရေနဲ့အတူ ထည့်ထားပါတယ်။ ပြီးတော့ ကျကျနနထိုင်ပြီး လက်နှစ်ဖက်လုံးနဲ့

ဖိ ဖိ ဖိ မြည်အောင် လက်ညှိုး၊ လက်မကို အသုံးပြုပြီးတော့ ဇယ်စက်သလို တဆက်တည်းလုပ်တာတောင် နံနက် ၁၁ နာရီလောက်မှ ပြီးပါတယ်။ လူသစ်အကျဉ်းသားများကတော့ ထောင်ထဲရောက်ကာစ အသားကလည်း မကျသေး၊ စိတ်အာရုံကလည်း ထွေပြားနေတယ်။ သူ့ခေါင်းထဲမှာ အိမ်ကိစ္စ၊ အမှုကိစ္စ၊ အယူခံဝင်ဖို့ကိစ္စ၊ ရှေ့နေနဲ့ ဘာပြောမလဲ ကိစ္စ၊ ကိစ္စ၊ ကိစ္စတွေများနေတယ်လေ။ ပဲကြီးညှစ်နေတာမှာ အာရုံက မထည့်ထားနိုင်တော့ တော်တော်နဲ့ မပြီးတော့ဘူး။ အဲဒီတော့ သူ့ကိုယ်တာ ပဲကြီးကို အငှားခေါ်ပြီးတော့ ကူညှစ်ခိုင်းရပါတယ်။ ပဲကြီးတစ်ဇလုံကို ကော်ဖီမစ်နှစ်ထုပ်၊ သုံးထုပ်ပေးရပါတယ်။ တချို့လည်း လက်ငင်း၊ တချို့ကြတော့လည်း တန်ဖိုးသင့်ပြီးတော့ ငှားသူလူသစ်ရဲ့ အကျဉ်းသားထောင်အပ်နှံငွေ စာရင်းထဲကနေ ၁၅ ရက်တစ်ခါ ရှင်းပေးကြတယ်။ အကျဉ်းသားအပ်နှံငွေ(ဈေးမှာစာရင်း)ထဲကနေပြီး ပဲအငှားညှစ်ပေးသူလိုချင်တာတွေကို ဈေးမှာပေးပါတယ်ဗျာ။ ဥပမာ ဆီတို့ငရုတ်သီးတို့၊ ကြက်သွန်တို့၊ မုန့်ပဲသရေစာတို့ပေါ့ဗျာ။ နှစ်ကြီးအနေကြာ အိမ်က မလာနိုင်သူ အကျဉ်းသားများအတွက် ထောင်ထဲမှာ ဝင်ငွေရှာနည်း တစ်ခုပေါ့ဗျာ။ အုပ်ချုပ်သူ အာဏာပိုင်များကလည်း ဒါကို စကားမများ ရန်မဖြစ်ရင်ပြီးရော၊ အိမ်က မလာနိုင်သူ အကျဉ်းသားများ စားရေးသောက်ရေး ကိစ္စဆိုတော့ ဝင်ရောက်စွက်ဖက်လေ့ မရှိကြပါဘူး။ အဲဒီလို ပထမပိုင်းနှစ်များက အကျဉ်းသားများကို ပဲညှစ်ခ ခံစားခွင့်မပေးဘဲ အကျဉ်းထောင်အပြင်က လုပ်ငန်းရှင်က လာပေးတဲ့ ပဲညှစ်ခများကိုတော့ သူတို့ပြောနေတဲ့ သက်သာချောင်ချိရေး ရန်ပုံငွေအဖြစ် စာရင်းဝင်သွားပါတော့တယ်။ နောက်တော်တော် ကြာလာတော့မှ အင်းစိန်

ထောင်ပြောင်း ရန်ကုန်သားလူရည်လည် သူတွေ သရက်အကျဉ်းထောင်ကို တော်တော်များများ ရောက်ရှိလာချိန်ကျတော့မှ သရက်အကျဉ်းထောင်က ပဲညှစ်ခများ အကျဉ်းသားများကို ခွဲဝေပေးခဲ့တယ်လေ။ အဲဒါတောင် ပထမပိုင်း အကျဉ်းသားကို ပဲညှစ်ခ ခွဲဝေပေးတာမှာ ၁၀%ပဲပေးပါတယ်။ ညှစ်ခပေါက်ဈေးကလည်း ပြောစရာဖြစ်နေတယ်။ အပြင်က အလုပ်ရှင်က ဘယ်နှုန်းထားနဲ့ ပေးမှန်း အကျဉ်းသားကလည်း မသိဘူးဗျာ။ အပြင်က လုပ်ငန်းရှင်၊ အပြင်က အလုပ်သမားတွေနဲ့ အလုပ်မအပ်ဘဲ အကျဉ်းထောင်မှာ လာအလုပ်အပ်ပြီဆိုကတည်းက သူတို့တွက်ခြေကိုက်လို့ပေါ့ဗျာ။ လိုရင်းကတော့ ပထမပိုင်းတုန်းက ပဲကြီးစေ့ တစ်ပြည်ညှစ်ရင် ခြောက်ကျပ်လောက်ပဲရပါတယ်။ ပဲကြီးစေ့တစ်ပြည်လို့သာ ပြောတယ်လေ။ ရေစိမ်ပြီးတော့ အဲဒီတစ်ပြည်က အများကြီး ဖြစ်လာတယ်။ တကယ်ပဲ ပဲညှစ်ရသူက တစ်ပြည်ထက်အများကြီး ပိုညှစ်ရပါတယ်ဗျာ။ ရယ်ဖို့လည်း ကောင်းပါတယ်ဗျာ။ ထောင်ကျခါစ ဖြစ်စေ၊ လူဟောင်းက ငွေကြေးတတ်နိုင်လို့ဖြစ်စေ၊ နေမကောင်း မလုပ်နိုင်လို့ဖြစ်စေ ပဲငှားညှစ်ရင် ပလတ်စတစ် ဇလုံတစ်လုံး မောက်မောက်ကို ကော်ဖီမစ် နှစ်ထုပ်၊ သုံးထုပ် ပေးရတယ်ဗျာ။ ပဲတစ်ခါညှစ်ရင် ပလတ်စတစ်ဇလုံ အနည်းဆုံး လေးလုံးကနေ ခြောက်လုံးအထိ ကိုယ်တာခွဲတမ်းချပေးတော့ အလုပ်ငှားသူ အကျဉ်းသားက ကော်ဖီမစ်ရှစ်ထုပ်တော့ အနည်းဆုံး သုံးစွဲရပါတယ်။ သူပြန်ရမှာက ၁၀% ခြောက်ကျပ်လောက်ပဲရတယ်။ အဲဒီကာလက တစ်ပြည်ကို ၆၀ ရတယ်လို့ ထောင်က ပြောတာကိုပဲ သိရတာကိုး။ အဲဒီကာလပြီးသွားတော့ ထောင်ပိုင်ဦးကြင်စောလက်ထက်မှာ အကျဉ်းသားတွေဘက်က မကျေမနပ်သံတွေ တော်

တော်ထွက်လာတဲ့ အခါကျတော့မှ အကျဉ်းသားတွေကို ၅၀% ခံစားခွင့်ပြုတယ်ဗျာ။ အဲဒါလည်း ရယ်ဖို့ကောင်းပါတယ်။ သရက်အကျဉ်းထောင်မှာ အကျဉ်းသားတွေပဲညှစ်တာကနှစ်မျိုး။ ထောင်သက်သာပဲတဲ့။ နောက်အကျဉ်းသား ၅၀%ရတဲ့ ပဲတဲ့။ ထောင်ကခိုင်းတဲ့ပဲက တစ်ခန်းကို သုံးအိတ်လေ။ ရေစိမ်ပြီးရင် အများကြီးပွလာတာနော်။ အကျဉ်းသား ၅၀%ခံစားခွင့်ပဲကတော့ နိုင်သည်လောက် ညှစ်ခွင့်ရှိပါတယ်။ တစ်ဆောင်တစ်ခန်းက အကျဉ်းသားတွေ ကိုယ်ထူကိုယ်ထဝယ်ထားတဲ့ Toshiba 21 " TV က အကျဉ်းသားတွေ ၅၀% ပဲညှစ်ခနဲ့ ဝယ်ထားတာပါ။ အခု ကျွန်တော်ထောင်က လွတ်ပြီးချိန် စုံစမ်းကြည့်လိုက်တော့ အကျဉ်းသားကိုပေးတာ ၁၀% ပဲညှစ်ခပေါက်ဈေးက ၁၂၀ ကျပ်တဲ့။ အဲဒီတော့အကျဉ်းသားက တစ်ပြည်ကို ၁၂ ကျပ်ရပါတယ်လို့ သိရပါတယ်။ ထောင်ပိုင်ဦးကြင်စောလက်ထက်က ၅၀%ပေးတဲ့ စနစ်ကတော့ထောင်ပိုင်ဦးကြင်စော မရှိတော့တဲ့အချိန်မှာ ဖျက်သိမ်းလိုက်ပါတယ်။ ဒါပေမယ့် နောက်ပြောင်းလာတဲ့ ထောင်ပိုင်က တစ်ပတ်ကိုတစ်ကြိမ်၊ နှစ်ကြိမ် အဲဒီပဲညှစ်ထဲက ပဲကုလားဟင်းချက်ကျွေးပါသေးတယ်။

သရက်အကျဉ်းထောင်မှာ ပဲညှစ်ရတဲ့ အကျဉ်းသားတွေကထောင်က (လေဘာ)ချထားတဲ့ အလုပ်တွေကိုလည်း ပျက်ကွက်ခွင့်မရှိပါဘူး။ (လေဘာ)ချထားတဲ့ အလုပ်အမျိုးအစားတွေကတော့ (အလုပ်ကြီး)အလုပ်ကြီးဆိုတာ အကျဉ်းထောင်ထဲမှာ သပ်သပ်ဝန်းခြံခတ်ထားတဲ့ အလုပ်များဖြစ်ပါတယ်။ ထောင်တိုင်းမှာရှိပါတယ်။ အကျဉ်းသားဝတ်တဲ့ ချည်ကြမ်းဖျင်များကို ရက်လုပ်တဲ့ရက်ကန်း၊ ပန်းပဲဖို၊ သံဖြူစက်ပြင်၊ စက်ချုပ် စတဲ့ အလုပ်တွေက

အလုပ်ကြီးဝန်းထဲမှာပါဗျာ။ အဆောင်မှာက သီးနှံစိုက်ပျိုးတောင်ယာအလုပ်၊ မိလ္လာအညစ်အကြေး၊ သိမ်းဆည်းသန့်ရှင်းရေးအလုပ်၊ ရေထမ်းရေသယ်၊ အဆောင်အတွင်း အပြင်သန့်ရှင်းရေး၊ ထမင်းချက်ဖို၊ အပြင်ဘုတ်၊ အပြင်ဘုတ်ဆိုတာတော့ ထောင်အပြင်ကိုထွက်ပြီး လယ်စိုက်၊ ထင်းခုတ်၊ အငှားလိုက်ဝန်ထမ်းလိုင်းခန်းများမှာ ခိုင်းတာလုပ်၊ ထောင်ပိုင်၊ ထောင်မှူးကြီးများအိမ်မှာ နေ့စဉ်အလုပ် ဆင်းရတဲ့အလုပ်၊ နောက်ထောင်ထဲမှာ ရုံးလုပ်ငန်းများအတွက် ရုံးဗာယာအကျဉ်းသားဆိုတာလည်း ရှိပါသေးတယ်။ အဲဒီလိုအလုပ်တွေကိုလည်း ပဲညှစ်ပြီးတာနဲ့ ပြေးလုပ်ရပါတယ်။ အဲဒီလို ဘာလုပ်လုပ် လုပ်နိုင်အောင် အချို့ထောင်ပိုင်တွေက မနက် ၄ နာရီလောက်ကတည်းက နံနက်စောစော ပဲတွေကို အိပ်ဆောင်မဖွင့်ခင်မှာ ညှစ်ခိုင်းပါတယ်။ ပဲကြီးပုပ်နံ့က အလွန်ပြင်းပါတယ်။ မတည့်တဲ့သူတွေဆိုရင် မူးလဲပါတယ်။ ဆောင်းတွင်းဆိုရင် သရက်မြို့က အလွန်ချမ်းပါတယ်။ ဟာ-အဲဒီလိုဆောင်းတွင်းဆိုရင် အေးကလည်း အေး၊ ရေစိမ်ထားတဲ့ပဲကြီးကို နံနက်စောစော မနက် ၄ နာရီထပြီး ကိုယ်အိပ်နေတဲ့ နေရာမှာတင် အိပ်ယာဖယ်ပြီးတော့ ထိုင်ညှစ်ရတဲ့ ဒုက္ခကတော့ဗျာ၊ ငရဲပြည်ရှိတယ်ဆိုတာတွေကို မယုံကြည်သူများ ထောင်ကျခံပြီးတော့သာ သွားကြည့်လိုက်ကြဖို့ ပြောချင်တာပဲဗျာ။

အဲဒီလို မနက်စောစော ပဲထညှစ်ရင်း အကျဉ်းသားတစ်ဦးဖြစ်သွားတဲ့ ကိစ္စကလည်း ရင်နာစရာပါပဲဗျာ။ ထောင်ပိုင်ဦးဘရှင်လက်ထက်မှာ ဖြစ်ပွားခဲ့တာပါ။ အချိန်ကတော့ ၁၉၉၇ ခုနှစ်လောက်ကပေါ့။ အကျဉ်းသားရဲ့ နာမည်က ကိုသန်းထွေးတဲ့။ တစ်ဆောင် သုံးခန်းမှာ နေရပါတယ်။ သူ့အမှုက လူသတ်မှု။ တစ်သက်

တစ်ကျွန်းကျနေတာပါ။ သူ့အိမ်ကိုလာပြီးတော့ စစ်မေးတဲ့ ရဲအရာရှိကို မားနဲ့ ပြန်ထိုးလိုက်တဲ့ အမှုပါ။ သူ့အိမ်က ထောင်ဝင်စာလာမတွေ့နိုင်ပါဘူး။ မကွေးတိုင်းထဲကပါပဲ။ တစ်နေ့မနက်စောစောမှာ တစ်ဆောင် သုံးခန်းဘက်က ဆူဆူညံညံ ကြားလိုက်ရပါတယ်။ ကိုသန်းထွေး ပဲကြီးညှစ်နေရင်း လေဖြတ်သွားလို့ပါတဲ့။ နည်းနည်းကြာတော့ အကျဉ်းထောင်ဝန်ထမ်းတွေနဲ့ အပြင်ဘုတ်အကျဉ်းသားတချို့က ကိုသန်းထွေးကို သယ်ထုတ်သွားကြပါတယ်။ သူခမျာခြေတွေလက်တွေ ထုံကျင်နေတာက ကြာပါပြီ။ ဒါပေမဲ့ ငြင်းပယ်ခွင့်မရှိတဲ့ ပဲကြီးညှစ်လုပ်ငန်းကို နေမကောင်းလျက်ကပဲ ဆောင်းတွင်းကြီး မနက်စောစောပိုင်းမှာ ရေတစိုစိုနဲ့ ထလုပ်နေရင်းက လေငန်းဖြတ်သွားရှာတာပါ။ နောက်ပိုင်းရက်တွေမှာ ထောင်အတွင်းဆေးရုံမှာ မသက်သာလို့ သရက်မြို့ခရိုင်ဆေးရုံကြီးကို လက်ထိပ်ခတ်ခြေကျဉ်းခတ်ပြီး ပို့လိုက်ရပါတယ်။ တစ်နေ့မှာ အဲဒီကိစ္စကိုရင်နာစရာစကား ကျွန်တော် ကိုယ်တိုင်ကြားလိုက်ရပါတယ်ဗျာ။ သရက်ထောင်မှာ ထောက်/ထောင်မှူးဦးအေးလှိုင်ဆိုတာ အကျဉ်းသားတော်တော်များများနဲ့ ရင်းနှီးခင်မင်သူပါ။ ကျွန်တော်လည်းသွားခွင့်မရှိပေမယ့် အနှောင့်အယှက်ပေးမယ့်သူတွေ ရှင်းနေတဲ့အချိန် သရက်ထောင် ထောက်/အဆောက်အအုံမှာ ထောင်မှူးဦးအေးလှိုင်ကို စကားသွားပြောနေတယ်လေ။ ဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ထောင်ပိုင်ဦးဘရှင်က ထောက်/ထောင်မှူးဦးအေးလှိုင် ရုံးခန်းကို တန်းဝင်လာပါတယ်ဗျာ။ အပြင်ဘက်က ထောင်ပိုင်လမ်းလျှောက်လာရင် ထောင်ထုံးစံ "ပုံစံ"လို အကျယ်ကြီး ခပ်ရှည်ရှည်အော်လိုက်သံကြားရကတည်းက ထောက်/ထောင်မှူး ဦးအေးလှိုင်မှ ကျွန်တော့်ကို စတိုခန်းထဲ ဝင်ပုန်းနေခိုင်း

ပါတယ်။ ထောင်ပိုင်ဦးဘရှင်ကလည်း တန်းဝင်လာပြီးတော့ စတိုရှေ့က စားပွဲမှာ ထောင်မှူးဦးအေးလှိုင်နဲ့ ထိုင်ပြီး ရေနွေးသောက်ရင်း စကားပြောနေကြပါတယ်။ ကျွန်တော်ကတော့ စတိုခန်းထဲမှာ မှောင်မှောင်မဲမဲ ချွေးတစ်လုံးလုံးနဲ့ပေါ့ဗျာ။ အပြင်က စကားသံတွေလည်း ကြားနေရပါတယ်။ အဲဒီအချိန်မှာ သရက်ထောင်က ဝန်ထမ်းဆေးတပ်သားက သရက်ခရိုင်ဆေးရုံကြီးမှ အကျဉ်းသားလူနာအတွက် ဝယ်ပေးစေချင်တဲ့ ဆေးညွှန်းစာရွက်ကို ထောင်ပိုင်ဦးဘရှင်ကိုလာပြတယ်။ သတင်းပို့တဲ့အသံကို ကြားလိုက်ရပါတယ်။ ဦးဘရှင်က သတင်းပို့တာကို နားထောင်ပြီးတော့ ဘာပြန်ပြောတယ်မှတ်သလဲဗျာ။ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားခဲ့တာပါ။ ထောင်ပိုင်ဦးဘရှင်က ဆေးတပ်သားကို ပြောလိုက်တာပါ။ "ဟေ့ ကောင် မင်းတို့တွေဖြစ်တိုင်းငါ့လာလာပြောမနေနဲ့။ ဒီဆေးကဈေးကကြီးသနဲ့။ မင်းတို့ဟာ မင်းတို့နိုင်သလောက်လုပ်။ ငါ့ကိုလာလာပြောမနေနဲ့ထားလိုက်တဲ့" ကျွန်တော်စိတ်မကောင်းတော်တော်ဖြစ်သွားပါတယ်။ ပြီးခဲ့တဲ့ ထောင်ပိုင်တန်းစီ (တစ်ပတ်တစ်ခါ တနင်္လာနေ့တိုင်း အကျဉ်းထောင်တစ်ခုလုံးကို ထုံးစံအရ ထောင်ပိုင်လှည့်လည်စစ်ဆေးချိန်)မှာ အိပ်ဆောင်နေအကျဉ်းသားများကို ဩဝါဒခြွေတဲ့အထဲမှာ "ခင်ဗျားတို့ ပဲကြီးညှစ်တာကို ကြိုးကြိုးစားစားညှစ်ပါ။ အခုဆိုရင် ထောင်ရန်ပုံငွေသိန်းနှစ်ဆယ်လောက်တိုးပွားလာတယ်။ ခင်ဗျားတို့ ကျန်းမာရေးမကောင်းရင် ဆေးဖိုးဝါးခရတာပေါ့"လို့ ပြောသွားတာမှ လတ်လတ်ဆတ်ဆတ်ကြီးရှိပါသေးတယ်ဗျာ။ အကျဉ်းသားကိုသန်းထွေး ခင်ဗျာတော့ နောက်တစ်နေ့မှာကွယ်လွန်ခဲ့ကြောင်း ကြားသိလိုက်ရပါတယ်ဗျာ။ ဩော်-ကိုသန်းထွေးရေ အမျှ အမျှ အမျှ. . . .

[ ၂၆ ]

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးသားအရေးနဲ့ ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးနီးပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြရတဲ့အခါများမှာ လူတန်းစားအလွှာအသီးသီး အယုတ်အလတ် အမြတ်မရွေး ပူးပေါင်းပါဝင်လှုပ်ရှားခဲ့ကြတာကို အများသိကြပြီးဖြစ်ပါတယ်။ အဲဒီအရေးကိစ္စကြီးများကို တည်ဆဲအစိုးရအမျိုးမျိုးက ဖိနှိပ်တားမြစ်ခြင်း၊ ရက်ရက်စက်စက် နှိပ်ကွပ်ခြင်းများ ဆောင်ရွက်လာတဲ့အခါ ထောင်ထဲရောက်သူရောက်၊ ကျဆုံးသူက ကျဆုံး။ နယ်စပ်နှင့် ပြည်ပသို့ ရှောင်တိမ်းရသူက ရှောင်တိမ်းကြပါတယ်ဗျာ။ ဒီအဖြစ်များထဲက ထောင်ထဲသို့ ရောက်ရှိသွားကြသူများအတွက် သက်သာရာသက်သာကြောင်း အကူအညီများက ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာ စတင်ဖြစ်ပေါ်လာပေမယ့် ၁၉၉၆ ခုနှစ် မတိုင်ခင်ကာလများမှာတော့ ထောင်ထဲက နိုင်ငံရေးအကျဉ်းသားများရဲ့

မသက်မသာဘဝများကို ထောင်အတွင်းထဲမှာသာမက ထောင်အပြင်ကပါ ကူညီဝိုင်းသူ တော်တော်ရှားပါတယ်။ ထောင်မကျခင် အချုပ်ဘဝနဲ့ တရားရင်ဆိုင်ကြစဉ်မှာ စိတ်ဓာတ်ရှိသူ ဥပဒေပညာရှင်ရှေ့နေများက တက်တက်ကြွကြွ ငွေကြေးအခမဲ့ လိုက်ပါဆောင်ရွက်ပေးမှုများ ရှိခဲ့ကြပါတယ်ဗျာ။ ဒါပေမဲ့ မကြာခင်မှာ စစ်ထောက်လှမ်းရေးနဲ့ ဒေသအာဏာပိုင်များက အဲဒီလို နိုင်ငံရေးမှုများကို လိုက်ပါကူညီဆောင်ရွက်ပေးနေကြသူများကို ပြောင်ပြောင်တင်းတင်း ဖိအားပေး နှောင့်ယှက်မှုများ ရှိလာပါတယ်။ အဲဒီလို တရားစီရေးမှာ တရားဥပဒေအရ ကူညီနိုင်ခွင့်ရှိသူများကိုတောင် ဖိနှိပ်နှောင့်ယှက်လာကြတယ်ဆိုတော့ ကျန်တဲ့ကိစ္စများမှာ ကူညီပေးချင်သူတွေဟာ ကြောက်ရွံ့လက်တွန့်ခဲ့ကြရပါတယ်။ ထောင်ထဲမှာ ဆိုရင်တော့ အကူညီရနိုင်ဖို့ ပိုမိုခက်ခဲပါတယ်။ ထောင်ထဲမှာက တုတ်နဲ့တိုက်နဲ့ ပြအုပ်ချုပ်နေတော့ ပတ်သက်မိရင် (ကျော ကွဲ)သွားနိုင်ပါတယ်ဗျာ။ ၁၉၉၇ ခုနှစ်ကာလက ၁ တိုက်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားကို မုန့်ညှင်းနှစ်ပင်နှုတ်ပေးမိလို့ သရက်ထောင်က အကျဉ်းသားမိလ္လာဘုတ်ကိုင်တစ်ဦး (ဘိတ်သားကလေး)ကို ထောင်အာဏာပိုင်များက ဘုတ်ကိုင်ရာထူးကိုဖြုတ်၊ ဒေါက်ခြေကျဉ်းခတ်ပြီးတော့ ဝိုင်းရိုက်ခဲ့ကြပါတယ်။ ပြီးတော့ တိုက်ပိတ်ထားခဲ့ပါတယ်။ အဲဒီခေတ်က နယ်စပ်ပေါ် တာထမ်းရန် အကျဉ်းသားစာရင်းကို တောင်းတဲ့အခါမှာ (ဘိတ်သားကလေး)ကို ထည့်ပေးလိုက်တာ ကြုံဖူးသိခဲ့ဖူးပါတယ်ဗျာ။

သရက်ထောင်မှာ ဖြစ်ပွားခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားများကို သက်စွန့်ဆံဖျား အကူအညီပေးမှုတစ်ခုကတော့ "၁၉၉၂ ခုနှစ်က သရက်ခရိုင်အတွင်း လေပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ပါ

တယ်။ ထောင်အတွင်း အပြင်မှာ ပျက်စီးမှု တချို့ရှိခဲ့ပါတယ်။ အဲဒီ တုန်းက သရက်ထောင် ၃ တိုက်က အခုခေတ် အုတ်နံရံနဲ့ ရှေ့ဘက်မှ ကာရန်ထားတဲ့နေရာမှာ အိမ်အမိုးသွပ်ပြားများနဲ့သာ ကာရန်ထားတာပါ။ ၃ တိုက်မှာ ကိုခွန်ဆိုင်း၊ ကိုကျော်ကျော်သိန်း၊ ဦးဇော်မျိုးဝင်း၊ မဂ္ဂင်ဆရာတော်ကြီး၊ ကိုလှဝင်း(ဘိုကလေး)တို့အပါအဝင် ပုဒ်မ(၅ ည)များရှိနေခဲ့ကြပါတယ်။ ၃ တိုက်က ပုဒ်မ(၅ ည)များက စာပေအနုပညာလိုက်စားသူများဖြစ်ကြပါတယ်။ သူတို့က ကဗျာစပ်တယ်၊ သီချင်းရေးစပ်တယ်၊ အခြားဘာသာစကားများလည်း သင်ကြားနေကြတယ်။ ထောင်ကလည်း စာရေးကိရိယာနဲ့ စာရွက်စာတမ်းများကို အလွန်ကြောက်ရွံ့ကြပါတယ်။ ပြင်းပြင်းထန်ထန် အရေးယူပြလေ့ရှိပါတယ်။ ဒါ့ကြောင့် ၃ တိုက်က ပုဒ်မ (၅ ည) များက သူတို့ရဲ့ စာရေးကိရိယာများ၊ စာရွက်အတိုအစများကို ဝှက်ရန်နေရာကို ၃ တိုက်ရှေ့နံရံ သွပ်ပြားများ ကာရန်ထားတဲ့ သွပ်နံရံရဲ့ မြေကြီးထဲကို မြှုပ်ထားတဲ့ သစ်သားတိုင်ခြေရင်းတစ်ခုမှာ ရွေးချယ်လိုက်ပါတယ်။ တစ်ပေခန့်တူးပြီးတော့ ဝှက်သင့်တာများကို ဝှက်ထားလိုက်ကြပါတယ်။ ဒါပေမဲ့ ခုနက ပြောသလိုပဲ သရက်မှာ လေပြင်းတိုက်ခတ်တဲ့အခါမှာ ၃ တိုက်ရှေ့က သွပ်ပြားနံရံကြီးက ပက်လက်လန်လဲသွားပါတော့တယ်။ လဲတာက ကိစ္စမရှိပါဘူး။ တိုင်တွေပါလဲပြိုသွားတော့ တိုင်ခြေရင်းက ပုဒ်မ (၅ ည) တွေ့ဝှက်ထားတဲ့ ပြဿနာထုတ်ကြီးမှာ တိုင်က ကလော်ပြီး လဲသွားတော့ မြေပြင်ပေါ်ကို ဘွားခနဲ အထုတ်လိုက်ပေါ်တော်မူလာပါတော့တယ်ဗျာ။ ပုဒ်မ(၅ ည)တွေအားလုံးက တိုက်ခန်းထဲမှာ ပိတ်ထားချိန်ဆိုတော့ဗျာ။ အကုန်လုံး မျက်လုံးပြူးပြီးတော့ ဒီအတိုင်း ထိုင်ကြည့်နေရပါတော့တယ်။ ဝန်ထမ်းလာလို့ မြင်သွား

ရင်တော့ တစ်တိုက်လုံး အရိုက်ခံရမှာ ကျိန်းသေနေပါတယ်ဗျာ။ လောလောဆယ်မှာတော့ လေတွေတိုက်၊ မိုးတွေ ရွာနေချိန်မှာ အစောင့်တာဝန်ကျ ဝန်ထမ်းက ဘယ်သွားနေတယ် မသိပါဘူး။ တိုက်မှာ မရှိပါဘူး။ ဒီလိုနဲ့ ၃ တိုက်တစ်တိုက်လုံး ကယ်သူမယ့် ပူဆွေးသောကရောက်နေချိန်မှာ ၃ တိုက်ရှေ့မှာ လူရိပ်မြင်လိုက်လို့ အလန့်တကြား ကြည့်လိုက်တော့ မိလ္လာဘုတ်က အကျဉ်းသား တစ်ဦးပါ။ သရက်နယ်ထဲကပါပဲ။ နာမည်ကိုတော့ သူ့လုံခြုံရေး အတွက် လျှို့ဝှက်ပေးရန် လိုအပ်လို့ မရေးတော့ပါဘူးနော်။ သူက အမှုသေးများကို မကြာခဏ ကျူးလွန်ပြီး ထောင်ခဏခဏကျနေ သူမို့ ပုဒ်မ (၅ ည)တွေနဲ့ မျက်မှန်းတန်းမိသူလည်း ဖြစ်နေပါတယ်။ ၃ တိုက်က တိုက်ခန်းထဲက နေဝိုင်းပြီး လှမ်းခေါ်ကြပါတယ်။ "ညီလေး ညီလေး အရေးကြီးလို့ ခဏလာပါ ဝင်ခဲ့ပါလို့ အော်ပြော ကြတယ်" မိုးသံလေသံထဲမှာ ကြိုးစားအော်ခေါ်ကြတာပါ။ အပြင် က မိလ္လာဘုတ် အကျဉ်းသားကလည်း သွားဖို့မသွားဖို့ ချင့်ချိန်နေ ဟန်နဲ့ ဖြစ်နေပါတယ်။ ဒီတိုက်နဲ့ ဒီလူတွေကို ဆက်သွယ်ခွင့် ဆက်ဆံခွင့် မရှိသလို ပေါက်ကြားသွားရင် သူဘဝပျက်သွားနိုင် တယ်။ သေသွားနိုင်တယ်ဆိုတာ သိနေတာကိုးဗျ။ နောက်တော့ သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီးတော့ ၃ တိုက်ထဲကို ခပ်သွက်သွက်ဝင်လာပါတော့တယ်ဗျာ။ အထဲရောက်လို့ ဘာလဲ ဆိုတဲ့ အမူအရာနဲ့ မေးငေါ့လိုက်တော့ အခန်းထဲက (၅ ည)တွေက "ဟိုမှာ ဟိုမှာ တွေ့လား အဲဒီအထုပ်ကို" ဆိုတော့ သူက ပြေးယူ လိုက်ပြီးတော့ နီးရာအခန်းကို ယူလာပေးပါတယ်။ ဒီတော့ အခန်း ထဲက ပြောတာက "ညီလေးရယ် ကူညီလက်စနဲ့ မြေကြီးထဲပဲ ပြန်မြှုပ်ပေးပါလားကွာ။ ဒီအခန်းထဲမှာက မနက်ဖြန်ကျရင် ရှာဖွေ

ရေးက ထုံးစံအတိုင်း လုပ်ကြဦးမှာလေ”လို့ ပြောကြပါတယ်။ သူလည်း ဘေးဘီကို တစ်ချက် အပြင်ကိုတစ်ချက် အကဲခတ်လိုက်ပြီးတော့ မြေသားခပ်ပျော့ပျော့တစ်နေရာကို ရွေးလိုက်ပါတယ်။ လက်နဲ့ယက်ပြီး တွင်းတစ်ခုကို အမြန်တူးပါတယ်။ သရက်ထောင်က သဲမြေဆိုတော့ ခပ်ပွပွရယ်ပါ။ ဒီအချိန်မှာ အခန်းတစ်ခုကနေ “ညီလေး ဒါနဲ့တူးဆိုပြီး တစ်တောင်လောက် ဝါးခြမ်းပြားငယ်တစ်ခုကို လှမ်းပစ်ပေးလိုက်တော့ တူးရတာ ပိုအဆင်ပြေသွားဟန်နဲ့ အထုတ်ထည့်ပြီး မြှုပ်ထားရန် လုံလောက်စွာ တူးပြီးသွားပါတယ်။ သူလည်း ဘေးဘီကို ထပ်အကဲခတ်လိုက်ပြီးတော့ အထုတ်ကို အမြန်တွင်းထဲကို ထည့်တယ်။ မြေကြီးတွေကို ပြန်ဖုံးတယ်။ တက်နင်းပြီးတော့ မြေကို သိပ်သွားအောင်လုပ်ပါတယ်။ မကြာခင် လက်စလက်န ဖျောက်ဖျက်ပြီး သွားပါတယ်။ ပြီးတော့ ပုဒ်မ(၅ ည)တွေ ကျေးဇူးတင်စွာ ဝိုင်းပေးကြတဲ့ ချိုချဉ်၊ ဘီစကွတ်များကို စွပ်ကျယ်အင်္ကျီနဲ့ ဝမ်းပိုက်အကြားကို ထိုးထည့်ပြီး အပြင်ဘက်ကို တစ်ချက်အကဲခတ်ပြီးတော့ ပြန်ပြေးထွက်သွားပါတော့တယ်ဗျာ။ တိုက်ခန်းတာဝန်ကျ ဝန်ထမ်းကလည်း အဲဒီနေ့က ဘယ်မှာ အိပ်ပျော်နေတယ် မသိဘူး။ ကံကောင်းသွားပါတယ်။ ဒီတော့မှပဲ ၃ တိုက်က (၅ ည)တွေလည်း ပြုံးနိုင်အသက်ရှူနိုင်ဘဝကို ပြန်ရောက်သွားကြပါတယ်။ အဲဒီခေတ်က နိုင်ငံရေးမှုနဲ့ ထောင်ကျနေသူအားလုံးက ကူညီသွားသူ (မကြာခဏ ဒုစရိုက်လုပ်လို့ထောင်ကျလေ့ရှိသူ)ကို ကျေးဇူးတွေတင်ပြီး မမေ့နိုင်ကြပါဘူး။

ကဲ-စာရှုသူများခင်ဗျား။ ဒီလိုနေရာမှာ ရာဇဝတ်မှုကို မကျူးလွန်ဘူးသူလို့ ခင်ဗျားတို့ သတ်မှတ်တဲ့ လူကောင်းသူကောင်းတစ်ဦးက ဒီလိုစွန့်စွန့်စားစား ကူညီပေးနိုင်မပေးနိုင် မေးခွန်းထုတ်စရာ

တစ်ခုဖြစ်နေတယ်ဆိုတာ အငြင်းပွားစရာ မဟုတ်ဘူးလို့ သတ်မှတ်နိုင်ပါ့မလားဗျာ။ ကျွန်တော်ကတော့ ကြုံဖူးတယ်ဗျာ။ ကျွန်တော့်ကို ဖမ်းမိကာစ အချုပ်ဘဝနဲ့ အင်းစိန်ထောင်မှာထားတော့ တရားရုံး ထွက်တဲ့တစ်နေ့မှာ လမ်းပိတ်ကားကြပ်နေလို့ အချုပ်ကားကို ခဏရပ်ထားစဉ်မှာပေါ့။ ဘေးကကားကို ကြည့်လိုက်တော့ ကျွန်တော်တို့ မြို့နယ်က ကားဖြစ်နေလို့ လူကြုံမှာချင်စိတ်ကဖြစ်သွားပါတယ်။ ဒါနဲ့ အချုပ်ကား သံတိုင်များကြားကနေပြီး တစ်ဖက်ကားကနေ ကြည့်နေတဲ့ အမျိုးသမီးတစ်ဦးကို လှမ်းခေါ်မိပါတယ်ဗျာ။ သူက ဘာလုပ်သွားတယ် ထင်ပါသလဲဗျာ။ တစ်ခါတည်း အလွန် "သန"သွားဟန်နဲ့ မျက်နှာထိ မျက်နှာထားနဲ့ တစ်ဖက်ကို လှည့်သွားပါတယ်။ ကျွန်တော်လည်း တော်တော်စိတ်မကောင်းဖြစ်သွားရပါတယ်။ သူ့ခင်မျာလည်း အချုပ်ကားပေါ်က မင်္ဂလာမရှိသူ တစ်ကောင်က လှမ်းခေါ်တာခံရလို့ မင်္ဂလာမရှိ ဖြစ်သွားဟန်တူပါတယ်ဗျာ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက မြတ်ဗုဒ္ဓသွန်သင်ဆုံးမထားတဲ့ အသုဘရှုရန်ကိစ္စကို တောင်တလွဲထင်မှတ်လာတော့ အိမ်ရှေ့က အသုဘကားဖြတ်တာ အသုဘရှုဖို့နေနေသာသာ တစ်နေ့တစ်နေ့ မြန်မာပြည်တစ်ဝှမ်းလုံးမှာ ရွှာနာတယ်၊ အရပ်နာတယ်လုပ်နေကြတယ် မဟုတ်လားဗျာ။

ကျွန်တော့် နောက်တစ်ကြိမ် အတွေ့အကြုံက အင်းစိန်ထောင်မှာ ရှိနေစဉ်အချိန်ပါပဲဗျာ။ အရေးတော်ပုံပြီးကာစအချိန် အင်းစိန်ထောင်မှာ ရှိနေစဉ်အချိန်ပါပဲဗျာ။ အရေးတော်ပုံ ပြီးကာစ အချိန် အင်းစိန်ထောင်မှာ ဧည့်တွေ့ရော၊ အစားအသောက်ပါဆယ်ပါ ပိတ်ပင်ထားချိန်မှာ အလွန်ငတ်ပါတယ်ဗျာ။ ဆေးလိပ်

သောက်ချင်တာက ပိုဆိုးသေးတယ်။ ကျွန်တော့်ကို အချုပ်နဲ့ ရန်ကုန်မှာ မြို့နယ်အစုံကို ချုပ်ရက်ယမန်ယူရန် ရုံးပတ်ထုတ်နေ ချိန်ပေါ့ဗျာ။ တစ်နေ့တော့ ပုဇွန်တောင်မြို့နယ် တရားရုံးမှာ အချုပ် သားတချို့ကို ဝင်ရောက်ချထားပေးနေစဉ်မှာပေါ့။ စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်တွေကလည်း ဘေးမှာတင် ဗိုက်ကလည်းဆာ၊ ဆေးလိပ်ကလည်း သောက်ချင်၊ ဗိုက်ဆာတာက မဖြစ်နိုင်ဘူး။ ဆေးလိပ်သောက်ချင်တာက ဖြစ်နိုင်တယ်လို့ တွေးမိပြီးတော့ အချုပ်ကားအပြင်ဘက်ကို အကူအညီရှာဖို့ လှမ်းကြည့်နေပါ တယ်။ ဒီအချိန်မှာ တိုက်ပုံအကျီနဲ့ဘာနဲ့ သားသားနားနား တစ်ဦး စီးကရက်လက်ကြားညှပ်ပြီး ရပ်နေတာကိုမြင်တော့ လှမ်းပြီး "နောင်ကြီး ဆေးလိပ်သောက်ချင်လို့ ကူညီပါလားလို့" လှမ်းပြော မိပါတယ်။ သူမျက်နှာထားက တင်းခနဲ ဖြစ်သွားပြီးတော့ လှည့် ထွက်သွားပါတော့တယ်။ ဒါကို ကျွန်တော်ကလည်း မမှတ်ဘူး။ ဘေးနားက ဆိုက်ကားဆယ်စီးရပ်ရန် ဆိုင်းဘုတ်မှာ ဆိုက်ကား တစ်စီး လာထိုးတယ်။ ဆိုက်ကားသမားက အကျအနထိုင်ပြီးတော့ ဆိုက်ကားဖရိမ်မှာ ချိတ်ထားတဲ့ ဝါးကျည်တောက်ကလေးထဲက ဆေးပေါ့လိပ်တိုကို ထုတ်ပြီးတော့ ဟန်ပါပါ မီးညှိပြီး ဖွာရှိုက်နေ တာကို မြင်ရတော့ ကျွန်တော့်ပိုးက ထလာပါတော့တယ်။ "နောင် ကြီးရေ တစ်ဖွာလောက်သောက်ရရင်တော့ ကောင်းမယ်ဗျာဆိုပြီး" မျက်နှာချင်းအဆုံမှာ ကျွန်တော့် ပါးစပ်က ထွက်သွားပါတယ်။ သူက လက်ထဲကဟာကို ထောင်ပြပြီးတော့ ဒါကိုလားဆိုတဲ့ အမူ အရာကိုပြတော့" ကျွန်တော်လည်း "အင်း"ဆိုပြီး ခေါင်းညိတ်ပြ လိုက်ပါတယ်။ ဒီတော့ သူက ခဏနေဆိုတဲ့ ပုံစံနဲ့လက်ကာပြပြီး တော့ သူ့ဘေးက ကွမ်းယာဆိုင်မှာ လေးလိပ်လားငါးလိပ်လား

သွားထဝယ်ပါတယ်။ ပြီးတော့ အချုပ်ကားက ရဲသားအခြေအနေ တစ်ချက်ကြည့်ပြီး တစ်လိပ်ကို မီးညှိတယ်။ ကျန်တဲ့ဆေးလိပ်ကိုပါ သံတိုင်ကြားက လာပေးပါတော့တယ်။ "ရှေ့သောက်"တဲ့ ကျွန်တော်လည်း ပါးစပ်က မှုတ်ထုတ်လိုက်တဲ့ ဆေးလိပ်မီးခိုးများထဲမှာ ပေါ်လာတဲ့ လူတန်းစားအလွှာအသီးသီးအတွင်းက ပကာသနမဲ့ ကူညီမှုများဆိုတဲ့ ခေါင်းစဉ်အောက်မှာ အတွေးနယ်ချဲ့နေမိပါတော့တယ်ဗျာ။

[ ၂၉ ]

အကျဉ်းထောင်များမှာ အကျဉ်းသားအားလုံးလိုလိုက ထောင်ကျကာစအသားမကျခင်အချိန်များတုန်းက အပြင်လောက ကိုပဲ စိတ်ကရောက်နေပြီးတော့ အပြင်မှာကျန်ခဲ့တဲ့ မိသားစုဝင်များ အတွက် ပူပင်သောကရောက်နေတတ်ကြသလို မိမိအပြင်လောက မှာရှိနေစဉ်က နေ့စဉ်သွားလာလှုပ်ရှားခဲ့တဲ့ လွတ်လပ်မှုအရသာ များ၊ နေ့စဉ်စားသောက်နေထိုင်ခဲ့ရတဲ့ ခံစားမှုများကိုသာ ပြန်လည် တမ်းတ၊ တောင့်တနေတဲ့အချိန်ဖြစ်ပါတယ်ဗျာ။ ဒီလိုအချိန်များမှာ ထောင်ထဲကဘဝကို စိတ်ဝင်စားမှုနည်းနေကြပါတယ်။ ကျွန်တော် ဆိုရင် ထောင်ကျခါစအချိန်တုန်းက ပစ္စုပ္ပန်ဘဝကို မုန်းတီးလို့ နာကျည်းလို့ မကြည့်မိအောင် မတွေးမိအောင်တောင် အားထုတ် နေခဲ့ဖူးပါတယ်ဗျာ။ မိမိအတွေးစဉ်တွေက အတိတ်မှာသာ တောက်လျှောက်ရှိနေပါတယ်။ ဒါပေမယ့် စိတ်ကတော့ ဘယ်နေ

မလဲဗျာ။ မျက်မှောက်အချိန်ကို ပြန်ပြန်ရောက်လာတော့ ပြန်ရောက်လာတိုင်း ပူပင်သောကအသစ်တစ်ဖန် ပြန်ပြန်ဖြစ်နေပါတော့တယ်။ ဒါပေမဲ့ ကျွန်တော်ထောင်ထဲမှာရောက်ပြီး ခုနစ်နှစ်ကျော်လောက်ရှိလာတော့ စိတ်ကထောင်ထဲမှာ ကျင့်သားရနေပြီဖြစ်ပါတယ်။ မနက်အိပ်ရာကထပြီဆိုကတည်းက ထောင်ထဲမှာ ကိုယ်တတ်နိုင်စွမ်းတဲ့ အားထုတ်မှုမျိုးကိစ္စတွေမှာသာ စိတ်ကို နှစ်မြှုပ်ထားနိုင်ပါတော့တယ်ဗျာ။ ဥပမာ-မျက်နှာသစ်ပြီးတာနဲ့-ငါဒီနေ့ထမင်းစားဖို့ ထောင်ကကျွေးတာနဲ့စားမှာလား ဟင်းတစ်ခုခု ဖန်တီးစားသောက်မှာလားပေါ့။ ဟင်းဆိုရင် ခရမ်းသီးချက် စားမလား "ဟာ" ခရမ်းသီးက ထောင်ထဲမှာ တောင်ယာစိုက်သူထံက ဝယ်စရာကော်ဖီမစ်မှ မရှိတာပဲ၊ အလကားတောင်းရတာလဲ ထပ်နေပြီဆိုတော့ အားနာနေပြီ။ ဒါဖြင့် သိပ်အခက်အခဲမရှိလှတဲ့ ကန်စွန်းရွက်ခူးပြီးကြော်စားမှာလားပေါ့။ ဒါလည်း'ဆီ'က အရင်ရှာရဦးမယ်။ ခြေရင်းဘက်မှာအိပ်တဲ့ အကျဉ်းသားကို 'ဆီ'၅ဇွန်းလောက် ချေးငှားထားတာ သူပြန်ဆပ်နိုင်ပ့်မလားတော့ မသိဘူး။ ရရင်တော့ကောင်းမှာပဲ။ နေပါစေတော့လေ၊ သူမဆပ်နိုင်ခင်သွားတောင်းနေရင် တစ်ဖက်သား စိတ်ဆင်းရဲနေပါဦးမယ်။ သူပြေလည်ချိန်လာဆပ်တော့မှ အဲဒီဆီနဲ့ တစ်ခုခုချက်စားပါတော့မယ်လေ။ ဒီနေ့တော့ ထောင်ကကျွေးတဲ့အတိုင်းဘဲ စားလိုက်ပါတော့မယ်လေ။ ဒါပေမဲ့ အဲဒီကျွေးတဲ့အတိုင်းစားရမှာက နံနက်စာကိုတော့ ပဲဟင်းအရည်ကျဲကျဲနဲ့ စားနိုင်ပေမယ့် ညနေစာအတွက်က ခက်လှတယ်။ သူတို့အခေါ် တာလပေါဟင်း အကျဉ်းထောင်အတွင်းက ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်များကို တမန်တလင်းပေါ် ချပုံပြီး အပေါ်က ရေတစ်ပုံးနှစ်ပုံးလောက် လောင်းပြီး

ဖြစ်သလိုဆေးလိုက်ပြီးတော့ စဉ့်နှီးတုံးပေါ် တင်ခားနဲ့ နုတ်နုတ်စင်းပါတယ်။ ပြီးတော့ ရေကိုထည့်ကြိုချက်ထားတဲ့ ဒယ်အိုးကြီးများရှိရာကို ဆန်ခါကြီးများထဲထည့် သယ်ယူပါတယ်။ ရေကမဆူသေးပါဘူး။ အငွေ့ကတော့ ထွက်နေပြီ။ ဒါကိုမစောင့်နိုင်တော့ စောစောကနုတ်နုတ်စဉ်းထားတဲ့ ကန်စွန်း/ဟင်းနုနွယ်များကို သွန်ထည့်လိုက်ပါတယ်။ ပြီးတော့ အောက်သိုးသိုးအနံ့ ထွက်နေတဲ့ ငပိလက်သီးဆုပ်တစ်လုံး နှစ်လုံးခန့် ပစ်ထည့်လိုက်ပြီး မွှေထားတဲ့ ဟင်းပါ။ ဆားကတော့ ကိုယ်စားခါနီးမှ အငံလိုရင် ထပ်ထည့်ရပါတယ်။ ဟင်းပူနေတုန်းတော့ ဖြစ်ညစ်သောက်စားလို့ ရသေးတယ်။ အဲဒီဟင်းအေးသွားပြီဆိုရင် စားဖို့စိတ်ဝင်စားစရာ မရှိပါဘူး။ ကျွန်တော်ရဲ့ထောင်ထဲက ဘဝကလည်း မိမိရင်သွေးနှစ်ဦးကို ငဲ့ညှာစိတ်ကြောင့် ထောင်ဝင်စာကို ခဏခဏလာမတွေ့ဖို့မှာထားတော့ ထောင်ဝင်စာဉည့်တွေက မရှိသလောက်ပါ။ အချိုမှုန့်တောင် မသုံးနိုင်ပါဘူး။ ထမင်းကို တို့စရာ ငါးပိနဲ့ စားတတ်စားနိုင်ပေမယ့် ထောင်ငပိကို ကိုယ့်ဘာသာကျိုချက်ပြီး ငရုတ်သီးမှုန့်ထည့်ဖို့ ငါးပိအနံ့ကို စားချင်စဖွယ်ဖြစ်အောင် ကြက်သွန်ဖြူတစ်မွှာလောက် ထောင်းထည့်ဖို့ကိစ္စက ထောင်ထဲက ဂျော်လီထွန်းအတွက် ဆီဒိုးနားမှာ တက်စားဖို့ကြံစည်တာလောက် အခက်အခဲရှိနေပါတယ်ဗျာ။

တစ်ခါတုန်းက ကျွန်တော်ညနေစာ ထမင်းစားဖို့ တွေးရကြံရတာ စိတ်ကုန်လို့ ဥပုသ်မစောင့်ဘဲ ညနေစာကို ဖျစ်ညှစ်ပြီး စားနေရမယ့်အစား၊ ရက်ရှည်ဥပုသ်စောင့်လိုက်ရင် ကောင်းမယ်ထင်ပြီး ကုသိုလ်လည်းရ ဝမ်းကမဝတဲ့အလုပ်ကို ရက်ပေါင်းများစွာနေခဲ့ဖူးပါတယ်ဗျာ။ အမှန်ကတော့ ဘာမျှမရှိလို့ ညနေစာ ထမင်း

ကို မစားနိုင်တဲ့ဒုက္ခကို ဖြေရှင်းတာပါ။ ကုသိုလ်တော့သိပ်ရမယ် မထင်ပါဘူးဗျာ။ ကျွန်တော်က သံခြေကျင်းကို ၁၉၈၉ခုနှစ် အချုပ်သားဘဝကနေ စတင်ပြီးတော့ အခတ်ခံထားရသူပါ။ ၁၉၉၉ ခုနှစ် ကျော်အောင်ထိ တပ်ဆင်ခံထားရပါတယ်။ စုစုပေါင်း ခြေကျင်းခတ်ထားချိန် ၁၁နှစ်ခန့် ခံစားခဲ့ရပါတယ်ဗျာ မှတ်မိသေးတယ်ဗျာ။ အစ်ကိုကြီးကို ခွန်ဆိုင်း(ယခုအင်္ဂလန်)နဲ့ သရက်ထောင်လေးတိုက်မှာအတူနေခဲ့ရစဉ်က သူထောင်ဝင်စာ ဧည့်တွေလာရင် လေးတိုက်တစ်တိုက်လုံးကို မျှတကျွေးတော့ သူလည်း သုံးရက်/လေးရက်ကြာရင် အိမ်ကပေးသွားတာလေးတွေ အကုန်ပြောင်ပြီး ကျွန်တော်တို့နဲ့အတူ ငတ်နေခဲ့တာပေါ့ဗျာ။ စားစရာအကုန် ကုန်သွားချိန်ကျတော့မှ ယခင်က ဘယ်သူမှ စိတ်မဝင်စားလို့ ကျန်နေတဲ့ ကိုခွန်ဆိုင်းအိမ်ကပါလာတဲ့ ငရုတ်သီးအတောင့်အခြောက်ကြော်အိတ်ကလေးကိုထုတ်ပြီး ထောင်ကပေးတဲ့ပေါင်မုန့် အလစ်ထွက်ခူးထားတဲ့ ကန်စွန်းရွက်အစိမ်းက ကျွန်တော့်အတွက်တော့ နတ်သုဒ္ဓါတမျှပါဘဲ၊ သတိရတယ် အစ်ကိုကြီး ကိုခွန်ဆိုင်းရယ်။ အဲဒီတုန်းက အတူနေခဲ့ရတဲ့ ကိုညိုထွန်း၊ ကိုမင်းဇေယျ၊ ကိုလှမျိုးနောင်၊ ကိုဆက်အောင်နိုင်၊ ကိုဇော်ဝင်းထွဋ်၊ ဦးကျင်မောင်၊ ကိုကျော်ကျော်သိန်း၊ ကိုရဲကိုငြိမ်းချမ်းတို့ကလည်း ထောင်ဝင်စာ ဧည့်တွေလာရင် အားလုံးမျှတ စားကြသောက်ကြပါတယ်။ ဒါပေမယ့် အားလုံးကလည်း ထောင်ထဲရောက်နေတာကြာကြပြီဆိုတော့ ထောင်ဝင်စာတွေကကျဲကြပါတယ်။ လေးလ၊ ငါးလ၊ ခြောက်လလောက်မှ လာတွေ့ကြတော့ဗျာ။ ငတ်နေကြတာ များပါတယ်ဗျာ။ အတူနေခဲ့ရတဲ့နိုင်ငံရေးအကျဉ်းသားမဟုတ်တဲ့ သူများကိုလည်း သတိရပါတယ်ဗျာ။ ကိုစိုးမြတ်(ကွယ်လွန်)၊ ကိုစမုံ(ဟိန္ဒူအမျိုးသား)တို့ကိုလည်း

သတိရမိပါတယ်။ ကိုစမ့်တိုက်ထဲမှာနေခဲ့စဉ်က အမှိုက်ပုံက ပလတ်စတစ်အိတ်တွေကောက်ပြီးတော့ အဝတ်စုတ်နဲ့ ကျစ်ကျစ်လစ်လစ်ပတ်ပြီးတော့ အချောင်းကလေးတွေ လုပ်ပါတယ်။ ထမင်းစားတဲ့ ဒန်ပန်းကန်ကို ဒယ်အိုးလုပ်ပြီး ကန်စွန်းရွက်ကျော်တဲ့အခါမှာ စောစောက ပလတ်စတစ်အိတ် အစာသွပ်ထားတဲ့ အဝတ်စုတ်အချောင်းလေးတွေကို ထင်းသဖွယ်လုပ်ပြီး မီးရှို့လိုက်ပါတယ်။ ညှော်တော့ ညှော်ပါတယ်။ ဒါပေမယ့် ငတ်နေချိန်မှာ လုပ်စားရတာဖြစ်လို့ ထမင်းတော့ စားကောင်းခဲ့ပါတယ်။ ဒါတောင်မှ ထောင်အရာရှိတွေ အလစ်မှာလုပ်ရတာပါ။ တိုက်မှာစောင့်ကြပ်တဲ့ တပ်သားတပ်ကြပ် ဝန်ထမ်းတွေကတော့ ပြဿနာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုလည်း ခေါ်ကျွေးတာကိုးဗျ။ တပ်သားအများစုကတော့ အကျဉ်းသားတွေ စားဖို့သောက်ဖို့ ရှာဖွေအားထုတ်ကြတဲ့အခါ ပြဿနာသိပ်ရှာလေ့မရှိပါဘူးဗျာ။

သရက်အကျဉ်းထောင်ကနေ ဆပ်ပြာတုံး ရှစ်ပုံတစ်ပုံကိစ္စနဲ့ ထောင်အပြောင်းခံလိုက်ရတဲ့ ကိုအောင်ဒင်(ဂျပန်)၊ ကိုနိုင်မွန်(ကထိက)၊ ကိုသားညိုဦး(VOA)၊ ကိုဗုံတို(အုတ်ဖို)တို့လေးဦး သရက်ထောင်က မထွက်ခွာခင်မှာ ကိုအောင်ဒင်ရဲ့ဖခင်ဖြစ်သူ သတင်းစာဆရာကြီး ထောင်ဝင်စာ ညှေ့တွေလာတွေ့ပါတယ်။ အမည်ကိုတော့ မမှတ်မိတော့ပါဘူးဗျာ။ သရက်အကျဉ်းထောင်မှာက။ ကိုအောင်ဒင်ရဲ့ညီဖြစ်သူ ရွှေဖုန်းလူ(တာရာမင်းဝေ)လည်း ရှိနေတယ်လေ။ အကျဉ်းထောင်မှာ အကျဉ်းသားမိသားစု ထောင်ဝင်စာညှေ့တွေလာတဲ့အခါမှာ ဘယ်တုန်းကမှ ထုံးစံမရှိတာတစ်ခုကို ကိုအောင်ဒင်တို့ညီအစ်ကိုရဲ့ ထောင်ဝင်စာညှေ့တွေမှာ သရက်အကျဉ်းထောင်က ညစ်ပတ်စွာ ဖန်တီးလိုက်ပါတယ်ဗျာ။ အပြင်က

နေ ကိုအောင်ဒင်ရဲ့ဖခင် ဝင်ရောက်ညှော်မတွေ့ခင်မှာ တံခါးကြီး လုံခြုံရေးအရာရှိက ကိုအောင်ဒင်တို့ကို လာပြောတယ်။ "အခု မင်းတို့ညှော်တွေ့ရင် ထောင်ပုံစံထိုင်နေရမယ် ခေါင်းငုံ့ထားရမယ်"။ တို့က "အေးစေ"လို့ အမိန့်ပေးလိုက်မှ ထပြီး စကားပြောရမယ် လို့ဆိုတော့ အဲဒီအရာရှိက ကိုအောင်ဒင်အပြင်မှာ ဘာကောင်ဆို တာကို မသိဆိုးဝါး ပြောလိုက်ပေမယ့် (ကိုအောင်ဒင်အပြင်မှာ ဘာကောင်ဆိုတာမသိလို့သာ သရက်အကျဉ်းထောင်က အဆောင် မှာထားတာပါနော်။ အဲဒီလိုမျိုး သာယာဝတီထောင်မှာ ကျောင်း သားခေါင်းဆောင်နာမည်ကြီးကို မောင်မောင်ကျော်ကို ညှော်စာရင်း မတိုင်မှုနဲ့ သာယာဝတီထောင် အိပ်ဆောင်မှာ ထားခဲ့ဖူးပါတယ်။ ည ၁ နာရီလောက်ကျမှ စစ်ထောက်လှမ်းရေးတွေထောင်ထဲကို ရုတ်တရက်ဝင်လာပြီးတော့ အိပ်ဆောင်က ကိုမောင်မောင်ကျော် ကို အပြင်ထုတ်စစ်မေးပြီးတော့မှ ကွန်တော်နေတဲ့တိုက်ကို မနက် ၂နာရီလောက်လာပို့တာ ကြုံဖူးပါတယ်ဗျာ) ကိုအောင်ဒင်လိုလူမျိုး ရွှေဖုန်းလူလိုလူမျိုးကို ဒီလိုထုံးစံမရှိတဲ့ အပေါက်ချိုးလို့ ဘယ်ရ မလဲဗျာ။ အသက်သာ အရှက်နဲ့ လဲသွားကြမှာပေါ့နော်။ ဒီတော့ ကိုအောင်ဒင်တို့ ညီအစ်ကိုက ခင်ဗျားတို့ မတရားမလုပ်နဲ့ ဒါထုံးစံ လည်းမရှိဘူး။ မိသားစုရှေ့မှာ စိတ်မကောင်းဖြစ်အောင် အရှက် ခွဲတာ ခင်ဗျား လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်နေတာကို သိလား။ ကျုပ်တို့အဖေကလည်း သတင်းစာဆရာကြီးခံမှာမဟုတ် ဘူးလို့ တင်းတင်းမာမာ ပြန်လည်တုံ့ပြန်တော့မှ အဲဒီအရာရှိလည်း နည်းနည်းရွံ့သွားပြီး လေလျှော့ပြန်သွားပါတယ်။ နောက်မှ အထက်လူကြီးက စေတနာနဲ့ အရင်က ထုံးစံအတိုင်း ညှော်တွေ ခွင့်ပြုလိုက်ပါတယ် ဆိုပြီးတော့ ကိုအောင်ဒင်တို့ ညီအစ်ကိုကို

ညှော့်တွေ့ရန် လာခေါ်သွားပါတယ်။ ယုတ်လည်း ယုတ်မာကြပါ တယ်။ သူတို့စေတနာဆိုတာကြီးလည်း အမြဲဖော်ပြတတ်ကြပါ တယ်။ တကယ်က ကိုအောင်ဒင်တို့ဖခင်က ထက်မြက်တဲ့သတင်းစာ ဆရာကြီးမှန်းသိသွားကတည်းက ဖားတွင်းနဲ့မြွေတွင်း မှားနှိုက်မိ တဲ့သူတို့ကိုယ်သူတို့ ရိပ်မိသွားတာပါဗျာ။ ကျွန်တော်အပါအဝင် အားလုံးက ဒီကိစ္စအတွက် ကိုအောင်ဒင်တို့ ညီအစ်ကိုကို ကျေးဇူး တင်ပါတယ်။ မှတ်တမ်းလည်း တင်ပါတယ်ဗျာ။ သူတို့ညီအစ်ကို သာ ဒီကိစ္စကို ပျော့ပျော့ညံ့ညံ့နဲ့ ခေါင်းငုံ့ခံလိုက်မယ်ဆိုရင် သရက် အကျဉ်းထောင်ရဲ့ ဓလေ့ထုံးစံ အသစ်တစ်ခုထပ်တိုးပြီးတော့ ညှော့်တွေလာသမျှ အကျဉ်းသားတိုင်းဟာ ကိုယ့်မိသားစု မျက်စိရှေ့ မှောက်မှာတင် စိတ်မကောင်းစရာအရှက်တကွဲ ဖြစ်ကြရမယ့်ကိစ္စ မဟုတ်လားခင်ဗျာ။

သရက်အကျဉ်းထောင်က ဝန်ထမ်းများက အင်းစိန်ထောင် ပြောင်းများ ရောက်ကာစခေတ်က အရင်အချိုးအတိုင်း ဒေသခံများ လို ဖိနှိပ်ခေါင်းပုံဖြတ် နှိပ်ကွပ်လို့ရမယ်လို့ ထင်ထားကြပါတယ်။ ဒါပေမယ့် တကယ်က မျက်စိကြီးနားကြီး ရန်ကုန်သားတွေက များတော့ သူတို့ထင်သလောက် ဖိနှိပ်ဖို့မလွယ်ဘူးဆိုတာ တွေ့ လာရပါတယ်။ သူတို့အတွက် ပိုမိုဆိုးဝါးနေတာကတော့ ရန်ကုန် ကနေပြီးတော့ သရက်ထောင်ကို ညှော့်တွေထောင်ဝင်စာ လာသူ များဟာ သူတို့မိသားစုဝင် အကျဉ်းသား မတရားဖိနှိပ်ခံရကြောင်း ဥပဒေမဲ့ ဆောင်ရွက်ခံရကြောင်းကို ထောင်ဝင်စာညှော့်တွေမှာ အကျဉ်းသားက တိုင်ပြောပြခဲ့ရင် သူတို့ရန်ကုန်အပြန်မှာ အင်းစိန် မြို့နယ်က အကျဉ်းဦးစီးဌာနရုံးချုပ် ညွှန်ကြားရေးမှူးရုံးမှာ ဝင် ရောက်တိုင်ကြားနိုင်စွမ်း ရှိသူတွေဆိုတာကို မကြာခင် သဘော

ပေါက်လာကြပါတော့တယ်ဗျာ။ ကျွန်တော် ထောင်ပြောင်းခံရတဲ့ ၁၉၉၂ခုနှစ်လောက်ကနေ ၁၉၉၉ခုနှစ်လောက်အထိ သရက် အကျဉ်းထောင်ကိုလာလိုက်တဲ့ အထက်က စစ်ဆေးရေးတွေဗျာ။ သရက်အကျဉ်းထောင် ညှော့ရိပ်သာမှာ ညှော့သည်စစ်ဆေးရေး အရာရှိတွေပြတ်တယ်ကိုမရှိဘူး။ အဲဒီညှော့ရိပ်သာ တည်ဆောက် တဲ့ ကိစ္စမှာတောင် တိုင်ကြားသူရှိလို့ စစ်ဆေးရေးတွေ ဝင်သွား တာကို မှတ်မိနေပါသေးတယ်ဗျာ။ ဒါပေမယ့် ထိထိရောက်ရောက် အရေးယူနိုင်တာ သိပ်မတွေ့ခဲ့ရပါဘူး။ အလွန်ဆုံး နှစ်တိုးဖြတ်၊ ရာထူးလျှော့၊ နယ်ပြောင်း ဒါလောက်ပါပဲ။ အဲ-သူတို့ဘက်က အနစ်နာဆုံးကိစ္စကတော့ အမှုက ဘယ်လိုအရေးယူယူ မယူယူ စစ်ဆေးရေးတစ်ဖွဲ့ဆင်းလာရင် အနည်းဆုံး သုံးရက်လောက်တော့ ညှော့ခံရပါတယ်။ ကိုယ့်ဌာနကို အရေးယူဖို့ စွပ်စွဲခံထားရချိန်ဆို တော့ဗျာ မြန်မာပီပီမျက်နှာလုပ်ရတာပေ့ါ။ လာဘ်ထိုးဖို့ကလည်း တစ်ဖက်ကမယူဘဲ ထပ်အရေးယူရင် အခက်ဆိုတော့ လိုလေသေး မရှိအောင် ညှော့ခံကျွေးမွေးတော့တာပေ့ါဗျာ။ လာရောက်စစ် ဆေးတဲ့သူတိုင်းကို ပေးလို့လက်မခံပေမယ့် လက်ခံတဲ့ အဖွဲ့တိုင်း ကိုတော့ လက်ဆောင်တလည်း လုပ်ပေးလိုက်ရတော့ ကုန်ပြီပေ့ါ ဗျာ။ ၁၀သိန်းလောက် ပျော့ပျော့ပေ့ါနော်။ တစ်ခါတလေများ တစ်လတည်းကို စစ်ဆေးရေးတွေ လေးကြိမ်လောက်လာတတ် တော့ သရက်အကျဉ်းထောင် တာဝန်ခံအရာရှိကြီးခင်မျာ အဲဒီ တော့မှ ဘယ်သူက အနှိပ်စက်ခံနေရတာလဲဆိုတာကို ကောင်း ကောင်းကြီး သဘောပေါက်လာပြီးတော့ အထဲက အကျဉ်းသား တွေကို မိန့်ခွန်းချွေရင် "တော်ရုံတန်ရုံကိစ္စကို ကျွန်တော်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါတယ်။ ထစ်ခနဲရှိ တောင်တိုင်မြောက်တိုင်

တော့ မလုပ်ကြပါနဲ့”ဆိုပြီး တောင်းပန်ယူရတဲ့အထိကို တကယ် ဖြစ်ခဲ့တာပါ။ သရက်ထောင်ကထွက်တဲ့ ပုဒ်မ(၅ည)တိုင်းကို မေးကြည့်ကြပါ။ အားလုံးကြားပါတယ်။ သိပါတယ်ဗျာ။ အထက် အရာရှိကြီးများ မသိရှိကြတဲ့ကိစ္စကတော့ဗျာ၊ အခု ကျွန်တော် ဖော်ကောင် လုပ်ပေးပါ့မယ်။ အကျဉ်းထောင်အချို့မှာ အရာရှိ အသိုင်းအဝိုင်းအတွက် ဝေစုရှိပါတယ်။ ပုံစံမျိုးစုံနဲ့ပါ တရားဝင် ခွဲဝေပေးတဲ့ ဝန်ထမ်းသက်သာချောင်ချိရေးလိုမျိုးလည်း ပါပါတယ်။ အခြားအဆင့်များကတော့ ဝန်ထမ်းသက်သာချောင်ချိရေး ခံစားခွင့်တော့ရပေမယ့် မလုံလောက်ပါဘူး။ နောက်ပြီးတော့ အရာရှိ ပြဿနာဖြစ်ရင် အရာရှိခြင်း ဖေးမတတ်ကြပေမယ့် အခြားအဆင့် များ ပြဿနာတက်ရင် ခံပေရောပါပဲဗျာ။ ဥပမာ-ကျွန်တော် ဖော်ထုတ်တင်ပြရေးသားခဲ့ဖူးတဲ့ အကျဉ်းသားဝစီပိတ် အသတ်ခံရမှုမှာ ဖြစ်ရပ်မှန်က ဒီလိုပါဗျာ။ အဲဒီအဆောင်က အဆောင်မှူးနဲ့ ကျွန်တော်က ခင်မင်နေလို့ ကျွန်တော့်ကို အကုန်ပြောပြပါတယ်။ ဝစီပိတ်အသတ်မခံရခင် ၁၅ ရက်လောက်ကတည်းက အဲဒီ အဆောင် အဲဒီအခန်းက အကျဉ်းသား မိလ္လာတက်ရင် တက်ထိုင်ရန် လုပ်ပေးထားတဲ့ ကွန်ကရစ်တုံးကြီးပြုတ်နေတာကို လုံခြုံရေး မျက်လုံးနဲ့ကြည့်တတ်တဲ့အဆောင်မှူးက  အထက်ကို ချက်ချင်း သတင်းပို့ထားပါတယ်။

အဲဒီအဆောင်ကလည်း မိလ္လာစနစ်ကို ပြုပြင်ဆောက်လုပ် နေရင်းနဲ့ ရပ်ထားရပါတယ်။ သဲလိုလို့လား၊ အုတ်လိုလို့လား ဘိလပ်မြေ လိုလို့လားတော့ မသိပါဘူး။ ဈေးမကိုက်လို့ သက်သာတာ ရှာနေတာလို့လဲ ကြားရပါတယ်။ ဒါပေမယ့် အဲဒီလို ဈေးကြီးတဲ့ ပစ္စည်းတွေကို ကိုင်တွယ်စီမံခန့်ခွဲရတော့မယ်ဆိုရင် တာဝန်ခံအရာ

ရှိက ဘယ်သူ့ကိုမှ ချမပေးပဲ သူကိုယ်တိုင် ကိုင်တွယ်တတ်ပါတယ်ဗျာ။ ဘယ်သူမှ မတော်တာ ဝင်မပြောရဲပါဘူး။ ကိုယ့်နေရာ၊ ကိုယ့်ဂွင်ပျောက်သွားနိုင်လို့ပါဗျာ။ တကယ်လို့များ ကိုင်တွယ်ဆောင်ရွက်နေသူက အရာရှိငယ်၊ တပ်ကြပ်ကြီးတစ်ဦးဦးလောက်ဆိုရင် လုံခြုံရေးအရ မသင့်တော်တာမြင်ရင် ထောင်မှူးကြီးတို့၊ ထောင်ပိုင်လေးတို့က ဘယ်နေပါ့မလဲနော်။ ချက်ချင်းတားမြစ်ပြုပြင်ခိုင်းတော့မှာပေါ့။ အခုတော့ "မင်းကြီး" ကိုယ်တိုင်ကိုင်တွယ်တာဆိုတော့ ဘယ်သူမှ မတို့ဝံ့ပါဘူးဗျာ။ ဒါနဲ့ဆက်ပြောရရင်တော့ "စောစောကပြုတ်နေတဲ့ ကွန်ကရစ်တုံးကြီးက ရက်ပေါင်းများစွာ အဆောင်ထဲမှာရှိနေတော့ အကြံသမားအကျဉ်းသားက မယူပြီးတော့ လူကိုထုချလိုက်တာ လူသတ်မှု ဖြစ်သွားပါလေရောဗျာ။ အဲဒီတော့မှ အဆောင်မှူးကို ဘယ်လိုဘယ်ညာ ညှိလိုက်တယ်မသိပါဘူး။ တာဝန်ပေါ့လျော့တာ ထောင်ပိုင်ဖြစ်ပေမယ့် အဆောင်မှူးကို ပါးစပ်ပိတ်ခိုင်းထားပြီးတော့ ပြဿနာကို သူ့ခေါင်းပေါ်တင်ပေးလိုက်တာ အရေးယူခံလိုက်ရပါလေရောဗျာ။ ဒီလိုအဖြစ်မျိုးတွေရှိနေတဲ့ အကျဉ်းထောင်ထဲမှာ အောက်ခြေဝန်ထမ်းများက လူကြီးများကို အကြည်ညိုပျက်လာတာ မဆန်းလှပါဘူးဗျာ။ သူတို့အကြည်အညိုပျက်လာတော့ ဝန်ထမ်းတွေက အထက်ကို မကျေနပ်တာ တစ်ခုခုဖြစ်လာတာနဲ့ လူလည်ပေါက်ရောက်သူ အကျဉ်းသားကို တိုင်ပင်ပူးပေါင်းပြီးတော့ ရုံးချုပ်ကို မကြာခဏတိုင်ကြားစာတွေ၊ ဖြစ်ရပ်အတိအကျနဲ့ အကျဉ်းသားမသိနိုင်တဲ့ ကိစ္စတွေပေါက်ကြားမှုဖြစ်နေရတာကို အကျဉ်းဦးစီးဌာန အထက်လူကြီးမင်းများ သိရှိနိုင်ရန် နိုင်ငံသားတစ်ဦးရဲ့တာဝန်အဖြစ်ခံယူပြီးတော့ ရေးသားပြလိုက်တာ ဖြစ်ပါတယ်။

ယခုလို အဖြစ်မှန်များကို ရေးသားသူကို ဌာနတာဝန်ရှိသူများက အမုန်းအငြိုးမထားဘဲ နောက်ထပ်ခန့်အပ်မယ့် စေတနာထား အလုပ်လုပ်ကြမယ့် ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ရာမှာ မှတ်သားသင့်တဲ့ အကျဉ်းထောင်များအတွင်းက ဖြစ်ရပ်မှန်များကို သင်ခန်းစာအဖြစ် ပေးသင့်ပါတယ်ဗျာ။ နောက်ရှိပါသေးတယ် အများကြီးပါ။ ဖြစ်ရပ်မှန်သင်ခန်းစာယူသင့်တဲ့ ပြန်ပြောပြသင့်တဲ့ ကိစ္စများလောက်သာ ရွေးချယ်တင်ပြထားတာပါ။ ဒါကို မိမိကို ထိခိုက်တယ်လို့ ထင်မြင်ပြီး ပြဿနာရှာဖို့ စဉ်းစားကောင်း စဉ်းစားနိုင်ပါတယ်။ သတ္တိကောင်းရင် ခံရဲရင်တော့ လုပ်လိုက်ကြပါ။ အဲဒီသူတွေ ပုဒ်မကြီးကြီး အပြစ်ကြီးကြီး ခံစားသွားရမယ့် သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ ကျွန်တော်နဲ့ ကျွန်တော့်အသိုင်းအဝိုင်းမှာ ရှိပါတယ်။ အမျိုးမျိုးဆင်ခြင်သုံးသပ်ပြီးတော့ ဘယ်သူ့ကိုမျှ ဒုက္ခလည်း ပေးလိုစိတ်ကမရှိ။ ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ ကိုယ်နစ်နာခံစားခဲ့ရတာတွေကို ငါ့ရဲ့အတိတ်က အကုသိုလ်တရားတွေအတွက် အကြွေးဆပ်ခဲ့တာပဲလို့ ခံယူမျှသိပ်သည်းခံစိတ် မွေးထားတာပါ။ အခုရေးပြနေတာတွေက ကိုယ့်အတွက်မဟုတ်ပါဘဲ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ဂုဏ်သိက္ခာထိခိုက်နိုင်တဲ့ ဒီကိစ္စတွေ နောက်နောင် မကျူးလွန်မိကြရန် ခံရတဲ့သူများကိုလည်း ထပ်မခံစားစေချင်လို့ ဒီအဖြစ်မျိုးတွေ အနာဂတ်မှာ ထပ်မဖြစ်ဖို့ ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းနဲ့ပါဗျာ. . . ။

[ ၂၈ ]

သရက်အကျဉ်းထောင်ကို အင်းစိန်မှ ရန်ကုန်သားလူရည်လည်အကျဉ်းသားများနဲ့ (ထောင်လက်ကောက်)ခေါ် အကျဉ်းထောင်များကို တစ်ကြိမ်မျှမက ဝင်/ထွက်နေသူ အကျဉ်းသားများဟာ ၁၉၉၁ခုနှစ်ခန့်ကမှ စတင်ရောက်ရှိလာတာ ဖြစ်ပါတယ်ဗျာ။ အဲဒီတော့ ၁၉၉၁ခုနှစ်ခန့်ရဲ့ အရှေ့ပိုင်းကာလများမှာ သရက်ထောင်မှာ ဒေသခံများဖြစ်ကြတဲ့ အကျဉ်းထောင်ကို ပထမဦးဆုံးတစ်ကြိမ်တစ်ခါသာ ထောင်ကျဖူးသူ အခြား အကျဉ်းထောင်များကို မရောက်ရှိဘူးသူ။ အခြားအကျဉ်းထောင်များမှာ ဘယ်လိုကျွေးတယ်၊ ဘယ်လိုထားတယ်ဆိုတာမျိုးကို ဗဟုသုတမရှိကြသော ခပ်ရိုးရိုးအကျဉ်းသားများသာ ဖြစ်ကြပါတယ်။ ဒါကြောင့် အင်းစိန်ထောင်ပြောင်း အကျဉ်းသားတစ်ရာကျော်၊ သရက်ထောင်ကို ရောက်ရှိလာပြီးတဲ့နောက်ပိုင်းမှာ သရက်အကျဉ်းထောင်

အာဏာပိုင်များနဲ့ အင်းစိန်ထောင်ပြောင်း အကျဉ်းသားများကြား မှာ ပြဿနာများ အမြဲဖြစ်ပွားနေလေ့ရှိပါတယ်ဗျာ။ သရက်အကျဉ်း ထောင်အာဏာပိုင်များက ဒေသခံအကျဉ်းသားများကို ရပိုင်ခွင့် ရိက္ခာခွဲတမ်း/ အကျဉ်းထောင်ပုံစံအဝတ်အစား၊ ခြုံစောင်၊ ခေါင်း လိမ်းအုန်းဆီ၊ အဝတ်လျှော်ဆပ်ပြာ စတဲ့ပစ္စည်းများကို သတ်မှတ်စကေးအတိုင်း ထုတ်မပေးရုံမျှမက အချို့ပစ္စည်းများဆိုလျှင် ထုတ် ပေးရိုးထုံးစံပင် မရှိခဲ့ကြပါဘူး။ ဥပမာ အခြားအကျဉ်းထောင်တိုင်း မှာရှိနေတဲ့ အကျဉ်းသားလူမမာအတွက် ဆေးရုံထမင်းဟင်းချက် ဖိုကြီးဆိုတာ သရက်အကျဉ်းထောင်မှာ ကျွန်တော်သရက်အကျဉ်း ထောင်မှ လွတ်မြောက်လာချိန် ၁၃. ၁. ၂၀၁၂ နေ့အထိ မရှိခဲ့ပါ ဘူး။ ၁၉၉၁ခုနှစ် အရှေ့ပိုင်းများမှာတော့ အကျဉ်းသားလူမမာ အတွက် အထူးရိက္ခာ ခွဲတမ်းဆိုတာ မရှိဘူးလို့ သိရပါတယ်။

ကျွန်တော့်ကို သာယာဝတီထောင်က သရက်ထောင်ကို ပြောင်းရွှေ့ပြီး နောက်ပိုင်းကာလများကျမှ အင်းစိန်ထောင်ပြောင်း များပူညံပူညံအသံထွက်လာတော့မှပဲ အကျဉ်းသားလူမမာအတွက် ဆေးရုံထမင်းဟင်းချက် မီးဖိုကြီးမရှိတဲ့ကိစ္စကို မသိချင်ယောင် ဆောင်ပြီးတော့ လူမမာစာကြက်ဥကို ထောင်မကြီးဘက်က ထမင်း ဟင်းချက်မီးဖိုကြီးမှာ ပြုတ်ပြီးတော့ ပေးပါတယ်။ ကျွန်တော်ထောင် မပြောင်းခင်နေခဲ့ရတဲ့ အင်းစိန်ထောင်၊ သာယာဝတီထောင်များမှာ အကျဉ်းသားအားလုံးအတွက် မီးဖိုကြီးတစ်လုံးသာမကဘဲ လူမမာ နဲ့ နာလန်ထအကျဉ်းသားများအတွက် ဆေးရုံဝင်းအတွင်းမှာပဲ ဆေးရုံထမင်းဟင်းချက်ပြုတ်သော ဆေးရုံမီးဖိုကြီးများရှိပါတယ်။ အင်းစိန်ထောင်ဆိုရင် နေ့စဉ်လူမမာ အကျဉ်းသားများအတွက် နလန်ထလူမမာများအတွက် ဆရာဝန်သတ်မှတ်ပေးသလို ရရှိနေ

ကြ၊ ခံစားနေကြ၊ အကျဉ်းသားရိက္ခာများထဲမှာ ကြက်သား၊ အမဲသား၊ ငါး၊ ပဲ၊ နွားနို့၊ သကြား၊ ပေါင်မုန့်၊ ဆန်ဖြူချက်ထမင်း (နေကောင်းတဲ့ အကျဉ်းသားအားလုံးအတွက်ကတော့ ပေါင်း ထမင်းပါ) နို့ဆန်ပြုတ်၊ အသားဆန်ပြုတ်စတာတွေကို ပါဝင်ပါ တယ်။ သာယာဝတီထောင် ဆေးရုံမီးဖိုကြီးမှာတော့ အမဲသား၊ ငါး၊ ကြက်ဥ၊ နွားနို့၊ နို့ဆန်ပြုတ်များကို အကျဉ်းသား လူမမာများ ကို ထုတ်ပေးပါတယ်။ တစ်ခုက အင်းစိန်ထောင်၊ သာယာဝတီ ထောင်နဲ့ အချို့အကျဉ်းထောင်များတွင် ဆေးရုံထမင်းဟင်းရိက္ခာ ကို မကျန်းမမာဖြစ်မနေသူ သေဒဏ်ကျအကျဉ်းသား(ကြိုးသမား) အားလုံးအတွက် အကျဉ်းထောင်လက်စွဲဥပဒေအရ နေ့စဉ်ခွဲတမ်း ထုတ်ပေးပါတယ်ဗျာ။ သရက်အကျဉ်းထောင်က သေဒဏ်ကျ အကျဉ်းသားများကတော့ အများစားနေတဲ့ ထမင်းနဲ့ကြက်ဥသာ ရပါတယ်။ ဒါတောင် ပထမပိုင်း (ICRC အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ)အကျဉ်းထောင်များကို ဝင်ရောက်မလေ့လာ ခင်က သရက်ထောင်က သေဒဏ်ကျ အကျဉ်းသားများ ကြက်ဥ တောင် မရပါဘူးဗျာ။ ဒါပေမဲ့ တာဝန်ရှိသူတွေ အခုစာရင်းသွား စစ်ရင်တော့ အဲဒီခေတ် သေဒဏ်ကျခံ အကျဉ်းသားရိက္ခာစာရင်း မှာ ရိက္ခာအမယ်စုံ ထုတ်ပေးထားတာကို ကြိမ်းသေပေါက်တွေ့ရ မှာပါ။ လက်တွေ့မှာတော့ ကြက်ဥတစ်မျိုးကိုသာ ရပါတယ်ဗျာ။ သရက်အကျဉ်းထောင်မှာ ထောင်ပုံစံ အဝတ်အစားကိစ္စကလည်း ပြောစရာ ရှိပါတယ်ဗျာ။ အကျဉ်းသားထောင်ကျခါစမှာသာ တစ်စုံစီထုတ်ပေးပါတယ်။ နောက်ပိုင်းမှာ ပုဒ်မ(၅ည)တွေကိုတော့ ၆လတစ်စုံ ပြန်လဲပေးပါတယ်။ ကျန်အကျဉ်းသားများကို တစ်နှစ် ကျော်မှ တစ်စုံလောက်ပဲ လဲပေးပါတယ်။ တစ်နှစ်ကျော်ခန့်နဲ့

လွတ်မြောက်သွားသူ အကျဉ်းသားများအတွက် အကျဉ်းထောင်က အနည်းဆုံးတစ်စုံ မြတ်တာပေ့ါနော်။ နောက်ပြီးတော့ သရက် အကျဉ်းထောင်မှာ အရမ်းချမ်းအေးလာမှ ခြုံစောင်ကို အပိုင်မပေး ဘဲ ထုတ်ငှားပါတယ်ဗျာ။ အချမ်းပေ့ါလာရင် အကျဉ်းထောင်က ပြန်သိမ်းပါတယ်။ အဝတ်လျှော်ဆပ်ပြာကတော့ ရွှေဝါအစစ် မဟုတ်တဲ့ ရွှေဝါပုံစံ တံဆိပ်အတုကို အခြားအကျဉ်းထောင်များမှာ အကျဉ်းသားတစ်ဦးအတွက် ဆပ်ပြာတောင့်ရဲ့ လေးပုံတစ်ပုံကို ထုတ်ပေးနေချိန်မှာ သရက်အကျဉ်းထောင်က ရှစ်ပုံတစ်ပုံကိုသာ ထုတ်ပေးပါတယ်။ ဒါတောင်အမြဲမရပါဘူး။ ရန်ကုန်အကျဉ်းဦးစီး ဌာန ရုံးချုပ်ကို ဆပ်ပြာအပါအဝင် အချို့ရိက္ခာများကို သရက် အကျဉ်းထောင်က မကြာခဏ သွားရောက်ထုတ်ယူရပါတယ်။ ဆပ်ပြာ ပုံမှန်မရတာက ရုံးချုပ်ကိုမသွားအားလို့ပါတဲ့။ တစ်ခါ တလေ ၂လလောက်တောင် ကြာသွားတယ် ဆပ်ပြာမရပါဘူး။ ပြန်ထုတ်ပေးချိန်မှာလည်း မရရှိတဲ့ကာလ ကြွေးကျန်များကို အရှုံးကွက် နင်းပြီးတော့ ပြန်ထုတ်ပေးလေ့မရှိပါဘူးဗျာ။ ဒါကြောင့် သရက်အကျဉ်းထောင်မှာ ဆပ်ပြာကိစ္စမှာ အာဇာနည်ပေါ်ဖူးတာ ကို သတိရလို့ မှတ်တမ်းတင်ပေးရပါဦးမယ်။

ကျွန်တော်တို့ ထောင်က မလွတ်မြောက်ခင်အထိ ရရှိခဲ့တဲ့ ရွှေဝါဆပ်ပြာလေးပုံတစ်ပုံဟာ အခု ဖော်ပြမှတ်တမ်းတင်ပေး မယ့်သူလေးဦးကြောင့် ရတာပါဗျာ။ အဲဒီအရင်က ရှစ်ပုံတစ်ပုံ ကိုသာ ရရှိပါတယ်။ သရက်အကျဉ်းထောင်ကို အင်းစိန်က ထောင် ပြောင်းတွေထဲမှာ ပုဒ်မ(၅ည)ကျောင်းသားတွေ ခေါင်းဆောင်တွေ ပါဝင်ပါတယ်။ (တိုက်ခန်းများနဲ့အိပ်ဆောင် ၁ဆောင်မှာထားပါ တယ်။ ရောက်ကာစက သရက်အကျဉ်းထောင်ရဲ့ ထုတ်ပေးနေကြ

ရိုက္ခာခွဲတမ်းများအတွက် အင်းစိန်ထောင်ပြောင်းအကျဉ်းသား များနဲ့ အုပ်ချုပ်သူအာဏာပိုင်များအကြားမှာ ပြဿနာအမြဲတက်ပါ တယ်။ အခုလည်း ခြိုးခြံချွေတာသုံးစွဲရင်တောင် မဖြစ်နိုင်တဲ့ ရွှေဝါ ဆပ်ပြာ အတုရှစ်ပုံတစ်ပုံကို ခေါင်းငုံ့ခံနေရတာ ကြာနေပြီဖြစ်တဲ့ အတွက် သရက်အကျဉ်းထောင်ရောက် ပုဒ်မ(၅ည) အကျဉ်းသား များဖြစ်ကြတဲ့ ကိုအောင်ဒင်(ယခုဂျပန်)၊ ကိုနိုင်မွန်(ယခင်ကထိက)၊ ကိုသားညိုဦး(ယခုVOA)၊ ကိုဇော်မင်း(ခေါ်) ကိုဗိုတို(အုတ်ဖို) တို့က ၁ ဆောင်မှာရှိတဲ့အကျဉ်းသားများကို စည်းရုံးပြီးတော့ ရွှေဝါ ဆပ်ပြာလေးပုံတစ်ပုံ ဖြစ်ရေးကို ဆန္ဒဖော်ထုတ်တင်ပြကြပါတယ်။ ဒီကိစ္စသူတို့ဘက်က အမှားထင်ထင်ကြီးကို သရက်အကျဉ်းထောင် အာဏာပိုင်များက နည်းပရိယာယ် အပြည့်နဲ့ဖြေရှင်းသွားတာဗျာ- ကိုအောင်ဒင်၊ ကိုနိုင်မွန်၊ ကိုသားညိုဦး၊ ကိုဗိုတိုတို့လေးဦးမှာ ကားနေအောင်ဒုက္ခရောက်ပါတော့တယ်ဗျာ။ သရက်အကျဉ်း ထောင်အာဏာပိုင်များက ဘယ်လိုရှင်းလိုက်သလဲဆိုတော့ "ဒီလို ပါဗျာ"။ ကိုအောင်ဒင်၊ ကိုနိုင်မွန်၊ ကိုသာညိုဦး၊ ကိုဗိုတိုတို့လေးဦး ကို ကျွန်တော်နေတဲ့ (လေး)တိုက်ကိုခေါ်လာပြီးတော့ တိုက်ပိတ် လိုက်ပါတယ်။ နောက်လိုက်နောက်ပါ ၁ဆောင်က အကျဉ်းသား များကို ၃ တိုက်မှာခွဲပြီး တိုက်ပိတ်လိုက်ပါတယ်။ သူတို့ကို ပထမ ဘာမျှမပြောမလုပ်သေးဘူး။ အဆောင်မှာ ကျန်သူတွေကိုငြိမ်သွား အောင် ရွှေဝါအတု ရှစ်ပုံတစ်ပုံပေးနေတာကို လေးပုံတစ်ပုံ ပြန်ထုတ်ပေးလိုက်ပါတယ်။ သုံးရက်ကြာတော့မှ စိတ်ခေတ်နည်း နည်းကျလာပြီဖြစ်တဲ့ ၃ တိုက်မှာ တိုက်ပိတ်ထားသူ နောက်လိုက် နောက်ပါများကို အာဏာပိုင်တွေက လာပြောတယ် "အေး မင်းတို့ ဘာမျှနားမလည် ဘုမသိဘမသိ ပါလာကြတာ။ ငါတို့သိနေ

တယ်။ အဆောင်မှာ အာမချောင်ဘဲ အေးအေးဆေးဆေးနေပ့ါမယ်လို့ ဝန်ခံရင် အခုတိုက်ထဲက ပြန်ထုတ်ပေးမယ်”လို့ ပြောပြီး ၃ တိုက်မှာတိုက်ပိတ်ထားသူအားလုံးကို ၁ ဆောင်ကို ပြန်ပို့ပေးလိုက်ပါတယ်ဗျာ။

ကျွန်တော်တို့(လေး)တိုက်မှာ ပို့ထားတဲ့ ကိုနိုင်မွန်၊ ကိုအောင်ဒင်၊ ကိုသားညိုဦး၊ ကိုဗိုတိုတို့လေးဦးကိုတော့ ဘာမျှမလုပ်သေးဘူးဗျ။ ဒီလိုနဲ့တစ်လလောက်ရှိတော့မှ အာဏာပိုင်တွေရဲ့ ညစ်ပတ်စုတ်ပဲ့တဲ့အကြံအစည်က ပေါ်လာတယ်လေ။ အကျဉ်းဦးစီးဌာနရုံးချုပ် ညွှန်ကြားရေးမှူးရုံးကို သရက်ထောင်ပိုင်က အစီရင်ခံစာတင်ပါတယ်။ အင်းစိန်ထောင်မှ ပြောင်းရွှေ့ပေးလိုက်သော ဆိုးသွမ်း(၅ည)များဖြစ်ကြတဲ့ အောင်ဒင်၊ နိုင်မွန်၊ သာညိုဦး၊ ဗိုတိုတို့လေးဦးဟာ သရက်အကျဉ်းထောင် လုံခြုံရေးပျက်ပြားစေရန် အကြံအစည်ဖြင့် နောက်လိုက်နောက်ပါများကို စည်းရုံးဟောပြောလှုံ့ဆော်နေကြခြင်းကို မိမိဘက်မှ အကျဉ်းသားသတင်းပေးများထံမှ ကြိုတင်သိရှိသတင်းရပါသဖြင့် မိမိတို့ဘက်မှ နိုးနိုးကြားကြား သတိထားကိုင်တွယ်၍မှန်ကန်စွာ ဖြေရှင်းပုံကြောင့် ၄င်းတို့အကြံအစည်များပျက်ပြားခဲ့ရပြီး ပြဿနာကို အေးချမ်းစွာ ထိန်းချုပ်ထားလိုက်နိုင်ပြီဖြစ်ကြောင်း သို့ပါ၍ အဆိုပါ ဆိုးသွမ်း(၅ည)၄ဦးကို မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ရမည်ကို သတင်းပို့ တင်ပြအပ်ပါသည်တဲ့ဗျာ။ ဆပ်ပြာသူခိုးများ လူပြန်ဟစ်ကြလိုက်ပုံကတော့ဗျာ။ ကိုအောင်ဒင်တို့လေးဦးရဲ့ ဘဝပျက်ပုံကတော့ အဲဒီမှာ ဇာတ်လမ်းစတော့တာပါပဲ။ ရုံးချုပ်က ကိုယ်တော်ကြီးများကလည်း အောက်ခြေက ပုဏ္ဏားဂုံးတိုက်တာကို မစဉ်းမစား မစစ်မဆေး တစ်ခါတည်းတန်းယုံကြည်လိုက်ပြီးတော့ အဲဒီဆပ်ပြာရှစ်ပုံတစ်ပုံ တိုက်ပွဲဝင်

ခေါင်းဆောင်လေးဦးကို ဝေးသီခေါင်ဖျား အကျဉ်းထောင်(လေး) ထောင်ကို တစ်ဦးစီခွဲပို့လိုက်ရန် ညွှန်ကြားချက်များ ထွက်လာပါတော့တယ်ဗျာ။ ဒါတောင် အဲဒီသူရဲကောင်း အများအကျိုးအတွက် ကိုယ်ကျိုးစွန့်လေးဦးက ထောင်ပြောင်းမထွက်သွားခင်မှာ ကျွန်တော်တို့ သရက်ထောင်မှာ ကျန်နေသူ အကျဉ်းသားအားလုံး ဒုက္ခလှလှရောက်မယ့် အဖြစ်က ကယ်တင်ပေးသွားပါသေးတယ်။ အဲဒီဇာတ်လမ်းကိုလည်း ထပ်ရေးပါဦးမယ်ဗျာ။ ကိုအောင်ဒင်(ဂျပန်)၊ ကိုနိုင်မွန်(ကထိက)၊ ကိုသားညွှန့်ဦး(VOA)၊ ကိုဖိုးတို(အုတ်ဖို) တို့လေးဦးကို ပခုက္ကူအကျဉ်းထောင်၊ မုံရွာအကျဉ်းထောင်၊ ကလေးအကျဉ်းထောင် စသည့်ထောင်များကို တစ်ဦးစီခွဲပို့လိုက်ပါတော့တယ်။ မကြာပါဘူး၊ မိသားစုကိုပါ သရက်အကျဉ်းထောင်က အာဏာပိုင်များက မညှာမတာ ဒုက္ခပေးကြပါတော့တယ်။

ဖြစ်ပုံကဒီလိုဗျ။ ကိုနိုင်မွန်(ကထိက)နဲ့ သရက်အကျဉ်းထောင်မှာ ရောက်နေတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းဇေယျက တစ်နယ်တည်းသား မွန်အမျိုးသားများပါ။ အဲဒီတော့ သရက်အကျဉ်းထောင်ကို သူတို့မိသားစုထောင်ဝင်စာကို အတူတူလာလေ့ရှိကြတယ်။ ဒါပေမယ့် ကိုမင်းဇေယျအိမ်က မပါဘဲ ကိုနိုင်မွန်ဇနီးတစ်ဦးတည်း သရက်ထောင်ကို ထောင်ဝင်စာ လာတွေ့ပါတယ်။ သရက်ထောင်မှာက ကိုနိုင်မွန်က မရှိတော့ဘူး။ အဝေးကြီးကို ပြောင်းရွှေ့ပစ်လိုက်ပြီလေ။ ဒါကို သရက်အကျဉ်းထောင်က အာဏာပိုင်များ အမိန့်နဲ့လျှို့ဝှက်ထားတယ်။ မရှိဘူးလို့မပြောဘဲ ထောင်ဝင်စာတွေ့ခွင့်ပိတ်ထားတယ်လို့ ကိုနိုင်မွန်ရဲ့ဇနီးကို ပြောလိုက်တော့ ကိုနိုင်မွန်ရဲ့ဇနီးခင်မျာ သူ့ခင်ပွန်းရှိသေးတယ်အထင်နဲ့ ဟိုးမွန်ပြည်နယ်ကနေ သရက်အကျဉ်းထောင်ကို ထပ်လာပါသေး

တယ်ဗျာ။ နောက်မှ ကိုမင်းဇေယျအိမ်က ထောင်ဝင်စာမှာ သရက်ထောင်အာဏာပိုင်တွေ စောင့်ကြည့်နေတဲ့အကြားက မွန်ဘာသာနဲ့ ပြောပြလိုက်လို့ ကိုနိုင်မွန်ရဲ့ဇနီးက သူ့ခင်ပွန်းကို ထောင်ဝင်စာတွေ့နိုင်ဖို့ကို သရက်ထောင်ကို မလာတော့ဘဲ သူ့ခင်ပွန်း ကိုနိုင်မွန်ရှိနေတဲ့ ကလေးထောင်လား၊ ပခုက္ကူထောင်လားတောင် မမှတ်မိတော့ပါဘူးဗျာ။ လိုက်သွားရပါတယ်။ အဲဒီမှာလည်း ကိုနိုင်မွန်ရဲ့ဇနီးကို ဆက်လက်နှိပ်စက်ကြပါသေးတယ်ဗျာ။ စာရွက်စာတမ်းအထောက်အထား မိသားစုဝင်ဖြစ်ကြောင်း ဘယ်ကထောက်ခံစာလိုသေးတယ် လျှောက်ပြောပြီးတော့ ကိုနိုင်မွန်နဲ့ သူ့ဇနီးကို ထောင်ဝင်စာညှိတွေ့ကို ပေးမတွေ့ပေးပါဘူး။ ဒါနဲ့ ကိုနိုင်မွန်ရဲ့ဇနီးက မွန်ပြည်နယ်ကို ပြန်ပြီးတော့ ရပ်ကွက်ကောင်စီထောက်ခံစာ ပြန်လုပ်ရတယ်။ နောက်တစ်ခေါက်ပြန်လာတယ်။ ဒါတောင်ရစ်လိုက်သေးတယ်တဲ့၊ ဘာ အထောက်အထားဆိုလည်း လိုသေးတယ်တဲ့။ ဒါပေမဲ့ ညည်းကိုသနားလို့ ထောင်ဝင်စာညှိတွေ့ကို ခွင့်ပြုလိုက်မယ်လို့ မတရားတဲ့ ကျေးဇူးကို ကြံဖန်အတင်ခံလိုက်သေးတယ်တဲ့။ နောက်ပိုင်း ဇာတ်လမ်းတွေက ကိုမင်းဇေယျအိမ်က ထောင်ဝင်စာလာတော့မှ ကိုနိုင်မွန်ဇနီးထံက ကြားလာတာတွေကို ပြန်ပြောလို့ သိရတာပါ။ ကျွန်တော်တို့မှာ အကျဉ်းထောင်ထဲမှာ ဖိနှိပ်နှိပ်ကွပ်နေသူတွေက ကျေးဇူးလည်း အတင်ခံချင်သေးတယ်ဗျ။ မသိရင် သူတော်ကောင်းကြီးတွေလိုပဲ။

## [ ၂၉ ]

စာရှုသူများခင်ဗျား။ ကျွန်တော်ရဲ့ ထောင်တွင်းဘဝ ၂၃နှစ် ပြည့်ရန် ၂ရက်အလိုနှင့် ထူးခြားသော ကိုယ်တွေ့မှတ်တမ်းများ ထဲမှာရေးထားတဲ့ အကျဉ်းဦးစီးဝန်ထမ်းများအကြောင်းက ကောင်း တဲ့ဝန်ထမ်းများအကြောင်းကလည်း ပါဝင်သင့်တယ်လို့ ခံယူပါ တယ်။ အကျဉ်းသားတစ်ဦးရဲ့ အုပ်ချုပ်သူဝန်ထမ်းအပေါ် အမြင် ဟာ ကောင်းနေတာဟာ အဲဒီဝန်ထမ်းက တကယ်ကောင်းလို့သာ အကောင်းမြင်တာ ဆိုတာကို သတိချပ်သင့်ပါတယ်ခင်ဗျား။ ပထမတင်ပြလိုတဲ့ ဝန်ထမ်းကတော့ သရက်ထောင်ကပါ ကိုဇင်ဒီ ထွန်းလို့ခေါ်ပါတယ်။ ချင်းအမျိုးသား၊ ခရစ်ယာန်ဘာသာဝင် တစ်ဦးပါ။ ကျွန်တော်နဲ့ ကြုံဆုံခဲ့ရစဉ်က သူ့အသက်ဟာ ၃၈နှစ် သားလောက်ပဲရှိဦးမှာပါခင်ဗျား။ ကိုဇင်ဒီထွန်းနဲ့ ကျွန်တော်စတင် သိကျွမ်းရစဉ်ကတည်းက သူဟာ စိတ်ထားနူးညံ့သူတစ်ဦးဖြစ် ကြောင်း မိဘဆရာသမားများက စနစ်တကျလေ့ကျင့်ပျိုးထောင် ထားခြင်းခံရဖူးသူ အမှန်တရားကို မြတ်နိုးသူတစ်ဦးဖြစ်ကြောင်း အကဲခတ်လို့ရခဲ့ပါတယ်။ ကျွန်တော်အကဲခတ်တာ မမှားခဲ့ကြောင်း

ကို နောက်တစ်နှစ်လောက်အကြာမှာ ကိုဇင်ဒီထွန်းက အလုပ်နဲ့ သက်သေပြသွားခဲ့ပါတယ်။ အဲဒီအချိန်ကတော့ ၁၉၉၃ခုနှစ် လောက်ကပါ သရက်အကျဉ်းထောင်မှာ တုတ်သံ ငိုကြွေး ညည်း ညူသံ တညံညံခေတ်ကပေါ့ဗျာ။ ကိုဇင်ဒီထွန်းက တာဝန်အရ အကျဉ်းသား ၁၀ဦးခန့်ကို အကျဉ်းထောင်ရဲ့အပြင်မှာ သတ်မှတ် ထားတဲ့အလုပ်များကို ခိုင်းစေရန် အပြင်ဘုတ်ထုတ်ပြီး အုပ်ချုပ်စေ ခိုင်းရပါတယ်။ တစ်နေ့တော့ သူထုတ်တဲ့အပြင်ဘုတ်က အကျဉ်း သားနှစ်ဦး စကားများကြပါတယ်။ ဒါကို ကိုဇင်ဒီထွန်းက ဘဝတူ အကျဉ်းသားချင်း စကားမများ၊ ရန်မဖြစ်ဖို့ အချင်းချင်း သည်းခံ ခွင့်လွှတ်ဖို့ မေတ္တာထားဖို့ ဖျောင်းဖျပြောဆိုပြီး ဖျန်ဖြေခဲ့ပါတယ်။ အဲဒီစကားများတဲ့ အကျဉ်းသားနှစ်ဦးကလည်း သူတို့ညီငယ် လောက်သာ ရှိသေးပြီးတော့ အခြားအကျဉ်းဦးစီးဝန်ထမ်းများလို တုတ်တရွယ်ရွယ်နဲ့ ဆဲဆိုကြိမ်းမောင်းခြင်း လုံးဝမပြုလုပ်ဘဲ စကားနဲ့ အေးအေးဆေးဆေး၊ ယဉ်ယဉ်ကျေးကျေး ပြောဆိုဖျန်ဖြေပေး နေသူ ကိုဇင်ဒီထွန်းကို အားနာလာဟန်နဲ့ သူတို့တင်းမာမှုကို ရပ်ဆိုင်းလိုက်ကြပါတယ်။ ဒါနဲ့ နေ့ခင်းထမင်းစားချိန်မှာ အပြင် ဘုတ် အချို့ထမင်းစားရန် ထောင်ထဲကို ပြန်သွင်းလာချိန်မှာတော့ ချမှတ်ထားတဲ့ စည်းကမ်းကို လေးစားလိုက်နာသူ ကိုဇင်ဒီထွန်းက ဘုတ်ကိုင်ဝန်ထမ်းအုပ်ချုပ်သူတစ်ဦးအနေဖြင့် ထူးခြားဖြစ်စဉ် ရှိလာခဲ့ရင် အထက်အရာရှိကို သတင်းပို့ရန် တာဝန်ရှိနေလို့ အပြင် ဘက်မှာ အကျဉ်းသားနှစ်ဦးစကားများခဲ့ကြောင်း၊ သို့သော် လက် မပါကြောင်း၊ မိမိမှဟန့်တားသည်ကိုလည်း နားထောင်ပြီး ကျေ အေးသွားပါကြောင်း စသည်ဖြင့် မိန်းဂျေးထောင်မှူးဦးခင်မောင် ဆွေကို သတင်းပို့လိုက်ပါတယ်ဗျာ။ ဒီမှာတင် အဲဒီမိန်းဂျေးထောင်

မှူးက ရှုံးရှုံးရှားရှားဖြစ်သွားပြီးတော့ ဒီလိုဆိုရင် အဲဒီကောင်နှစ်ယောက်ကို မင်းအပြစ်ပေးရမှာပေါ့။ တစ်ယောက်ကို ၅ချက်စီလောက် ရိုက်လိုက်ဖို့ အမိန့်ပေးပါတယ်ဗျာ။ ကိုဇင်ဒီထွန်းက ဘာပြန်ပြောသလဲဆိုတော့ ကျွန်တော့်ပြောစကားဆိုစကားကို နားမထောင်ဘဲ ကလန်ကဆန်လုပ်ခဲ့တာဆိုရင်တော့ ရိုက်သင့်ရင်ရိုက်ရမှာပေါ့။ အခု ကျွန်တော်ပြောစကားကိုလည်း နားထောင်ကြတယ်။ ပြီးတော့ စကားတင် အခြေအတင် များကြတာပါ လက်ပါပြီး သတ်ပုတ်ခဲ့တာလည်းမဟုတ်လို့ ကျွန်တော် ရိုက်နှက်ဖို့ မသင့်တော်ဘူးထင်ပါတယ်လို့ ပြန်သတင်းပို့တဲ့အခါမှာ မိန်းဂျေးထောင်မှူးက ပိုပြီး ဒေါကန်လာဟန်နဲ့ "ဟေ့ကောင် ဇင်ဒီထွန်း၊ ငါကရိုက်ဆိုရင် မင်းကရိုက်ဖို့ပဲရှိတယ်။ ကြားတယ်ကွာ၊ မင်းက သူတို့ကိုရိုက်မှာလား ငါကမင်းကို ရိုက်ရမှာလားဆိုတော့" ကိုဇင်ဒီထွန်းက "ကျွန်တာတော့ မိန်းဂျေးထောင်မှူး သဘောအတိုင်း လုပ်ပါကျွန်တော်ကတော့ မတရားရိုက်တာ ဝါသနာမပါဘူး။ ကျွန်တော့်ကို ရိုက်မှာကြောက်လို့လည်း သူတို့ကို မရိုက်နိုင်ပါဘူး"ဆိုတော့ မိန်းဂျေးထောင်မှူး ဦးခင်မောင်ဆွေလည်း စိတ်ဆိုးဒေါကန်ပြီးတော့ ကိုဇင်ဒီထွန်းကို ကန်ကျောက်ရိုက်နှက်ပါတော့တယ်။ နောက်မှသူလွှန်နေမှန်းသိလာပြီးတော့ လှည့်ထွက်သွားပါတော့တယ်။ ကိုဇင်ဒီထွန်းလည်း အပြုံးမပျက်ဘဲ သူ့ကို အားနာဟန်ကြည့်နေကြတဲ့ သူ့အပြင်ဘုတ်သားတွေကို ခင်ဗျားတို့လည်း ကျွန်တော်မရှိရင် အချင်းချင်းသည်းခံကြပါဗျာ ဆိုပြီးတော့ တံခါးကြီးထဲ ပြန်ဝင်လာပါတယ်။ အားနေတဲ့နေရာတစ်ခုမှာထိုင်ပြီး သရက်အကျဉ်းထောင်ဝန်ထမ်းအဖြစ်က မိမိသဘော ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုပါရန်ဆိုတဲ့စာကို ထိုင်ရေးခဲ့ပါတယ်။ နေ့လယ် ၂နာရီ

ထောင်ပိုင်ရုံးတက်ချိန်မှာ ထောင်ပိုင်ကို တွေ့ခွင့်တောင်းပြီး နုတ်ထွက်လိုကြောင်း လျှောက်လွှာတင်ခဲ့ပါတယ်။ (အဲဒီခေတ်က အကျဉ်းဦးစီးဝန်ထမ်းတစ်ဦး နှစ်မစေ့ခင် နုတ်ထွက်လိုပါက ငွေ ၃၀၀၀ ကျပ် ပေးလျော်ရမှာဖြစ်လို့ သူ့နုတ်ထွက်ခွင့်တောင်းစာမှာ သတ်မှတ်ထားသော လျော်ကြေးငွေကိုလည်း အပြည့်အဝပေးသွင်းမည်ဖြစ်ကြောင်း တစ်ခါတည်း ထည့်ရေးထားတယ်လို့ သိရပါတယ်ဗျာ။

ကိုဇင်ဒီထွန်းရေ။ ခင်ဗျားအကြောင်း ကျွန်တော်က လူသိရှင်ကြားထုတ်ဖော်ရေးသားလို့ ခင်ဗျားက မကြိုက်မနှစ်သက်လို့ အပြစ်တင်ရင် ကျွန်တော်က တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်ရည်ရွယ်ချက်က မြန်မာနိုင်ငံအစိုးရဝန်ထမ်းလောကမှာ ခင်ဗျားလိုဝန်ထမ်းမျိုးတွေ လိုအပ်နေလို့ ကျွန်တော်ဂုဏ်ပြုရေးသားမိတာပါဗျာ ခွင့်လွှတ်ပါနော်။

ကိုဇင်ဒီထွန်းလည်း အကျဉ်းထောင်ဝန်ထမ်းအဖြစ်က နုတ်ထွက်ပြီးတော့ ၁၀တန်းအောင်သွားတယ် ကြားရပါတယ်။ သူကိုးကွယ်ယုံကြည်ရာ ခရစ်ယာန်တရားဟောဆရာဖြစ် သင်တန်းတက်ပြီးတော့ ကျွန်တော်ထောင်က လွတ်ခါနီးချိန်မှာ သရက်မြို့ပြည်တော်အေးရပ်ကွက်မှာလားမသိဘူး၊ ခရစ်ယာန်သင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်နေတယ်။ ဇနီး၊ သားသမီးများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်လျက်ရှိပါကြောင်း ကြားသိရပါတယ်ခင်ဗျား။

နောက် ကျွန်တော်ရေးသားဂုဏ်ပြုလိုသူ သရက်အကျဉ်းထောင်က အစိုးရဝန်ထမ်းတစ်ဦးကတော့ အရာရှိဖြစ်ပါတယ်ဗျာ။ ကျွန်တော်ထောင်က လွတ်ခါနီးတော့ သူက နှစ်ပွင့်လား၊ သုံးပွင့်လား ဖြစ်နေပါပြီ။ သူ့ဇနီးနာမည်က မဝါတဲ့။ သူ့နာမည်က ဦးခင်

မောင်ထွန်းပါ။ အရပ်ခပ်ပြတ်ပြတ်လုံးလုံးနဲ့ အမြဲပြုံးနေတတ်ပြီး အားကစားလိုက်စားသူတစ်ဦး ဖြစ်ပါတယ်ဗျာ။ ကျွန်တော့်အပေါ် ကောင်းလို့ ကောင်းတယ်ပြောတာမဟုတ်ရပါဘူးဗျာ။ သရက် အကျဉ်းထောင်က အကျဉ်းသားအားလုံးက ဦးခင်မောင်ထွန်းက စိတ်သဘောကောင်းတယ်လို့ ပြောလိုတာမဟုတ်ပါဘူးဗျာ၊ စိတ်ထားမွန်မြတ်တာပါ။ သာမန်အားဖြင့်တော့ မိမိလက်အောက်က အကျဉ်းသားတွေကို မဆဲမဆို မရိုက်နှက်ရင် သဘောကောင်းတယ်လို့ ပြောရမှာပေါ့ဗျာ။ ဦးခင်မောင်ထွန်းကောင်းပုံက တစ်မျိုးခင်ဗျ၊ သူက အကျဉ်းသားအားလုံးရဲ့အပေါ်မှာ စေတနာထားဆက်ဆံတာမျိုး၊ ဂရုတစိုက်လုပ်ပေးတတ်တာမျိုးပါ။ သူ့အလုပ်ဌာနအပေါ်မှာလည်း သစ္စာစောင့်သိတာကို တစ်ကွက်နှစ်ကွက်မက မြင်ဖူးကြားဖူးတယ်ဗျာ။ အလုပ်ခွင်ကိစ္စတွေမှာလည်း ကျွမ်းကျင်နိုင်နင်းတာ တွေ့ရပါတယ်။ သူအလုပ်ကြီးထောင်မှူးဖြစ်တော့ သူ့လက်အောက်မှာ ထောင်တွင်းရက်ကန်းစင်များ၊ ပရိဘောဂ လက်သမားဆိုက်များ၊ ဆီစက်များ စိုက်ပျိုးရေးများ ရှိပါတယ်။ အလုပ်ကြီးဆင်းတဲ့ အကျဉ်းသားကလည်း ၅၀ကျော် တစ်ခါတစ်ရံ ၁၀၀နီးပါးကို နံနက်တိုင်း မိန့်ခွန်းချွေလေ့ရှိပါတယ်။ ပြောလိုက်ရင်လည်း မှတ်သားစရာချည်းပါပဲဗျာ။ သူပြောလေ့ရှိတာက ဘာတဲ့ "ကျွန်တော်အလုပ်ကြီးဆင်း လက်သမားဆရာတွေကို တစ်ခုပြောချင်ပါတယ်တဲ့။ အဲဒါကတော့ ထောင်ကျနေလို့သာ ထောင်ကခိုင်းတာ လုပ်နေရတာပါ။ အမြဲစိတ်ပါလက်ပါလုပ်ရအောင်ကလည်း လက်ရာကောင်းလို့ ပိုက်ဆံကရမှာ မဟုတ်တော့ လူပီပီဖြစ်ကတတ်ဆန်းလုပ်ကြမှာကို ကျွန်တော်စိုးရိမ်ပါတယ်တဲ့။ ဒီတပစ္စည်းတွေ အရည်အသွေးညံ့မှာကို ကျွန်တော် ဒီလောက်

စိုးရိမ်တာမဟုတ်ပါဘူး။ ခင်ဗျားတို့ဖြစ်ကတတ်ဆန်းလုပ်တဲ့ အကျင့် အပြင်ကိုပြန်ပါသွားရင် ခင်ဗျားတို့ ကြီးပွားတော့မှာ မဟုတ်လို့ပါ။ အဲဒီတော့ ဘယ်သူ့ဟာကို လုပ်ပေးရလုပ်ပေးရ ကုန်ကုန်ပြော မယ်ဗျာ၊ မှန်းနေသူအတွက် လုပ်ပေးရရင်တောင် ကိုယ့်အရည် အချင်းကို အပျက်မခံဘဲ စေတနာထားလုပ်ပေးရင် ခင်ဗျားတို့ အရည်အသွေးမကျသွားဘူးပေါ့တဲ့။ ဦးခင်မောင်ထွန်းက အဲဒီလို လူမျိုးပါဗျာ။ အလုပ်ကြီးမှာ ရက်ကန်းရက်တဲ့ဌာန ရှိပါတယ်။ ရက်ကန်းသမားတွေက သူတို့ကို အုပ်ချုပ်သူကို လေးစားတော့ အလေအလွင့်နည်းအောင် အမြဲလုပ်ပေးကြပါတယ်။ အဲဒီတော့ ရက်ကန်းချည်ကော်တင်ဖို့ရန် ထုတ်ပေးတဲ့ဆန်ကို ခြိုးခြံချွေတာပြီး မကုန်သင့်တာမကုန်အောင် ဆောင်ရွက်ကြတော့ အခြားအရာရှိ များမှာ မကြုံဖူးတဲ့ဆန်ပမာဏပိုလျှံ ထွက်လာပါတယ်ဗျာ။ အခြား သူတွေလက်ထက်မျိုးမှာ အဲဒီလိုမျိုး ဆန်ပိုလာတာရှိရင် သူ့အိမ်ကို ပြန်သယ်သွားတတ်ကြပါတယ်။ ဦးခင်မောင်ထွန်းကတော့ သူ့ တပည့်ရင်းတွေကိုခေါ်ပြီး အခုလူအင်အားနဲ့ အခုပိုတဲ့ဆန် စား လောက်မလောက်ခေါ်မေးပြီးတော့ ရက်ချိန်းပေးပြီး အဲဒီဆန် ကို ထမင်းချက်ခိုင်းပါတယ်။ အဲဒီရက်ချိန်းနေ့မျိုးမှာ ဦးခင်မောင် ထွန်းရဲ့ ဇနီးမဝါက သူတို့တတ်နိုင်တဲ့ ငါးပေါက်စလေးများလို ဟင်းမျိုးကို ခရမ်းချဥ်သီး ငရုတ်သီးစပ်စပ်ချက်ပြီး ထောင်ထဲကို အိုးလိုက်ပို့ပေးပါတယ်။ အလုပ်ကြီးဆင်းများကို အချိန်စော တန်း ဖြုတ်စေပြီး သူယူလာတဲ့ အပြင်ကဟင်းနဲ့ ထောင်ထဲချက်တဲ့ ထမင်း နဲ့ အလုပ်ကြီးဆင်း အကျဉ်းသားများ နံကားအောင်စားပြီး ပိုနေ ရင်လည်း အိပ်ဆောင်က အသက်အရွယ်ကြီးရင့်သူများကို သူ ကိုယ်တိုင် တာဝန်ခံပြီး အလုပ်ကြီးကို ခေါ်ယူကျွေးမွေးပါသေး

တယ်ဗျာ။ သာဓုပါ ဦးခင်မောင်ထွန်းရယ်၊ သာဓု သာဓု။ ဒီလူက အစိုးရပစ္စည်းကိုလည်း တိတိကျကျ ကိုင်တွယ်ပါတယ်။ တစ်ခါက ခားပြတိုက်မှုနဲ့ ထောင်ကျနေသူ နှစ်ကြီးအကျဉ်းသားတစ်ဦးက ဦးခင်မောင်ထွန်းက အလုပ်ကြီးထောင်မှူးဆိုတော့ ပုဆိုးဝတ်စရာ မရှိလို့ လာအကူအညီတောင်းပါတယ်။ ဦးခင်မောင်ထွန်းက ညနေ ကျရင် လာခဲ့ပါရမယ်လို့ ပြောလိုက်ပါတယ်။ ဦးခင်မောင်ထွန်း လည်း နေ့ခင်းထမင်းစားချိန် အိမ်ကိုတန်းပြန်ပြီးတော့ အနားယူပါ တယ်။ ညနေခင်း ပြန်ဝင်လာတော့ မနက်ပိုင်းက ပုဆိုးလာတောင်း သူ အကျဉ်းသားက ချိန်းဆိုထားသလို ပြန်လာတဲ့အခါမှာလည်း “ကိုဟိုနင်း၊ ကျွန်တော်လည်း ခင်ဗျားကို စောင့်နေတာ” “ဟုတ်ကဲ့ပါ ဆရာ”ဆိုပြီး အဲဒီအကျဉ်းသားလဲ သူ့စားပွဲရှေ့ရောက်ရော သူ့ လက်ဆွဲအိတ်ထဲက ထုတ်ပေးတာက အိမ်ကယူလာတဲ့ သူမဝတ်ရ သေးတဲ့ အိမ်ကပုဆိုးဖြစ်နေပါတယ်။ လာတောင်းတဲ့အကျဉ်းသား ကလည်း အိုးတို့အန်းတန်းဖြစ်နေပြီးတော့ မယူရဲဘဲ “ဟာ ဆရာ ကလဲ ကျွန်တော်တောင်းတာက ဆရာ့ရက်ကန်းက အကျဉ်းသား ဝတ်တဲ့ ပုဆိုးပါဆရာ၊ ဒီလိုကောင်းတာမျိုးကို မပေးပါနဲ့ဆရာ” ဦးခင်မောင်ထွန်းက ဘာပြန်ပြောသလဲဆိုတော့ ဒီလိုဗျာ “ကိုဟို နင်း၊ ခင်ဗျားတောင်းတဲ့ပုဆိုးက ကောင်းတာမကောင်းတာထက် ဒါက အစိုးရပိုင် ပုဆိုးပါ။ ကျွန်တော်ပေးပိုင်ခွင့် မရှိပါဘူးဗျာ။ အခုပုဆိုးက ကျွန်တော့်အိမ်က ပုဆိုးဆိုတော့ ကျွန်တော်ပိုင်တယ် ကျွန်တော် ပေးလို့ရပါတယ်။ ဘာမှုမစဉ်းစားနေနဲ့ ယူသာသွားပြီး စိတ်ဖြောင့်ဖြောင့်ဝတ်ပါဗျာ။ သြော်-ပြောလိုက်ဦးမယ် ခင်ဗျားဖွက် ယူသွားစရာ မလိုဘူးနော်။ ဖြောင်ကိုင်သွား၊ အဲ့ဒါကျွန်တော့်ပုဆိုး။ ဘယ်သူ့မှ ကြောက်စရာမလိုပါဘူး။ လောကမှာ ဘယ်သူ့ကိုမှ

ကြောက်မနေရတဲ့ အလုပ်မျိုးတွေကို အနာဂတ်မှာ ခင်ဗျားတို့ကို လုပ်ကြစေချင် ပါတယ်ဗျာ”တဲ့. . .။ သာဓု သာဓု သာဓု. . .။ အခုလိုဖော်ထုတ် ရေးသားတာကို ဦးခင်မောင်ထွန်း ကျွန်တော့်ကို ခွင့်လွှတ်ပါနော်။ အလုပ်ကြီးက ထောင်မှူးဦးခင်မောင်ထွန်းရဲ့ စားပွဲအံဆွဲထဲမှာ အင်္ဂလိပ်ဆေးမျိုးစုံ ပရုပ်ဆီပတ်တီး အားလုံးရှိပါတယ်။ ဦးခင်မောင်ထွန်းက ထောင်မှူးမဖြစ်ခင်က တပ်သားဘဝနဲ့ လားမသိ၊ ဆေးတပ်သားသင်တန်းတက်ဖူးတယ် ကြားဖူးတယ်။ ဆေးဝါးကို နားလည်ပါတယ်။ သူ့အလုပ်ကြီးက အကျဉ်းသားတွေ နေထိုင်မကောင်းရင် ဆေးဝါးမရှိတဲ့ထောင်ဆေးရုံကို မလွှတ်ဘူးလေ။ သူကိုယ်တိုင် မေးမြန်းစမ်းသပ်ပြီး အံဆွဲဖွင့် ဆေးတိုက်ပါသေးတယ်ဗျာ။

နောက်ထပ်အကျဉ်းဦးစီးဌာနက ဂုဏ်ပြုချင်တဲ့ ဝန်ထမ်းကတော့ ထောင်ပိုင်(တာဝန်ခံအရာရှိ တစ်ဦးပါဗျာ၊ နာမည်က ဦးအောင်နိုင်တဲ့ သူကထောင်ပိုင်ဆိုတော့ နီးနီးကပ်ကပ်နေရတာနည်းတော့ သိပ်များများတော့ ရေးစရာ မရှိပါဘူးဗျာ။ သူက အကျဉ်းသားကို နှိပ်စက်တာတစ်စက်မျှ မကြိုက်သူပါ။ သူပြောင်းလာပြီး တာဝန်ထမ်းဆောင်လာတာ နှစ်လကျော် သုံးလလောက် ရှိနေပြီ။ ရှာဖွေရေးမလုပ်ခိုင်းသေးလို့ တစ်နေ့အရာရှိတွေက ဆရာဒီနေ့ အကျဉ်းသားတွေကို ရှာဖွေရေးလုပ်ရမလားဆရာ မလုပ်တာလဲ ကြာနေပြီဆိုတော့ အဲဒီထောင်ပိုင်က စိတ်ဆိုးမာန်ဆိုး ဘာပြန်ပြောတယ် မှတ်သလဲဗျို့ “မင်းတို့ ငါပြောမယ် နားထောင်အထူးသတင်းတစ်ခုခုအရကလွဲပြီးတော့ အခုလို ရှာဖွေရေးလုပ်ပြီး အထဲက အကျဉ်းသားတွေကို သွားဒုက္ခမပေးကြနဲ့၊ ကိုယ့်ဝန်ထမ်းမကောင်းတာပါ။ အကျဉ်းသားမကောင်းတာ မဟုတ်ဘူးနော်။

တားမြစ်ထားတဲ့ ပစ္စည်းထောင်ထဲရောက်ဖို့ကို ဝန်ထမ်းက သယ်မလာဘဲ အကျဉ်းသားက ထွက်သယ်နေတာလားကွဟင်၊ အဲဒီတော့ ရှာဖွေရေးလုပ်ချင်ရင် ထောင်ထဲဝင်ထွက်နေတဲ့သူကိုရှာပါ။ ကုန်ကုန်ပြောမယ်ကွာ၊ တံခါးကြီးလုံခြုံရေးတွေ မင်းတို့ကို ငါအမိန့်ပေးတယ်။ ငါ့ကိုပါ ရှာဖွေရေးလုပ် ကျန်တဲ့သူတွေ အရာရှိတွေကိုလဲရှာ ဘယ်ကောင့်မှအားမနာနဲ့ ဒါအမိန့်ပဲတဲ့" ဦးအောင်နိုင် တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက်လုံး ကျွန်တော်တို့ အကျဉ်းသားတွေ အဟောသုခံ ချမ်းသာလေစွ၊ ရှာဖွေရေးလာမလုပ်တော့ ပစ္စည်းတွေလည်းမဖွ၊ အသိမ်းလည်းမခံရ၊ အပျောက်အရှုလည်းမရှိ ကောင်းလိုက်တာဗျာ။ ဒါပေမယ့် အဲဒီထောင်ပိုင်က ထောင်လှန့်တော့ အတော်လုပ်ပါတယ်။ ခဏခဏလုပ်ပါတယ်။ ကိုရွှေဝန်ထမ်းများ ဦးအောင်နိုင်လက်ထက်မှာ ဝတ်စုံပြည့်ဝတ်ဒိုင်းကိုင်တုတ်ကိုင်ပြီး ထောင်ကို အော်ဟစ်ညာသံပေးပြီး ပတ်ပတ်ပြေးနေကြတာ၊ ဟောဟဲ ဟောဟဲ ဟောဟဲ. . . နောက်တစ်ခုက ဦးအောင်နိုင်အားရင် အိတ်ဆောင်တွေထဲကို ဝင်ဝင်ထိုင်ပါတယ်။ အကျဉ်းသားတွေနဲ့ လက်ရည်တစ်ပြင်တည်း ထိုင်ပြီး ရေနွေးကြမ်းတစ်အိုးနဲ့ အားပေးစကားတွေပြောလိုက်၊ ရှေးဟောင်းနှောင်းဖြစ်ရယ်စရာမောစရာတွေ ပြောလိုက်နဲ့ တစ်မေ့တစ်မော နေထိုင်လေ့ရှိပါတယ်။ ပုံစံအော်ရင်လည်း အကြိုက်ဘူးဗျ။ အဲဒါ ငါလာနေတာကို မဟုတ်တာ လုပ်နေတဲ့ မင်းတို့အဖေအရာရှိတွေကို သတိပေးသံလိုပဲ ငါထင်တယ်ကွလို့ ပြောလေ့ရှိပါတယ်ဗျာ။ ဦးအောင်နိုင်အကျဉ်းဦးစီးဌာနက အနားယူသွားတာ စောလွန်းလို့ ကျွန်တော်တော့ နှမြောမိပါသဗျာ။

[ ၃၀ ]

ကျွန်တော် သရက်ထောင်မှာရှိနေတဲ့ ၁၉၉၉ခုနှစ်မှာ သရက်အကျဉ်းထောင်ကို ICRC (International committee of Red Cross) ကမ္ဘာ့ကြက်ခြေနီကော်မတီက လာရောက်လေ့လာစစ်ဆေးသွားခဲ့ပါတယ်ဗျာ။ ICRC လာမယ်လို့ သတင်းရကတည်းက သရက်အကျဉ်းထောင်မှာ ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေကြတာကို မြင်တွေ့နေရပါတယ်။ ကြီးကြီးကျယ်ကျယ် ပြင်ဆင်ဆောင်ရွက်တာကတော့ သရက်အကျဉ်းထောင်မှာ နဂိုက အကျဉ်းသားများ အိပ်စက်ရန်နေရာကို ကွန်ကရစ်၊ သမန်တလင်းပေါ်မှာသာ အိပ်စက်စေခဲ့တာပါ။ ဒါကို ထောင်ကထုတ်ပေးတဲ့ မလောက်မင ဖျာကြမ်းနည်းနည်းပါးပါးပေါ်မှာ တချို့ အကျဉ်းသားတွေက အိပ်ခဲ့ရပါတယ်။ နှစ်ကြီးအကျဉ်းသားတွေကတော့ မိမိအစီအစဉ်ဖြင့် မိမိကိုယ်တိုင် ရှာဖွေဖန်တီးထားတဲ့ ဂုန်လျှော်အိတ်ခွံများကို

ဖြန့်ခင်းပြီးတော့ အိပ်စက်ကြရပါတယ်ဗျာ။ အသက်ကြီးသူများအတွက် ကွန်ကရစ်ကြမ်းခင်းရဲ့ အအေးဓာတ်က ဆိုးဝါးလှပါတယ်။ တိုက်ခန်းများမှာရော၊ အိပ်ဆောင်များမှာပါ ဒီပုံစံအတိုင်းပါပဲဗျာ။ ဒါကို ICRC ကလာမယ်လို့ အထက်က အကြောင်းကြားစာရအပြီးမှာ သရက်ထောင်အိပ်ဆောင်များနဲ့ တိုက်ခန်းများမှာ သစ်သားကွပ်ပျစ်များ ပြုလုပ်ပေးခဲ့ပါတယ်။ သစ်ရောင်းသူများထံက စျေးပေါပေါနဲ့ရတဲ့ စျေးကွက်မဝင်တဲ့ သစ်အညံ့စားများကလည်း တစ်ချောင်းမှ ဖြောင့်ဖြောင့်ဖြူးဖြူး မပါပါဘူး။ ဒါကို အကျဉ်းသားလက်သမားဆရာများက တစ်ချောင်းခြင်း ရေဘော်ပြန်ထိုးပြီးတော့ ဂိုက်လို့ခေါ်တဲ့ ကိရိယာနဲ့ သစ်သားတစ်ချောင်းချင်းကို ဆွဲစိပြီးမှ သံရိုက်လို့ရပါတယ်။ ဒါပေမဲ့ ကြာတာပေါ့နော်။ အဲဒီအချိန်တုန်းက ထောင်ပိုင်က ICRC လာချိန်နီးနေလို့ အမြန်ပြီးချင်တယ်။ အကျဉ်းသားတွေကို ဖိဟောက်တယ်။ အကျဉ်းသား လက်သမားတွေက သစ်သားအကောင်းကို ကောက်လုပ်ရတာမဟုတ်တော့ ကြာတာပေါ့ဗျာ။ နားလည်သူအကျဉ်းသားက ထောင်ပိုင်ကြီး ဒီသစ်မျိုးနဲ့ ကြာကြာ မခံလောက်ပါဘူး။ သတင်းပို့တော့ ထောင်ပိုင်က နောက်တစ်နှစ်ခံရင် တော်ပြီလေ။ ရှေ့နှစ် ငါပြောင်းရတော့မှာပဲ။ ကောင်းရောဗျာ၊ နဂိုက အကျဉ်းသား အပေါ့အလေးစွန့်တဲ့ကိစ္စကို အိပ်ဆောင် အနောက်ပိုင်းမှာ စဉ့်အိုး၊ စဉ့်အင်တုံများနဲ့ ပြီးခဲ့ပါတယ်။ ICRC လာမယ်ဆိုတော့ ရေလောင်းအိမ်သာလုပ်ဖို့ စီစဉ်ပါတယ်။ ကျွန်တော့်လိုပဲ ရာသက်ပန် သံခြေကျဉ်းခတ်ထားတဲ့ အကျဉ်းသားအားလုံးကို သံခြေကျဉ်း ပြန်ဖြုတ်ပေးပါတယ်။ ထောင်အုပ်ချုပ်သူများက ကြံဖန်အသားယူကြပါသေးတယ်ဗျာ။ သူတို့က စေတနာထားပြီး ဖြုတ်ပေးတာဖြစ်ကြောင်း နားငြီးအောင် တတွတ်တွတ်

ပြောပြီးမှ ဖြုတ်ပေးတာပါ။ ရယ်ချင်လိုက်တာဗျာ။ တကယ်ဖြစ်တာက သူတို့အရာရှိအစည်းအဝေးမှာ တကယ်ပြောကြတာက “ဖြစ်နိုင်ရင် သံခြေကျဉ်းများကို မဖြုတ်ပေးသင့်ကြောင်းကိုသာ ဆွေးနွေးကြတာပါ၊ အပြင်ဘုတ်အကျဉ်းသားများကို သံခြေကျဉ်းမပါဘဲ အပြင်ကိုထုတ်ခိုင်းရင် သံခြေကျဉ်းခတ်ထားတဲ့ အခြေအနေမှာတောင် ထွက်ပြေးမှုတွေရှိနေတာ၊ အကုန်ထွက်ပြေးကုန်ကြမှာပေါ့လို့ ပြောဆိုနေကြတာကို ထောင်ထဲက အကျဉ်းသားတိုင်းက အကုန်ကြားသိပြီးသားပါဗျာ။ နောက်ပိုင်း သံခြေကျဉ်းဖြုတ်ပေးထားတဲ့ အပြင်ဘုတ်အကျဉ်းသားတွေ ထွက်ပြေးတဲ့နှုန်းတောင် နည်းလာတယ်။ အလုပ်ကြမ်းကို သံခြေကျဉ်းတန်းလန်းကြီးနဲ့ လုပ်ရလို့ စိတ်ညစ်နေရတဲ့ အကျဉ်းသားနဲ့ လွတ်လွတ်လပ်လပ်သွားလာပြီး အလုပ်ကြမ်းကို လုပ်နေရသူ စိတ်ချမ်းသာတာချင်း ဘယ်တူပါ့မလဲနော်။ တကယ်က ထွက်ပြေးကြသူ အကျဉ်းသားအများစုက စိတ်ညစ်ပြီး ပြေးကြတာဗျ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ (၁၁)နှစ်တိတိ အခတ်ထံထားရတဲ့ သံခြေကျဉ်းကို ဖြုတ်ပေးလိုက်တော့ တစ်လလောက် လမ်းမလျှောက်တတ်တော့ဘူးဗျာ။ ပေါ့တော့တော့ဖြစ်သလိုလို၊ ခြေထောက်ကိုစုပြီးတော့ လမ်းလျှောက်ရမလိုလို၊ ခြေထောက်ကိုကားပြီးတော့ပဲ လမ်းလျှောက်ရမလိုလိုဖြစ်နေရပါတယ်။ အကျဉ်းသားတွေကရော ဝန်ထမ်းတွေကပါ ကျွန်တော် သံခြေကျဉ်းပြုတ်သွားတာကို ဝမ်းသာကြပါတယ်။ ကျွန်တော်လမ်းလျှောက်တာကို ဝိုင်းကြည့်ရယ်မောကြပါတယ်။ ကျွန်တော့်ဇနီးနဲ့ သားသမီးများ ထောင်ဝင်စာ ဧည့်တွေ့လာကြတော့ ကျွန်တော့်ခြေထောက်ကို ကြည့်ပြီးတော့ ကျွန်တော့်ဇနီးမျက်နှာက ထိပေါက်သွားသလိုပါပဲဗျာ။ နောက် သရက်အကျဉ်းထောင်မှာ

ရှိနေတဲ့ ကလေးအကျဉ်းသားတွေကို မိတ္ထီလာကို ပြောင်းပို့ပါတယ်။

ဒီလိုနဲ့ သရက်အကျဉ်းထောင်မှာ ပြင်ဆင်ဆောင်ရွက်မှုတွေ လက်စသတ်ပြီး မကြာခင်မှာပဲ ICRC အဖွဲ့ ရောက်ရှိလာပါတော့တယ်ဗျာ။ သုံးရက်စစ်ဆေး ကြည့်ရှုသွားပါတယ်။ ဒါတောင် အချိန်မလောက်လို့ သူတို့ဆောင်ရွက်ချင်သလောက် ပြည့်ပြည့်စုံစုံ လုပ်မသွားရပါဘူးလို့ ပြန်ခါနီးနှုတ်ဆက်တော့ ပြောသွားပါသေးတယ်နော်။ ကျွန်တော်တို့ အကျဉ်းသားတွေ တအံ့တသြ ဖြစ်သွားရတာက အဲဒါပါပဲ။ အကျဉ်းထောင်များမှာ တကယ်တာဝန်ရှိပြီး နိုင်ငံတော်ရဲ့ လစာငွေကို ရယူစားသောက်နေကြသူတွေ လာရောက်စစ်ဆေးရင် သရက်မြို့ "တော်ဝင်ဂေါက်ကွင်း" (အင်္ဂလိပ်ခေတ်က မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဖွင့်လှစ်ထားလို့ နိုင်ငံတကာစာရင်းဂေါက်ကွင်းပါ။ နိုင်ငံခြားသားတစ်ဦးက သရက်ဂေါက်ကွင်းမှာ ဂေါက်ရိုက်ခဲ့ကြောင်း 'စိတံဆိပ်'နှိပ်သွားပြီးတော့ အင်္ဂလန်တော်ဝင် ဂေါက်ကွင်းမှာ အလိုအလျောက် အသင်းဝင်ခွင့်ရသွားတယ်လို့ အဆိုရှိပါတယ်)မှာ လာရောက်စစ်ဆေးသူများ ကနေ့တစ်ဝက် ဂေါက်ရိုက်နိုင်ကြပေမယ့် သရက်အကျဉ်းထောင်ကို ဝင်ရောက်စစ်ဆေးချိန်က ၁၅ မိနစ်ခန့်ဆိုတော့ဗျာ၊ ကျွန်တော်တို့တိုင်းပြည်အောက်ကျနောက်ကျနိုင်နေတာ သိပ်တော့ မဆန်းလှဘူးလို့ ထင်ပါတယ်ဗျာ။ ICRC အကျဉ်းထောင်ထဲကို ဝင်မယ့်မနက်ပိုင်းမှာ သရက်အကျဉ်းထောင်မှာ တာဝန်ချထားတဲ့ စစ်ထောက်လှမ်းရေးတစ်ဦးက ထောင်အရာရှိဝတ်စုံကိုဝတ်ပြီး ထောင်ထဲက လာစောင့်နေတာကို ထောင်ပိုင်နဲ့ အရာရှိတချို့က ပြောရသေးတယ်။ "ဆရာ-ဆရာ အဲဒီလိုဝတ်ထားတာကို အိပ်ဆောင်ကကောင်တွေ

မြင်တာတော့ ပြဿနာမရှိဘူး။ ပုဒ်မ (၅ည)တွေကမြင်ရင် ICRC ကို အင်္ဂလိပ်ဘာသာနဲ့ ပြောပြလိုက်ရင် ကျွန်တော်တို့ဌာနတော့ သွားပြီနော်”လို့ပြောပြီး အရပ်ဝတ်နဲ့ ပြန်လဲဝတ်ရတယ်လို့ အနားမှာ တံမြက်စည်းလှဲနေသူ အကျဉ်းသားတွေက မြင်တွေ့ကြားသိခဲ့ရ ပါသေးတယ်ဗျာ။ ထောင်ထဲမှာလည်း အဲဒီနေ့က ပျော်စရာကြီး ပေါ့ဗျာ၊ အလှူကြီးကျနေတာပဲဗျာ။ အိပ်ဆောင်နံပါတ်(၃)က (၁) ခန်းကို အကုန်ရှင်းလင်းပြီး တစ်ထောင်လုံးရဲ့ အကျဉ်းသားထမင်း စားဆောင်လုပ်ထားတာ၊ ထုံးတွေသုပ်ပြီးတော့ သန့်ပြန့်နေတာပါ ပဲဗျာ။ နောက်ပြီး နံရံတွေမှာ သဘော်ာဆေးအနီနဲ့ ရေးထားသေး တယ်။ ပြုံးနေတာပဲ။ “ထမင်းအဝစားပါ”တဲ့ဗျာ။ ထောင်ထဲရောက် နေသမျှ အချိန်အားလုံးမှာ အချိန်တိုင်းကြားနေရတာက ဟိုနား လည်း “ထမင်းမဝကြောင်း” ဒီနားလည်း “ထမင်းမဝကြောင်း” အကျဉ်းသားတွေ အခုမြင်နေရတာတွေက မျက်လှည့်ပြသလိုလို၊ နတ်ပြည်ရောက်သွားတာလိုလိုပါပဲဗျာ။ မှတ်မိသေးတယ်။ ICRC နဲ့ တစ်ပါတည်း ရန်ကုန်ကလိုက်ပါလာတဲ့ ဒုတိယညွှန်ကြားရေးမှူး ချုပ်က ကျွန်တော်တို့ ထမင်းစားနေတာကို ပြတင်းပေါက်က ရပ်ပြီး တော့ ပြောပါတယ်။ အားလုံးပဲ စားလို့သောက်လို့ အဆင်ပြေကြ ပါသလားတဲ့။ ပဲဟင်းရော ကောင်းရဲ့လား၊ မကောင်းရင် ကျွန်တော့် ကို တိုင်ပါ။ တစ်ခါတည်း အရေးယူလိုက်ပါမယ်တဲ့။ ကောင်းရော ဗျာ။ ကျွန်တော်ကတော့ အတွေ့အကြုံအရ “အင်း-သတိတော့ ထားရမယ်” ကျွန်တော်တို့ မြန်မာနိုင်ငံမှာက သိပ်ကောင်းပြနေ ရင်လည်း အန္တရာယ်အငွေ့အသက်က ပါလာတတ်တယ် မဟုတ် လားဗျာ။ ဒါပေမဲ့ တော်ပါသေးတယ်ဗျာ၊ အန္တရာယ်ပေးနိုင်တဲ့ အဖွဲ့ အစည်းကြီးတစ်ခုကလည်း ဖျက်သိမ်းခံရသလို ကမ္ဘာ့အခြေအနေ

မြန်မာ့အခြေအနေတွေကလည်း မထင်မှတ်သလို ပြောင်းလဲသွားလို့သာပေါ့ဗျာ။ ကဲ- ICRC ဝင်ရောက်လာတဲ့အကြောင်း ဆက်ရအောင်ဗျာ။

မနက်ပိုင်း ၈ နာရီလောက်မှာ ထောင်အာဏာပိုင်များလည်း သူတို့ ဝန်ထမ်းတစ်သက် မကြုံဘူးတဲ့ နိုင်ငံခြားသားတွေကလည်းလာ၊ မကြားဘူးတဲ့ ညွှန်ကြားချက်တွေကိုလည်းရ၊ မခိုင်းဘူးတာတွေ ခိုင်းနေတော့ မျက်စိတွေလယ်၊ အလုပ်တွေရှုပ်နေကြတာပေါ့ဗျာ။ အကျဉ်းထောင်အတွင်းမှာ ဧည့်သည်တွေ ကြည့်ရှုလိုတဲ့နေရာအားလုံးကို သော့ဖွင့်ပြရမယ်တဲ့။ ဒုတိယညွှန်ချုပ်ကိုယ်တိုင် ကွပ်ကဲနေတော့ ထောင်ပိုင်ကြီးအဆင့်လောက်ကလည်း မနေတတ်မထိုင်တတ်ဖြစ်ပြီးတော့ သူ့တပည့်တွေနဲ့ ဖျာပဲသယ်ရတော့မလို၊ တံမြက်စည်းပဲ လှဲရတော့မလိုပါပဲဗျာ။ အရာရှိငယ်တွေကဆိုရင်တော့ ဘာမှုမလုပ်မရှိဘဲ လူကြီးတွေရှေ့မှာ မျက်နှာလိုမျက်နှာရ ပြေးလွှားနေရတာကို မြင်တွေ့နေရတယ်။ အလုပ်မရှိလို့ရပ်နေရင်လည်း (ကျိန်းသေ)တယ်၊ အဆဲအဆိုခံရမှာ။ အဲဒီနေ့က ဘာမှအလုပ်မရှိတာက ကျွန်တော်တို့ အကျဉ်းသားတွေပါ။ ထိုင်ပြီးတန်းစီထားရပါတယ်။ အဲဒီလို ထိုင်ကြည့်နေရတော့ အခု ကျွန်တော်ပြောပြနေတာတွေကို အကျဉ်းသားတွေအားလုံးက မြင်နေကြရတယ်ဗျာ။ အကျဉ်းသားအားလုံးက ထောင်ထဲမှာနေထိုင်လာခဲ့တာတောက်လျှောက် ကြောက်ရွံ့ထိတ်လန့်ခဲ့ရတဲ့သူတွေက အိပ်ဆောင်အပြင်ဘက်မှာ အခုလို ဖြစ်ပျက်နေကြတာကို ဘယ်လိုသဘောပေါက်ရမယ်ကို မသိကြဘူးဗျာ။ ၈ နာရီထိုးလောက်မှာ အရပ်ထောင်ထောင်မောင်းမောင်း နိုင်ငံခြားသား၊ နိုင်ငံခြားသူ ၆ ဦး ၇ ဦးလောက် အိပ်ဆောင်ကို ဝင်လာကြပါတယ်။ ကျွန်တော်

တို့အဆောင်ကို ဝင်လာကြပြီးတော့ သံတိုင်အပြင်ဘက်ကနေ လက်ပြနှုတ်ဆက်ကြပါတယ်။ အကျဉ်းသားတွေက ပြန်နှုတ်မဆက်ရဲကြဘူးဗျ။ ဒီတော့မှ ညွှန်ကြားရေးမှူးက ထောင်ပိုင်ကို တိုးတိုးပြောလိုက်တော့ ထောင်ပိုင်အမိန့်နဲ့ အပြင်ဘက်က စောင့်ကြည့်နေသူဝန်ထမ်းများ ပျောက်ကွယ်သွားတော့ ICRC အဖွဲ့ဝင်တစ်ဦးက မပီမသ မြန်မာစကားနဲ့ သူ့ရင်ဘတ်မှာချိတ်ထားတဲ့ ICRCတံဆိပ်ကို ကိုင်ပြပြီးတော့ ရှင်းပြမိတ်ဆက်ပါတယ်။ "ချွန်ဒေါ် ICRC ကဘာ၊ ခင်းများသို့ကို ခူးညီမလို့ လာဘာဒယ်နော်။ မခြောက်ခြပါနဲ့၊ ချွန်းဒေါ် သို့ စားဂါးဖြောနိုင်ပါဒယ်။ ဒွှန်းဒေါ်သို့က ခင်များသို့ အခဲအခဲသွေဂို ကြားချင်ပါဒယ်"ဆိုပြီးတော့ အိပ်ဆောင်တံခါးကို ကိုယ်တိုင်ဖွင့်ပြီးတော့ ကျွန်တော်တို့ တန်းစီနေကြတဲ့ အခန်းထဲကို ဝင်လာပါတော့တယ်ဗျာ။ ဒီတော့မှ အကျဉ်းသားတွေလည်း အခြေအနေကို ရိပ်မိလာကြပြီးတော့ ဧည့်သည်များကို ကြိုဆိုတဲ့ အမူအရာအပြုံးများကို ပြုံးလာကြပါတော့တယ်။

နိုင်ငံခြားသား ဧည့်သည်က အကျဉ်းသားများကို ဆက်ပြီး ရှင်းပြတာက သူတို့ကို လွတ်လွတ်လပ်လပ် စကားပြောနိုင်ပါကြောင်း။ အခု သူတို့လာရောက်တာက အကျဉ်းထောင်အုပ်ချုပ်သူ အဆင့်လောက်ကခွင့်ပြုလို့ လာကြတာမဟုတ်ကြောင်း၊ ခင်ဗျားတို့နိုင်ငံကို အုပ်ချုပ်နေသူရဲ့ သဘောတူခွင့်ပြုချက်ဖြင့်လာတာဖြစ်လို့ မည်သူ့ကိုမျှ ကြောက်ရွံ့နေဖို့ မလိုအပ်ပါကြောင်း၊ သူတို့က ကျွန်တော်တို့ကို အကျဉ်းထောင်က လွတ်မြောက်အောင် မလုပ်ပေးနိုင်သော်လည်း ကျွန်တော်တို့ဖြစ်နေတဲ့ အခက်အခဲများ ပြေလည်ကောင်းမွန်သွားရန် နိုင်ငံအကြီးအကဲများကို တိုက်တွန်းတင်ပြပေးသွားမှာဖြစ်ကြောင်း၊ ဒါကြောင့် သူတို့ကို မကြောက်မရွံ့ ပွင့်ပွင့်

အကူအညီပေးရန် လိုအပ်ပါကြောင်း၊ သူတို့မှာလည်း နိုင်ငံတကာ အတွေ့အကြုံများ ရှိပါကြောင်း၊ အကျဉ်းသားများ သူတို့ပြန်ရင် ဒုက္ခမရောက်အောင် သတိထားပါကြောင်း၊ အကျဉ်းသားများပြောပြတဲ့ အခက်အခဲများကိုသာ မှတ်တမ်းတင်ရမှာဖြစ်ကြောင်း၊ "မောင်လှက ခေါင်မိုးက မိုးယိုပါတယ်လို့ပြောတယ်"လို့ မှတ်တမ်းမတင်ပါကြောင်း၊ မိုးယိုတာကိုပဲ မှတ်တမ်းတင်ရမယ်ဆိုတာ သူတို့အပြည့်အဝ နားလည်ပါကြောင်းဖြင့် အကျဉ်းသားများဘက်က အမှန်အတိုင်း ပြောဝံ့ဆိုဝံ့ရန် ရှင်းလင်းပြောပြပါတယ်ဗျာ။ နောက်ပိုင်း သူတို့မှာပါလာတဲ့ ကြက်ခြေနီ ဆရာဝန်ကြီးများအဖွဲ့ကလည်း အကျဉ်းသားများ ကျန်းမာရေးဆိုင်ရာများကို လိုက်လံစစ်ဆေးပါတယ်။ ရဲဘက်စခန်းမှာ ကျောက်ပိပြီး ခြေချောင်းကလေးများ ပြတ်သွားတဲ့ ဒဏ်ရာမကျက်သေးသူ အကျဉ်းသားကို သူတို့အကူအညီဖြင့် ဆေးကုပေးရန်၊ အင်းစိန်ထောင်ကိုပြောင်းဖို့ကို မှတ်တမ်းယူသွားပါတယ်။ နောက်တစ်လခန့်မှာ အဲဒီအကျဉ်းသားကို အင်းစိန်ထောင်ကို ပြောင်းရွှေ့ပေးလိုက်တာ သိလိုက်ရပါတယ်။

ICRC က နိုင်ငံခြားသားများကိုတော့ လက်ဖျားခါတယ်ဗျာ။ ထောင်ငပိဆိုတာက အရည်အသွေးညံ့ဖျင်းလွန်းတော့ အနံ့အသက်ကလည်း မကောင်း၊ အရောင်အဆင်းကလည်း ရွှံ့ပုပ်အရောင်လေ၊ ထောင်ဝန်ထမ်း/အရာရှိ/ထောင်ပိုင်များ မြည်းစမ်းဖို့ရန် နေနေသာသာ အချို့အကျဉ်းသားများတောင် အနံ့မခံနိုင်ကြလို့ မစားကြပါဘူး။ ဒါကို ICRC က စစ်ဆေးသူတွေက လက်ညှိုးနဲ့တို့ပြီး နမ်းကြည့်ကြတယ်။ ပါးစပ်ထဲထည့်ပြီး မြည်းကြည့်၊ အရသာခံကြည့်ကြပါတယ်။ သူတို့ကို စကားပြောချင်သူ အကျဉ်းသားတွေကိုလည်း တစ်ဦးချင်းစီကို ခေါ်ယူပြီး အကျဉ်းသားတွေရဲ့

ပြောကြားလိုတဲ့ စကားများကို စိတ်ရှည်လက်ရှည် နားထောင်ပေးကြပါတယ်ဗျာ။ ကျွန်တော်အပါအဝင် ICRC နဲ့ တွေ့ဆုံစကားပြောခဲ့သူတွေကို ထောင်က မှတ်ထားတယ်။ ICRC ပြန်ရင် အဲဒီကောင် သေပြီ စတဲ့ ကြိမ်းမောင်းသံတွေကလည်း အကျဉ်းထောင်ဝန်ထမ်းများကတစ်ဆင့် အကျဉ်းသားတွေကြားထဲကို ပျံ့နှံ့နေပါတယ်။

ဒါပေမဲ့ ICRC က သုံးရက်လေ့လာ စစ်ဆေးပြီး အပြန်မှာ ဒုတိယညွှန်ချုပ်က လိုက်မပြန်သေးဘဲ ဝန်ထမ်းအားလုံးကို အစည်းအဝေးခေါ်ပါတယ်ဗျာ။ ဒုတိယညွှန်ချုပ်က ဝန်ထမ်းတွေကို မှာကြားသွားတာထဲမှာ အဓိက စကားကတော့ ဒီလိုဗျ။ "မင်းတို့တစ်တွေ ငါပြန်သွားရင် ဘာသံမှ မကြားချင်ဘူး။ အခုလာသွားတဲ့သူတွေ ဆောင်ရွက်သွားတဲ့ဟာတွေက နိုင်ငံတော်အကြီးအကဲရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်သွားတာသာဖြစ်တယ်။ တကယ်လို့ ငါပြန်သွားလို့ ဘာသံညာသံ ထွက်လာရင် ကိုယ်ဖြစ်ကိုယ်ခံပဲနော်။ အထဲက အကျဉ်းသားတွေကိုလည်း ဘာမှ သွားလုပ်စရာမလိုဘူး နားလည်ကြလား"တဲ့။ ကျွန်တော်လည်း အဲဒီအစည်းအဝေးနားမှာ ဝေယျာဝစ္စလုပ်နေကြသူ အကျဉ်းသားတွေထံက အဲဒီအသံကို ကြားမိပါတယ်ဗျာ။ ICRC ပြန်သွားရင် ဒီကောင်တွေ သေမှာဆိုတဲ့ အသံတွေလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ ICRC လာရောက်လေ့လာစစ်ဆေးခဲ့စဉ်မှာ အကျဉ်းသားတွေအတွက် အလွန်အကျိုးရှိတဲ့ လုပ်ဆောင်ချက်တစ်ခု ရှိခဲ့ပါတယ်။ အဲဒါကတော့ အကြောင်းကြောင်းကြောင့် မိသားစုနဲ့ အဆက်အသွယ်ပြတ်တောက်နေတဲ့ အကျဉ်းသားများကို မိသားစုထံပေးစာများကို စနစ်တကျ ဖြတ်ပိုင်းပုံစံနဲ့ ရေးခိုင်းခဲ့ပါတယ်။ စာရွက်တစ်ဝက်က အကြောင်းကြားသူက

ရေးရန်နဲ့ ကျန်တစ်ဝက်က အကြောင်းကြားခံရသူက အကြောင်းပြန် စာရေးရန်ဖြစ်ပါတယ်။ အကျဉ်းထောင်ကတော့ ကောင်းကောင်း အလုပ်ရှုပ်သွားတာပေါ့ဗျာ။ မိသားစုထံ အကြောင်းကြားစာက ၂၀၀ ကျော် ရေးကြတယ်လေ။ ရေးတဲ့သူများက ရိုးရိုးသားသားရေးကြပေမယ့် အကျဉ်းထောင်ဘက်က ဆန်းပြားစွာနဲ့ အဲဒီမိသားစုထံ ပေးစာများကို စာတစ်စောင်ကို ကော်ပီသုံးစောင်လားမသိဘူး ကူးထားကြတယ်လေ။ ဘယ်လို ဌာနတွေကို ထပ်ခွဲပို့ကြမလဲတော့ မသိပါဘူးဗျာ။ ICRC နဲ့ ရေးလိုက်တဲ့ မိသားစုပေးစာများဟာ ၂၀ ရက်ခန့် ကျော်လာတော့ အကြောင်းပြန်စာများ စတင်ရောက်ရှိလာတာ တဖွဲဖွဲပါပဲဗျာ။ အထဲက အကျဉ်းသားတွေလည်းနှစ်ပေါင်းများစွာ အဆက်အသွယ်ပြတ်တောက်ခဲ့ရတဲ့ မိသားစုအကြောင်းအရာများကို ဖတ်ရှုကြရတော့ ဝမ်းသာတဲ့သူများကဝမ်းသာကြသလို ဝမ်းနည်းစရာ ဖတ်ကြရသူများကလည်း မျက်ရည်တဝဲဝဲပေါ့ဗျာ။ ဟုတ်ပါတယ်ဗျာ။ သူတို့တစ်တွေက တစ်သက်လုံးထောင်ထဲမှာ နေကြမှာမှ မဟုတ်တာပဲဗျာ။ ကိုယ့်မိသားစုရဲ့ သာကြောင်းမာကြောင်းကလေးကိုတော့ လူပီပီ သိရှိခံစားချင်ကြမှာပေါ့နော်။ ဒါကို ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မည်သူကမျှတားဆီးပိတ်ပင်ပိုင်ခွင့် မရှိပါဘူးဗျာ။ မိသားစုကိစ္စပြောရင်း သတိရလာတာတစ်ခုကတော့ သရက်အကျဉ်းထောင်မှာ KNU ကနေတိုက်ပွဲမှာ ဖမ်းမိပြီးတော့ သေဒဏ်ချခံထားရတဲ့ ကရင်အမျိုးသားဖထီး ၁၁ ဦးခန့်ရှိနေကြတယ်။ သူတို့က ၈၉ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်မှာ သေဒဏ်က တစ်သက်တစ်ကျွန်းကို ပြောင်းလဲခံစားနေကြတာပါ။ သူတို့မိသားစုအားလုံးလိုလိုက နယ်စပ်မှာနဲ့ ထိုင်းဒုက္ခသည်စခန်းများမှာ ကျန်ရစ်နေကြရှာပါတယ်။ အခု ICRC

က မိသားစုအကြောင်းကြားစာကို ရေးသားရန် အကျဉ်းသားများကို တိုက်တွန်းတဲ့အခါမှာ သူတို့ပဲ အကျိုးမဝင်သလို ယုံကြည်နေကြပြီးတော့ ကရင်အမျိုးသားဖထီးများက မိသားစုအကြောင်းကြားစာကို မရေးကြပါဘူးဗျာ။ ဒါကို ကျွန်တော်က ရိပ်မိသွားပြီးတော့ ဖထီးတို့ စာဘာဖြစ်လို့ မရေးကြတာလဲဗျာဆိုတော့ ဖထီးဆာထူးစောဆိုသူက ကျွန်တော်နဲ့ ခင်မင်သူတစ်ဦးဖြစ်နေတော့ "ကိုကျော်လီရယ်၊ ကျွန်တော့်မိသားစုက သူပုန်စခန်းမှာလား၊ ဒုက္ခသည်စခန်းမှာလား ဘယ်လိုစာက ရောက်မှာလဲပေါ့" သူက ရိုးရိုးတွေးတာပါ။ ကျွန်တော်က ရှင်းပြရပါတယ်။ "ဟာ-ဖထီးဆာထူးစောရယ် 'အ'ရန်ကောဗျာ။ ICRC ဆိုတာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုပါဗျာ။ စစ်ဖြစ်နေတဲ့နိုင်ငံချင်းမှာတောင် အကျဉ်းသားသုံ့ပန်းများရဲ့ မိသားစုပေးစာ၊ ပါဆယ်များကို မရောက်ရောက်အောင် သက်ဆိုင်ရာ အစိုးရများကို ညှိနှိုင်းဆောင်ရွက်ပြီး ပေးပို့နေကြတာတွေကို မကြားဘူးဖူးလားဗျာ၊ ရေးမှာသာရေးစမ်းပါ။ ကျွန်တော်တိုက်တွန်းပါတယ်"လို့ပြောမှ ကရင်အမျိုးသား ဖထီးဆာထူးစောလည်း မိသားစုအကြောင်းကြားစာကို ICRC မပြန်ခင် အမြန်ရေးပြီး ထည့်ပေးလိုက်ရပါတယ်။

မကြာလှပါဘူး။ ကျွန်တော် ကူညီစိုက်ပျိုးပေးလိုက်တဲ့ အပင်က ပန်းတစ်ပွင့် ပွင့်လာပါတော့တယ်ဗျာ။ ICRC ပြန်သွားပြီး နှစ်လလောက်အကြာမှာပါဗျာ။ ဒါတောင် သူပုန်တစ်ဦးရဲ့စာဖြစ်နေလို့ စစ်ဆေးရေး အထပ်ထပ်က စစ်ကြောပြီးမှ မိသားစုအကြောင်းပြန်စာအစစ်အမှန်ဖြစ်နေလို့ ဖထီးဆာထူးစောထံကို ပြန်စာကရောက်လာတာပါ။ စာပါအချက်များအရ သူ့မိသားစုဝင်များကထိုင်းနိုင်ငံ(အုန်းဖန်ဒုက္ခသည်စခန်း)မှာ ရှိနေကြပါတယ်။ ဖထီး

ဆာတူးစောရဲ့ဇနီးက အကြောင်းပြန်စာ ပြန်ရေးလိုက်တာပါဗျာ။ ဖထီးသမီးနှစ်ယောက်ကတော့ အိမ်ထောင်ကျသွားပြီလို့ ရေးထားပါတယ်။ ဖထီးဆာတူးစောခင်မျာလည်း မိသားစုအကြောင်းပြန်စာရရှိပြီးတော့ သူ့မိသားစုများက ဖထီးဆာတူးစော ထောင်ကလွတ်ပြီး အိမ်ပြန်လာမယ့်ရက်ကို စောင့်မျှော်နေကြကြောင်းကို သိသွားပြီးမှ အကျဉ်းထောင်မှာပဲ ကွယ်လွန်ရှာပါတယ်ဗျာ။ ICRC ကောင်းမှုနဲ့ သရက်အကျဉ်းထောင်ကနေ အင်းစိန်ထောင်ကို ထောင်ပြောင်းဆေးကုခွင့် ရခဲ့ပါတယ်။ အင်းစိန်ထောင်ဆေးရုံမှာ မသက်သာလို့ ရန်ကုန်ဆေးရုံကြီးကို တင်ပို့ကုသခံခွင့်ရရှိခဲ့ပေမယ့် ကွယ်လွန်သွားရှာပါတယ်။ သူကွယ်လွန်ချိန်မှာ သက်ဆိုင်ရာက စီစဉ်ပေးလို့ ရန်ကုန်မြို့က ခရစ်ယာန်အသင်းတော်တစ်ခုက ဘာသာထုံးတမ်းဓလေ့နဲ့အညီ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ကြောင်းကို သတင်းရရှိခဲ့ပါတယ်ဗျာ။ ကျွန်တော်တို့ အကျဉ်းသားတွေလည်း မြန်မာနိုင်ငံအကျဉ်းထောင်များကို ICRC ဝင်ပြီးမှပဲ အထိုက်အလျောက် သက်သာခွင့်များ ရရှိခဲ့ရပါတယ်။ အကျဉ်းထောင်များအတွင်း ဝန်ထမ်းများထံက လူသားဆန်တဲ့ ဆက်ဆံရေးမျိုးတွေကိုလည်း ပြန်လည်ရရှိခဲ့ရပါတယ်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍမှာ ကုသရန်ဆေးဝါးချို့တဲ့ နေစေဦးတော့ အကျဉ်းသားလူနာများကို ယခင်ကာလများမှာထက် ပိုမိုဂရုတစိုက် ပြုစုကုသပေးမှုများ အထိုက်အလျောက် ရှိလာခဲ့ပါကြောင်း။

[ ၃၁ ]

သရက်အကျဉ်းထောင်မှာ ထောင်ကျခံနေရတဲ့ ကလေးငယ်တွေကို ၁၉၉၂ ခုနှစ်ကနေ ၁၉၉၉ လောက်အထိ အမြဲတွေ့နေရပါတယ်။ နောက်ပိုင်း ၂၀၀၀ ခုနှစ်ကျော်တော့လည်း ကလေးတွေရောက်လာတာက ကျဲသွားပေမယ့် ရံဖန်ရံခါ တွေ့နေရဆဲပါဗျာ။ အမှုကတော့ အစုံပါပဲဗျာ။ ကျွန်တော် ၁၉၉၆ ခုနှစ်လောက်က ကြုံတွေ့ခဲ့ရသူ ကလေးတစ်ဦးရဲ့အမှုက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ စတင်ကြုံဆုံရတာကတော့ ဒီလိုဗျ. . . ဒီကလေးက ဘယ်အချိန်က ကျွန်တော်တို့ အဆောင်ကိုရောက်လာတယ် မသိပါဘူးဗျာ။ တနင်္လာနေ့တစ်နေ့ ထောင်ပိုင်တန်းစီလို့ခေါ်တဲ့ ကိစ္စရှိလို့ထောင်ပိုင်လာမစစ်ဆေးခင်မှာ အကျဉ်းသားတွေ တန်းစီထိုင်ခိုင်းတော့သူက ကျွန်တော့်ဘေးမှာ လာထိုင်တယ်လေ။ အမှတ်တမဲ့သူ့ဘက်ကို လှည့်ကြည့်မိတော့ သူ့ရဲ့ပါးမှာ အံနာတစ်ခုပေါက်နေ

ပါတယ်။ ဟိုဘက်ဒီဘက် ပါးစပ်ထဲအထိကို ပေါက်နေတာပါ။ ဒါနဲ့ ကျွန်တော်က မေးပါတယ်။ "ဟေ့ကလေး မင်းပါးက အနာကို ဆေးမကုဘူးလား"ဆိုတော့ "ကျွန်တော်က (တောရွာ)မှာနေတာပါ၊ မကုနိုင်ပါဘူး"ဆိုတော့ စိတ်မကောင်းဖြစ်မိတယ်။ ဒါနဲ့ ကျွန်တော်က "အခုထောင်ထဲက ဆေးခန်းမှာ မပြဘူးလား"ဆိုတော့လည်း သူက ခေါင်းခါပြပါတယ်။ ဟုတ်ပါတယ်လေ။ အရွယ်ရောက်နေတဲ့လူကြီးတွေတောင် အဲဒီခေတ်က ထောင်မှာ ဆေးကုသဖို့ဆိုတာ လွယ်တာမှတ်ဖို့ပဲ။ ကျွန်တော်က "ဒါဖြင့်ရင် အခုထောင်ပိုင်တန်းစီတဲ့ကိစ္စပြီးရင် ဦးလေးမင်းကို ထောင်ဆေးခန်းကို လိုက်ပို့ပေးမယ်။ 'ဟုတ်လား'ဆိုတော့ သူက ခေါင်းညိတ်ပါတယ်။ ဒီလိုနဲ့ သူ့အကြောင်းစိတ်ဝင်စားလို့ ဆက်ပြီးမေးတော့ နာမည်က မောင်မြဝင်း ရေနံချောင်းမြို့နယ်က ကျေးရွာကတော့ သိပ်မမှတ်မိတော့ပါဘူး။ လက်မှတ်ကုန်းလား မသိဘူး၊ သူ့အလုပ်က ဆိတ်ကျောင်း၊ နွားကျောင်းတဲ့အလုပ်တဲ့ဗျာ။ အခုအမှုဖြစ်တာက တစ်နေ့ဆိတ်ကျောင်းနေရင်းနဲ့ ရေနံမြေဘက်က လူနှစ်ယောက်က သံထည်ပစ္စည်းတစ်ခုကို ထမ်းပြေးလာတာကို မြင်နေရတယ်။ အနားနီးလာတော့ သူတို့ယူလာတဲ့ သံထည်ပစ္စည်းကို ချုံတစ်ခုအောက်ကို ထိုးထည့်လိုက်တာကို မြင်နေရပါတယ်တဲ့။ အဲဒီလို ထိုးထည့်ပြီးတော့ ပြန်ထွက်သွားကြတဲ့အခါ သူတို့လာတဲ့လမ်းဘက်ကနေ ရေနံမြေလုံခြုံရေး ရဲတွေရောက်လာပြီးတော့ ချုံအောက်မှာ မသေမသပ်ထိုးထည့်ထားတဲ့ သံထည်အစိတ်အပိုင်းကို တွေ့သွားကြပါတယ်။ လုံခြုံရေးတွေက ဘေးဘီကိုကြည့်တော့ ပစ္စည်းထားသွားသူနှစ်ဦးက ထွက်ပြေးပျောက်ကွယ်သွားလို့ ဆိတ်ကျောင်းနေတဲ့ တလေးကိုပဲ တွေ့တော့တယ်လေ။ အဲဒီကလေး မောင်မြဝင်းကိုပဲ

ယိုးစွတ်စွပ်စွဲပြီးတော့ အမှုလုပ်လိုက်တာလို့ ပြောပြရှာပါတယ်။ တရားရုံးက အဲဒီကလေးကို ထောင်ဒဏ် ၆ လချမှတ်လိုက်တာပါ။ ကျွန်တော်လည်း ထောင်ပိုင်တန်းစီ စစ်ဆေးခံရတဲ့ကိစ္စ ပြီးသွားတော့ သရက်ထောင်ဆေးခန်းကို ခေါ်သွားပေးလိုက်ပါတယ်။ အမှန်ကတော့ ထောင်ထဲမှာ အခုကျွန်တော်သလို လူတွင်ကျယ်လုပ်လို့ မရပါဘူး။ ဒါပေမဲ့ ကျွန်တော်က နိုင်ငံရေးမှုပုဒ်မကလည်း ဖြစ်နေတယ်။ ထောင်သက်နေစားကလည်း အားလုံးထက်ကြီးနေသူ၊ မဟုတ်မခံတတ်သူတစ်ဦးဖြစ်နေတော့ ထောင်ထဲမှာ ကျွန်တော်က ခေါင်းဝင်ကိုယ်ဆန့် ဖြစ်နေပါတယ်ဗျာ။

ဒါနဲ့ပဲ ထောင်ဆေးရုံရောက်တော့ အကျဉ်းသားဆေးမှူးက သူ့အနာကို ကြည့်ပေးပြီးတော့ ဆေးထိုးရမယ်။ ပင်နယ်ဆလင်ထိုးရမယ်။ ဆေးထည့်ပေးရုံနဲ့တော့ မပျောက်နိုင်ဘူးလို့ ရှင်းပြလိုက်ပါတယ်။ ကျွန်တော်လည်း တော်တော်စိတ်ညစ်သွားတယ်ဗျာ။ ကျွန်တော်က ထောင်ထဲမှာ ညော့်တွေ့ထောင်ဝင်စာတောင်မှ အလာကြဲလို့ငတ်နေသူဆိုတော့ ဒီကလေးအတွက် ဆေးဖိုးက ဘယ်လိုတတ်နိုင်မလဲနော်။ ကဲကွာ- မင်းကံပဲဆိုပြီးတော့ အဲဒီကလေးကို ထောင်ဆေးရုံကနေ ပြန်ခေါ်လာလိုက်ပါတယ်။ ကျွန်တော်လည်း နောက်ရက်တွေမှာ ကိုယ်လုပ်စရာရှိတာတွေ ကိုယ်လုပ်နေရင်း ဒီကလေးအကြောင်းကိစ္စတွေ မေ့ပျောက်နေချိန် တစ်နေ့မှာတော့ ကိစ္စတစ်ခုနဲ့ ထောင်ဝင်စာညော့်တွေ့ အခမ်းအနားက ဖြတ်အပြန်မှာ အပြင်ကဝင်လာတဲ့ အကျဉ်းသားမိသားစုတွေထဲမှာ သာယာဝတီမြို့က ကိုဝင်းမောင်ကို ထောင်ဝင်စာလာတွေ့တဲ့ ကိုဝင်းမောင်အစ်မကြီးက **ကျွန်တော့်ကို မှတ်မိပြီးတော့** နှုတ်ဆက်ပါတယ်။ "ဟယ်-**မောင်လေးဂျော်လီထွန်း နင်နေကောင်း**

လားပေါ့။ ကျွန်တော်ကလည်း ကောင်းပါတယ်အစ်မကြီး။ အိမ်သား တွေကကော နေကောင်းကြလားပေါ့” ပြန်နှုတ်ဆက်ပြီးတော့ လှည့်အထွက်မှာ အစ်မကြီးက “ဟဲ့-မောင်လေးနေဦး” နင့်ကို ငါ မုန့်ဖိုးပေးထားခဲ့ချင်လို့ ဘယ်မှာ အပ်ထားရမလဲမေးတော့ ကျွန် တော်က နေပါစေ အစ်မကြီးရယ်၊ သွားရင်းလာရင်း မလောက်မင ဖြစ်နေပါ့မယ်ဆိုတော့ သူက “ဟဲ့-ငါမှာလောက်ငှပါတယ်။ ကဲ- ပြော ဘယ်မှာအပ်ထားရမဲ”ဆိုတော့ ကျွန်တော်လည်း ငြင်းမရ တာနဲ့ “အဲဒီထောင်ဝင်စာညွှေ့တွေ့ဝန်ထမ်းကိုသာ ပေးထားခဲ့ပါ ဆိုပြီးတော့ ပြန်လာခဲ့ပါတယ်။ ကျွန်တော်လည်း ဘာပဲဖြစ်ဖြစ် ငတ်နေတဲ့အချိန်မှာ အစ်မကြီးပေးထားခဲ့မယ့် ငွေ ၈၀၀ ကျပ်က အဲဒီခေတ်က တန်ဖိုးနည်းနည်း ရှိနေသေးတယ်လေ။ ‘ဆီ’ဝယ်စား မယ်၊ အချိုမှုန့်ဝယ်မယ်၊ ငရုတ်သီးခြောက်ဝယ်မယ်၊ ဆေးလိပ်ဝယ် မယ် တွေးတောပြီး လေထဲတိုက်အိမ်ဆောက်နေတုန်းမှာ ပြီးခဲ့တဲ့ ရက်က ဆေးဖိုးလိုအပ်နေသူ ရေနံချောင်းသား မောင်မြဝင်းကို သွားအမှတ်ရပြီး ခြေလှမ်းများ တန့်သွားရပါတယ်။ ကျွန်တော် ယခုလို ဆုံးဖြတ်လိုက်ပါတယ်ဗျာ။ ဒီငွေနဲ့ ငါသုံးစွဲစားသောက် လိုက်ရင် မသကာ ၁၀ ရက်စာ ၁၅ ရက်စာပဲရမယ်၊ မောင်မြဝင်းကို ဆေးဝယ်ပေးလိုက်ရင် ပိုပြီးတော့ အကျိုးရှိတယ်ဆိုပြီးတော့ ကျွန်တော့်ရဲ့ ကိုယ်ကျိုးဆန္ဒများကို ချိုးနှိမ်လိုက်ပါတယ်ဗျာ။ အချိန်မီ နောက်ကြောင်းပြန်လှည့်ပြီးတော့ ထောင်ဝန်စာ ညွှေ့တွေ့ ပေးနေတဲ့ဝန်ထမ်းကို အစ်မကြီး သူ့မောင်ကိုဝင်းမောင်နဲ့ စကား ပြောနေချိန်မှာ မသိမသာ လှမ်းခေါ်ပြီး ရှင်းပြလိုက်ပါတယ်။ စောစောက အပ်ထားတဲ့ပိုက်ဆံကို မကျန်းမမာသူအတွက် အသုံး ပြုချင်ပါကြောင်း၊ ပင်နယ်ဆလင်ထိုးဆေးနဲ့ မိုးရေကို ၈၀၀ ကျပ်ဖိုး

ရသလောက်ဝယ်ပြီးတော့ ထောင်ဆေးရုံမှာ ကျွန်တော့်နာမည်နဲ့ အပ်ပေးဖို့ အကူအညီတောင်းပါတယ်။ သူကလည်း ကျန်းမာရေး ကိစ္စဖြစ်နေလို့ ကူညီပေးမယ်လို့ ပြန်ပြောပါတယ်ဗျာ။

ဒါနဲ့ ညပိုင်းမှာ ထောင်ဆေးရုံကို လှမ်းပြီးတော့ စုံစမ်းစနနာကြည့်လိုက်တော့ ကိုဂျော်လီထွန်းနာမည်နဲ့ ပင်နယ်ဆလင်ဆေးပုလင်းခုနစ်လုံး ရောက်နေတယ်လို့ သိရပါတယ်။ ကျွန်တော်လည်း မောင်မြဝင်းကို အဆောင်မှာသွားရှာပြီးတော့ ဆေးရုံကို ညနေဘက် ခေါ်လာပေးပါတယ်။ အကျဉ်းသားဆေးမှူးကတခြားအကျဉ်းသားဆိုရင်တော့ အလကားလုပ်မပေးပေမယ့် ကျွန်တော့်မျက်နှာနဲ့ ကြည်ဖြူစွာ ဆေးထိုးပေးပါတယ်ဗျာ။ ပင်နယ်ဆလင် ၆ လုံးအရောက်မှာပဲ မောင်မြဝင်းပါးပေါ်ကအနာက ခြောက်သွားပါပြီ။ ဆေး ၇ လုံးထိုးအပြီး နောက်ထပ်နှစ်ရက်မှာ အနာဖေးပါ ကွာကျသွားခဲ့လို့ မောင်မြဝင်းက ကျေးဇူးတင်စွာနဲ့ လာပြရှာပါတယ်။ မေ့လောက်ပျောက်လောက် သုံး-လေးလလောက်ကြာတော့ အကျဉ်းသားအသိတစ်ဦးနှစ်ဦးက ကျွန်တော့်ကို လိုက်ရှာနေကြတယ်ဆိုလို့ သွားတွေ့တော့ သူတို့က ရေနံချောင်းသားတွေပါ။ မောင်မြဝင်းကို ဆေးကုပေးတာ ကျေးဇူးတင်ကြောင်းပြောပြရင်းက လိုရင်းအကြောင်းကို ပြောပါတယ်။ မောင်မြဝင်းက လွတ်ခါနီးအကျဉ်းသားဖြစ်လို့ အခုအပြင်ဘုတ်ထွက်လိုက်နေရကြောင်းနဲ့ သူမနက်ဖြန် ထောင်ကလွတ်မှာဖြစ်ကြောင်း၊ ဆေးကုပေးလိုက်တဲ့ ဦးလေးကြီးကို နှုတ်ဆက်လိုကြောင်း လှမ်းပြောလို့ ယနေ့ညနေ မောင်မြဝင်း လာရောက်နှုတ်ဆက်မှာဖြစ်လို့ စောင့်နေပေးပါရန် ပြောကြပါတယ်။ ကျွန်တော် ထမင်းစားအပြီးမှာ မောင်မြဝင်း ရောက်လာပါတယ်။ **သူတို့အပြင်ဘုတ်ထွက်သူတွေကို ထောင်ထဲ**

မှာ သပ်သပ်ခွဲထားပါတယ်။ မောင်မြဝင်းက ကျွန်တော့်ကျေးဇူးကို သူမမေ့ပါဘူးပြောရင်း ကျွန်တော့်ကို ကုန်းကန်တော့ပါတယ်ဗျာ။ ငိုလည်း ငိုရှာပါတယ်။ ကျွန်တော်လည်း ထောင်ထဲရောက်မှ မျက်ရည်က ခဏခဏကျနေရတယ်။ အခုလည်း ကျွန်တော် ခံစားချက်မျိုးစုံနဲ့ မျက်ရည်ဝဲလာရင်း ဆုပေးနေမိပါတယ်။ ဪ-ကျွန်တော့်မှာ ဒီအရွယ် သားသမီးလေးတွေ မတွေ့ရတာ တစ်နှစ်ကျော်ရှိနေပြီလေဗျာ။

## စာရေးသူ၏ကိုယ်ရေးအကျဉ်း

**ကိုဂျော်လီထွန်း ဥက္ကဋ္ဌ အထွေထွေသပိတ်ကော်မတီ (မဟာဗျူဟာ) သာယာဝတီမြို့နယ် ၁၉၈၈ ။ (ARMS STRUGGLE တာဝန်ခံ) ပဲခူးတိုင်းအနောက်ခြမ်း ၁၄မြို့နယ် ဒီမိုကရေစီရရှိရေးကော်မတီ ၁၉၈၈။**

**အထွေထွေအတွင်းရေးမှူး ဝေ့စေတီ(ကယား) CAMP, ABSDF, အလိုအလျောက် ဗဟိုကော်မတီဝင်နှင့် First Central Body (ကော့မူးရာ)၊ ဝေ့စေတီ(ကယား) CAMP ကိုယ်စားလှယ်။**

**နိုင်ငံရေးအကျဉ်းသားဟောင်း (၁၉၈၉ မှ ၂၀၁၂ ) အင်းစိန်ထောင်၊ သာယာဝတီထောင်၊ သရက်ထောင်၊ ထောင်တွင်းတစ်ဆက်တည်း ကျခံကာလ ၂၂ နှစ် ၁၁ လ ၂၈ ရက်၊ လွတ်မြောက်သည့်နေ့ ၂၀၁၂ ဇန်နဝါရီလ ၁၃ ရက် (သရက်)။**

[ ၃၂ ]

အကျဉ်းထောင်တွေမှာ အကျဉ်းသားတွေကို တရားလက်လွတ် ရိုက်နှက်နေချိန်များမှာ ရိုက်ပွဲဆိုရင်၊ ရိုက်ရတော့မယ်ဆိုရင် အကျဉ်းဦးစီးဝန်ထမ်းများထဲမှ တစ်ဝက်လောက်က ရိုက်ချင်တာ ရှိနေတာပါပဲ။ သူတို့ကို သင်တန်းကျောင်းမှာကတည်းက သင်ပေးလိုက်တာကတစ်မျိုး၊ အကျဉ်းထောင်ရဲဘက်စခန်းများကို ရောက်ရင် ကျင့်သုံးတာက တစ်မျိုးဖြစ်နေတယ်။ တရားဝင်ရိုက်နှက်ဖို့ လိုအပ်တဲ့အခြေအနေက အကျဉ်းသားတစ်ဦးဟာ ထွက်ပြေးလွတ်မြောက်ရန် ကြံစည်မှုမှာ အကျဉ်းထောင်အုတ်ရိုးမကြီးကို ဖျက်ဆီးနေစဉ်၊ ကျော်နေစဉ်၊ အကျဉ်းသားချင်းသတ်ဖြတ်ရန် အကြံအစည်ဖြင့် လက်နက်ဖြင့် ရွယ်နေစဉ်၊ ဝန်ထမ်းကို အန္တရာယ်ပြုရန်အားထုတ်နေစဉ်များမှာ တုတ်ဖြင့်ရိုက်ရုံမျှသာမကဘဲ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်အခွင့်အာဏာများအရ တုတ်၊

ဓား၊ သေနတ်ကိုအသုံးပြုနိုင်သည်လို့ ထောင်လက်စွဲဥပဒေများ အရလေ့လာသိရှိရပါတယ်။ သို့သော် အထက်ပါအခြေအနေ တစ်ရပ်ရပ်ကို ဆက်တိုက်ကျူးလွန်နေစဉ်မှာသာ အကျုံးဝင် ကြောင်းကိုလည်း တိတိကျကျ ကွင်းစကွင်းပိတ်ခံပြီးတော့ ဖော်ပြ ပါရှိပါသေးတယ်။ ဒါကြောင့် အကျဉ်းထောင်များ၊ ရဲဘက်စခန်း များမှာလို အကျဉ်းသားကိုဘလိုင်းကြီး ရိုက်နေတာမျိုးတွေဟာ ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်းကို သူတို့မသိတာလား။မေ့နေတာ လား။ မိရိုးဖလာလားတွေးတောစရာ ဖြစ်လာတယ်။ နောက်တစ်ခု ရှိသေးတယ်။ မြန်မာနိုင်ငံမှာ ရာဇဝတ်မှုများ၊ အခြားအမှုများကို စစ်ဆေးဆုံးဖြတ် အပြစ်ဒဏ်ချမှတ်နိုင်တဲ့ သေဒဏ် အပြစ်ဒဏ်ကို တောင်လိုအပ်ရင်စီရင်ချက် ချမှတ်နိုင်တဲ့ တရားရုံးများတောင်မှ ကြိမ် ဒဏ်ရိုက်မိန့်အပြစ်ဒဏ်ကို မပေးနိုင်ပါ။ ခေတ်ဟောင်းက ခေတ်နဲ့မလျော်ညီလို့ ဖျက်သိမ်းပယ်ဖျက်ထားပြီးဖြစ်ပါလျက်ကယ် နဲ့ ဘာဥပဒေမှ လေ့လာသင်ကြား တတ်မြောက်ထားခြင်းမရှိတဲ့ သာမန်အကျဉ်းဦးစီးဝန်ထမ်းတစ်ဦးက ထောင်ထဲမှာ အမှုတစ်ခုကို စစ်ဆေးစီရင်ပြီးတော့ ပုံစံပေးဖင်ကုန်းခိုင်းပြီးတော့ ရိုက်နေတာမှ ရာဇဝတ်မှုတစ်ခုဆိုတာကို အရိုက်ခံနေရတဲ့ အကျဉ်းသားကလည်း မသိ၊ ရိုက်နေတဲ့ ဝန်ထမ်းကလည်းမသိ၊ တော်တော်ဆိုးဝါးပါ တယ်ဗျာ။

အကျဉ်းထောင်များမှာ သက်ဆိုင်ရာက ထုတ်ပေးထားတဲ့ ရော်ဘာတုတ်၊ သစ်သားတုတ်၊ သေနတ်များဟာ အကျဉ်း ထောင် မှာ ဆူပူမှုဖြစ်ပွားရင် လုံခြုံရေး ပျက်ပြားအောင်ထိ ဆက်တိုက် ဆောင်ရွက်နေသူအကျဉ်းသားကို ဟန့်တားရန်၊ တားမြစ်နိုင်ရန် ထုတ်ပေးထားတာဖြစ်ကြောင်းကိုလည်း သူတို့မသိရှာကြပါဘူး။

အကျဉ်းထောင်ထဲမှာ ခရမ်းသီးခိုးစားတဲ့အမှုကို ထောင်ဝန်ထမ်းက တရားသူကြီးလုပ်ပြီး ရိုက်မိန့်ပေးစရာအကြောင်းတစ်ခုမျှမရှိပါဘူး။ အကျဉ်းသားခိုးမှုကသေးရင် ထောင်ပိုင်ဝန် (ယခင်အသုံး) ယခု တာဝန်ခံအရာရှိရုံးကိုတင်မယ်။တာဝန်ခံအရာရှိက ၇ ရက်ထက် မပိုသော တိုက်ပိတ်ပိုင်ခွင့်ရှိတယ်။ ကြမ်းတမ်းတဲ့အဝတ်ကို ဝတ်ဆင်ပေးရန် အမိန့်ပေးနိုင်တယ်။ အကျဉ်းသားဆုမှတ်ရက်များကို ဖြတ်တောက်နိုင်ပါတယ်။ အမှုကရာဇဝတ်မှုမြောက်လာရင်အပြင်တရားရုံးမှာ ထောင်ပိုင်က အဲဒီအကျဉ်းသားကို ထပ်မံတရားစွဲဆိုပြီး၊ အပြင်ကတရားရုံးက ပြစ်မှုထင်ရှားရင် ထောင်ဒဏ်အပြစ်ပေးမှာသာ ဖြစ်ပါတယ်ဗျာ။ ဒါပေမဲ့ ဘာကြောင့် ရိုက်နေတာလဲဆိုတာက အကြောင်းရင်းတွေကတော့ ရှိနေပါတယ်။

ထောင်ထဲမှာ အချို့ ဝန်ထမ်းများက သူနဲ့ ထိတွေ့သမျှ အကျဉ်းသားတွေက သူ့ကြောက်ဖို့နေအောင်၊ အကျဉ်းသားကိုယ်ပိုင် ပစ္စည်းအစားသောက်တွေကို ဆွမ်းတော်လာတင်အောင်ခွင်ကြံရင် ရိုက်ရိုက်ပြလေ့ရှိပါတယ်။ ထောင်ပိုင်အချို့က အကျဉ်းသားထမင်းချက်ဖိုကြီးက ထမင်းဟင်းကို ဝန်ထမ်းကို မပေးရ၊ မကျွေးရအမိန့်ထုတ်လိုက်ရင် အဲဒီလိုခွင်ကြံရင် ဆော်တတ်တဲ့ ဝန်ထမ်းကိုကျတော့ လာတောင်းစရာတောင် မလိုဘူးလေ။ အသံပြုလိုက်တာနဲ့ ပျာပျာသလဲ လာပို့ပေးနေတဲ့ အကျဉ်းသားများကြောင့်လည်း ထောင်မှာ တုတ်သက်ရှည်နေရတာတစ်ကြောင်းဖြစ်ပါတယ်ဗျာ။ ကျွန်တော်သရက်ထောင်ကိုရောက်ကာစ ကြုံတွေ့ရတဲ့ ရိုက်ပွဲများမှာ အကျဉ်းဦးစီးဝန်ထမ်းကိုတင်ကိုကိုဆိုတာက ရန်ကုန်သား၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလကလည်းကောင်းကောင်း။ ဒါပေမဲ့ အကျဉ်းသားကို ရိုက်နှိုက်ရမယ့်ပွဲဆိုရင်

သူ့အမြဲရှောင်ရှောင်နေလို့ ထောင်ပိုင်က အထင်သေး၊ ဆူတာ ဆဲတာကို အပြုံးမပျက်ခဲ့ပါဘူးဗျာ။ တခြားအကျဉ်းဦးစီးဝန်ထမ်း အများစုကတော့ ထောင်ပိုင်က ခေါင်းညိတ်ပြလိုက်ရုံမျှနဲ့ သုံးချက်၊ လေးချက်တော့ တွယ်ပြီးသားပဲ။ နောက်ထပ် မေးတစ်ချက်ငေါ့ လိုက်ရင် နောက်ထပ် ငါးချက်ပေ့ါဗျာ။ သခင်အားရ ကျွန်ပါးဝနေ ကြတာများ အကုသိုလ်မကြောက်၊ တရားဥပဒေမကြောက် တစ်ဖက်က အကျဉ်းသားက မခံမရပ်နိုင်ဖြစ်လို့ အထက်ကို တိတိ ကျကျခိုင်ခိုင်လုံလုံ တိုင်ကြားလိုက်ရင်တော့ ပြုတ်ကြ၊ ပြောင်းကြ ပေ့ါဗျာ။ အဲဒီခေတ်က ထောင်ပိုင်အလိုကျ ဝန်ထမ်းတော်တော် များများကို ကျွန်တော်ဘေးက ကြည့်အကဲခတ်နေတော့ တော် တော် အံ့သြစရာမြင်ရတယ်ဗျာ။ ထောင်ပိုင်ကပြုံးနေရင် သူတို့ ကလည်း ပြုံးတယ်။ ထောင်ပိုင်ကမဲ့ရင် သူတို့ကလည်း လိုက်မဲ့ကြ တယ်။ ထောင်ပိုင်စိတ်ဆိုးနေရင် သူတို့ကလည်း စိတ်ဆိုးပြကြ တယ်ဗျာ။ ထောင်ပိုင်က ရယ်တာမှာ ဟား ဟား ဟား ဟား လေးချက်ဆိုရင်တောင် သူတို့ကလည်း အပိုအလိုမရှိ ဟား ဟား ဟား ဟား လေးချက်အတိအကျပဲဗျာ။ အဲ-ထောင်ပိုင်မမြင်ကွယ် ရာ ရောက်ပြီဆိုရင်တော့ အဲဒီသူတွေက ထောင်ပိုင်မကြိုက်တာ အကုန်လုပ်ပြီ။ စောစောက ဗလကောင်းတဲ့ အကျဉ်းဦးစီးဝန်ထမ်း ကိုတင်ကိုကိုအကြောင်း ဆက်ရဦးမယ်။

၁၉၉၅ ခုနှစ်မှာ သရက်ထောင် ၄ ဆောင်၊ ၁ ခန်းမှာ နေ့ခင်း ဘက်အကျဉ်းသားချင်း သံချွန်နဲ့ ထိုးမှုဖြစ်တယ်။ အထိုးခံရသူက အညာသားအခန်းလူကြီး၊ ထိုးသူက ရန်ကုန်လူဆိုး (မသီး)။ အဲဒါ ထောင်ထုံးစံအတိုင်း ဝီစီတွေမှုတ်၊ သံချောင်းတွေခေါက်၊ ဝန်ထမ်း အရာရှိတွေက တုတ်တွေနဲ့ ဝိုင်းထားကြပြီ။ မသီးက အခန်းထဲမှာ

သံချွန်ကိုင်ပြီး ရမ်းနေတယ်။ အော်လည်းအော်တယ်၊ ဝင်ရဲတဲ့ကောင် ဝင်လာခဲ့၊ အသေသတ်မယ်ဘာညာပေါ့ဗျာ။ ဒီမှာတင်ကျားနဲ့ဖား ကွဲသွားတော့တယ်ဗျာ။ အကျဉ်းသားကို သံခြေကျဉ်းဒေါက်ခတ်ပြီးတော့မှ ဝိုင်းဝိုင်းရိုက်နေတဲ့ အကျဉ်းထောင်ဝန်ထမ်းတွေကတစ်ယောက်မှ မဝင်ရဲကြဘူး။ သူတို့မျက်နှာတွေလည်းပျက်နေကြပြီ။ ထောင်ပိုင်လည်း အကြံရကျပ်နေပြီ။ အထဲကသံချွန်နဲ့ ရမ်းကားနေတဲ့ ရန်ကုန်လူဆိုးမသီးကိုလည်း ထောင်ပိုင်ကအခန်းအပြင်က ဖျောင်းဖျစကားပြောနေတာကို မသီးကမကြားချင်ယောင်ဆောင် နေတယ်လေ။

ထောင်ပိုင်ကလည်း မတတ်သာလို့ အပ်နဲ့ထွင်းရမှာကိုပုဆိန်သုံးလိုဟန်မရှိပါဘူးဗျာ။ သူအသုံးမကျရာရောက်သွားမှာကိုလည်း တွေးမိဟန်ရှိပါတယ်။ အကျဉ်းထောင်အရာရှိတစ်ဦးကတုတ်ကို နောက်ဘက်မှာ ဖွက်ပြီးတော့ အခန်းထဲကိုဝင်ဖို့ ပြင်လိုက်သေးတယ်။ မသီးကလည်း လျင်တယ်။ မြင်တယ်။ ဒီတော့မသီးကလှမ်းအော်ပြောတယ်။ ဆရာကိုယ့်ကိုယ်ကို မသနားရင်တော့ဝင်ခဲ့၊ ကျွန်တော်က လူဆိုးပါ၊ ဆရာဖွက်ယူလာတဲ့ တုတ်ကိုသုံးချက်လောက် အနာခံ၊ အရိုက်ခံပြီးတော့ ဆရာဗိုက်ကို ဒီသံချွန်နဲ့ မွှေပစ်လိုက်မယ်လို့ သံချွန်ထောင်ပြလိုက်တော့ အဲဒီအရာရှိလည်းနောက်ပြန်တွန့် သွားပါတယ်။ အဲဒီ ဘေးကျပ်နံကျပ် အခြေအနေမှာ ဘယ်သူထွက်လာသလဲ မှန်းကြည့်ကြပါဗျာ။ အကျဉ်းသားကိုမရိုက်ဘဲ ရှောင်ရှောင်နေတတ်လို့ထောင်ပိုင်က အထင်သေးနေတဲ့ဝန်ထမ်းကို တင်ကိုကိုက ဘာလက်နက်မျှမပါဘဲ အခန်းထဲ ကိုဝင်ဖို့ တံခါးစောင့်ကို ဖွင့်ခိုင်းလိုက်ပါတယ်။ အရာရှိတွေက'တင်ကိုကို ဖြစ်ပါ့မလား၊ အန္တရာယ်ရှိတယ်' လို့ပြောတော့ ကိုတင်

ကိုကိုက 'ဟာရတယ်ဖွင့်သာဖွင့်' ဆိုပြီးတော့မသီးကို လှမ်းပြီး 'မသီး။ ငါတင်ကိုကိုပါ။ လာမယ်နော်။ ငါမင်းကို ဘာမှမလုပ်ဘူး။ တခြားဝန်ထမ်းတွေ မင်းကိုဝိုင်းမရိုက်ဖို့ ငါတာဝန်ယူပါတယ်ကွာ' ဆိုပြီးတော့ အခန်းထဲကိုလည်း လှမ်းဝင်လိုက်ရော၊ မသီးတစ်ယောက်လည်း သခင်မြင်တဲ့သူလိုပဲဗျာ၊ သံချွန်ကိုကိုတင်ကိုကို လက်ကိုအပ်ပြီးတော့ ဖက်ငိုတော့တာပဲဗျာ။ ဒီမြင်ကွင်းကို မြင်တော့မှ သရက်ထောင်ပိုင်လည်း ပထမပိုင်းက သူ့အလိုကျ တုပ်နှောင်ထားတဲ့ အကျဉ်းသားကို ဝိုင်းဝိုင်းရိုက်ပြတဲ့ သတ္တိရှင်များနဲ့ သူအထင်သေး ဆဲဆိုနေတဲ့ဝန်ထမ်း ကိုတင်ကိုကိုရဲ့ ခိုင်ခံ့တဲ့ စိတ်ဓာတ်ကို ကွဲပြားသွားဟန်ရှိပါတယ်။ သရက်ထောင်ဝန်ထမ်းအားလုံးလည်း ကိုတင်ကိုကိုကြောင့် သက်မချလိုက်နိုင်ကြတော့တယ်ဗျာ။ အခန်းထဲက မသီးကို၊ ကိုတင်ကိုကိုက ပခုံးကိုဖက်ပြီးတော့ ထွက်အလာ၊ ဝိုင်းနေတဲ့ ဝန်ထမ်းများကို ဘေးဖယ်လမ်းရှင်းခိုင်းလိုက်ပြီးတော့ ကြိုတင်တံခါးဖွင့်ထားတဲ့ ၃ တိုက်ကို အေးအေးဆေးဆေးပဲသွားရောက်ပို့ ဆောင်ပေးခဲ့ပြီးတော့ တံခါးကို သူကိုယ်တိုင်သော့ခတ်ပြီးတော့မှ တိုက်တာဝန်ခံအရာရှိကို အလေးပြု သော့အပ်လိုက်ပါတယ်။ ဒီနေရာမှာ အမြဲအနိုင်ကျင့်စော်ကားနေသူတွေကို မထူးတော့တဲ့ အခြေအနေကို တွေးမိထားတဲ့ မသီးက လူဆိုးပီပီ အသက် ချင်းလဲမယ်လို့ ဆုံးဖြတ်လိုက်ပေမယ့် ဘယ်တော့မှ မနှိပ်စက်တတ်သလို ကိုယ်ပိုင်ပိုက်ဆံနဲ့ နေမကောင်းဖြစ်ရင် ဆေးဝယ်တိုက်၊ မုန့်ဝယ်ကျွေးနေတဲ့ ကိုတင်ကိုကိုကိုမြင်တော့ မိသားစုဝင် အစ်ကိုရင်းသဖွယ် လက်နက်ချပြီး ဝမ်းပန်းတနည်း ဖက်ငိုတဲ့ဖြစ်ရပ်ဟာ စာရှုသူများလည်း ခံစားနားလည်နိုင်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်ဗျာ။

အပြင်လောကမှာလည်း ဒီလိုပါပဲ၊ လူကြီးမျက်စိရှေ့ မြင်သာတဲ့ နေရာများမှာ ပျာယာခတ်နေအောင် အလုပ်ရှုပ်ပြနေကြသူတွေဟာ ကွယ်ရာရောက်တာနဲ့ မဟုတ်တာက စလုပ်နေကြတာကိုပါ။ သိပ်ယို့လွန်းအားကြီးနေသူများဟာ အားနည်းချက်ရှိနေတာကို ဖုံးဖိရန် ကြိုးစားနေတာကို မြင်တတ်ဖို့လိုပါမယ်။ မှန်မှန်ကန်ကန် ဆောင်ရွက်နေသူ၊ ထောင့်စေ့သူများဟာ လိုအပ်သည်လောက် ရှိသေမှုအပြင် မလုပ်တတ်ကြပါဘူး။ အကြောင်းမရှိရင်လည်း လူကြီးနားကို မသီတတ်ကြပါဘူး။

နောက်ထပ်ထောင်ထဲက အကြောင်းတစ်ခုကတော့ ညကင်းစောင့်ဗာယာကို အကျဉ်းသားထဲက ပြစ်ဒဏ်ရဲ့ ၆ ပုံ၊ ၁ ပုံကို ခံစားပြီးသူ၊ အကျင့်စာရိတ္တကောင်းသူများကို လျှော့ရက်ပေးမယ် ဆိုပြီးတော့ ညကင်းအလှည့်ကျ အဆောင်ထဲမှာ အကျဉ်းသားများ မဟုတ်တာ မကြံစည်နိုင်အောင် ကင်းစောင့်ခိုင်းပါတယ်ဗျာ။ တကယ်က အကျဉ်းဦးစီးဝန်ထမ်းနဲ့ ကင်းစောင့်ဗာယာအကျဉ်းသားများဟာ လုပ်ဖော်ကိုင်ဖက်စည်းရုံးနေရမှာပါဗျာ။ တကယ့်အဖြစ်မှန်ကတော့ ညကင်းစောင့်ဗာယာအလုပ်ကို အကျဉ်းသားများက မလုပ်လိုပါဘူး။ အကြောင်းရင်းကတော့ လျှော့ရက်နည်းနည်းပါးပါး ရတယ်ဆိုငြားသော်လည်း အကျဉ်းသားခမျာနေ့ခင်းဘက်အတွက် သတ်မှတ်ထားတဲ့ အလုပ်တွေကိုလည်း လုပ်ရတယ်။ ညကျတော့လည်း မအိပ်ဘဲ ကင်းစောင့်ရတော့ ပင်ပန်းကြမှာပေ့ါနော်။ ဒါပေမဲ့ အဓိကမလုပ်လိုတဲ့ အကြောင်းကတော့ ဒီလိုပါ။ အကျဉ်းသားတစ်ဦး ညကင်းစောင့်ဗာယာဆိုတာဖြစ်သွားရင် သူ့အဖေနာမည်က အပြောင်းခံရပါတယ်။ အကျဉ်းသားရဲ့ မူလနာမည်ကိုပါ ပြောင်းသွားပါတယ်ဗျာ။ အိပ်ဆောင်အပြင်ဘက်

က ညကင်း စောင့်အကျဉ်းဦးစီး ဝန်ထမ်းအချို့နဲ့ ကင်းစစ်အချို့က အိပ်ဆောင် ညကင်းစောင့်ဗာယာအကျဉ်းသားကိုခေါ်ရင် ဒီလိုခေါ်ပါတယ်။ ---သားတဲ့။ နောက်တစ်မျိုးခေါ်တာက ငါ--- မသားတဲ့ဗျာ။ အဲဒီတော့ ဘယ်သူက လုပ်ချင်ပါ့မလဲဗျာ။ ဒါပေမဲ့ အဲဒီအကျဉ်းဦးစီးဝန်ထမ်းလည်း မိုးမလင်းခင် ဝင်္ကလည်ပါတော့ တယ်ဗျာ။ သူကလည်း ထိုင်ငိုက်နေတတ်တာကိုဗျ။ အထဲက ကင်းသမား အကျဉ်းသားဗာယာက မတ်တတ်လမ်းလျှောက်နေ တာဗျာ။ ညလယ်ပိုင်းမှာ ထောင်ပိုင်၊ ထောင်မှူး ကင်းစစ်လာ တဲ့အခါ အခြားနေရာများက သတင်းပို့သံကျယ်ကျယ်ကိုကြားတဲ့ အကျဉ်းသား ဗာယာက သူ့ကိုဆက်ဆံရေးကောင်းတဲ့ အကျဉ်းဦးစီး ဝန်ထမ်းဆိုရင် ထောင်ပိုင်၊ ထောင်မှူးမမိအောင်နှိုးပေးကြပါတယ်။ သူ့ကို ကောင်းကောင်းမဆက်ဆံတဲ့ အကျဉ်းဦးစီးဝန်ထမ်း ငုတ် တုတ်ကြီးအိပ်ပျော်နေတာကို ထောင်ပိုင်မြင်ရင် မြင်သွားပါစေဆိုပြီး မနှိုးပေးတော့မိပါလေရောဗျာ။ ထောင်ပိုင်က အဲဒီအိပ်နေတဲ့ ဝန်ထမ်းကို နာရင်းရိုက်ဆဲနေတာကို အထဲကကင်းစောင့်အကျဉ်း သားဗာယာများက နားဝင်ပီယံရှိစွာ နားထောင်ရင်းနဲ့ ပြုံးနေကြ တာကို ကျွန်တော်တို့အိပ်နေတဲ့ အကျဉ်းသားများကလည်း သာဓု ခေါ်ရင်းပေါ့ဗျာ။

## အကျဉ်းထောင်ထဲက တိရစ္ဆာန်ချစ်သူများ

ကျွန်တော့်ကို ၁၉၉၆ ခုနှစ်ခန့်မှာ သရက်အကျဉ်းထောင် ၄ တိုက်ကနေ ၁ ဆောင် ၁ ခန်းကို ပြောင်းထားလိုက်ပါတယ်။ အချုပ်ဘဝကတည်းက တောက်လျှောက်တိုက်ခန်းများတွင်သာ နေထိုင်လာခဲ့ရတဲ့ ကျဉ်းကြပ်တဲ့ဘဝကတော့ လွတ်မြောက်သွားတာပေါ့။ တိုက်ခန်းထဲမှာ ၇ ခုနှစ်ကျော် နေခဲ့ရပါတယ်ဗျာ။ ဒါပေမဲ့ သံခြေကျင်းကိုတော့ မဖြုတ်ပေးပါဘူး။ ကျွန်တော် ၁ ဆောင်ကို ရောက်ရောက်ချင်း သတိပြုမိသွားတာကတော့ အင်းစိန်ထောင်က ပြောင်းလာတဲ့ ကိုသက်ထွန်းဆိုသူ နှစ်ကြီးအကျဉ်းသားတစ်ဦးနဲ့ သူ့သားသမီးလို မွေးမြူထားတဲ့ စာကလေးတစ်ကောင်ကိုပါဗျာ။ စာဖတ်သူများက စာကလေးမွေးထားတာကို သာမန်လို့ထင်ရင်တော့ မှားမှာပဲနော်။ စာရေးသူ ကျွန်တော်က သာမန်ကိစ္စလောက် ဆိုရင် အခုလို အရေးတယူပြန်လည် **ဖော်ထုတ်ရေးသားမိမှာ**

မဟုတ်ပါဘူးဗျာ။ ကိုသက်ထွန်းက သူ့စာကလေးအတွက် သူအိပ်တဲ့ အိပ်ယာခေါင်းရင်းသစ်သားတိုင် လူတစ်ရပ်ခန့်မှာ ပလတ်စတစ်ဘူးတစ်လုံးကို အဖုံးဖွင့်ပြီးတော့ ဘေးတိုက်ချိတ်ထားတယ်။ အထဲမှာ အဝတ်စခင်းပေးထားပါတယ်။ ဒါကတော့ ကိုသက်ထွန်းသားရဲ့ (စာရိပ်သာ) အကြောင်းပါ။ မောင်မောင်(စာ)အကြောင်းကတော့ တစ်ဖွဲ့တစ်နွဲ့ ပြောရလိမ့်မယ် ထင်ပါတယ်။ ကျွန်တော့်တစ်သက်မှာ အိမ်မွေးကြက်တူရွေးလောက်ကိုသာ မွေးမြူတာကိုမြင်ဖူးတာကိုး။ စာကလေး ဒီလောက်လိမ္မာတာ၊ တတ်တာကိုမမြင်ဘူးခဲ့ရင် သူများအပြောဆိုရင် ယုံကြည်ရန် ခက်ခဲလှပါတယ်။ တကယ်မှတကယ် လိမ်မာတာပါဗျာ။ ကိုသက်ထွန်းက အဲဒီစာကလေးကို အမွေးမပေါက်ခင် ကိုယ်လုံးတီးကလေးထဲက မွေးလာတာ အသိုက်ထဲက ပြုတ်ကျလာတာလို့ ပြောကြပါတယ်။

အဲဒီစာကလေး ကိုယ်လုံးတီး ပေါက်ခါစကလေးကို ကိုသက်ထွန်းက ယင်ကောင်ဖမ်းကျွေးတယ်၊ ဘီစကွတ်မုန့်ကျွေးတယ်၊ ထမင်းလုံးကလေးတွေကျွေးတယ်၊ ရေတိုက်တယ်၊ ညအိပ်တဲ့အခါ စာကလေးအမေကြီးလို အပူဓာတ်ပေးတဲ့အနေနဲ့ ဝတ်ထားတဲ့ အင်္ကျီအိတ်ထဲကိုထည့်ပြီး အိပ်ပါတယ်။ ဒီစာကလေးက အမွေးအတောင်စုံပြီး ကြီးလာတဲ့အခါ ကိုသက်ထွန်းကိုပဲ အဖေထင်ပြီးတော့ "သားရေ"လို့ နှစ်ခွန်းတောင်မခေါ်ရဘဲ ဘယ်ကပြန်လာလဲမသိဘူး၊ ကိုသက်ထွန်းပခုံးပေါ်ကို လာနားတော့တာပဲဗျာ။

ကိုသက်ထွန်းက အဆောင်အပြင်ဘက် မြေပြင်မှာ လမ်းလျှောက်ရင် ဒီစာကလေးကလည်း ကိုသက်ထွန်းရဲ့ ပခုံးပေါ်မှာလာနားလိုက်၊ ထပျံသွားလိုက်နဲ့ပေါ့။ တစ်ခါတလေ ကိုသက်ထွန်းက နောက်ပြောင်ကြည့်စယ်ချင်လို့ "သားရေအပေါ်မှာ စွန်ကြီး

(စွန်ငှက်)စွန်ကြီး”လို့ အော်လိုက်ရင် “သကောင့်သား”က ကိုသက်ထွန်းရဲ့ အင်္ကျီအိတ်ထဲကို ဝင်ပြေးတာ ဖင်ထောင်နေတာပဲဗျာ။ သူ့အဖေကိုသက်ထွန်းက ဝက်ခြံညှစ်ခိုင်းရင် ကိုသက်ထွန်းမျက်နှာကို (ဟုတ်သော်ရှိ မဟုတ်သော်ရှိ) နှုတ်သီးနဲ့လိုက်ဆိတ်တော့တာပါပဲ။ ဒီလိုနဲ့စာကလေးနဲ့ အကျဉ်းသားအကြား ဖြစ်ပေါ်နေကြတဲ့ သံယောဇဉ်က ကြီးသထက်ကြီးလာပါတော့တယ်။ အကျဉ်းသားကိုသက်ထွန်းက ညနေဘက်ရေချိုးဖို့ ပြင်ဆင်နေပြီဆိုရင် စာကလေးက ရေကန်မှာ အရင်သွားစောင့်နေပါတယ်။ ကိုသက်ထွန်းက ရေကန်ကိုရောက်ရင် ရေတစ်ခွက်ခပ်လိုက်ပြီး ထိုင်ချလိုက်ပါတယ်။ “သားရေ ရေချိုးမယ်”ဆိုတာနဲ့ ကိုသက်ထွန်းရှေ့ကိုရောက်လာပါပြီ။ ကိုသက်ထွန်းက လက်ခုပ်ထဲကို ရေထည့်ပြီးမြှောက်ထားပါတယ်။ လက်ချောင်းများအကြားက ယိုကျလာတဲ့ရေစက်တွေအောက်မှာ စာကလေးက ဝင်ပြီး ရေချိုးပါတယ်။ ပြီးတော့ ကိုသက်ထွန်းက ကဲ-သားရေချိုးပြီးပြီ မင်းနေရာကို မင်းပြန်တော့လို့ဆိုရင် စာကလေးက သူ့ရဲ့ (စာရိပ်သာ)ရှိရာ ကိုသက်ထွန်းအိပ်ယာခေါင်းရင်းကတိုင်ကို ပြန်လာပါတယ်။ စာရိပ်သာ ပလတ်စတစ်ဘူးပေါ်မှာ ကျကျနနနားပြီးတော့ နှုတ်သီးနဲ့ အမွှေးသပ်နေပြီး သူ့အဖေ ရေချိုးနေတာကို စောင့်နေတာက ၁ ဆောင်မှာ အမြဲမြင်တွေ့နေရတတ်တဲ့ မြင်ကွင်းပါဗျာ။

ညနေအိပ်ဆောင်ပိတ်ရန် လူစစ်တန်းစီချိန်များမှာ အကျဉ်းသားကိုသက်ထွန်းကလည်း ကြုံရာနေရာမှာ ဝင်ထိုင်ပြီးတော့ တန်းစီရပါတယ်။ အဲဒီအချိန်မျိုးမှာ စာကလေးက သူ့အဖေကိုသက်ထွန်းကို လိုက်ရှာနေတတ်ပါတယ်။ အားလုံးကလည်း အကျဉ်းသားဝတ်စုံ အဖြူရောင်နဲ့ဆိုတော့ စာကလေးက ချက်ချင်း

မမှတ်မိနိုင်ပါဘူးဗျာ။ တန်းစီထိုင်နေသူအားလုံးရဲ့ခေါင်းတွေမှာလိုက်နားရင်း သူ့အဖေမျက်နှာကို လိုက်ကြည့်နေတတ်ပါတယ်။

တစ်ခါတလေ အကျဉ်းသားတချို့က စာကလေးကိုချစ်လို့စချင်နောက်ချင်ကြတော့ ကိုယ့်ခေါင်းပေါ် စာကလေးလာနားချိန်မှာ ဆတ်ခနဲဖမ်းပြီးတော့ ပုဆိုးခါးပုံစထဲကို ထိုးထည့်လိုက်ကြပါတယ်။ စာကလေးကလည်း ပါးတယ်ဗျာ၊ သူ့အဖေကြားအောင်အသံကုန်အော်တော့တာပေါ့။ ကိုသက်ထွန်းက ဒါကို မကြိုက်ပါဘူး။ သူက စာကလေးနဲ့ပတ်သက်လာရင် အကဲဆတ်ပါတယ်။ "ဟေ့ဟေ့ ငါ့သားကို မနှိပ်စက်နဲ့နော်၊ ပြန်လွှတ်ပေးလိုက်၊ ဒီစာကိုပြောင်တာနောက်တာ ငါမကြိုက်ဘူးနော်။ လူသတ်မှုဖြစ်သွားမယ်နော်" ဒီလိုကြိမ်းမောင်းမှ နောက်ပြောင်နေသူတွေက ပြန်လွှတ်ပေးလိုက်တဲ့အခါ သူ့အဖေထံ ပျံသန်းလာပါတော့တယ်။ "သား ဘယ်တွေ လျှောက်သွားနေလဲ၊ မင်းစာကလေးကြော် ဖြစ်တော့မယ်။ *ကြပ်ကြပ်သတိထားလို့ ဆူပူမာန်မဲလိုက်တဲ့အခါမှာ စာကလေးက* ထိုင်နေတဲ့ ကိုသက်ထွန်းပေါင်ပေါ်မှာ နားရင်းငြိမ်နေတတ်ပါတယ်။ လူစစ်တန်းစီအပြီး ထောင်ပိတ်သံချောင်း ခေါက်လိုက်ရင် အကျဉ်းသားများ ဘုရားရှိခိုးကြပါတယ်။ ကိုသက်ထွန်းလည်း ဘုရားရှိခိုးပါတယ်။ ကိုသက်ထွန်း လက်အုပ်ချီထားတဲ့ကြားထဲမှာတော့ စာကလေးပါဗျာ။

ဒီလိုနဲ့ တစ်နေ့မှာတော့ ညဘက်မှာ ကိုသက်ထွန်း အသည်းအသန် နေမကောင်းဖြစ်ပါတယ်။ အထက်လှန်အောက်လျှောဖြစ်တာပါ။ အကျဉ်းသားအိပ်ဆောင်ကနေ ထောင်ဆေးရုံကိုတန်းပြီးပို့ လိုက်ရပါတယ်။ မနက်မိုးလင်းတော့ အဲဒီစာကလေးက ရောက်

ယက်ခတ်အောင် သူ့အဖေကို လိုက်ရှာနေပါတယ်။ နေ့ခင်းဘက် ရောက်မှ ဆေးရုံတက်နေတဲ့ သူ့အဖေကို ရှာတွေ့ပါတယ်။ ကိုသက်ထွန်းကို ကော်ဖီဖျော်သွားတိုက်တဲ့ အကျဉ်းသားဆေးရုံက ပြန်လာမှ ကြားရတာပါ။ သက်ထွန်းသား သူ့အဖေကို တွေ့သွားပြီကွ၊ သက်ထွန်း ခုတင်ခေါင်းရင်းမှာ ငါတွေ့ခဲ့တယ်တဲ့။ တစ်နေ့မှာလည်း အခြားအဆောင်ကို သွားလည်ပတ်တဲ့ အခန်းလူကြီးက အဆောင်ကိုပြန်လာတော့ ဟော့ကောင်သက်ထွန်း၊ မင်းကသာ မင်းစာကလေးကို သားသားခေါ်နေတယ်။ ငါ ဟိုဘက်အဆောင်မှာ မင်းစာကလေး အခြားစာကလေးတစ်ကောင်နဲ့တွဲပြီး ချစ်နေတာမြင်ခဲ့တယ်။ မင်းစာကလေးက အမကြီးကွလို့ဆိုတော့ ကိုသက်ထွန်းက "ဟာ-မဖြစ်နိုင်တာ ကျွန်တော့်စာကလေးက အထီးဗျ" ဆိုတော့ အခန်းလူကြီးက မင်းမယုံလည်း မတတ်နိုင်ဘူး။ ငါ သေသေချာချာ တွေ့တာဆိုတော့ ကိုသက်ထွန်းက မခံမရပ်နိုင်ဖြစ်သွားပြီး "ကိုယ့်မျက်လုံးနဲ့ မြင်တာမဟုတ်ရင် မယုံဘူးဗျာလို့သာ ပြန်ပြောလိုက်ရတယ်။ သူ့မျက်စိထဲမှာ သူ့သား၊ အမဖြစ်သွားတဲ့ ပုံစံကို မြင်ယောင်နေဟန်နဲ့ ထိုင်ငိုင်နေပါတော့တယ်။ စာကလေးကလည်း ဒီရက်ပိုင်းတွေမှာ တစ်နေကုန်ပျောက်နေတတ်ပါတယ်။ ဒါပေမဲ့ ကိုသက်ထွန်းသားက အထီးသာဖြစ်နိုင်ကြောင်းကို အဆောင်က အကျဉ်းသားများက ခန့်မှန်းပါတယ်။ ဘာကြောင့်လဲဆိုတော့ (စာရိပ်သာ)အသိုက်မှာ စာဥကလေးများ မတွေ့ရသောကြောင့်ပါ။ ကိုသက်ထွန်းသားဟာ ကေန်အမဖြစ်မယ်ဆိုရင် (စာရိပ်သာ)မှာ ညတိုင်းလာအိပ်တန်းတက်နေတာ ဥဥတာကို မတွေ့ကြ မမြင်ကြလို့ ဖြစ်ပါတယ်။

အင်းစိန်ထောင်ပြောင်းကိုသက်ထွန်းက အနှစ် ၂၀ ထောင်

ဒဏ်ပါ။ ၁/၉၃ လွတ်ငြိမ်းချမ်းသာခွင့်မှာ အနှစ် ၂၀ ကနေ ၁၀ နှစ်ဖြစ်သွားပါတယ်။ ဒါကြောင့် ကိုသက်ထွန်းက ၁၉၉၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ ထောင်ကလွတ်ပါတယ်ဗျာ။ ကိုသက်ထွန်း ထောင်က မလွတ်ခင် ရက်ပိုင်းအလိုမှာ ဒေသခံတောင်သူအကျဉ်းသားများထဲမှာ ဝါးနှီးယက်လုပ်တာကို နိုင်နင်းတဲ့သူ လိုက်ရှာနေပါတော့တယ်။ ဒါနဲ့ ဝါးနှီးယပ်လုပ်တာ နိုင်နင်းသူကိုတွေ့တော့ မိန်းဂျေးက ဝါးခြမ်းပြားငယ်တချို့ သွားတောင်းလာပါတယ်။ ပြီးတော့မှ ဝါးခြမ်းပြားကို ရေစိမ်ပြီး 'နှီးဖျာပါတယ်။ ရက်လုပ်တတ်သူက လှလှပပအကွက်စိပ်စိပ် အဖုံးနဲ့တကွ ခြင်းတောင်းကလေး ရက်ပေးပါတယ်။ ကိုသက်ထွန်းက ကော်ဖီ ၁၀ထုပ်ကို လက်ခအဖြစ်ပေးလိုက်ပါတယ်။ ကိုသက်ထွန်း ထောင်ကလွတ်တဲ့နေ့မှာ ခင်မင်သူများကို နှုတ်ဆက်နေချိန်မှာတော့ ကိုသက်ထွန်းလက်ထဲက ဝါးခြမ်းလှလှကလေးထဲမှာ သူ့သား(မောင်မောင်စာ)ကိုလည်း တွေ့မြင်လိုက်ရပါကြောင်း။



မောင်အောင်မြတ်ကျော်

ကျွန်တော် သရက်ထောင်မှာ ရှိနေစဉ် မိသားစုတွေ ထောင်ဝင်စာလာတွေ့ကြရတာကို အရမ်းသနားမိခဲ့ပါတယ်။ ကျွန်တော့်ဇနီးက တော်တော်စိတ်ဓာတ် ခိုင်မာပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကျွန်တော်ထောင်ထဲကို ရောက်သွားကတည်းက ဥမမယ် စာမမြောက်သေးတဲ့ ရင်သွေးငယ်နှစ်ဦး ရင်ခွင်ထဲထည့်ပြီး လုပ်ကိုင်စားသောက်ခဲ့ရပါတယ်။ သမီးက အကြီး၊ သားက အငယ်။ ကျွန်တော်မိသားစုကို ထားခဲ့ရတဲ့အချိန်မှာ သားငယ်က ကျောင်းတောင်မထားရသေးပါဘူး။ သမီးက ၄ တန်းအောင်ပဲ ရှိသေးတယ်လေ။ ကျွန်တော့်ဇနီးက အင်္ကျီချုပ်တတ်လို့ တော်သေးတယ်။ ဒါပေမဲ့ ရပ်ကွက်ထဲမှာ အိမ်မှာတင် အင်္ကျီချုပ် စားသောက်ရတာပါ။ သုံးဆယ်မြို့ထဲက ကျွန်တော် TV ပြုပြင်တဲ့ဆိုင်က မရှိတော့ပါဘူး။ အရေးတော်ပုံကြီးအပြီးမှာ အစိုးရဆန့်ကျင်ရေးသမားတစ်ဦးရဲ့

အသက်မွေးဝမ်းကျောင်းပြုတဲ့ အဲဒီစည်ပင်သာယာပိုင် ဈေးဆိုင်ခန်းကို စည်းကမ်းပျက်လို့ သတ်မှတ်ပြီး နှင်ထုတ်ခံခဲ့ရပါတယ်။ ဆိုင်သော့ကို ဖျက်ဆီးပြီးတော့ ကျွန်တော့်အလုပ်နဲ့ သက်ဆိုင်တဲ့ ကိရိယာတန်ဆာပလာများနဲ့ မှန်ဘီရိုများကို ဆိုင်ရှေ့မှာ ထုတ်ပုံထားပါတယ်။ ဒါကို ဘာမျှမသိသေးတဲ့ ကျွန်တော့်ဇနီးကို အမြင်မတော်သူများက သွားပြောတော့မှ သိရတာပါ။ မျက်ရည်စက်လက် ပစ္စည်းကောက်နေရတဲ့ ကျွန်တော့်ဇနီးနဲ့ ရင်သွေးများကို မည်သူတစ်ဦးတစ်ယောက်ကမျှ မကူညီဝံ့ကြပါဘူး။ ဒါကြောင့် ကျွန်တော့်ဇနီးက ဆိုင်ခန်းမရှိတော့လို့ ရပ်ကွက်ထဲမှာတင် အင်္ကျီချုပ် နေထိုင်စားသောက်ရတာပေါ့ဗျာ။ ရယ်ဒီမိတ်တွေ ဝတ်ဆင်နေကြတဲ့ခေတ်မို့လား မသိဘူးဗျာ၊ အင်္ကျီချုပ်ရန် အပ်နှံသူနည်းပါးတယ်လို့ ထောင်ထဲက ကျွန်တော့်ကို ဇနီးက မပြောရက်ပေမဲ့ သတင်းက ကြားနေရပါတယ်။

ကျွန်တော့်ဇနီး အင်္ကျီချုပ်တဲ့အလုပ်က ဝင်ငွေနည်းရတဲ့ကြားထဲက ငှားနေရတဲ့အိမ်လခကလည်း ပေးရသေးတယ်လေ။ ဝင်ငွေနည်းပြီး အရမ်းကျပ်တည်းတဲ့အချိန်များမှာ ကျွန်တော့်ဇနီးနဲ့ ကလေးနှစ်ယောက် ဘယ်လိုစားသောက်ခဲ့ရသလဲဆိုတော့ ဈေးထဲမှာ လပေးချိုင့်ဆွဲ ထမင်းဟင်းကို တစ်ယောက်စာမှာပြီးမှ အိမ်မှာ ထမင်းထပ်ချက်ပါတယ်။ ပြီးတော့ တစ်ယောက်စာဟင်းကို သုံးယောက်စာ နယ်ဖတ်မျှဝေစားခဲ့ရတာတွေကို နောက်ပိုင်းမှာ စိတ်မကောင်းစွာနဲ့ ကြားသိခဲ့ရပါတယ်ဗျာ။

ကျွန်တော့်မိသားစုများဟာ အလုပ်က အဆင်မပြေတဲ့အကြားက ကျွန်တော့်ကို ထောင်ဝင်စာတွေ့ဖို့ သုံးဆယ်မြို့ကနေ သရက်မြို့အထိလာရတဲ့ ဒုက္ခက ကြီးမားလှပါတယ်။ **ခင်ပွန်းသည်**

ထောင်ထဲမှာ ငတ်ပြတ်ဒုက္ခရောက်နေတာကို ရိပ်မိတဲ့ဇနီးက တစ်နှစ်တစ်ကြိမ်တော့ လာတွေ့ရှာပါတယ်။ သူ့အဆင်မပြေတဲ့ကြားက ကျွန်တော် စားဖို့သောက်ဖို့ တတ်နိုင်သလောက် ကြော်လှော် ချက်ပြုတ်ပေးတတ်တာလေးတွေကတော့ အမဲကြော် ၂၀ သားလောက်၊ ကြက်သားကြော် ၂၀ သားလောက်၊ ငပိကြော် ၂၀ သားလောက်၊ ဆေးပေါ့လိပ်တစ်ထုပ်၊ ဈေးပေါတဲ့မုန့်က တစ်ထုပ်လောက်ပေါ့ဗျာ။ အဲဒီမုန့်ကိစ္စကြောင့်ပေါ့ဗျာ။ ကျွန်တော် သံတိုင်ကိုကိုင်နေရင်း မြင်လိုက်ရတဲ့မြင်ကွင်းကလေးတစ်ခု မြင်ကွင်းထဲက အခုတိုင် မထွက်တော့တော့ဘူးဗျာ။

ကျွန်တော့်သားအငယ် ၅ နှစ်သားကလေ သူ့အမေ ကျွန်တော့်ရှေ့ကို လာချပေးတဲ့ အဲဒီမုန့်ထုပ်ကို မျက်လုံးပြူးပြူးလေးနဲ့ လိုက်ကြည့်နေတဲ့မြင်ကွင်းက အဓိပ္ပာယ်တွေ အများကြီးထွက်နေသလို သံတိုင်နောက်က ကျွန်တော့်ရဲ့ နှလုံးသားကို အပ်နဲ့ဆွသလို ခံစားနေရတာ ဘေးကလူတွေ မသိနိုင်ပါဘူး။ ကျွန်တော့်ရင်ဘတ်ထဲမှာ မျက်ရည်မိုးတွေ ရွာနေတာကလည်း ဘေးကလူ မသိနိုင်ပါဘူး။ ထောင်ထဲမှာ ဝန်ထမ်းခြောက်ဦး ဝိုင်းရိုက်တာနဲ့ အဲဒီနေ့က သားဖြစ်သူ မုန့်ထုပ်ကို ကြည့်နေတဲ့မြင်ကွင်း ဘယ်ဟာက အခံစား ရခက်သလဲဆိုရင်တော့ဗျာ၊ ကျွန်တော်တော့ အရိုက်သာခံလိုက်ချင်ပါတော့တယ်။ ရင်သွေးငယ်ရဲ့ မွတ်သိပ်နေမှုကို ဘာတစ်ခုမျှ လုပ်မပေးနိုင်တော့တဲ့ ဖခင်ရဲ့အဖြစ်က ခံစားရခက်လှပါတယ်ဗျာ။ ကျွန်တော့်ဇနီးကို လှမ်းပြောလိုက်ပါတယ်။ ငါ့ကိုကျွေးဖို့ထက် ကလေးတွေကိုသာ ကျွေးမွေးပါကွာ၊ အဲဒီမုန့်ထုပ်ကို သားလေးကို ပေးလိုက်ပါလို့ပြောတဲ့ ကျွန်တော့်အသံကို တုန်နေလို့ သတိထားပြောနေရပါတယ်။ ဇနီးကလည်း ငိုချင်လျက် လက်တို့ဆိုသလို

မျက်ရည်ဝိုင်းနေပါပြီဗျာ။ သမီးကြီးက ၄ တန်းအောင်အရွယ်ဆို တော့ သိတတ်နေပါပြီ၊ ငိုနေရှာပါတယ်။ အင်း. . . ကျွန်တော်တို့ ထောင်ကလွတ်မြောက်လာချိန်မှာ စွန့်လွှတ်အနစ်နာခံသူတွေကို ဂုဏ်ပြုပါတယ်ဆိုတာတွေကို ကြားရတဲ့အချိန်တွေမှာလေ၊ သူများတော့ မသိဘူးဗျာ။ ကျွန်တော်မလုံမလဲ ဖြစ်မိတယ်။ ဇနီးကို အားနာတယ်ဗျာ၊ သမီးကို အားနာတယ်ဗျာ။ သားကလေးကို အားနာတယ်ဗျာ။

ကျွန်တော် ထောင်ကလွတ်လာတော့ သုံးဆယ်မြို့ကို ည သန်းခေါင်ကျော် ၂ နာရီလောက်မှာ ရောက်ပါတယ်။ ဖုန်းဆက် ထားလို့ မိသားစုက သုံးဆယ်ကားဂိတ်မှာ လာကြိုကြပါတယ်။ သားလေးကတော့ မပါဝင်ပါဘူး။ ၁၉၉၇ ခုနှစ်ကတည်းက ၁၆ နှစ်သားမှာ မွတ်သိပ်ကျပ်တည်းလှတဲ့ ဆင်းရဲမှုကို မခံနိုင်တော့လို့ ကျောင်းကထွက်ပြီးတော့ သူ့ဦးလေးနဲ့ ထိုင်းနိုင်ငံကို လိုက်ပါသွား ခဲ့ပါတယ်။ နာမည်က မောင်အောင်မြတ်ကျော်တဲ့။ ငယ်နာမည်က မောင်ပြည့်စုံ၊ ၁၉၈၂ ခုနှစ်မှာ ဖွားမြင်ပါတယ်။ ထိုင်း-မြန်မာနယ်စပ် မှာ သူ့ဦးလေးနဲ့ ထပ်ကွဲကွာခဲ့တာကတော့ ထိုင်းက အလုပ်သမား လာရွေးတဲ့အဖွဲ့က ဦးလေးကို ချန်ထားခဲ့ပြီး သားမောင်အောင် မြတ်ကျော်ကို ခွဲပြီးခေါ်သွားပါတယ်လို့ သူ့ဦးလေးထံက ကြားသိခဲ့ ရပါတယ်။ နောက်ပိုင်းမှာတော့ သူ့မိခင်၊ သူ့အစ်မထံကို မည်သည့် အဆက်အသွယ်မှ မလုပ်ခဲ့တာလား၊ အဆက်အသွယ်လုပ်ရဲ့သား နဲ့ မိသားစုထံ မရောက်တာလား၊ မရတာလား မသိနိုင်တော့ပါဘူး။ ကျွန်တော် ထောင်ကလွတ်မြောက်လာပြီးမှ UNHCR ကို အကူ အညီတောင်းတော့မှ သတင်းအစအနတစ်ခုရပါတယ်။ UNHCR ရဲ့ ရှာဖွေဖော်ထုတ်ချက်များအရ ၂၀၀၅ ခုနှစ်မှာ ထိုင်းနိုင်ငံ

UNHCR ရုံးမှာလာရောက်ပြီး ဒုက္ခသည်အဖြစ် မောင်အောင်မြတ်ကျော်ကိုယ်တိုင် မှတ်ပုံတင်ထားခဲ့ကြောင်းနဲ့ နောက်ထပ် သတင်းတစ်စုံတစ်ရာထပ်မကြားရတော့ဘဲ ရှိနေကြောင်းကိုသာ နောက်ဆုံးသိထားရပါတယ်။ ယခုတိုင် ကျွန်တော့်သားနဲ့ မတွေ့ရသေးသလိုဘယ်ကိုရောက်နေမှန်းမသိတော့ပါကြောင်း၊ မောင်အောင်မြတ်ကျော် ယခု ၂၀၁၃ ခုနှစ်မှာ မွေးသက္ကရာဇ်နဲ့ တွက်ကြည့်လိုက်ရင်အသက် ၃၁ နှစ်ခန့်ရှိမှာ ဖြစ်ပါတယ်ဗျာ။ ပူးတွဲပါဓာတ်ပုံကတော့ ၂၀၀၅ ခုနှစ်မှာ ထိုင်း UNHCR ရုံးမှာ မှတ်ပုံတင်ထားတဲ့ဓာတ်ပုံဖြစ်ပါတယ်ဗျာ။

ယခုလို မိသားစုအကြောင်းကို ကျွန်တော် ထည့်မရေးလိုပါဘူး။ အင်္ဂလန်က အစ်ကိုကြီးကိုခွန်ဆိုင်းက သားအကြောင်းကိုမမေ့မလျော့ထည့်ရေးပါလို့ မှာထားလို့သာ ကိုခွန်ဆိုင်းစကားကိုမလွန်ဆန်နိုင်ပါသောကြောင့် ထည့်သွင်းဖော်ပြလိုက်ရပါတယ်ဗျာ။

သားရေ. . . အဖေရေးတဲ့ ဒီစာတွေ ဖတ်ရရင် အဖေ၊ အမေတို့ကို ဆက်သွယ်ပါလို့သာ ရင်ကွဲအောင် အော်ပြောလိုက်ချင်ပါတယ်ကွာ။

■

၈၈၈၈ ငွေရတု

တန်ဖိုး မဖြတ်နိုင်သော
အချိန်၊ အသက်၊ သွေး၊ ချွေး၊ ဘဝ တို့ဖြင့်
အရင်းတည်ပြီး ဖန်တီး ပြုစုခဲ့ရသော

သံခြေချင်း (၁၁) နှစ်တိတိ အခတ်ခံခဲ့ရသူ
ကိုယ်တိုင်ခံစားခဲ့ရသော ကိုယ်တိုင်နာကျင်ခဲ့ရသော

မယုံကြည်နိုင်ဖွယ်၊ တုန်လှုပ်ချောက်ချားဖွယ်၊
လူသားမဆန်သည့် ရက်စက်နှိပ်ကွပ်မှုများ၊
ရှည်လျားလှသော အထီးကျန်ဘဝ၏
ဆာလောင်မွတ်သိပ်မှုများ
စာရေးသူကိုယ်တိုင် ရေးသားနေစဉ်
အသစ်တစ်ဖန် ပြန်လည်ခံစားမိရင်း
မျက်ရည်ကျမိသည်အထိ ဖြစ်ခဲ့ရသော